မြောင်းမြမြို့

ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်

ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီး

ဟောကြားတော်မူအပ်သော

# ဝေဠုဝတီဝိပဿနာ

## တရားတော်များ

ဒုတိယတွဲ

ဓမ္မစကြာ ပဋိစ္စသမုပ္ပါဒ် မဟာသတိပဋ္ဌာန်

တရားအားထုတ်နည်း ဒေသနာ ဟောစဉ်များ

တရားတိတ်ခွေမှ ရေးကူးမှုဇော်သူ

ဦးသိန်းမောင်

မြောင်းမြမြို့။

ဓမ္မဒါန



ကမ္မဋ္ဌာနာစရိယ ကျေးဇူးရှင်
ဝေဠုဝတီဆရာတော်ဘုရားကြီးပုံတော်
၁၃၃၇-ခု နှောင်းတန်ခူးလဆန်း ၁၄-ရက်
(၁၂-၄-၇၆) တနင်္လာနေ့ည ၉-နာရီ ၁၅-မိနစ်အချိန်
သက်တော် ၇၈ ဝါတော် ၅၈ တွင် ပျံလွန်တော်မူသည်။

၁၄၀၄၃

မြောင်းမြမြို့
ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်
ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီး
ဟောကြားတော်မူအပ်သော

# ဝေဠုဝတီဝိပဿနာ
# တရားတော်များ

## ဒုတိယတွဲ

ဓမ္မစကြာ ပဋိစ္စသမုပ္ပါဒ် မဟာသတိပဋ္ဌာန်
တရားအားထုတ်နည်း ဒေသနာ ဟောစဉ်များ

တရားတိတ်ခွေမှ ရေးကူးပူဇော်သူ
ဦးသိန်းမောင်
မြောင်းမြမြို့။

၁၃၃၉-ခု ပထမဝါဆိုလဆန်း ၄-ရက်။

| | | |
|---|---|---|
| အကြိမ် | - | ပထမအကြိမ် |
| အုပ်ရေ | - | ၃၀၀၀ |
| ခုနှစ် | - | ၁၉၇၇-ခု၊ ဇွန်လ |
| မျက်နှာဖုံး | - | အေးအေး |

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် ( ၉၁၄၀ )

| | |
|---|---|
| ပုံနှိပ်သူ | ဦးမောင်နီ မှတ်ပုံတင်အမှတ် မြ (၀၄၈၁)၊<br>မဟာသုတ ပုံနှိပ်တိုက်၊ အမှတ် ၂၉<br>ဘိုကလေးဈေးလမ်း ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးသိန်းမောင်<br>ကင်းလွတ်ခွင့် အမှတ် (၀၃၅၃၂)<br>အက်(စ်) ၃၊ ရန်ကုန် စက်မှုတက္ကသိုလ်ဝင်း<br>ရန်ကုန်မြို့။ |

စမ္ဗဒါနံ

# နိဒါန်း

မြောင်းမြမြို့ ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်၌ သီတင်းသုံးတော်မူသော ကျေးဇူးရှင် ဝေဠုဝတီဆရာတော်ဘုရားကြီးသည် ၁၃၀၇ ခု၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့တွင် မြောင်းမြမြို့ ဥယျာဉ်တိုက် ဂန္ဓဂေါမြိုင် ကျောင်းတိုက်သို့ ဟေမာဝန်ဆရာတော်နှင့်အတူ ကြွရောက်သီတင်းသုံးခဲ့ကြပါသည်၊ ထိုအချိန်မှစ၍ ဝိပဿနာတရားများကို အခြေခံမှစ၍ တပည့်ယောဂီအပေါင်းတို့အား နားမလည် နားလည်အောင် တပည့်စာသင်သားတို့အား စာချပေးသကဲ့သို့ အာပင်ပန်းခံကာ ကြီးမားသောစေတနာဖြင့် တပည့်များအား အထပ်ထပ်အခါခါ ဟောကြားဆုံးမတော်မူခဲ့ပါသည်။ ထိုမှတဖန် ၁၃၁၀ ခုနှစ် နတ်တော်လတွင် ကျောင်းအမကြီး ဒေါ်ကျင်လှိုင်ဦးဆောင်သော ယောဂီများ၏ ပင့်လျှောက်ချက်အရ ဤမည်သော ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်ကြီးကိုအလှူခံကာ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်တရားမြတ်ကိုအဓိကထား၍ ဟောပြောပြသအပ်သောအချို့တရားတော်တို့မှ အသီအနှစ်တို့ကို တိတ်ခွေမှတဖန် ဉာဏ်မီသမျှစာဖြင့် ရေးသားကူးယူ ပူဇော်ခြင်းပြုအပ်ပါသည်။ ဝေးနီးအရပ်ရပ်မှ တပည့်ယောဂီအပေါင်းတို့ အလွယ်တကူ ဖတ်ရှုကြ၍ အချိန်ရတိုင်း ဝိပဿနာတရားကို အားထုတ် နိုင်ကြပါစေသတည်း။

အကြိမ် - ပထမအကြိမ်

အုပ်ရေ - ၃၀၀၀

ခုနှစ် - ၁၉၇၇-ခု၊ ဇွန်လ

မျက်နှာဖုံး - အေးအေး

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် ( ၉၁၄၀ )

ပုံနှိပ်သူ
ဦးမောင်နီ မှတ်ပုံတင်အမှတ် မြဲ (၀၄၈၁)၊
မဟာသုတ ပုံနှိပ်တိုက်၊ အမှတ် ၂၉
ဘိုကလေးဈေးလမ်း ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးသိန်းမောင်
ကင်းလွတ်ခွင့် အမှတ် (၀၃၅၃၂)
အက်(စ်) ၃၊ ရန်ကုန် စက်မှုတက္ကသိုလ်ဝင်း
ရန်ကုန်မြို့။

**ဓမ္မဒါန**

# နိဒါန်း

မြောင်းမြမြို့ ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်၌ သီတင်းသုံးတော်မူသော ကျေးဇူးရှင် ဝေဠုဝတီဆရာတော်ဘုရားကြီးသည် ၁၃၀၇ ခု၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့တွင် မြောင်းမြမြို့ ဥယျာဉ်တိုက် ဂန္ဓဝေါမြိုင် ကျောင်းတိုက်သို့ ဟေမာဝန်ဆရာတော်နှင့်အတူ ကြွရောက်သီတင်းသုံးခဲ့ကြပါသည်၊ ထိုအချိန်မှစ၍ ဝိပဿနာတရားများကို အခြေခံမှစ၍ တပည့်ယောဂီအပေါင်းတို့အား နားမလည် နားလည်အောင် တပည့်စာသင်သားတို့အား စာချပေးသကဲ့သို့ အပင်ပန်းခံကာ ကြီးမားသော စေတနာဖြင့် တပည့်များအား အထပ်ထပ်အခါခါ ဟောကြားဆုံးမတော်မူခဲ့ပါသည်။ ထိုမှတဖန် ၁၃၁၀ ခုနှစ် နတ်တော်လတွင် ကျောင်းအမကြီး ဒေါ်ကျင်လှိုင်ဦးဆောင်သော ယောဂီများ၏ ပင့်လျှောက်ချက်အရ ဤမည်သော ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်ကြီးကိုအလှူခံကာ ဝေဒနာနုပဿနာ သတိပဋ္ဌာန်တရားမြတ်ကိုအဓိကထား၍ ဟောပြောပြသအပ်သောအချို့တရားတော်တို့မှ အဆီအနှစ်တို့ကို တိတ်ခွေ့မှတဖန် ဉာဏ်မှီသမျှစာဖြင့် ရေးသားကူးယူ ပူဇော်ခြင်းပြုအပ်ပါသည်။ ဝေးနီးအရပ်ရပ်မှ တပည့်ယောဂီအပေါင်းတို့ အလွယ်တကူ ဖတ်ရှုကြ၍ အချိန်ရတိုင်း ဝိပဿနာတရားကို အားထုတ် နိုင်ကြပါစေသတည်း။

# နိဒါန်း

ဤဝိပဿနာ တရားစာအုပ် ဒုတိယတွဲကို ပြုစုရာတွင် လက်ရေးမူကို ပြန်၍စီစစ်ပြီး လက်နှိပ်စက်စာရေးဖြင့် ကူညီရိုက်နှိပ်ပေးကြသော ရန်ကုန်မြို့ စာပေဗိမာန်စာတည်းမှူး ဦးကျော်ခင် အိုးအိမ်ပြန်လည်ထူထောင်ရေးရုံးချုပ်၊ အဆောက်အဦဌာန၊ရုံးဝန်ထောက် ဦးလှစိန်နှင့် ရန်ကုန်မြို့ ပါတီဌာနချုပ်ရုံးမှ ဒေါ်ညွန့်ညွန့်ရင်တို့အား ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

ဤစာအုပ်ကို ပြုစုရေးသားရာ၌ အကယ်၍ မေ့လျော့ချွတ်ယွင်း သတိကင်းသဖြင့်ရင်း၊ အာရုံထွေပြား စိတ်လွင့်ပါးသဖြင့်ရင်း၊ ပုဒ်ပါဌ်အက္ခရာ ချော်ချွတ်စွာ ရေးသားမိသော အချက်တို့ကို တွေ့ရှိပါက၊ ထိုအချက်များကို ကရုဏာရှေ့ထားလျက် ယောနိသောမနသိကာရဖြင့် ပြင်ဆင်ဖတ်ရှုတော်မူကြပါရန် ပတ္ထနာပြုပါ၏၊ ထိုအမှားများသည် ဆရာတော်ဘုရားကြီးနှင့် လုံးဝမပတ်သက်ပါကြောင်း ဝန်ခံချက်ရေးသားအပ်ပါသည်။

ပထမတွဲစာအုပ်ကို ထုတ်ဝေသောအခါက တပည့်ယောဂီများသာမက ဓမ္မမိတ်ဆွေတို့ကလည်း ဆရာတော်ဘုရားကြီး၏ တရားတော်များကို အလွန်နှစ်သက်ကြသဖြင့် စာအုပ်ကို အလိုရှိကြသော်လည်း စက္ကူအခက်အခဲကြောင့် စာအုပ်ရေ ၃၀၀၀ သာလျှင် ပုံနှိပ်ရခြင်းဖြစ်ပါ၍ စေ့ငအောင် ဓမ္မဒါန မပြုနိုင်ခြင်းကိုလည်း သည်းခံကြစေလိုပါသည်။

ဤကဲ့သို့ လိုလားတောင့်တလျက်ရှိသော ဝေဒ္ဒုပတီ ဝိပဿနာ တရားတော်များကိုလည်း ဆက်လက်ထုတ်ဝေပါရန် ဓမ္မ

# နိဒါန်း

မိတ်ဆွေအပေါင်းတို့က တိုက်တွန်း မေတ္တာရပ်ခံ ကြပါသဖြင့် ဒုတိယတွဲကို ဖြစ်မြောက်အောင် ကြိုးစားပြုစုထုတ်ဝေခြင်းဖြစ်ပါသည်။

ပထမတွဲထုတ်ဝေရာတွင် ကူညီကြသော ရန်ကုန်၊မြောင်းမြ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေးမြို့များမှ တပည့်ယောဂီအပေါင်းတို့အား ကျေးဇူး အထူးတင်ရှိကြောင်း သိစေအပ်ပါသည်။

ဤစာအုပ်ကိုပြုစုရသော ကောင်းမှုကုသိုလ်ကို ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီးအားရင်း၊ အဘိုး၊ အဖွား၊ အမိအဘ၊ ဆရာသမားနှင့် ယောဂီအပေါင်းတို့အားရင်း၊ အမျှပေးဝေပါ၏။ အကျွန်ုပ်နှင့်အတူ အမျှရကြ၍ နိဗ္ဗာန်သို့ လျင်မြန်ဆောစွာ ရောက်ရပါလိုကုန်၏။

ဦးသိန်းမောင်
အငြိမ်းစား-ပညာအုပ်
မြောင်းမြမြို့။

၁၃၃၇ ခု၊ နတ်တော်လပြည့်နေ့။

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၁။ | နိဒါန်း .... .... | ဂ |
| ၂။ | မာတိကာ .... .... | ဓ |
| ၃။ | ကျမ်းဦးပဏာမ .... .... | ဆ |
| ၄။ | ဩကာသာဓိကမသုတ်တရားတော် .... .. | ၁ |
| ၅။ | သီလ တရားတော် .... .. | ၂၉ |
| ၆။ | ဝေဒနာနှင့်ပဿနာ တရားတော် .... .... | ၄၉ |
| ၇။ | ပညာဘူမိ တရားတော် .... .... | ၇၂ |
| ၈။ | ဓမ္မစကြာမြတ်သစ္စာ တရားတော်(၂) .... | ၁၀၅ |
| ၉။ | ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် တရားတော် .... .... | ၁၃၅ |
| ၁၀။ | ဝေဠုဝတီ ဝိပဿနာ လုပ်ထုံးအကျယ် .... | ၁၅၆ |
| ၁၁။ | ပညာဘူမိတရားလင်္ကာများ .... .... | ၁၉၃ |
| ၁၂။ | ဓမ္မစကြာ လင်္ကာစသည်များ .... .... | ၁၉၉ |
| ၁၃။ | ဂုဏ်တော်ပွားနည်း အကျဉ်းချုပ် .... .... | ၂၀၀ |
| ၁၄။ | ဆရာတော်ဘုရားကြီး၏ မေတ္တာပို့ဘာဝနာ .... | ၂၀၇ |

# 'ကျွမ်းဦးပဏာမ'

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဝေဠုဝတီ ထေရ ဝန္ဒနာ

သီလဝံ ဓိတိမံ ထေရံ၊ ပညဝံ ဓမ္မမာလယံ။
ဝေဠုဝတီနာမဿာမ၊ သာသနဿ သိရိန္ဓရံ။

ဘန္တေ၊ ကျေးဇူးတော်သခင် အရှင်မြတ်ကြီးဘုရား (၃)

သီလဝံ၊ လေးဖြာသီလ အာစာရဖြင့် ပြည့်ဝလောက်လုံ အခါ သီလဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေထသော၊ ဓိတိမံ၊ စတ္တာလီသ၊ လေးဆယ်မျှသော သမထကိုကိုင် စိတ်ခာတ်ပိုင်စွဲ ယိုင်မလဲသည့် ခိုင်မြဲလှစွာ ဥပစာသမာဓိ ရရှိဖုံဖုံ အခါစိတ္တာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေထသော၊ ပညဝံ၊ ဓမ္မရုပ်နာမ် ပိုင်းခြားဟန်ကို ရှေ့ဉာဏ်တည့်တည့် မြင်နိုင်ဘိသဖြင့် ဒိဋ္ဌိအတ္တ ကင်းစင်ပသည့် ဉာဏလွှမ်းခြုံ အခါပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေထသော၊ ဓမ္မမာလယံ၊ လောကဓမ္မ နှစ်ဝကောင်းမှု တရားစု၏ ပွားပြုပေါင်းစည်းရာလည်း ဖြစ်တော်မူပေထသော၊ သာသနဿ၊ ရှင်တော်ဘုရား တည်ထားမိန့်မှာ ရောင်ဝါထိန်ငြီး

သာသနာတော်မြတ်ကြီး၏။ သိရှိရန်ရှိ၊ လောကုတ် လောကီ နှစ်သီအကျိုး သည်ပိုးနိုင်အောင် လက်ဝှေ့ပြောင်သည့် ကြက် သရေဆောင်လည်း ဖြစ်တော်မူပေထသော၊ ပေဋကဝတီမဟာ ထေရ်၊ ဝေဠုဝတီ အမည်ထင်ရှား ထေရ်မြတ်ဘုရားကြီးကို၊ မယံ၊ ယောဂီကြီးငယ် သွယ်သွယ်ရှိကြောင်း တပည့်အပေါင်း တည်းဟူသော (တပည့်တော်တို့သည်)။ နမဿာမ၊ လက်အုပ် ဦးတင် အထူးရှင်လျက် ဖူးမြင် ကန်တော့ကြပါကုန်၏ အရှင် ဘုရား။

ရဲဘုန်း
မဟာဗောဓိကျောင်း
သုံးခွမြို့။

၁၃၂၆-ခုနှစ် ဝါဆိုလပြည့်နေ့တွင်
မြောင်းမြမြို့၊ ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်၌
ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီး
ဟောကြားတော်မူအပ်သည့်
ဇနဝသဘ နတ်သားလျှောက်ထားသော

# ဩကာသာဝိဂမသုတ် တရားတော်

လူအပေါင်းတသိန်းကျော်တို့၏ အကြီးအကဲ ဦးစီးနာယက လုပ်ပြီးတော့ မြတ်စွာဘုရားကို ဆီးကြိုတယ်၊ ဇန၊ လူပေါင်း တသိန်းကျော်၊ ဝသဘ၊ အကြီးအမှူး။

အဲဒီ ဇနဝသဘဆိုတာ တခြား မဟုတ်ဘူးဟေ့ ရာဇဂြိုဟ် ပြည်မှာ ဘုရင်လုပ်ခဲ့တဲ့ ဗိမ္ဗိသာရမင်းကြီး၊ နောင်အခါ နတ် ပြည်ရောက်တော့သူ့နာမည်က ဇနဝသဘတဲ့၊ အဲဒီ ဇနဝသဘ အမည်ရှိသော နတ်သားသည် မြတ်စွာဘုရား နာတိကရွာ ဂိဉ္ဇ ကာဝသထ အမည်ရှိသော အုဋ်တိုက်ကျောင်းတော်အတွင်းမှာ သီတင်းသုံးတော်မူစဉ် လာပြီးတော့ ဆည်းကပ်သတဲ့၊ မြတ်စွာ ဘုရား ဘယ်မှာသီတင်းသုံးတော်မူတယ်၊ နာတိကရွာ အုဋ်တိုက် ကျောင်းတော်မှာ သီတင်းသုံးတော်မူတယ်၊ ဘယ်သူလာချဉ်း

ကပ်တယ်၊ ဇံနဝသာ ချဉ်းကပ်တယ်၊ ချဉ်းကပ်တော့ ဘာ
လျှောက် ထားသလဲတဲ့ ဇနဝသာ နတ်သားကလေ၊ မြတ်စွာ
ဘုရားတဲ့ ဝါဆိုလပြည့် တနေ့သောအခါမှာ တာဝတိံသာ
နတ်ပြည် သုဓမ္မာ နတ်သဘင်ကြီးမှာ နတ်အစည်းအဝေးကြီး
ပြုလုပ်ကြပါတယ်ဘုရား ဝါဆိုလပြည့်ကျော် (၁) ရက်နေ့မှာ
ရဟန်းတော်များ ဝါကပ်ကြရမှာကိုး အဲဒါကို ဝဿူပနာယိက
သင်္ဂဟလို့ ခေါ်တယ်။

ဝါကပ်တဲ့ သံဃာတော်တွေကို စောင့်ရှောက်ဖို့ချီးမြှောက်
ဖို့ နတ်တွေကလဲ အမှတ်မဲ့ မနေကြဘူးပေါ့၊ သာသနာရေးကို
ဂရုစိုက်ကြတယ်နော်၊ ဘယ်ကျောင်း ဘယ်တိုက်မှာ သံဃာ
ဘယ်နှစ်ပါး ဝါကပ်တယ် သံဃာ တပါးတည်း ဝါကပ်တဲ့
ကျောင်းတိုက် နှစ်ပါးဝါကပ်တဲ့ ကျောင်းတိုက် သံဃာ တရာ
တထောင် ဝါကပ်တဲ့ ကျောင်းတိုက်ရယ်လို့ သာသနာတော်
အတွင်းမှာကျောင်းတိုက်တွေ မရှိကြဘူးလား၊ တပါးဝါကပ်တဲ့
ကျောင်းဖြစ်ဖြစ် နှစ်ပါးဝါကပ်တဲ့ ကျောင်းဖြစ်ဖြစ် သုံးပါးဝါ
ကပ်တဲ့ ကျောင်းဖြစ်ဖြစ် တရာ တထောင် ဝါကပ်တဲ့ ကျောင်း
ဖြစ်ဖြစ်ကိုယ့်တာဝန်နဲ့ကိုယ် ဝေပြီးတော့ ဘယ်နတ် ဘယ်နတ်
များကဒီဝါတွင်းမှာ ဘယ်ကျောင်း ဘယ်ကျောင်းကို သွားပြီး
တော့စောင့်ရှောက်ရမယ်လို့ အသီးသီးနတ်တွေကို တာဝန်ပေး
သတဲ့ကွ၊ ဝါတွင်းကျတော့ အထူးအားဖြင့် နတ်တွေက သံဃာ
တော်များ ဝါကပ်တဲ့ ကျောင်းတိုက်များကို စောင့်ရှောက်ကြ
သတဲ့နော်၊ အဲဒါကြောင့် လူတွေသိတဲ့ ဝါတွင်းကျတော့ အထူး
သဖြင့် ဥပုသ် စောင့်ကြ တာပေါ့ကွာ၊ ရဟန်းတော်တွေလဲ

ဒီအခါမှာ အထူးအားထုတ်ရတယ်ဟေ့၊ ဝါဆိုပြီးသည်ကစပြီး သီတင်းကျွတ်လပြည့် အတွင်းမှာ ဝါသလို ပေါ့ပေါ့လျော့လျော့ နေလို့မဖြစ်ဘူး ဝါပကျတော့ ကိစ္စရှိရာ သွားချင်တာသွား၊ လုပ်ချင်တာ အမျိုးမျိုးအဖုံဖုံ လုပ်နေကြပေမယ်လို့ ဝါတွင်းကျတော့ ကိုယ့်ကျောင်းတိုက်မှာငြိမ်ငြိမ်ဝါကပ်ပြီး သင့်တင့်တဲ့ တရားအားထုတ်ကြရတယ်၊ ဒါကြောင့်နတ်တွေက ဝါကပ်တဲ့ သံဃာများကို စောင့်ရှောက်ဖို့ အစည်းအဝေးပွဲဖွင့်ပြီးအသီးသီး တာဝန်ပေးသတဲ့၊ နတ်ပြည်မှာ ဝါဆိုလပြည့်နေ့ နတ်အစည်းအဝေးဟာ ဘာအစည်းအဝေးတဲ့ (ဝဿူပနာယိက သင်္ဂဟ အစည်းအဝေးတဲ့)

အေး.... ဝါကပ်တဲ့ သံဃာတော်များကို စောင့်ရှောက်ချီးမြှောက်ဖို့ ဝဿူပနာယိကသင်္ဂဟအစည်းအဝေးပွဲဖွင့်တယ်တဲ့၊ အဲဒါတကြိမ်နော် သီတင်းကျွတ် လပြည့်ကျတော့ ဝါကျွတ်တဲ့ သံဃာတွေဟာ ပဝါရဏာပြုကြတယ်မဟုတ်လား အဲဒီလို ပဝါရဏာပြုကြတဲ့အခါလဲဘဲ သိကြားမင်းနှင့်တကွ အားလုံးသော နတ်အပေါင်းတို့ဟာ ထိုထိုကျောင်းတိုက် တွေကိုလာပြီး ပဝါရဏာပြုကြသတဲ့ကွ။ အဲဒီလိုဘယ်နတ်က ဘယ်ကျောင်းတိုက် သွား ပဝါရဏာပြု ဘယ်နတ်က ဘယ်ကျောင်းတိုက်သွား ပဝါရဏာပြုလို့ ပဝါရဏာပြုရာမှာချီးမြှောက်စောင့်ရှောက်ဖို့ ပဝါရဏာသင်္ဂဟ အစည်းအဝေးပွဲလဲ နတ်ပြည်မှာ ဖွင့်သတဲ့။

ဒီတော့ ဝါဆိုလပြည့်နေ့မှာလဲဘဲ သာဝတိံသာနတ်ပြည်မှာ ဝဿူပနာယိကသင်္ဂဟ နတ်အစည်းအဝေးပွဲဖွင့်တယ်၊ သီတင်းကျွတ်လပြည့်နေ့မှာလဲ ပဝါရဏာ သင်္ဂဟအဖြစ်နဲ့ နတ်ပြည်မှာ

နတ်အစည်းအဝေးပွဲဖွင့်တယ်၊ ပြီးတော့မှ တာဝတိံသာ နတ်ပြည် သုဓမ္မာနတ်သဘင်ကြီးမှာ တလရှစ်ကြိမ် တရားနာဖို့ရာ ဓမ္မသဝနနတ်သဘင် အစည်းအဝေးပွဲရှိသတဲ့ ဒီအခါမှာ တခါတခါ သိကြားမင်းက တရားဟောတယ် တခါတခါ သနင်္ကုမာရ ဗြဟ္မာကြီး ဆင်းလာပြီးတော့ တရားဟောတယ်၊ တခါတခါ လူ့ပြည်က တန်ခိုးကြီးတဲ့ ရဟန်းတော်များတက်ပြီးတော့ တရားဟောတယ်။ တခါတခါမှာ ဓမ္မကထိက နတ်သားများက တရားဟောကြတယ်။

အဲဒီတော့နတ်ပြည်မှာလဲ တရားပွဲမဆိတ်ပါဘူးနော်၊ ဝဿူပနာယိကသင်္ဂဟ ဝါဆိုအတွက် နတ်အစည်းအဝေးပွဲ ဖွင့်တာ တကြိမ်၊ ပဝါရဏာသင်္ဂဟ ပဝါရဏာပွဲအတွက် နတ်အစည်းအဝေးပွဲ ဖွင့်တာတကြိမ် တရားနာရန် အစည်းအဝေးပွဲဖွင့်တာ တကြိမ် ဟုတ်လား။

ပြီးတော့မှ ပါရိစ္ဆတ္တက ပင်လယ်ကသစ်ပန်း ပွင့်ချိန်မှာ နတ်တို့မြူးတူးပျော်ပါး ကစားရန် အကျိုးငှာ အစည်းအဝေးပွဲ ဖွင့်တာတကြိမ်၊ တာဝတိံသာ နတ်ပြည် သုဓမ္မာ နတ်သဘင်ကြီးမှာ ဒိကိစ္စလေးပါးကို အကြောင်း ပြုပြီးတော့ နတ်တွေ အစည်းအဝေး ဖွင့်ကြသတဲ့။

အဲဒီအစည်းအဝေးဖွင့်တဲ့အခါကျတော့၊ ပုရတ္ထိမေန ဓတရဋ္ဌောလို့ ဆိုတဲ့အတိုင်း ဓတရဋ္ဌနတ်မင်းကြီးက အရှေ့အရပ်က နေပြီးတော့ အနောက်ဖက်မျက်နှာလှည့်ပြီး နတ်တွေကိုရှေ့ရှုပြီး နေတယ် ဓတရဋ္ဌနတ်မင်းကြီးနေတာ နတ်အစည်းအဝေးကြီး မှာ အရှေ့ဖက်က။ ဒက္ခိဏေန ဝိရူဠှကောလို့ ဆိုတဲ့အတိုင်း

တာဝတိံသာ နတ်ပြည် နတ်အစည်းအဝေးကြီးရဲ့တောင်ဖက်က ဝိရူဠှကနတ်မင်းကြီးက နေသတဲ့၊ မြောက်ဖက်မျက်နှာပြုလို့။ ပစ္ဆိမေန ဝိရူပက္ခောလို့ ဆိုတဲ့အတိုင်း ဝိရူပက္ခနတ်မင်းကြီးက အနောက်အရပ်မှနေပြီး အရှေ့အရပ်ကိုမျက်နှာမူ၍ တာဝတိံသာ နတ်တွေကို ရှေ့ရှုပြီးတော့ ထိုင်နေသတဲ့။ ။ကုဝေရော ဥတ္တရံ ဒိသံလို့ ဆိုတဲ့အတိုင်း မြောက်ဖက်ကနေပြီးတော့၊ ကုဝေရ အမည်ရှိသော ဝေဿဝဏ်နတ်မင်းကြီးက တောင်ဖက်လှည့်ပြီးတော့ တာဝတိံသာနတ်ပရိသတ်ကြီးကို မျက်နှာမူပြီးတော့ နေရာယူသတဲ့။ အဲဒီနတ်အစည်းအဝေးကြီးမှာ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်လဲပါသတဲ့။

အဲဒီစတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့၏ နောက်ကမှ တပည့်တော်များ နေပါတယ်လို့ ခုတင်ကာဇနဝသဘနတ်သားက လျှောက်သတဲ့၊ တာဝတိံသာနတ်ပြည်မှာ နတ်တွေ အစည်းအဝေးကျတော့လေ၊

အဲဒီအခါမှာ သိကြားမင်းက

မောဒန္တိ ဝတ ဘော ဒေဝါ၊ တာဝတိံသာ သဟိန္ဒကာ၊
တထာဂတံ နမဿန္တာ၊ ဓမ္မဿစ သုဓမ္မတံ။

ဘောဒေဝါ၊ အိုနတ်များအပေါင်းတို့။ သဟိန္ဒကာ၊ သိကြားနှင့်တကွကုန်သော။ တာဝတိံသာ၊ တာဝတိံသာ နတ်အပေါင်းတို့သည်။ ဘသာဂတံ၊ မြတ်စွာဘုရားကိုလည်း နမဿန္တာ၊ ရှိခိုးကြကုန်လျက်။ ဓမ္မဿ၊ တရားတော်မြတ်၏။ သုဓမ္မတံစ၊ ကောင်းသောတရား၏ အဖြစ်ကိုလည်း။ ဝဏ္ဏယန္တာ၊ ချီးမွမ်းကြကုန်လျက်။ မောဒန္တိဝတ၊ ဝမ်းမြောက်ကြရလေကုန်စွတကား။ သာဓု-သာဓု-သာဓုပါဘုရား။

အဲဒီလိုမြတ်စွာဘုရားကို ရှိခိုးပြီး တရားတော်မြတ်၏ တရားကောင်း တရားမှန်ဖြစ်သည်၏ အဖြစ်ကို ချီးမွမ်းကြကုန်လို့ရှိ အားလုံးနတ်တွေဟာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသတဲ့၊ ဘာဖြစ်လို့လဲ။

နဝေ ဒေဝေစ ပဿန္တာ၊ ဝဏ္ဏဝန္တေ ယသဿိနေ။
သုဂတဿ ဗြဟ္မစရိယံ၊ စရိတွာန ဣဓာဂတေ၊

သုဂတဿ၊ မြတ်စွာဘုရားအထံတော်၌၊ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရိတွာန၊ ကျင့်ခဲ့ကြကုန်၍။ ဣဓ၊ ဤတာဝတိံသာနတ်ပြည်သို့။ အာဂတေ၊ ယခုနတ်ဖြစ်၍ ရောက်လာကြကုန်သော။ ဝဏ္ဏဝန္တေ၊ အဆင်းလှကြကုန်သော။ ယသဿိနေ၊ အခြံအရံများကြကုန်ရသော။ နဝေဒေဝေ၊ နတ်သစ်တို့ကို။ ပဿန္တာ၊ မြင်ကြကုန်သောကြောင့်။ မောဒန္တိဝတ၊ ဝမ်းမြောက် ကြလေကုန်စွ တကား။ သာဓု-သာဓု-သာဓုပါဘုရား။

အဲဒီစတုမဟာရာဇ် တာဝတိံသာ နတ်ပြည်နှစ်ထပ်မှာရှိတဲ့ နတ်တွေအကုန်လုံး စည်းဝေးကြတော့ကာ သာသနာတော်မှာ တရားအားထုတ်ပြီးတော့ သာသနာတွင်း တရားကိုကျင့်ကြပြီးတော့ နတ်ဖြစ်လာတဲ့နတ်တွေက ဒီပြင်နတ်တွေထက်ပိုပြီး ကိုယ်ရောင်ကိုယ်ဝါ တောက်ပခြင်း၊ တန်ခိုးကြီးကြခြင်းဟာ ဘာဖြစ်လို့လဲ၊ မြတ်စွာဘုရား၏ တရားကောင်း တရားမှန်ဖြစ်သောကြောင့် ဘုရားမှန်၏ တရားမှန်ကို ကြိုးစားအားထုတ်ကြ၍ ယခုနတ်ပြည်ရောက်လာကြတော့ အပါးသောနတ်တွေထက် ပိုပြီး အဆင်းလှကြတယ်၊ တန်ခိုးကြီးကြတယ်၊ မြတ်စွာဘုရားပွင့်

တော် မူသည်ကစ၍ ဒို့နတ်ပြည်ဟာ အများကြီးစည်ကားပြီး လာတယ်၊ အဲဒီလို သူတို့နတ်ပြည် စည်ကားခြင်းရှိတာကို လိုလား ကြတာကိုး။

တာဝတိံသကာယာ ပရိပူရေန္တိ၊
အသုရကာယာ ဟာယန္တိ။

သူတို့ဝမ်းမြောက်တာ ဘာပြုလို့၊ သူတို့နတ်ပြည်မှာ စည် ကားပြီး အောက်အသူရာနတ်ပြည်မှာ ခြောက်ခမ်းသွားလို့၊ အသူရာနဲ့ တာဝတိံသာနတ်က မတည့်ဘဲကိုး၊ မတည့်တော့ကာ အသူရာနတ်ပြည်ခြောက်ခမ်းတာကို သူတို့က ဝမ်းသာတယ်၊ တာဝတိံသာနတ်ပြည် စည်ကားတိုးတက်တာကို ဝမ်းသာတယ်၊ ကိုယ့်နေရာဌာန စည်းကားလို့ သူများနေရာဌာန ပျက်စီးတာ ဝမ်းသာတယ် ဆိုပြန်တော့လဲ သိပ်တော့ ကောင်းမယ်လဲ ဟုတ် ပါဘူးနော်၊ နတ်တွေကလဲ ခပ်ဆိုးဆိုးဘဲ။

တာဝတိံသကာယာ၊ တာဝတိံသာ နတ်အပေါင်းတို့ သည်။ ပရိပူရေန္တိ၊ ယခုအထူးစည်ကား၍ လာကြကုန်၏။ အသု ရကာယာ၊ အသူရာနတ်အပေါင်းတို့သည်။ ဟာယန္တိ၊ ဆုတ် ယုတ်ပျက်စီးကြကုန်၏။

အသူရာနတ်ပြည်တွေ ခြောက်ခမ်းကုန်ပြီ၊ ယခုမြတ်စွာဘုရား ပွင့်တော်မူသည့်အတွက် မြတ်စွာဘုရား သာသနာတော်မှာ တရားအားထုတ်လို့ ဒို့နတ်ပြည်ကို နတ်သား နတ်သမီးသစ်တွေ ရောက်လာကြပြီး ဒို့နတ်ပြည်က စည်ကားလာပေတယ်လို့ နတ်များဟာ အလွန်ဝမ်းမြောက်ဝမ်းသာ ရှိကြပါတယ် ဘုရား လို့၊ အဲဒီလို သိကြားမင်းပြောတာကို တဆင့်ယူပြီးတော့မှ

ခုတင်ကဇနဝသဘနတ်သားက မြတ်စွာဘုရား လျှောက်ထားသတဲ့၊ အဲဒါနတ်ပြည်မှာ ဖြစ်နေပုံနော်၊ အဲဒီလို သိကြားမင်းကြီးက နတ်တွေကိုတရားဟောနေတဲ့အခိုက်၊ သနင်္ကုမာရဗြဟ္မာမင်းကြီးက ဆင်းသက်လာတယ်။

သနင်္ကုမာရဗြဟ္မာမင်းကြီး ဆင်းလာပြီးတော့ နတ်ပရိသတ်ကိုဟောတဲ့တရားကလဲ မှတ်ဖို့ကောင်းသဟေ့၊ ဘယ်လိုမှတ်ဖို့ကောင်းသလဲဆိုတော့၊ ကာမဂုဏ်ကိလေသာ၊ အကုသိုလ်တို့နဲ့ ရောနှောပြီး နေကြရတဲ့ပုဂ္ဂိုလ်များဟာ တရားနာခြင်း၊ စိတ်ကောင်း နှလုံးကောင်းထားခြင်း၊ ဓမ္မာနုဓမ္မပဋိပတ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့လျော်သော တရားကို အားထုတ်ခြင်း၊ အဲဒီသုံးပါးကို ပြုလုပ်ကြလို့ရှိရင် ကိလေသာ ကာမဂုဏ် အကုသိုလ်တို့နဲ့ ရောနှောပြီး နေရတဲ့ပုဂ္ဂိုလ်အဖြစ်မှ ကိလေသာကာမဂုဏ် အကုသိုလ်တို့နဲ့ မရောနှောတဲ့ သီလရှိတဲ့ သီလဝန္တ ပုဂ္ဂိုလ်အဖြစ်သို့ ရောက်သွားလိမ့်မယ်၊ ကိလေသာ ကာမဂုဏ် အကုသိုလ်တို့နဲ့ ရောနှောတယ်ဆိုတာ ဒုဿီလရဲ့အလုပ်၊ အဲဒီဒုဿီလနဲ့အလုပ်ကို ပယ်ထုတ်လိုက်တဲ့အခါကျတော့ ဒီနေရာမှာ သီလဝန္တဖြစ်စေတတ်တဲ့တရားတွေက ရောက်မလာဘူးလား၊ အေးအဲဒါ သြကာသာဓိဂမတဲ့ မကောင်းတဲ့ အကုသိုလ်တရားတွေကို ပယ်ထုတ်ပြီးတော့ ကောင်းတဲ့ကုသိုလ်တရားက အခွင့်ယူတယ်၊ ခုလူတွေရင်ထဲ နှလုံးထဲမှာ မကောင်းတဲ့ အကုသိုလ်တွေရှိကြလား၊ အဲဒီအကုသိုလ်တွေကို ပယ်ထုတ်လိုက်ပြီးတော့ ကုသိုလ်က အခွင့်ယူတော့ ကုသိုလ်တရားတွေဟာ လူတွေရဲ့ရင်ထဲနှလုံးထဲ ရောက်မလာနိုင်ဘူးလား၊ အေး လူတွေရဲ့ရင်ထဲ နှလုံးထဲက အကုသိုလ်

တရားတွေကို ဖယ်ပြီးတော့ ကုသိုလ်တရားတွေ ရောက်လာနိုင်အောင်ဟာ ဘာလုပ်ရမယ်၊ တရားနာရမယ်၊ စိတ်ကောင်းထားရမယ်၊ မဂ်ဖိုလ်နဲ့လျော်သောတရားကို ကျင့်ရမယ်၊ ဘယ်နှစ်မျိုးလဲ၊ (သုံးမျိုး)၊ အေး အဲဒါ သတိထားကြ၊ အဲဒီသုံးမျိုး လုပ်လို့ရှိရင် အကုသိုလ်တွေ ပပျောက်ပြီးတော့ ကုသိုလ်တွေ ရင်ထဲ နှလုံးထဲ ရောက်လာနိုင်တယ်တဲ့၊ သနင်္ကုမာရဗြဟ္မာမင်းကြီး ဟောတာလေ။ ဩကာသာဓိဂမတဲ့၊ ဩကာသ၊ အခွင့်။ အဓိဂမ၊ ယူတယ်။ အကုသိုလ်နေရာမှာ ကုသိုလ်က အခွင့်ယူသတဲ့၊ မင်းတို့ရင်တွင်းနှလုံးတွင်းဟာ ဘယ်သူနေတဲ့ နေရာလဲ (အကုသိုလ်နေတဲ့နေရာ)၊ အဲဒီအကုသိုလ်တွေကို ဖယ်ထုတ်ပြီးတော့ ကုသိုလ်ကနေလိမ့်မယ်၊ အကုသိုလ်တွေကို ဖယ်ထုတ်ပြီး ကုသိုလ်ကဝင်နေမှာ မင်းတို့က ဝမ်းနည်းသလား၊ မနည်းရင်လုပ်........နော်။

ပြီးတော့မှ ရုန့်ရင်းကြမ်းတမ်းတဲ့ ကာယသင်္ခါရ၊ ရုန့်ရင်းကြမ်းတမ်းတဲ့ ဝစီသင်္ခါရ၊ ရုန့်ရင်းကြမ်းတမ်းတဲ့ မနောသင်္ခါရ၊ အဲဒီသင်္ခါရတရားသုံးပါးဖြစ်တယ်ဆိုတာ သမာဓိမရှိတဲ့ပုဂ္ဂိုလ်များမှာ ဖြစ်တာနော်။

အဿာသ ပဿာသာ ကာယသင်္ခါရော။

အဿာသ ပဿာသာ၊ ထွက်လေဝင်လေတို့သည်။ ကာယသင်္ခါရော၊ ကာယသင်္ခါရတို့မည်ကုန်၏။ လူချင်းတူပေမဲ့ အသက်ရှူချင်းကွဲတယ်လို့ မင်းတို့ရပ်ထဲရွာထဲမှာ မပြောကြဘူးလား၊ အေး၊ စိတ်မချမ်းသာတဲ့လူ အသက်ရှူရင် အသက်ရှူလဲ အသက်သာဘူးဟော့။ အေး အဲဒါရုန့်ရင်းတဲ့ ကာယသင်္ခါရခေါ်တယ်။

နိုးနေတဲ့အခါဘော့ ကုဋေဆယ်ပြီး ရှုလို့ တော်ပါသေး တယ်၊ အိပ်ပျော်နေတဲ့လူသွားပြီးနားဆောင်၊ ရင်ထဲကမသန့်ရှင်း တဲ့လူဟာ အိပ်ပျော်ရင် နင်းကန်ပြီး အသက်ရှုပြင်းတာဘဲ၊ ဟောက်လား ဟောက်ရဲ့၊ ယောင်လား ယောင်ရဲ့။

အဲဒါကာယသင်္ခါရရုန့်ရင်းကြမ်းဘမ်းတာတဲ့၊ အဲဒီကာယ သင်္ခါရ ရုန့်ရင်းကြမ်းတမ်းလို့ အသက်ရှူသံကြားရသေးရင် ဒီလူ ဝမ်းထဲမှာ တရားမရောက်သေးဘူးဆိုတာ ထင်ရှားနေတယ်၊ ခိုးတဲ့သူခိုးကတောင် ရဲသတဲ့၊ ဒီလူဟောက်သံကြားရင် ခိုးတော့ မှာပေါ့၊ ဒီတော့ အသက်ရှူကြမ်းတမ်းခြင်းဟာ ကာယသင်္ခါရ ကြမ်းဘမ်းခြင်းဘဲ၊ ကာယသင်္ခါရ ကြမ်းတမ်းခြင်းသည် ဘာ ဖြစ်လို့လဲ၊ ထွက်လေဝင်လေကြမ်းလို့၊ ထွက်လေဝင်လေကြမ်း တမ်းတော့ ခန္ဓာကိုယ်ဟာ ဖောက်ပြန်ဘော့တာပေါ့။

ဝိတက္က ဝိစာရာ ဝစီသင်္ခါရာ၊

ဝိတက္က ဝိစာရာ၊ ဝိတက်ဝိစာရနှစ်ပါးတို့သည်၊ ဝစီသင်္ခါရာ၊ နှုတ်ကို ပြုပြင်ကြကုန်၏။ ။ပထမစိတ်ကူးလိုက်တယ်၊ ကြံစည် လိုက်တယ်၊ စိတ်ကူးတာ ဝိတက်၊ ကြံစည်တာ ဝိစာရ၊ စိတ်ကူး ကြံစည်လိုက်တဲ့ အဲဒီဝိတက်ဝိစာရကြမ်းဘမ်းတာကို ဝစီသင်္ခါရ ကြမ်းဘမ်းတယ်လို့ ခေါ်တယ်။ ဘာဖြစ်လို့လဲ၊ စကားပြောမဲ့ ကြံရင်စိတ်ကူးကြံစည်ပြီးမှပြောရတာ၊ စိတ်ကူးကြံစည်ခြင်းကင်း ပြီးတော့ စကားမပြောနိုင်ဘူး၊ မတော်တာတွေကြံ မတော်တာ တွေစိတ်ကူးတဲ့လူစားဟာ သူ့ပါးစပ်ကထွက်လာရင်အကောင်း ထွက်လာအုံးမတဲ့လား၊ မထွက်ဘူး၊ အေး အဲဒါ ဝစီသင်္ခါရ ကြမ်းတမ်းတယ်လို့ ခေါ်တယ်။

ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်လို့ သုံးပါး ရှိတယ်၊ ကာမဝိတက်ဆိုတာ ထိုထို ဤဤ မိမိတို့အမှုကိစ္စတွေကို စိတ်ကူးကြံစည်နေတာကို ကာမဝိတက်ခေါ်တယ်၊ လင်ကိစ္စ၊ သားကိစ္စ၊ မယားကိစ္စ၊ စက်ကိစ္စ၊ ရပ်ကိစ္စ၊ အဲဒါတွေကို စိတ်ကူးကြံစည်နေတဲ့လူတွေလေ။

ဗျာပါဒဝိတက်ဆိုတာက ကိုယ်နဲ့မတဲ့တဲ့လူ သေစေချင်တယ်၊ ဒီအကောင်ပျက်စီးမှ ငါကောင်းစားမှာ၊ ဘယ်တော့သေပါ့မလဲ ဒီအကောင် သေပါစေဟာ၊ အဖမ်းခံရမှာကြောက်လို့သာ၊ ပါးစပ်က မပြောရဲတယ်၊ သူတပါးသေပါစေ ပျက်စီးပါစေလို့ ဆိုရင် ဒီလူအဖမ်းခံရမှာပေါ့၊ သူတပါးသေကြေပျက်စီးခြင်းကို အလိုရှိတဲ့အကြံလေ၊ အဲဒါကို ဗျာပါဒဝိတက်ခေါ်တယ်။

ဝိဟိံသဝိတက်ဆိုတာက သူတပါးကို ဘယ်လိုညှဉ်းရပါ့မလဲ လို့ သူတပါးကို ညှင်းဖို့ဘဲကြံနေတယ်၊ သူတပါးကိုဆင်းရဲအောင် ညှဉ်းပမ်းလိုတဲ့စိတ်ကို ဝိဟိံသ ဝိတက်ခေါ်တယ်။

ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်ဆိုတဲ့ မိစ္ဆာဝိတက်တွေဟာ အကောင်းလား၊ အဆိုးလား၊ (အဆိုး)။ ဒီဝိတက်တွေကြံပြီးနေတဲ့ ပုဂ္ဂိုလ်ရဲ့ပါးစပ်က ထွက်လာတဲ့စကားဟာ စကားကောင်းဖြစ်နိုင်ပါ့မလား၊ မဖြစ်နိုင်ဘူး။ အေးအေးအဲဒါကြောင့် ဝစီသင်္ခါရ ကြမ်းတမ်းတယ်နော်၊ ထွက်လေဝင်လေကြမ်းတာက ကာယသင်္ခါရ ကြမ်းတမ်းတယ်၊ အကြံအစည် ကြမ်းတမ်းတာက ဝစီသင်္ခါရကြမ်းတမ်းတယ်၊ လောဘစိတ်တွေ၊ ဒေါသစိတ်တွေ မိမိရင်ထဲ နှလုံးထဲမှာ လှိုင်းသနေပြီဆိုရင် ဒီပုဂ္ဂိုလ်ရဲ့စိတ် ကောင်းပါအုံးမလား၊ (မကောင်း

ပါဘူး)၊ အေး ဒါကြောင့် သေသစေတသိကာစိတ္တသန်္ခါရာ၊ သေသစေတသိကာ၊ ကြွင်းကျန်ကုန်သော စေတသိက်တို့သည်။ စိတ္တသင်္ခါရာ၊ စိတ်ကိုပြုပြင်ကြကုန်၏။

ကိုယ်ကို ပြုပြင်တဲ့တရားက ထွက်လေဝင်လေ၊ (ကာယ သင်္ခါရ) နှုတ်ကို ပြုပြင်တဲ့တရားက ဝိတက်ဝိစာရ၊ (ဝစီ သင်္ခါရ) စိတ်ကို ပြုပြင်တဲ့တရားက ဝိတက် ဝိစာရမှတပါး ကြွင်းသော လောဘ၊ ဒေါသ စသော စေတသိက်တွေ။ လောဘတွေ ရင်ထဲ နှလုံးထဲ အဖြစ်များတဲ့ပုဂ္ဂိုလ်၊ ဒေါသတွေ ရင်ထဲ နှလုံးထဲ အဖြစ်များတဲ့ပုဂ္ဂိုလ်ဟာ စိတ်ကော ကောင်းပါအုံး မလား၊ (မကောင်းပါဘူး)။ အေး စိတ်ဖြစ်ပုံကို စိတ္တသင်္ခါရခေါ်တယ်၊ နှုတ်ထွက်ပုံကို ဝစီသင်္ခါရခေါ်တယ်၊ ခန္ဓာကိုယ် ရှုန့်ရင်း ကြမ်း တမ်းပုံကို ကာယသင်္ခါရ ခေါ်တယ်။

အဲဒီ ကာယသင်္ခါရ ကြမ်းတမ်းနေတဲ့ပုဂ္ဂိုလ်၊ ဝစီသင်္ခါရ ကြမ်းတမ်းနေတဲ့ပုဂ္ဂိုလ်၊ စိတ္တသင်္ခါရ ကြမ်းတမ်းနေတဲ့ပုဂ္ဂိုလ် တွေဟာ ကာယသင်္ခါရ သိမ်မွေ့သွားအောင် ဝစီသင်္ခါရ သိမ် မွေ့သွားအောင်၊ စိတ္တသင်္ခါရ သိမ်မွေ့သွားအောင်၊ ဘာကို လုပ်ရမယ်၊ တရားနာခြင်း၊ စိတ်ကောင်းနှလုံးကောင်းထားခြင်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့လျော်တဲ့တရားကို အားထုတ်ခြင်း အဲဒီ သုံးပါးကို လုပ်ပါတဲ့။

ဒီသုံးပါးလုပ်ရင် တော်တော်ကြာ ကိုယ့်ဟာကိုယ် သိလာပါ တယ်၊ ငါ၏ ကာယသင်္ခါရဟာ ရှေးကနဲ့မတူဘူး သိမ်မွေ့လာ ပြီ၊ ငါ ရှေးကအိပ်ရင် ယောင်တတ်တယ်၊ ယခု မယောင်တော့ ဘူး၊ ထွက်လေဝင်လေ သိမ်မွေ့လာတဲ့ ပုဂ္ဂိုလ်က ခန္ဓာကိုယ်လဲ

သိမ်မွေ့လာတာပေါ့။ ဒါကြောင့် အာနာပါန သမာဓိရှိတဲ့ ယောဂီများအိပ်ထာဟာ- စျာန်ဝင်စားနေတာနဲ့ တူတာယ်တဲ့။ အဋ္ဌကထာဆရာကနော်။ စျာန်ရတဲ့ပုဂ္ဂိုလ် စျာန်ဝင်စားနေရင် မသိမ်မွေ့ဘူးလား၊ထိုနည်းတူစွာ အာနာပါနအလုပ်ကိုလုပ်လို့ အာနာပါနတရား အထမြောက်တဲ့ပုဂ္ဂိုလ်များ အိပ်တာဟာ စျာန်ဝင်စားနေတဲ့ပုဂ္ဂိုလ်နဲ့ တူသတဲ့၊ အင်မတန် သိမ်မွေ့တယ်။

ဒီတော့ ဒီလူ အာနာပါနလုပ်ထာ တော်တော် ခရီးရောက် မရောက်ကို အိပ်တဲ့အခါ ချောင်းကြည့်၊ အိပ်တဲ့အခါတော့ သူ ဟန်မဆောင်နိုင်ဘူး၊ အိပ်တဲ့အခါ အသက်ရှူ ကြမ်းသေးရင် အာနာပါနလိုသေးတယ်၊ ကာယသင်္ခါရခေါ်တဲ့ အာနာပါန နဂိုကပြင်းနေတဲ့ပုဂ္ဂိုလ်ဟာ အာနာပါနအလုပ်ကို လုပ်လိုက်ရင်၊ ထွက်လေဝင်လေက သိမ်မွေ့လာတယ်၊ သိမ်မွေ့ လာရင် ဟောက်ခြင်းယောင်ခြင်း မရှိတော့ဘူး၊ အိပ်ပျော်နေရင် ဒီလူ ဟာ အင်မတန်သိမ်မွေ့တယ်၊ ဒီတော့ မအိပ်ဘူးမှတ်လို့ သူခိုးက တက်မခိုးဝံ့ဘူး။

ဝစီသင်္ခါရဆိုတာ ဘာလဲ၊ (ဝိတက် ဝိစာရ) နိက္ခမဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသဝိတက်နော်။ နိက္ခမဝိတက်၊ လက် ရှိအလုပ်က ငါ ဘယ်လိုပြတ်အောင် လုပ်ရပါမလဲလို့ ဦးဘသန့် တို့ ငြီးသလိုပေါ့ကွာ။ စက်ကြီး ထားပစ်ခဲ့ပြီးတော့ သူက သင်္ကန်းဝတ်ချင်ပြီဆိုသကိုကွ၊ နိက္ခမဝိတက်လေ။ ဒီလို ကြံစည် တာက ဘာဝိတက် (နိက္ခမဝိတက်)။ အဗျာပါဒဝိတက်ဆိုတာက မေတ္တာပို့ရတယ်ဟေ့။

သုခိနောဝါ ခေမိနော ဟောန္တု၊ သဗ္ဗေသတ္တာ။

သဗ္ဗေသတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ သုခိနောဝါ၊ စည်းစိမ်ဥစ္စာ ချမ်းသာခြင်း ရှိကုန်သည်ဖြစ်၍။ ခေမိနောဝါ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြကုန်သည်ဖြစ်၍။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ လိုရင်းကတော့ သတ္တဝါခပ်သိမ်း ချမ်းသာကြပါစေ၊ သတ္တဝါခပ်သိမ်း ဘေးကင်းကြပါစေ၊ ဒီလိုမေတ္တာပို့တယ်မဟုတ်လား။ ဒီလိုမှမပို့နိုင်ဘူးဆိုရင်တော့၊ စိတ်ထဲက သတ္တဝါခပ်သိမ်း(ငါနဲ့မတည့်တဲ့လူကိုချန်၍)ချမ်းသာကြပါစေ၊ သတ္တဝါခပ်သိမ်း (ငါ့အမြင်ကပ်တဲ့ လူတယောက် ချန်လှပ်၍) ဘေးကင်းပါစေနော်။

အဝိဟိံသဝိတက်၊ ကိုယ့်အတွက်နဲ့ တစုံတယောက်သောသူကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ မဖြစ်စေလိုဘူး၊ ငါ့အတွက်နဲ့တော့ ဘယ်သူမှ စိတ်မဆင်းရဲရပေဘူးဟဲ့လို့၊ သူတပါးကိုမဆင်းရဲရအောင် ကြံစည်တဲ့ဝိတက်ကို အဝိဟိံသဝိတက်ခေါ်တယ်။ အဲဒီ နိက္ခမဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသ ဝိတက်ဆိုတဲ့ ဝိတက်သုံးပါးဟာက ဝစီသင်္ခါရ နှုတ်ကိုပြုပြင်တယ်၊ ဒီကောင်းတဲ့ဝိတက်တွေ ဒီပုဂ္ဂိုလ်ဝမ်းထဲဝင်လာရင် ဒီပုဂ္ဂိုလ်ရဲ့ လေသံတမျိုးပြောင်းလာလိမ့်မယ်။ နဂိုက ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက် ရှိနေတုန်းက ဒီပုဂ္ဂိုလ်ရဲ့လေသံကတမျိုး၊ နိက္ခမဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသ ဝိတက်ဆိုတဲ့ ဝိတက်တွေကြံစည်နေတဲ့ပုဂ္ဂိုလ်ရဲ့လေသံကတမျိုး တူရဲ့လား၊ မတူနိုင်ဘူး။

ကာယသင်္ခါရသိမ်မွေ့ဖို့၊ ဝစီသင်္ခါရသိမ်မွေ့ဖို့၊ စိတ္တသင်္ခါရ သိမ်မွေ့ဖို့ လောဘ၊ ဒေါသမဖြစ်ဘဲနဲ့ သဒ္ဓါ သဘိ အစရှိတဲ့ တရားတွေ ရင်ထဲမှာဖြစ်သာရင် ဒီပုဂ္ဂိုလ်၏စိတ်ဟာ မသိမ်မွေ့ဘူးလား၊ (သိမ်မွေ့ပါတယ်)။

ဒါဖြင့် ကာယသင်္ခါရသိမ်မွေ့အောင်၊ ဝစီသင်္ခါရ သိမ်မွေ့အောင်၊ စိတ္တသင်္ခါရသိမ်မွေ့အောင် လုပ်ရမဲ့အလုပ်က တရားနာခြင်း၊ စိတ်ကောင်း နှလုံးကောင်းထားခြင်း၊ မှောနုံမမှ ပဋိပတ်၊ မဂ်ဖိုလ်နှင့်လျော်သော တရားကို ကျင့်ကြံအားထုတ်ခြင်း၊ ဒီသုံးပါးဘဲရှိတယ်။ စိတ်ကတဖြည်းဖြည်း ရင့်ရင့်လာပြီးတော့မှ ဤသည်ကား ကုသိုလ်၊ ဤသည်ကား အကုသိုလ်၊ ဤသည်ကား သာဝဇ္ဇ၊ ဤသည်ကား အနဝဇ္ဇ၊ ဒီကိစ္စဟာ အပြစ်ကင်းတယ်၊ ဒီကိစ္စဟာ အပြစ်မကင်းဘူး၊ ဤသည်ကား ဟီန၊ ဤသည်ကား ပဏီတ၊ ဒီကိစ္စဟာ ယုတ်ညံ့တယ်၊ ဒီကိစ္စဟာ မြင့်မြတ်တယ်၊ ဤသည်ကား သေဝိတဗ္ဗ၊ ဤသည်ကား အသေဝိတဗ္ဗ၊ ဒီအလုပ်မျိုးကိုလုပ်သင့်တယ်၊ ဒီအလုပ်မျိုးကို မလုပ်သင့်ဘူး၊ ဤသည်ကား ကဏှပဋိဘာဂ၊ ဤသည်ကား သုက္ကပဋိဘာဂ၊ ဤအလုပ်မျိုးကိုလုပ်ရင် ညစ်နွမ်းသောအဖို့ရှိသည်။ ဤအလုပ်မျိုးကို လုပ်ရင် ဖြူစင်သောအဖို့ရှိသည်ဟု သေသေချာချာ ဂဃဏန ပိုင်းပိုင်း ခြားခြား မသိနိုင်ကြဘူးတဲ့။ သတ္တဝါတွေ ဘာလို့မသိနိုင်ကြသလဲ၊ အဝိဇ္ဇာမောဟဖုံးလွှမ်းထားလို့နော်၊

ကုသိုလ် အကုသိုလ် အပြစ်ကင်း မကင်း၊ မှီဝဲအပ် မမှီဝဲအပ် ညစ်နွမ်းသောအဖို့၊ ဖြူစင်သောအဖို့ ရှိမရှိ ဒါတွေကို ပိုင်းပိုင်းခြားခြား ဒီလိုမသိနိုင်ကြတာ ဘာဖြစ်လို့၊ အဝိဇ္ဇာလိမ်ထားလို့၊

ဒါကကုသိုလ် ဒါက အကုသိုလ်၊ ဒါကအပြစ်မကင်းဘူး။ ဒါက အပြစ်ကင်းတယ်၊ ဒါကယုတ်ညံ့တယ်၊ ဒါက မြင့်မြတ်တယ်၊ ဒါက မှိုဝဲအပ်တယ်၊ ဒါက မမှိုဝဲအပ်ဘူး၊ ဒါက ဖြူစင်သော အဖို့ရှိတယ်၊ ဒါက ညစ်နွမ်းသောအဖို့ရှိတယ်လို့၊ ဒီလိုသိမှသာ လျှင် ကောင်းကြမယ်မဟုတ်လား၊ အဲဒီတော့ မသိတာနဲ့သိတာ ဘယ်ဟာကကောင်းသလဲ သိတာကကောင်းတယ်။

ဒါဖြင့် သိအောင် ဘာလုပ်ရမယ်၊ တရားနာခြင်း၊ စိတ် ကောင်းထားခြင်း၊ ဓမ္မာနုဓမ္မ ပဋိပတ်ကို အားထုတ်ခြင်း၊အေး၊ အဲဒီသုံးပါးကိုဘဲ လုပ်ရမယ်။ လိုရင်းပထမအချက်က ကိလေ သာ ကာမဂုဏ်တွေနဲ့ရောနှောပြီး နေရာက မရောနှောတဲ့ အဖြစ် ရောက်တယ်ဆိုတာက သီလ၊ ကြမ်းတမ်းတဲ့ ကာယသင်္ခါရ၊ ဝစီ သင်္ခါရ၊ စိတ္တသင်္ခါရ ကင်းငြိမ်းပြီးတော့ သိမ်မွေ့တဲ့ ကာယ သင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ ဖြစ်တယ်ဆိုတာက သမာဓိ၊ ကုသိုလ် အကုသိုလ် စသည်တို့ကိုမသိတဲ့ အဝိဇ္ဇာကင်းငြိမ်းပြီး တော့၊ ကုသိုလ် အကုသိုလ် စသည်တို့ကိုသိတဲ့ဉာဏ် ဖြစ်လာတာ က ပညာ၊ လိုရင်းကတော့ သီလ၊ သမာဓိ၊ ပညာဘဲ၊ ဒုသီလ အဖြစ်ကိုဖယ်ထုတ်၍ သီလဆိုတဲ့တရားက နေရာယူလိမ့်မယ်တဲ့။ သမာဓိကင်းမဲ့တဲ့၊ သမာဓိမရှိတဲ့ ပုဂ္ဂိုလ်အဖြစ်ကို ဖယ်ထုတ်၍ သမာဓိက နေရာယူလိမ့်မယ်တဲ့။ ပညာမဲ့တဲ့ ပုဂ္ဂိုလ်အဖြစ်ကို ဖယ်ထုတ်၍ ပညာက နေရာယူလိမ့်မယ်တဲ့။

ဒါကြောင့် ရင်ထဲနှလုံးထဲမှာ သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ သိက္ခာသုံးပါး ပြည့်စုံခြင်း၏ အကြောင်းကား များများကြီး မဟုတ်ပါဘူး၊ (၁) တရားနာခြင်း၊ (၂) စိတ်ကောင်း နှလုံး

ကောင်းထားခြင်း၊ (၃) ဓမ္မာနုဓမ္မ ပဋိပတ်ကို ကျင့်ခြင်း၊ ဓမ္မာနုဓမ္မ ပဋိပတ်ဆိုတာ မဂ်ဖိုလ်နိဗ္ဗာန်ရောက်နိုင်သောအကျင့်ကိုပြောတာ၊ အဲဒီသုံးပါးနဲ့ပြည့်စုံရင် သီလမရှိသေးတဲ့ပုဂ္ဂိုလ် သီလရှိလိမ့်မယ်၊ သမာဓိမရှိသေးတဲ့ပုဂ္ဂိုလ် သမာဓိရှိလိမ့်မယ်။ ပညာမရှိသေးတဲ့ပုဂ္ဂိုလ် ပညာရှိလိမ့်မယ်။ အဲဒါ ဩကာသာဝိဂမသုံးပါးလို့ သနက်ုမာရ ဗြဟ္မာမင်းကြီးက တာဝတိံသာနတ်ပြည်မှာ တာဝတိံသာနတ်သဘင် အစည်းအဝေးကြီးမှာ တရားဟောသတဲ့။

ဩကာသဆိုတာ အခွင့်၊ အဓိဂမက ယူတယ်၊ သီလ၊ သမာဓိ၊ ပညာဆိုတဲ့တရားသုံးပါးက အခွင့်ယူပြီးတော့ သတ္တဝါသန္တာန်မှာလာပြီးကိန်းလိမ့်မယ်လို့ ဆိုလိုတယ်၊ ဒီလိုမဟုတ်လား၊ အဲဒီတော့ သနက်ုမာရဗြဟ္မာကြီးဟောတဲ့ တရားကောမမှတ်ထိုက်ကြဘူးလား၊ မှတ်ထိုက်ပါတယ်၊ လုပ်ကော မလုပ်သင့်ကြဘူးလား၊ လုပ်သင့်ပါတယ်၊ လုပ်ရင် သီလနဲ့ပြည့်စုံမယ်၊ သမာဓိနဲ့ပြည့်စုံမယ်၊ ပညာနဲ့ပြည့်စုံမယ်၊ မှတ်ထားကြ။ အိမ်မရောက်ခင် မပျောက်ကြစေနဲ့၊ ဘယ်သူဟောတာ၊ သနက်ုမာရ ဗြဟ္မာမင်းကြီး ဟောတာ။

ရှေးက မထေရ်ကြီးတွေက သံဃာတော်တွေ ဝါဆိုပြီးတဲ့အခါ အဲဒီဩကာသာဝိဂမသုတ်ကိုအရွတ်ခိုင်းသတဲ့ ဘာဖြစ်လို့လဲ အင်မတန် အကျိုးများတဲ့ တရားဖြစ်ခြင်းကြောင့် မရှိသေးတဲ့သီလရှိမယ်၊ မဖြစ်သေးတဲ့ သမာဓိဖြစ်မယ်၊ မရသေးတဲ့ ပညာရမယ်ဆိုရင် အကျိုးမများဘူးလား များပါတယ်၊ သာသနာမှာ လိုရင်းက သီလသမာဓိပညာဘဲ သီလသမာဓိ ပညာကလွဲရင်

သာသနာမှာ ဘာရှိသေးသလဲ (မရှိပါဘူး) ဝါဆိုလပြည့်နေ့မို့ ဝါဆိုလပြည့်နဲ့တော်တဲ့ တရားဟောရဘာကိုး၊ အဲဒီအကြောင်းကို ဇနဝသဘနတ်သားက မြတ်စွာဘုရားထံလာပြီး လျှောက်ထားသတဲ့။

ဇနဝသဘနတ်သားဆိုတာ ရှေးတုံးကဘယ်သူ၊ ဗိမ္ဗိသာရ၊ မြတ်စွာဘုရားက ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူလာတဲ့ အခါကျတော့ လူပေါင်း တသိန်းကျော်နဲ့ သူက ဆီးကြိုသတဲ့၊ အဲဒီလူပေါင်း တသိန်းကျော်မှာ သူက အကြီးအကဲ ဖြစ်သောကြောင့် နတ်ပြည်ရောက်တဲ့အခါကျတော့ ဇနဝသဘလို့ အမည်ရသတဲ့။

ဥပါဒါန်အစွဲအလန်းများ တော်တော်ကြောက်စရာကောင်းတယ်၊ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ကြွလာစဉ် လူပေါင်းတသိန်းကျော်နှင့် ဆီးကြိုတဲ့အခါ ဗိမ္ဗိသာရမင်းကြီး သောတာပန်ဖြစ်တယ်။ ဗိမ္ဗိသာရ မင်းကြီးဟာ သောတာပန် ဘုရားကျောင်းတကာဖြစ်ပါလျက်နဲ့ ယခုနတ်အဖြစ်ကျတော့ ဘယ်သွားဖြစ်နေတယ်၊ ဝေဿဝဏ်နတ်မင်းကြီးရဲ့ အလုပ်အကျွေး ဇနဝသဘနတ်သား သွားဖြစ်နေတယ်တဲ့။ ဘုရားကျောင်းတကာလဲဖြစ် သောတာပန်လဲဖြစ် ပါလျက်နှင့် ဝေဿဝဏ် နတ်မင်းကြီးရဲ့ အလုပ်အကျွေးဘီလူးမျိုးမှာသွားဖြစ်နေရတာ ဘယ်တော်မလဲ၊ ဝေဿဝဏ် နတ်မင်းကြီးဆိုတာ ဘီလူးတွေကို အစိုးရတာ အဲဒီတော့ ဥပါဒါန်အစွဲအလန်းကြောင့် ဝေဿဝဏ် နတ်မင်းကြီးရဲ့ အလုပ်အကျွေး နေရာမှာ ရှေးကဘဝများစွာ ဖြစ်ခဲ့ဘူးဘယ်တဲ့ အဲဒါကြောင့် သေခါနီး ဒီ သွားစိတ်စွဲ မိလို့ အဲဒီအဖြစ် ရောက်သွားရဘာ ကံကတော့ ဒီမျှဘယ်ကမလဲ သောတာပန်လဲ

ဖြစ်တယ်၊ ဘုရားကျောင်းတကာလဲဖြစ်တယ်၊ ဈာန်မရလို့ရှိရင် တာဝတိံသာ ယာမာ၊ တုသိတာ၊ အထက်နတ်ပြည်မှာဖြစ်နိုင်လောက်တဲ့ ကံကတော့ရှိသာပေါ့၊ ရှိပေမယ်လို့ ကိုယ်အစွဲအလန်းသန်ရာ ကိုယ်ဖြစ်ထာ ဟုတ်ဘူးလား။ အင်မတန်ကုသိုလ်ရှင်ကြီးဟာ ဝေဿဝဏ်နတ်မင်းကြီးရဲ့ အလုပ်အကျွေးဘာသွားစွဲတော့ အလုပ်အကျွေးဘဝဘဲ ပြန်ဖြစ်ရတယ်။

အဲဒါသတိထားကြဖို့ ဘယ်လောက် ကုသိုလ်ရှိနေပေမယ်လို့ အစွဲရှိရာဖြစ်တတ်တယ်၊ စက်အစွဲသန်တဲ့သူက စက်ထဲသွား သူရဲကြီးဖြစ်နေရော ဟုတ်လား။ သဘောကိုစွဲနေတဲ့လူက သဘောနဲ့လိုက်နေရော၊ ကိုယ်အစွဲသန်ရာဖြစ်တာကိုး၊ အိမ်အစွဲသန်တဲ့ လူကကော အိမ်မှာဘဲသွားဖြစ်နေရော ဗိမ္မိသာရမင်းကြီးကိုထောက်ထားသောအားဖြင့် ကံကနောက်ကလိုက် အစွဲက ရှေ့သွား စိတ်စွဲရာကို အကျိုးက လိုက်ပေးတတ်တယ်၊ အဲဒီဗိမ္မိသာရမင်းကြီးနဲ့ ဝေဿဝဏ်နတ်မင်းကြီးရဲ့ အလုပ်အကျွေးအဖြစ်နဲ့ နဲနဲမှ မသင့်တော်ဘူး မသင့်တော်ပေမယ်လို့ သူကအစွဲရှိခြင်းကြောင့် အလုပ်အကျွေးသွားဖြစ်တယ်။

အလုပ်အကျွေး ဖြစ်သော်လည်း သူပျော်သလား ဆိုတော့ မပျော်ပါဘူးတဲ့ တပည့်တော် စိတ်မှာ သောတာပန်အဖြစ်နဲ့ မနေချင်ပါဘုရား အထက်မဂ် အထက်ဖိုလ် တက်ဖို့ရာ တပည့်တော်စိတ်မှာ အမြဲရှိပါတယ်လို့ မြတ်စွာဘုရားကို လျှောက်တယ်၊ အပါယ်ကျတာနဲ့စာရင်တော်သေးဒါပေါ့ သောတာပန်ဆိုဒါ ဒုပါယ်မကျစကောင်းဘဲကိုး၊ အပါယ်မကျကောင်းလို့ ခုစတုမဟာရာဇ်မှာ နတ်ဖြစ်နေရတာ သို့ပေမဲ့ ဒီနဲ့မနေပါဘူး တဖြည်းဖြည်းတော့ တက်မှာပဲ ဘာဖြစ်လို့လဲ ရင်ထဲနှလုံးထဲကို

တရားရောက်သွားပြီးမှကိုး ယခုဘာဖြစ်နေနေ ဆင်းရဲတဲ့ပုဂ္ဂိုလ်ဘဲဖြစ်နေနေ ကြွယ်ဝချမ်းသာတဲ့ ပုဂ္ဂိုလ်ဘဲဖြစ်နေနေ ဘယ်လိုအကြောင်းနဲ့ဖြစ်ဖြစ် ကိုယ့်ရင်ထဲ နှလုံးထဲကို တရားရောက်ဖို့အရေးကြီးတယ်၊ ရင်ထဲနှလုံးထဲ တရားရောက်တဲ့ ပုဂ္ဂိုလ်ဟာအထက်တက်မှာပဲ၊ ရင်ထဲနှလုံးထဲရောက်ရမဲ့ တရားက သီလ၊ သမာဓိ၊ ပညာ အဲဒီသုံးပါး ရောက်ရမယ်။ အဲဒီသုံးပါးရောက်အောင် ဘာလုပ်ရမလဲ သတိကိုလုပ်ရမယ်၊ သတိကိုလုပ်စမ်းပါ ဘာမှမလုပ်နဲ့ သတိတခုထဲသာလုပ်။

ဟိုဟို ဒီဒီ တောင်တောင် အီအီတွေ လျှောက်ပြီး လုပ်မနေနဲ့ သတိအထမြောက်ဖို့ အရေးကြီးတယ် ဝင်ရင်ဝင်မှန်းသိ ထွက်ရင်ထွက်မှန်းသိ လမ်းလျှောက်တဲ့အခါကျတော့ ခြေထောက်နဲ့ ကြမ်းနဲ့ ထိလိုက်တဲ့အခါ ထိမှန်းသိအောင်သတိထား၊ထိပြီးမှလဲ လိုက်မသိနဲ့ မထိခင်လဲ တင်ကြိုမသိနဲ့ ထိတုံးဆဲဆဲကလေး သိလိုက်ဖို့အရေးကြီးတယ်၊ သတိလုပ်ထုံးက ပစ္စုပ္ပန်ကျဖို့ အရေးကြီးတယ်။

အေး.... သတိဖြစ်အောင်သာ ကြိုးစားပြီးလုပ် သတိဖြစ်လို့ရှိရင် သီလလာလိမ့်မယ် သတိဖြစ်လို့ရှိရင် သမာဓိလာလိမ့်မယ် သတိဖြစ်လို့ရှိရင် ပညာလာလိမ့်မယ်၊ ဒီ သီလ သမာဓိ ပညာဆိုတဲ့ တရားသုံးပါးဟာ သတိမှာအခြေခံ တည်ရမယ်။ ဒီလိုမဟုတ်လား။

ဟတ္ထိပဒေါပမသုတ်မှာ မြတ်စွာဘုရား ဘယ်လိုဟောသလဲ ချစ်သားတို့ သတ္တဝါတို့၏ ခြေရာတို့တွင် ဆင်သတ္တဝါတို့၏ ခြေရာသည် အကြီးဆုံးပဲဟောတဲ့ သတ္တဝါတို့၏ ခြေရာအပေါင်း

တို့တွင်.... ဆင်ခြေရာဟာ အကြီးဆုံးဖြစ်တဲ့ အတွက် အားလုံ ရှိရှိသမျှသော သတ္တဝါတို့၏ ခြေရာသည် ဆင်ခြေရာထဲ အကျုံး ဝင်ရမယ်တဲ့။

အေး ထိုနည်းတူစွာ အားလုံးရှိရှိသမျှတရားတွေဟာ သတိထဲ ကို အကျုံးဝင်ရမယ်၊ ဟတ္ထိပဒေါပမ႑ သုတ်မှာဒီလိုဟောတယ်၊ အဲဒီလိုဟောတာကိုထောက်တော့ ဒီပြင်တရားတွေ အထူးလုပ် မနေပါနဲ့၊ သတိကိုသာ ကြိုးစားလုပ်ကြစမ်းပါ၊ သတိကြိုးစား လုပ်တော့ ပထမ ဖြစ်ရမှာက ဘာဖြစ်ရမလဲ၊ သီလဖြစ်မယ်၊ သီလ ဖြစ်ပြီးတဲ့နောက် ဘာလာရမလဲ သမာဓိ လာရမယ် သမာဓိဆိုတာ သမထစျာန်ရအောင်လုပ်ပြီးတော့မှ ဝိပဿနာ တက်ရမှာ၊ ယခုခေတ် ယခုအခါမှာ ကိလေသာထူပြောတယ် ကျွန်းမာရေးညံ့ဖျင်းတယ်၊ ဒါကြောင့် သမထယာနိကလမ်းထာ၊ နေပြီး မတက်ဘဲ၊ သီလဝိသုဒ္ဓိမှ ဒိဋ္ဌိဝိသုဒ္ဓိလမ်းကို တက်ရမယ်၊ ဒိဋ္ဌိဝိသုဒ္ဓိဆိုတာဘာလဲ၊ ဒိဋ္ဌိဝိသုဒ္ဓိဆိုတာ ဒိဋ္ဌိဇာအယူ၊ ဝိသုဒ္ဓိ စင်ကြယ်၊ ဒိဋ္ဌိဝိသုဒ္ဓိဆိုတာ အယူစင်ကြယ်တယ်။

သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ဒိဋ္ဌိဝိသုဒ္ဓိ၊ နာမ်ရုပ်အသိဉာဏ် ရဖို့ဟာ ဘာမှမခက်ဘူး၊နာမ်ရုပ်သိတဲ့ အသိဉာဏ်က ဒါနာမ်ဘဲ၊ ဒါရုပ်ပဲလို့ သိပြီ။ သိရင် ဒီပုဂ္ဂိုလ်ဟာ ငါသူတပါးယောကျ်ား မိန်းမအနေနဲ့ ပြောအုံးမလား၊ မပြောပါဘူး။ အေး မပြော တော့ အဲဒီမှာ ဒိဋ္ဌိစင်တယ်လို့ ခေါ်တာ၊ ခုမျက်စိမြင်လိုက်ရင် မျက်စိမြင်တယ်လို့ ထင်နေတယ်၊ ဒီလိုမဟုတ်လား၊ အေး မျက်စိ မြင်တယ်လို့ ထင်တာဒိဋ္ဌိ၊ အမှန်က မျက်စိက မျက်စိတခြား မြင်မှုတခြား၊ အာရုံနဲ့ မျက်စိနဲ့ဆိုင်မိတဲ့အခါကျမှ မြင်မှုက

ပေါ်တာမဟုတ်ဘူးလား၊ အေး ဒါဖြင့် မျက်စိတခြား မြင်မှုတခြားပေါ့၊ မျက်စိနဲ့မြင်မှု မင်းတို့ရဲ့ပကတိစိတ်က အတူတူထင်မနေဘူးလား၊ အေး အတူတူထင်တာ သတိကောင်းလာရင်ပျောက်သွားလိမ့်မယ်၊ မျက်စိက မျက်စိပါကလား၊ မြင်မှုကအာရုံနဲ့ တိုက်ဆိုင်မှ ပေါ်လာတာပါကလားလို့ မျက်စိတခြားမြင်မှုတခြား ကွဲပြားလာလိမ့်မယ်၊ အဲဒါ နာမ်ရုပ်ကွဲတာ။

နာမ်ရယ် ရုပ်ရယ်လို့ ကွဲသွားမှ နာမ်ရုပ်သိတာမဟုတ်ဘူး၊ မျက်စိတခြား မြင်မှုတခြားကွဲသွားရင် ဒါနာမ်ရုပ်သိတာဘဲ၊ ပြောတတ်မှ ခေါ်တတ်မှ တရားရတာမဟုတ်ဘူး၊ ပြောတတ်ခေါ်တတ်ဆိုတာက စာတတ်တဲ့လူတွေမှ ပြောတတ်ခေါ်တတ်တာ၊ တရားလုပ်တဲ့လူတိုင်းလဲ ဒီလိုပြောတတ် ဆိုတတ်တာမဟုတ်ဘူး၊ မခေါ်တတ် မပြောတတ်ပေမယ်လို့ မျက်စိကိုသိတာတခြား မြင်တာတခြားလို့ကွဲသွားရင် နဂိုသိပျောက်မသွားဘူးလား၊ ဒါနာမ်ရုပ်သိတာဘဲ၊ ဒီမြင်မှုကို ငါမြင်တယ်လို့စွဲအုံးမလား၊ မစွဲတော့ဘူး၊ အာရုံနဲ့ မျက်စိနဲ့ ဆိုင်မိလို့မြင်မှုပေါ်တယ်ဆိုတာ သဘောပေါက်လာတယ်။

နားကကော၊ နားနဲ့အသံနဲ့ ဆိုင်မိတဲ့အခါ ကြားမှုပေါ်တယ်၊ နားကြားတယ်လို့ မအောက်မေ့ပါနဲ့၊ နားတခြားကြားမှုတခြားပါ၊ နားထဲကနေပြီး ကြားမှုထွက်လာတယ်၊ ဒီလိုမဟုတ်ဘူး၊ အေး နားကရုပ်၊ ကြားမှုကနာမ်၊ နားနဲ့ကြားမှုနဲ့ ဘာမှမဆိုင်ပါလားလို့ သဘောပေါက်ရမယ်၊သဘောပေါက်ဖို့အရေးကြီးတယ်၊ ခုဟာကပြောလို့ သဘောပေါက်ထာ၊ ပြောလို့ သဘောပေါက်ထာ မဟုတ်သေးဘူး၊ တရား

အားထုတ်လို့ သူ့ဟာသူ သဘောပေါက်လာမှ ဟုတ်တယ်။ နှာခေါင်းက နံတယ်မထင်ဘူးလား၊ အေး နှာခေါင်းနဲ့နံမှုနဲ့ တခြားစီ၊ လျှာကစားတယ်၊ လျှာနဲ့ စားမှုနဲ့ တခြားစီဟုတ်လား၊ ခန္ဓာကိုယ်နဲ့ တွေ့ငတယ်၊ မထိဘူးလား၊ တွေ့ထိမှုနဲ့ ခန္ဓာကိုယ်နဲ့တခြားစီ၊ ခန္ဓာကိုယ်က အနေမဲ့ကတဲက ရှိတယ်၊ မရှိဘူးလား၊ ထိမှုက ထိဆဲခဏကလေးမှာဖြစ်ထာ၊ ခန္ဓာကိုယ်နဲ့ ထိမှုနဲ့တခြားစီ၊ အေး ဒီလို အလုပ်လုပ်ရင်း သဘောပေါက်လာရင် ဒီပုဂ္ဂိုလ်ဟာ နာမ်ရုပ်ကွဲလာတယ်မဟုတ်လား။

မျက်စိတခြား မြင်မှုတခြား၊ ဒီတော့ မျက်စိကရုပ် မြင်မှုက နာမ်၊ နားတခြား ကြားမှုတခြား၊ နားကရုပ်၊ ကြားမှုကနာမ်၊ နှာခေါင်းတခြား၊ နံမှုတခြား၊ နှာခေါင်းကရုပ်၊ နံမှုကနာမ်၊ လျှာတခြား စားမှုတခြား၊ လျှာကရုပ်၊ စားမှုကနာမ်၊ ကိုယ်တခြား ထိမှုတခြား၊ ကိုယ်ကရုပ်၊ ထိမှုကနာမ်၊ မကွဲဘူးလား၊ ကွဲပါတယ်။ ဒါဖြင့် ရုပ်နာမ်ကွဲလို့ရှိရင် ဒီဖြစ်မှုတွေအပေါ်မှာ သတ္တဝါငါသူတပါးယောကျ်ားမိန်းမ အမြင်နဲ့စွဲပါအုံးမလား၊ မစွဲတော့ဘူး၊ အဲဒါကလျာဏပုထုဇဉ်တဲ့၊

မျက်စိကမြင်တယ်၊ နားကကြားတယ်၊ နှာခေါင်းကနံတယ်၊ လျှာကစားတယ်၊ ခန္ဓာကိုယ်ကထိတယ်ဆိုတဲ့နဂိုသိမပျောက်ရင် အန္ဓဗာလပုထုဇဉ်ကန်း၊ ပုထုဇဉ်မိုက်ဟုတ်လား၊ ခုသာသနာတော်ကြီးနဲ့ တွေ့ကြုံတဲ့အခါ ကလျာဏပုထုဇဉ်တော့ အဖျှင်းဆုံးဖြစ်ရမယ်၊ မျက်စိတခြား မြင်မှုတခြား၊ နားတခြား ကြားမှုတခြား။ ဒီလို အလိုလိုစိတ်ထဲမှာကွဲလာရင် ကလျာဏပုထုဇဉ်အဖြစ်ရောက်ပြီ၊ ရုပ်နာမ်ကိုသိရာရောက်တယ်။

ရုပ်နာမ်တွေဟာ သုခလား၊ ဒုက္ခလား၊ ရုပ်နာမ်တွေဟာ ဒုက္ခ၊ ခုတော့ ရုပ်တို့နာမ်တို့မသိတော့ ပုဂ္ဂိုလ်ဖြစ်နေတယ်၊ မဖြစ်ဘူးလား၊ ဖြစ်ပါတယ်၊ အေး ရုပ်တို့နာမ်တို့သိတဲ့အခါ ပုဂ္ဂိုလ်ဒုက္ခမရှိတော့ဘူး၊ ပုဂ္ဂိုလ်ဒုက္ခကပညတ်၊ ပုဂ္ဂိုလ်ကနဂို ကမှမရှိဘဲ၊ ရုပ်နာမ်သာ အမှန်ရှိတာ၊ ရုပ်နာမ်ကဘာလဲ ဒုက္ခ သစ္စာ၊ အဲဒီဒုက္ခသစ္စာအစစ်ဖြစ်တဲ့ ရုပ်နာမ်ကို မမြင်လို့ အန္ဓ ခေါ်တာ၊ ဒုက္ခသစ္စာအစစ်ဖြစ်တဲ့ ရုပ်နာမ်ကို မြင်တော့ ကလျာဏ၊ အေး အန္ဓ၊ ကလျာဏဆိုတာ အဲဒီလိုခေါ်တာ။

ဒီတော့ ပကတိမျက်စိကိုဆိုလိုတာမဟုတ်၊ ဉာဏ်မျက်စိ ကန်းတာ၊ ဉာဏ်မျက်စိကောင်းတာကို ဆိုလိုတာ၊ ရုပ်တွေ နာမ် တွေ တခြားစီကွဲလာရင် ဒီပုဂ္ဂိုလ်ရဲ့ဉာဏ်မျက်စိပွင့်လင်းလာပြီ၊ မကန်းတော့ဘူး၊ မျက်စဉ်းကောင်းတွေ့ပြီနေ၁်။

"ငါမပါဘဲ၊ နာမ်ရုပ်ကွဲသော်၊ မစွဲအတ္တ၊ ဒုက္ခကိုမြင်၊
ပုထုဇဉ် ကလျာဏ၊ ခေါ်ဆိုရ၏။"

ငါမပါဘဲ နာမ်ရုပ်ကွဲသော်၊ ငါမပါတော့ဘူး၊ မြင်လဲနာမ် ရုပ်၊ ကြားလဲနာမ်ရုပ်၊ နံလဲနာမ်ရုပ်၊ စားလဲနာမ်ရုပ်၊ အချိန် အခါမရွေး တကိုယ်လုံး တကောင်လုံး ဘာဖြစ်နေသလဲ၊ နာမ် ရုပ်တွေဖြစ်နေတယ်၊ အဲဒီနာမ်ရုပ်တွေထဲ ငါပါပါအုံးမလား၊ မပါတော့ဘူး၊ မစွဲအတ္တ၊ အတ္တဆိုတာငါ၊ ငါလို့ စွဲအုံးမ လား၊ မစွဲတော့ပါဘူး၊ ဒုက္ခကိုမြင်၊ ဘာဒုက္ခကို မြင်သလဲ၊ နာမ်ရုပ်ဒုက္ခကိုမြင်တယ်၊ နာမ်ဒုက္ခ၊ နာမ်ဒုက္ခဆိုတာ ခုဖြစ် ခုပျောက်သွားတာကို ခေါ်တယ်၊ ဒုက္ခကိုမြင်ရင် အတ္တမစွဲတော့

ဘူး၊ နာမ်ရုပ်ဒုက္ခမမြင်လို့ အတ္တစွဲနေတာ ပုထုဇဉ်ကလျာဏ ခေါ်ဆိုရ၏။ အဖျင်းဆုံး ကလျာဏပုထုဇဉ်အဖြစ်ရောက်ရမယ်၊ ကလျာဏပုထုဇဉ် ငါဖြစ်ပြီလို့ လက်ညှိုးထောင်ရဲဖို့ မလွယ်ဘူး။

အပြောသိသာ သိနေကြတာ၊တကယ်အလုပ်သိ မသိကြဘူး။ သတိအလုပ်ရင့်လာရင် ပထမသီလ စင်ကြယ်ရမယ်၊ ဒုတိယ ကလျာဏပုထုဇဉ်ဖြစ်ရမယ်၊ တတိယ စူဠသောတာပန် ဖြစ်ရမယ်၊ အဆင့်ဆင့် တက်တက်သွားလိမ့်မယ်၊ သတိအလုပ်ကိုသာ တွင်အောင် လုပ်ဖို့လိုပါတယ်၊ စူဠသောတာပန်ဆိုတာ ဘာလဲ၊ ယခုရုပ်တွေ နာမ်တွေဖြစ်နေတာတွေတွေ့ပြီ၊မတွေ့ဘူးလား၊ခုရုပ် တွေ နာမ်တွေဖြစ်နေသလို ရှေးရှေးအတိတ်ဘဝကလဲ ရုပ်တွေ၊ နာမ်တွေ ဖြစ်လာကြတယ်၊ ဟို နောက်နောက် နိဗ္ဗာန် မရသေးရင်လဲ ဘာတွေဖြစ်မှာလဲ၊ ရုပ်တွေနာမ်တွေဘဲဖြစ်မှာဘဲ။

ဒါဖြင့် အတိတ်ဘဝ၊ အနာဂတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ၊အတိတ်ဘဝက အတိတ်ကာလ၊ အနာဂတ်ဘဝက အနာဂတ်ကာလ၊ ယခုပစ္စုပ္ပန်ဘဝက ပစ္စုပ္ပန်ကာလ၊ ကာလသုံးပါး မဟုတ်လား၊ "ကာလသုံးတန်၊ ရုပ်နာမ် ဖြစ်သမျှ၊ ဝဋ်ဒုက္ခ၏၊ သမုဒယံ၊ အကြောင်းခံကို၊ ယုံမှားမရှိ၊ ကောန်သိက၊ စူဠသောတာပန်"၊ ဟုတ်ဘူးလား၊ ဘာမှမခက်ဘူး။

မျက်စိနဲ့အဆင်း ဆုံမိလို့ မြင်မှုဖြစ်တယ်၊ မျက်စိနဲ့အဆင်း မဆုံမိရင် မြင်မှုပေါ်ပါ့မလား မပေါ်ပါဘူး၊ နားနဲ့ အသံနဲ့ ဆုံမိလို့ ကြားမှုဖြစ်တယ်၊ နှာခေါင်းနဲ့အနံ့ ဆုံမိလို့ နံမှု ဖြစ်တယ်၊ လျှာနဲ့အရသာ ဆုံမိလို့ စားမှု၊ ကိုယ်နဲ့အတွေ့ ဆုံမိလို့

ထိမှု၊ စိတ်နဲ့သဘောသိမိလို့ သိမှုဖြစ်တယ်၊ သူ့ အကြောင်းကြောင့်သာလျှင် မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ သိမှုဆိုတဲ့ သဘာဝတွေ ပေါ်နေတယ်မဟုတ်လား၊ ပြဟ္မာ ဗိဿနိုး အစိုးရသောသူတို့ ဖန်ဆင်းလို့ဖြစ်နေတဲ့ နာမ်ရုပ်တွေမဟုတ်၊ သူ့အကြောင်းကြောင့်ဖြစ်နေတဲ့ နာမ်ရုပ်တွေသာဟုတ်သည်ဟု နာမ်ရုပ်တွေကို အကြောင်းနဲ့တကွ သိတဲ့အခါ စူဠသောတာပန်ခေါ်သည်။

အဲဒီ စူဠသောတာပန်ဟာ အပါယ်မကျစကောင်းတော့ဘူး၊ ဘာလို့အပါယ်မကျစကောင်းသလဲ၊ နာမ်ရုပ်ကို သိစအခါက ဒုက္ခသစ္စာကိုမြင်တယ်၊ ခုအကြောင်းကို သိမ်းဆည်းနိုင်တဲ့အခါကျတော့ သမုဒယသစ္စာကိုမြင်တယ်။ အဲဒီဒုက္ခမြင်တဲ့ ယောဂီပုဂ္ဂိုလ်က ဒုက္ခငြိမ်းအေးရာ နိဗ္ဗာန်ကိုလှမ်းတဲ့ အနုမာနဉာဏ်ပေါ်လာတယ်၊ နိဗ္ဗာန်ကိုရောက်ကြောင်းဖြစ်တဲ့ မဂ္ဂသစ္စာ၊ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ် ပေါ်လာတယ်။ အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်မဟုတ်သေးဘူး၊အကြမ်းဖျင်းနှာခေါင်းထဲ လေဝင်တဲ့အခါမှာ တကိုယ်လုံး ရုပ်နာမ် မဖြစ်ဘူးလား၊ ဖြစ်ပါတယ်။

အဲဒီ-ဝင်ဆဲအခါ၌ဖြစ်သော ရုပ်နာမ်တို့သည် ထွက်သောအခါသို့မရောက်မီဝင်ဆဲအခါ၌ပင်လျှင် ချုပ်ပျောက်လေသောကြောင့် အနိစ္စ၊ ဒီတကိုယ်လုံး တကောင်လုံး ဝင်ဆဲခဏမှာဖြစ်တဲ့ ရုပ်နာမ်တွေဟာ ထွက်ဆဲခဏသို့မပါ၊ ဝင်ဆဲခဏမှာပင် ချုပ်ပျောက်သောခါ နှစ်ဘလာနှင့် လိုရာမကျ အစိုးမရ လေသောကြောင့် အနတ္တ၊ အဲဒီလို အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်

နှလုံးသွင်းလိုက်တဲ့အခါကျတော့ သူ့မှာ မဂ္ဂသစ္စာသိပေါ်လာတဲ့အတွက် စူဠသောတာပန်ပုဂ္ဂိုလ်ခေါ်တယ်၊ စူဠသောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ ယခုလိုအနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်နှလုံးမသွင်းတတ်ဘူးလား၊ သွင်းတတ်တယ်၊ ဒီတော့ ရုပ်နာမ်ဒုက္ခကိုလဲမြင်တယ်၊ ရုပ်နာမ်ဒုက္ခရဲ့ အကြောင်းဖြစ်တဲ့ သမုဒယကိုလဲမြင်တယ်၊ နိဗ္ဗာန်ကိုလဲမျှော်မှန်းတတ်တယ်၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ မဂ်ဉာဏ်လဲ သူ့မှာရှိတယ်၊ ဒီတော့ သူ့မှာ သစ္စာလေးပါးအသိ မပြည့်စုံဘူးလား ပြည့်စုံပါတယ်၊ သစ္စာလေးပါးအသိ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ အပါယ်မကျ စကောင်းဘူး၊ ဒါကြောင့် စူဠသောတာပန် အပါယ်မကျဘူးပြောတာ။

ရိုးတိုးရားတားမလုပ်ကြပါနဲ့၊ သာသနာတော်တွင်း ကြီးမှာ ဒီကျအောင် မလုပ်ကြရင် လူဖြစ်ကျိုးမနပ်ပါဘူး၊ ဒီကျအောင် လုပ်ရင် ဘယ်လိုလူမဆို ဖြစ်ပါတယ်၊ ယောကျ်ား မိန်းမမရွေး၊ ကလေးလူကြီးမရွေး တကယ်လုပ်ရင် တကယ် ဖြစ်ပါတယ်၊ အထက်ကိုတော့ ရောက်ချင်မှရောက်မယ်။

ဖြစ်ပျက်ဖြစ်ပျက်ဆိုတဲ့ သဘောဟာ ဖြစ်ပျက် အစစ်သိဖို့ မလွယ်ဘူး၊ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ် ထက်သန်လာတော့ ဖြစ်ဆဲခဏ၊ ပျက်ဆဲခဏဆိုတဲ့ သင်္ခတလက္ခဏာဖြစ်တဲ့ ဥပါဒ်စွန်း ဘင်စွန်းကိုမြင်မှ ဥဒယဗ္ဗယအစစ်ကို ရောက်တယ်၊ ဥပါဒ်စွန်း ဘင်စွန်းမမြင်ဘဲနဲ့၊ သင်္ခတလက္ခဏာကို မသိဘဲနဲ့၊ ဖြစ်ပျက်ဆိုတာက ဖြစ်ပျက်အယောင်ဆောင်ဘဲဖြစ်မယ်၊ ဒီလို မဟုတ်လား။ ပြီးတော့ ဖြစ်ပျက်၏ အခြေခံတရားဟာ ဘာလဲ၊

အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြေခံတရားကား နာမ်ရုပ်သိဖို့ နာမ်ရုပ်သိမှ နာမ်ရုပ်အနိစ္စ၊ နာမ်ရုပ်ဒုက္ခ၊ နာမ်ရုပ် အနတ္တဖြစ်မှာ၊ ဒီတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြေခံတရားက နာမ်ရုပ်၊ နာမ်ရုပ် အခြေခံတရားက သီလနော်။ သီလ အခြေခံမပါရင် သူများပြောတာဘဲသိမယ်၊ စိတ်ကူးနဲ့ သူများ ပြောတဲ့ နာမ်ရုပ်ကို အနတ္တဆိုက်လို့၊ မယား သူများလှူခဲ့ရတဲ့ အကောင်တွေ အများကြီးမဟုတ်လား။ ဒီ ဝိပဿနာမျိုးတွေလေ၊ အေး မယောင်ကြပါနဲ့၊ သီလကလာရမယ်၊ အေး ဒီတော့ ဖြစ်ပျက်ဆိုတဲ့ သင်္ခတလက္ခဏာတို့ရဲ့ အခြေခံကား အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တရဲ့ အခြေခံကား နာမ်ရုပ်၊ နာမ်ရုပ်ရဲ့ အခြေခံကား သီလ၊ သီလရဲ့ အခြေခံကား သတိ၊ အဲဒါကြောင့် သတိကိုသာ ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

(သာဓု-သာဓု-သာဓုပါဘုရား)။

မြောင်းမြမြို့ ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်ဦး
ကျောင်းဘုန်းရှင်ဝေဠုဝတီဆရာတော်ဘုရားကြီး
သီတင်းနေ့များတွင် တရားအားထုတ်သော
ယောဂီများအား ဟောကြား ဆုံးမတော်
မူအပ်သော

# သီလ တရားတော်

ကိုယ်နှုတ်တို့ကိုကောင်းစွာထားတတ်သောတရားကို ပါဠိလို သီလ၊ သီလဆိုတဲ့ပါဠိကို ဗမာလိုပြန်တော့ ကိုယ်နှုတ်တို့ကို ကောင်းစွာထားတတ်သောတရား၊ ကိုယ်ကိုကောင်းစွာထား တတ်တယ်၊ နှုတ်ကိုကောင်းစွာထားတတ်တယ်၊ ကိုယ်ကိုကောင်း စွာထားရင်၊ နှုတ်ကိုကောင်းစွာထားရင် ဘာခေါ်မယ်၊ သီလ၊ ဒီတော့ ကိုယ်နှုတ်ကိုကောင်းစွာထားတဲ့ သီလရှိရင် ဒီကိုယ်မှာ ဒီနှုတ်မှာအပြစ်ရှိနိုင်ပါအုံးမလား၊ မရှိတော့ဘူး၊ ဒါကြောင့် သီလရှိတဲ့ ပုဂ္ဂိုလ်၏ကာယကံ၊ သီလရှိတဲ့ပုဂ္ဂိုလ်၏ ဝစီကံဟာ အပြစ်ကင်းတယ်၊ အကျဉ်းချုပ်အားဖြင့် ကာယကံအပြစ်ကင်း ခြင်း၊ ဝစီကံ အပြစ်ကင်းခြင်းကို သီလလို့ခေါ်တယ်နော်။

ဒီတော့ ဒီပုဂ္ဂိုလ်သီလရှိတာ ဘယ်လိုလုပ်သိရမလဲ၊ သူ့ရဲ့ ကာယကံ၊ သူ့ရဲ့ဝစီကံ အပြစ်ကင်းပုံကိုမြင်ရလို့ ဒီပုဂ္ဂိုလ်ရဲ့ ဘန္တာခန်မှာ သီလရှိတယ်လို့မပြောဘဲနဲ့ သိရပါတယ်၊ အေး ဒီတော့ အပြစ်ကင်းတဲ့ပုဂ္ဂိုလ်တချို့ကို အကဲခတ်ကြည့်၊ ကာယ ကံ ပြစ်မရှိဘူး၊ ဝစီကံပြစ်မရှိဘူးနော်။

အဲဒီကာယကံပြစ် ဝစီကံပြစ်ကင်းတဲ့ ပုဂ္ဂိုလ်ဟာ သီလရှိတဲ့ ပုဂ္ဂိုလ်တဲ့၊ အဲဒီသီလကဘာတုန်း၊ စေတနာသီလ၊ ဝိရတီသီလ၊ ဝီရိယသီလ၊ ခန္တီသီလ၊ သတိသီလ၊ ပညာသီလလို့ သီလ ဘယ်နှစ်မျိုးရှိတယ်၊ ခြောက်မျိုးရှိတယ်။

ဒီတော့ စေတနာလဲ သီလဘဲ၊ ဘယ်လို စေတနာမျိုးလဲ၊ မိဝတ်၊ဘဝတ်၊ဆရာဝတ်၊သမားဝတ်၊ဘုရားဝတ်၊ကျောင်းဝတ်၊ အဲဒီလိုဝတ်ကြီး ဝတ်ငယ်တွေဟာ စေတနာနဲ့ ပြုရပါတယ်၊ အဲဒီဝတ်ကြီး ဝတ်ငယ်တွေ ပြုစုအားထုတ်တဲ့ပုဂ္ဂိုလ်၏စေတနာ ဟာ သီလတဲ့၊ ဘုရားဝတ် ကျောင်းဝတ်၊ သံဃာ့ဝတ်၊ ဆရာ့ ဝတ်၊ မိဘဝတ်၊ ဆွေမျိုးဝတ်စတဲ့ လောကမှာပြုရတဲ့ ဝတ္တရား တွေဟာ စေတနာမရှိဘဲနဲ့ မပြုနိုင်ဘူး၊ အဲဒီဝတ္တရားတွေကို ပြုခြင်းဟာလဲဘဲ သီလတမျိုးဘဲ၊ဘာသီလလဲ၊စေတနာသီလပါ။

ဝတ္တံအပရိပူရေန္တော၊ သီလံနပရိပူရတိ။ ဝတ္တံ၊ မိမိပြုသင့် ပြုထိုက်သောဝတ်ကို၊ အပရိပူရေန္တော၊ မဖြည့်ကျင့်သည်ရှိသော်၊ သီလံ၊ သီလသည်၊ နပရိပူရတိ၊ မပြည့်စုံနိုင်၊ ဝတ္တရားချို့တဲ့တဲ့ ပုဂ္ဂိုလ်မှာ သီလမပြည့်စုံဘူးတဲ့ နော်၊ ဒီတော့ မိဘဝတ်၊ ဆရာဝတ်၊ ဆွေမျိုးဝတ်၊ ဘုရားဝတ်၊ ကျောင်းဝတ်၊ သံဃာ့ ဝတ်။ ဒီလိုဝတ်တွေကို စေတနာနဲ့ပြုတော့ ဒါ ဘာသီလခေါ် တယ်၊ စေတနာသီလခေါ်တယ်။

အေး သီလက စာရိတ္တသီလ၊ ဝါရိတ္တသီလလို့ ၂-မျိုးရှိပြန်တယ်၊ မိဝတ် ဘဝတ်စသည်ကို ပြုကျင့်တဲ့သီလကို စာရိတ္တသီလခေါ်တယ်၊ စာရိတ္တသီလဆိုတာ မပျက်ရဘူး၊ မပျက်ကောင်းဘူးတဲ့၊ ကိုယ့်ဝတ္တရားကိုယ်ပြုကျင့်ရတယ်၊ အဲဒီဝတ္တရားကို ပြုကျင့်တဲ့ သီလ၏တရားကိုယ်က (စေတနာ)နော်၊ မကောင်းသော ကာယကံမှ ရှောင်ကြဉ်ခြင်း၊ မကောင်းသောဝစီကံမှ ရှောင်ကြဉ်ခြင်း၊ မကောင်းသောအသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်းကို ဝိရတီသီလခေါ်တယ်။

ကာယကံ ဝစီကံမှရှောင်ကြဉ်ခြင်းသည် နှစ်မျိုးရှိတယ်၊ အသက်မွေးခြင်းနှင့်စပ်သော ကာယကံ ဝစီကံမှ ရှောင်ကြဉ်ခြင်း တမျိုး၊ အသက်မွေးခြင်းနှင့်မစပ်သော ကာယကံ ဝစီကံမှ ရှောင်ကြဉ်ခြင်းတမျိုး၊ အသက်မွေးခြင်းနှင့်စပ်သော ကာယကံ ဝစီကံမှ ရှောင်ကြဉ်ခြင်းကို သမ္မာအာဇီဝ သီလခေါ်တယ်၊ အသက်မွေးခြင်းနှင့်မစပ်သော ကာယကံမှ ရှောင်ကြဉ်ခြင်းကို သမ္မာကမ္မန္တ သီလခေါ်တယ်၊ အသက်မွေးခြင်းနှင့်မစပ်သော ဝစီကံမှရှောင်ကြဉ်ခြင်းကို သမ္မာဝါစာသီလခေါ်တယ်။

အဲဒီသမ္မာဝါစာသီလ၊ သမ္မာကမ္မန္တသီလ၊ သမ္မာအာဇီဝ သီလဆိုတဲ့ သီလ သုံးမျိုးကို ဝိရတီသီလခေါ်တယ်နော်။

ယခုတရားလုပ်ကြတဲ့ ပုဂ္ဂိုလ်တွေ အားထုတ်တဲ့ ဝိရိယကို ဝိရိယသီလခေါ်တယ်၊ ယခုတရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေရဲ့ သည်းခံမှုကို ခန္တီသီလခေါ်တယ်၊ ယခုတရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ မမေ့မလျော့မှုသတိကို သတိသီလခေါ်တယ်။

မကောင်းမှုဒုစရိုက်သည် မကောင်းကျိုးကို ပေးတယ်၊ ကောင်းမှုသုစရိုက်သည် ကောင်းကျိုးကိုပေးတယ်၊ မကောင်းမှုဒုစရိုက်ဆိုတာ ဘာတုန်း (အကုသိုလ်ကံ) အကုသိုလ်ကံဆိုရင် မကောင်းကျိုးကိုပေးတယ်၊ ကောင်းမှုသုစရိုက်ဆိုတာ ဘာတုန်း (ကုသိုလ်ကံ) ကုသိုလ်ကံ ဆိုရင် ကောင်းကျိုးကို ပေးတယ်၊ အဲဒီလို အဖျင်းဆုံး မကောင်းတာလုပ်ရင် မကောင်းကျိုးပေးမယ်၊ ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမယ်လို့ အကုသိုလ်ကံ၏ မကောင်းကျိုး ကုသိုလ်ကံ၏ ကောင်းကျိုးကိုယုံကြည်တဲ့ သဒ္ဓါနဲ့တကွ ဖြစ်သောဉာဏ်ကိုကမ္မဿကတာဉာဏ်ခေါ်တယ်။

အဲဒီလိုမကောင်းမှုက မကောင်းကျိုးကိုပေးတယ်၊ ကောင်းမှုက ကောင်းကျိုးကို ပေးတယ်လို့ တကယ်ယုံကြည်တဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ မကောင်းမှုကိုပြုအုံးမလား၊ မပြုတော့ဘူး၊ ကုသိုလ် ကောင်းမှုကို အားမထုတ်ဘူးလား၊ အားထုတ်ပါတယ်၊ အေး ဒါဘာဖြစ်လို့လဲ၊ ကံနှင့် ကံ၏အကျိုးကို ယုံကြည်လို့နော်၊ အဲဒီကံနှင့် ကံ၏အကျိုးကိုယုံကြည်နိုင်တဲ့ ကမ္မဿကတာဉာဏ်လဲ သီလဘဲ၊ အထက်ဝိပဿနာဉာဏ်မဂ်ဉာဏ်တွေလဲ သီလနယ်ထဲ ပါဘာဘဲ၊ သို့ပေမယ်လို့ ခုဟာက သီလသက်သက်ကိုပြောနေတာ၊ ဝတ်ကြီးဝတ်ငယ်ကို ပြုတာက စေတနာသီလ၊ အသက်မွေးမှုနှင့် စပ်မစပ်သော ကာယကံ၊ ဝစီကံတို့ကို စောင့်ရှောက်တာက ဝိရတီသီလ၊ အားထုတ်တာက ဝီရိယသီလ၊ သည်းခံတာကခန္တီသီလ၊ မမေ့မလျော့တာက သတိသီလ၊ ထိုထိုကိစ္စကို အမှန်အားဖြင့် သိနိုင်သောဉာဏ်က ပညာသီလ၊ ဉာဏ်လဲ သီလထဲပါတယ်နော်။

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ ဆိုတဲ့ ဒီ သိက္ခာပုဒ်တွေကို မခံယူကြဘူးလား၊ ခံယူကြပါတယ်။ အဲဒီ ခံယူထားတဲ့ သိက္ခာပုဒ်ကို စောင့်ရှောက်တာဟာ ပုဂ္ဂိုလ်က စောင့်ရှောက်သလား၊ သီလက စောင့်ရှောက် သလား လို့ စဉ်းစားကြဘို့နော်။

အမှန်က သီလက စောင့်ရှောက်တာ၊ ဝိရတီဆိုတဲ့ သီလရှိတဲ့ စိတ်က ကာယကံ ဝစီကံ၊ အသက်မွေးမှုကို သူကစောင့်ရှောက် တာ၊ စိတ်ကတော့ ဝိရတီမဟုတ်ဘူး၊ ဝိရတီက စေတသိက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ စေတသိက်နှင့် ယှဉ်တဲ့စိတ်က သိက္ခာပုဒ်ကို မစောင့်ရှောက် ဘူးလား၊ စောင့် ရှောက်ပါတယ်။ ဒါဖြင့် ပုဂ္ဂိုလ်က စောင့်ရှောက်တာလား၊ သီလက စောင့်ရှောက်တာလား၊ သီလက စောင့်ရှောက်တာပါ ဝိရိယမရှိလို့ ပျင်းရိတဲ့ပုဂ္ဂိုလ်က မကောင်းမှုဒုစရိုက်ကို ပြုကျင့် တယ်၊ ဝိရိယရှိလို့ မပျင်းရိတဲ့ပုဂ္ဂိုလ်က မကောင်းမှု ဒုစရိုက်ကို မပြုဘူး။

ဘာဖြစ်လို့လဲ ဝိရိယက ကောင်းသောအမှုကို အားထုတ်နိုင် လို့၊ ပျင်းရိတဲ့ပုဂ္ဂိုလ်က ကောင်းကောင်း မကောင်းကောင်း စားရပြီးရော၊ ကောင်းတာနဲ့လဲ အသက်မွေးမှာဘဲ၊ မကောင်း တာနဲ့လဲ အသက်မွေးမှာဘဲ၊ ဒီလိုပုဂ္ဂိုလ်ကို ဝိရိယမရှိတဲ့ ပုဂ္ဂိုလ် လို့ ဆိုရမယ်။ တကယ်သီလ တရားကို ဆိုက်တဲ့ ဝိရိယရှိတဲ့ ပုဂ္ဂိုလ်က မကောင်းတာကို သူလုပ်အုံးမလား၊ အေး မလုပ် တော့ဘူး။ ဒါကြောင့် ဝိရိယလဲဘဲ သီလဘဲနော်။

စိတ်အားထက်သန်လို့ ဝိရိယနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ အရာရာမှာ သည်းမခံနိုင်ဘူးလား၊ သည်းခံနိုင်တယ်။ ဒီတော့ အပြစ်ဟူသမျှဟာ သည်းမခံလို့ဖြစ်ထာ၊ သည်းခံတဲ့ပုဂ္ဂိုလ် အပြစ်ကင်းတယ်၊ ဒီတော့ သည်းခံတဲ့ခန္တီကော သီလထဲမပါဘူးလား၊ ပါတယ်။ ဒါဖြင့် သတိမေ့လျော့လို့ဖြစ်တဲ့ အပြစ်ကော မရှိဘူးလား၊ ရှိပါတယ်။ အေး သတိကောင်းနေတဲ့ ပုဂ္ဂိုလ် အပြစ်ရှိနိုင်ပါ့မလား၊ မရှိနိုင်ပါ။

ရဟန်းဘပါးက အရှင်သာရိပုတ္တရာကို မြတ်စွာဘုရားထံသွားပြီးတော့ ကုန်းတိုက်တယ်၊ မြတ်စွာဘုရားတဲ့ အရှင်သာရိပုတ္တရာဟာ တပည့်တော်ကို မလေးမစားလုပ်ပါတယ်၊ အရှင်ဘုရား၏လက်ျာတော်ရံဖြစ်တဲ့ အရှင်သာရိပုတ္တရာကြီးဟာအလွန်မာနကြီးပါတယ်လို့ ရဟန်းဘပါးက သွားလျှောက် သတဲ့၊ လျှောက်တော့ မြတ်စွာဘုရားက သာရိပုတ္တရာကို ခေါ်လိုက်စမ်းဟေ့၊ ဟောဒီကိုယ်တော်ဘပါးက သူ့ကို မလေးမစား လုပ်တယ်၊ မင်းဟာ အလွန်မာနကြီးတယ်လို့ ငါ့ကိုလာပြီးလျှောက်နေတယ်၊ မင်း သူ့ကို မလေးမစားများ လုပ်မိ သလားလို့ အရှင်သာရိပုတ္တရာကို ဘုရားကမေးသတဲ့၊ မေးတော့ အရှင်သာရိပုတ္တရာက ဘယ့်နှယ်ပြောသလဲ၊ သတိ အထမမြောက်သေးတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ လုပ်ချင်လုပ်ပါလိမ့်မယ် ဘုရားတဲ့၊ သူတပါးကို မလေးမစားလုပ်တဲ့ အပြစ်မကင်းတဲ့အလုပ် လုပ်တယ်ဆိုတာ ဘာဖြစ်လို့ သတိကင်းခဲ့လို့၊ အေး သတိအထမြောက်တဲ့ ပုဂ္ဂိုလ်ဆိုရင် သူတပါးကို မလေးမစား မလုပ်တော့ဘူးတဲ့၊ ဒီစကားကိုဆောက်ရင် သတိရှိခြင်းသည် အပြစ်ကင်းခြင်း၏ အကြောင်း မဟုတ်ဘူးလား၊ ဒါကြောင့် သတိလဲဘဲ သီလ၊

ခုဒင်ကပြောတဲ့ အကုသိုလ်ကံက မကောင်းကျိုး ပေးတယ်၊ ကုသိုလ်ကံက ကောင်းကျိုးပေးတယ်လို့၊ ကံ၊ ကံ၏အကျိုး ယုံကြည်တဲ့ပုဂ္ဂိုလ်ကော မကောင်းမှုဒုစရိုက်ကို မရှောင်ကြဉ်ပေဘူးလား။ ရှောင်ကြဉ်ပါတယ်ဘုရား၊ အေး ဒီလိုဆိုရင် အသိဉာဏ်လဲ သီလဘဲ။

ဒါဖြင့် စေတနာသီလ၊ ဝိရတိသီလ၊ ဝိရိယသီလ၊ခန္တီသီလ၊ သတိသီလ၊ ပညာသီလလို့ ခြောက်မျိုးရှိတယ်။ သီလ စေတနာနဲ့ယှဉ်နေတဲ့စိတ်၊ ဝိရတိနဲ့ ယှဉ်နေတဲ့စိတ်၊ ခန္တီဆိုတဲ့ အဒေါသနဲ့ ယှဉ်နေတဲ့စိတ်၊ သတိနဲ့ယှဉ်နေတဲ့စိတ်၊ ဉာဏ်နဲ့ယှဉ်နေတဲ့စိတ်၊ အဲဒီစိတ် ခြောက်မျိုးဟာ သီလဘဲနော်။ အဲဒီခြောက်မျိုး တမျိုးမျိုးနဲ့ ယှဉ်ခဲ့သော် သီလ မဆိုနိုင်ဘူးလား၊ ဆိုနိုင်ပါတယ်၊ ဘာဖြစ်လို့လဲ ဒီခြောက်မျိုး တမျိုးမျိုးနဲ့ ယှဉ်တဲ့စိတ်ဟာ ကာယကံ၊ ဝစီကံ အပြစ်ကင်းလို့။

ဒါကြောင့် အကျဉ်းချုပ်အားဖြင့် သီလဆိုတာ ကာယကံ ဝစီကံအပြစ် ကင်းတာကို သီလလို့ခေါ်တယ်၊ ဘယ်လိုဘဲအားထုတ် အားထုတ် ကာယကံပြစ် မကင်းသေးဘူးဆိုရင် ဒီပုဂ္ဂိုလ်ဟာ သီလမရှိသေးဘူး၊ သီလမရှိဘဲ သမာဓိပညာကို တက်လို့ရပါမလား မရပါဘူး၊ အဲဒါကြောင့် သီလအရေးကြီးတယ် ပြောတာနော်။

တနည်းအားဖြင့် သီလသည် ကုသိုလ်တရားတို့၏ တည်နေရာဖြစ်တယ်တဲ့၊သီလရှိပြီဆိုမှဖြင့် ကုသိုလ်အချိုးချိုးတွေဟာ ဒီစိတ်မှာ ဒီပုဂ္ဂိုလ်မှာ လာဘည်ဘောတာဘဲ၊ ကုသိုလ်အမျိုးမျိုးတွေတည်တဲ့စိတ်ရှိပြီး ကုသိုလ် အမျိုးမျိုးဘွေတည်တဲ့ပုဂ္ဂိုလ်ကို မြင်

လိုက်ရရင် ဒီပုဂ္ဂိုလ် သီလရှိတဲ့ပုဂ္ဂိုလ်၊ သူ့သန္တာန်မှာ ကုသိုလ်တွေ ရလိုက်တာ၊ ကုသိုလ်တွေ များလိုက်တာလို့ မသိနိုင်ဘူးလား၊ သိနိုင်ပါတယ်၊ ဘာဖြစ်လို့၊ သီလတည်းဟူသော တည်ရာရှိလို့၊ အမှန်အားဖြင့် သီလက အိုးခွက်နဲ့တူတယ်၊ ဒီပြင်ကုသိုလ်တွေက ထည့်ထားတဲ့ပစ္စည်း ဝတ္ထုတွေနဲ့တူတယ်၊ ပစ္စည်းဝတ္ထုကို အိုးခွက်ထဲ ထည့်ထားရသလို ကုသိုလ်ဟူသမျှကိုလဲ သီလထဲ ထည့်ထားရမယ်နော်။

သီလမရှိဘဲနဲ့ ကုသိုလ်တွေလုပ်နေရင် ဒီကုသိုလ်တွေဟာ အဖတ်မတင်ဘူး၊ ဒါကြောင့် သီလသည် ကုသိုလ်ဟူသမျှတို့၏ တည်ရာဖြစ်တယ်၊ ဒီပုဂ္ဂိုလ်သန္တာန်မှာ ကုသိုလ်အမျိုးမျိုးတွေ ဖြစ်နေလို့ရှိရင် ဒီပုဂ္ဂိုလ်ကို သီလရှိတဲ့ပုဂ္ဂိုလ်လို့ မသိနိုင်ဘူးလား၊ သိနိုင်ပါတယ်၊ ဘာကြောင့် သိနိုင်သလဲ၊ ကုသိုလ်ဟူသမျှတို့၏ တည်ရာကို ဆိုထားသောကြောင့်၊ အေး ဒီလိုဆိုတော့ ကာယကံ၊ ဝစီကံ စောင့်ရှောက်တဲ့တရားက သီလတမျိုး၊ ကုသိုလ်အမျိုးမျိုးတို့၏ တည်ရာတရားက သီလတမျိုးလို့ အကျဉ်းအားဖြင့် ဒီနှစ်မျိုးဘဲ၊ သီလ၏ **လက္ခဏာ**ကတော့၊ (သီလန လက္ခဏံ သီလံ) သီလံ၊ သီလသည်။ သီလန လက္ခဏံ၊ ကာယကံ၊ ဝစီကံတို့ကို ကောင်းစွာထားခြင်း လက္ခဏာရှိ၏။ တနည်း သီလန လက္ခဏံ၊ ထိုထိုကုသိုလ်တို့၏ တည်ရာလက္ခဏာရှိ၏လို့ ဆိုတဲ့အတိုင်း ကာယကံ ဝစီကံတို့ကို ကောင်းစွာထားတဲ့ အမှတ်အသားကို မြင်သဖြင့် သီလကို သိနိုင်တယ်၊ ကုသိုလ်အမျိုးမျိုးတို့၏ တည်ရာကို တွေ့သဖြင့် သီလကို သိနိုင်တယ်နော်။

ဒီတော့ သီလရဲ့အမှတ်အသားဟာ နှစ်မျိုးရှိတယ်၊ တမျိုးက ကာယကံ ဝစီကံတို့ကို ကောင်းစွာထားတယ်၊ တမျိုးကကုသိုလ်

အမျိုးမျိုးတို့၏ တည်ရာဖြစ်တယ်၊ အဲဒီသီလကို တခါ ထပ်စစ် လိုက်တော့ စေတနာသီလ၊ ဝိရတီသီလ၊ ဝိရိယသီလ၊ ခန္တီသီလ၊ သတိသီလ၊ ပညာသီလလို့ ခြောက်မျိုး ရှိပြန်တယ်၊ အဲဒီသီလ တွေဟာ

သိရဋ္ဌ သီတလဋ္ဌေဟိ၊ သလနဿုပနဋ္ဌတော။
သာလာယ သဒိသတ္တာစ၊ သီလန္တိ ဝုစ္စတေ ထဝါ။

သိရဋ္ဌ သီတလဋ္ဌေဟိ၊ ဦးခေါင်းနှင့်တူသော အနက်သဘော၊ အေးမြငြိမ်းချမ်းခြင်း သဘောတို့ကြောင့်၊ သီလန္တိ၊ သီလဟူ၍ ဝုစ္စတေ၊ ဆိုအပ်၏။ သီလဆိုတာ သတ္တဝါဘို့ရဲ့ ခေါင်းနဲ့ တူတယ် သီလ ဘာနဲ့ တူတယ်၊ ခေါင်းနဲ့ တူပါတယ်၊ သိရသဒ္ဒါ ခေါင်း ကိုဟောတယ်၊ ခေါင်းကိုဟောတဲ့ သိရသဒ္ဒါက သီလဖြစ်လာ တယ်တဲ့၊ ရကောက်ကနေပြီး လဖြစ်လို့ သီလခေါ်တယ်။

ဘယ်သတ္တဝါဖြစ်ဖြစ် ဒိပြင် အင်္ဂါခြေလက်ဖြတ်လို့ မသေ ဘူး၊ ခေါင်းဖြတ်ရင် အသက်ရှင်သေးရဲ့လား၊ မရှင်ပါဘူး၊ အေး ခေါင်းဖြတ်ရင် သတ္တဝါများ အသက်မရှင်သလိုဘဲ။

ဒို့သာသနာတော်မှာလဲ သီလသာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာလို့ သာသနာသုံးရပ် ရှိတဲ့အနက်၊ ဒီသီလသာသ နာ မရှိရင် ဒီပုဂ္ဂိုလ်ဟာ ခေါင်းပြတ်တဲ့သတ္တဝါ အသက်မရှင် သလို သီလမပြည့်စုံတဲ့အတွက် လူ့ရွာ နတ်ရွာဟု ဆိုအပ်သော သုဂတိအသက် သူ့မှာ မရှည်ဘောဘူး၊ အပါယ်ငရဲ ကျရတော့ မယ်တဲ့။

ဘနည်းအားဖြင့်အေးမြငြိမ်းချမ်းခြင်းကို သီတလခေါ်တယ်၊ အေးမြငြိမ်းချမ်းခြင်း သီတလပုဒ်မှာ အလယ်ခေါင်က တဝမ်း

ပူကို ချေပစ်လိုက်တော့ သီလလို့ဖြစ်တယ်၊ သီလရှိတဲ့ပုဂ္ဂိုလ်၏ သန္တာန်မှာ အင်မတန်အေးချမ်းတယ်၊ ကြည်လင်တယ်၊ သီလ ရှိတဲ့ပုဂ္ဂိုလ်၏စိတ်နှလုံးဟာ မပူပန်ဘူးတဲ့၊ ငါ့မှာ ကာယကံ ပြစ်လဲမရှိဘူး ဝစီကံပြစ်လဲမရှိဘူးလို့ ကိုယ့်အပြစ်ကိုပြန်ပြီး ဆင်ခြင်ကြည့်လိုက်တော့ ဘာပြစ်မှမရှိဘူးဆိုတာ မသိဘူးလား၊ သိပါတယ်၊ သိတော့အတ္တာနုဝါဒဘေးကင်းတယ်၊ ငါမကောင်း သေးဘူး၊ ငါမစင်ကြယ်သေးဘူး၊ ငါနေရာမကျသေးဘူး၊ ငါ ခုနေများသေရင် ခက်တယ်၊ အဲဒီလို ကိုယ့်ကိုယ်အားမရလို့ ရှိရင် ဘာဘေးခေါ်တယ်၊ အတ္တာနုဝါဒဘေးခေါ်တယ်၊ ကိုယ့် ကိုယ်ကို စွပ်စွဲတဲ့ အဲဒီအတ္တာနုဝါဒဘေးကင်းတဲ့စိတ်မှာ စိတ် မချမ်းမသာ ဖြစ်နိုင်အုံးမလား၊ မဖြစ်နိုင်ပါဘူး၊ အဲဒါ ကြောင့် စိတ်နှလုံးကို အေးချမ်းစေတတ်သောကြောင့် သီလ၊ သတ္တဝါတို့၏ ခေါင်းနဲ့တူသောကြောင့် သီလ၊ တနည်း သလန ဿုပနဋ္ဌတော၊ အကုသိုလ်တရားတို့ကို ပိတ်ပင်ဘားဆီးခြင်း အနက်၊ ဒုစရိုက်အကျင့်ပျက်တို့၏ အိပ်စက်ရာအနက် ဖြစ်သော ကြောင့် သီလန္တိ၊ သီလဟူ၍၊ ဝုစ္စတေ၊ ဆိုအပ်၏၊ အကုသိုလ်တရား တို့ကို တားဆီးနိုင်သော သဘော၊ ဒုစရိုက်တရားတို့၏ အိပ်စက် ရာဖြစ်သောသဘောကို သီလခေါ်တယ်၊ သီလရှိတဲ့ပုဂ္ဂိုလ်မှာ အကုသိုလ်မဝင်ဘူး၊ ဒုစရိုက်တွေ အိပ်ရာကမထဘူးတဲ့၊ သီလ ရှိတဲ့ ပုဂ္ဂိုလ်သန္တာန်မှာ အကုသိုလ် ဒုစရိုက်တွေ ဖြစ်နိုင်သေး သလား၊ မဖြစ်နိုင်ပါဘူး။

အေး သီလရှိရင် သီလရှိတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ယာယကံ အကုသိုလ် ဝစီကံ အကုသိုလ်တွေမဝင်တော့ဘူး၊ ကာယဒုစရိုက် ဝစီဒုစရိုက်တွေလဲ အိပ်ရာကမထတော့ဘူး၊ ဒါကြောင့် သီလ

ခေါ်တယ်၊ တနည်း၊ သာလာယသ ဒိသတ္တာ၊ ညှော့သည်တို့၏ နားနေခိုအောင်းရာ ဇရပ်နှင့်တူသောကြောင့်။ သီလန္တိ၊ သီလ ဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏၊ လမ်းဆုံလမ်းမ လမ်းလေးခွမှာ ဆောက်ထားတဲ့ဇရပ်ကိုတွေ့ရင် ခရီးသွားညှော့သည်တွေ တက်ပြီးတော့ နားနေခိုအောင်းသလို သီလရှိတဲ့ ပုဂ္ဂိုလ်သန္တာန်မှာ ထိုထိုကုသိုလ်တရားတွေ လာလာပြီးတော့ နားနေကြတယ်၊ ဒါကြောင့် သီလခေါ်တယ်နော်၊ ဒီပြင်သမာဓိတွေ ပညာတွေကိုတော့ လှမ်းလှမ်းပြီး ဟောကြပြောကြ အားထုတ်ကြတယ်၊ သီလပေါ်မှာ ပေါ့ပေါ့နေကြတယ်။

သာသနာမှာအခြေခံကသီလ၊ အေး အခြေခံက သီလဖြစ်တဲ့အတွက် တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်က ဘာကိုနှလုံးသွင်းရမယ်၊ ကာယကံပြစ်စင်ကြယ်မှု၊ ဝစီကံပြစ်စင်ကြယ်မှုကို နှလုံးသွင်းရမယ်၊ ကာယကံ၊ ဝစီကံအပြစ်ကင်းမှ သီလနဲ့ပြည့်စုံမယ်၊ အေး အကျယ်တဝင့်သာပြောရတယ် အမှန်က ကာယကံအပြစ်ကင်းခြင်း၊ ဝစီကံအပြစ်ကင်းခြင်းဟာ သီလဘဲ၊ ကာယကံအပြစ်ကင်းတဲ့သီလ၊ ဝစီကံအပြစ်ကင်းတဲ့သီလနဲ့ ပြည့်စုံရင် ဘာဖြစ်လာမယ်။

သီလတော သုခိတာ၊ သီလတော၊ သီလကြောင့်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်၏၊ ကာယကံ ဝစီကံ အပြစ်ကင်းရင် ဒီပုဂ္ဂိုလ်မှာ မချမ်းသာဘူးလား၊ ချမ်းသာပါတယ်၊ အေး ကိုယ်ရောစိတ်ရော ချမ်းသာတော့ (သုခံသမာဓတ္ထာယ) သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်။ သမာဓတ္ထာယ သမာဓိအကျိုးငှာ၊ ဟောတိ၊ ဖြစ်၏၊ ကိုယ်ရော စိတ်ရော ချမ်းသာလာရင်ဖြင့် သမာဓိဘည်ဘိုခက်သေးသလား၊ မခက်တော့.

ပါဘူး၊ အေး ကိုယ်ရောစိတ်ရော ချမ်းသာပြီး သမာဓိကို ဖြစ်စေနိုင်တဲ့ သီလကို သမာဓိသံဝတ္တနိကသီလလို့ ခေါ်တယ်၊ ဘယ်သီလမျိုးလဲ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာတဲ့သီလမျိုး၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာတဲ့သီလနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်မှာ သမာဓိရဘို့ ခက်သေးသလား၊ မခက်တော့ပါဘူး။

**အေး** ဒါဖြင့် သီလရှိလို့ အပြစ်ကင်းပြီး၊ သမာဓိရှိလို့ စိတ်တည်ငြိမ်နေပြီဆိုရင် (သမာဟိတော ယထာဘူတံ ပဇာနာတိ) **သမာဟိတော**၊ သမာဓိရှိသောပုဂ္ဂိုလ်သည် "ယထာဘူတံ" ဟုတ်မှန်တိုင်း သောသဘာဝကို "ပဇာနာတိ" အပြားအားဖြင့်သိ၏၊ သမာဓိရှိတဲ့ပုဂ္ဂိုလ်ဟာ အဟုတ်အမှန် မသိနိုင်ဘူးလား၊ သိနိုင်ပါတယ်၊ အေး အဟုတ်အမှန်သိနိုင်တဲ့ဉာဏ်ကို ယထာဘူတဉာဏ်လို့ ခေါ်တယ်။

ဒီတော့ အပြစ်ကင်းတာက **သီလ**၊ အာရုံမှာတည်ငြိမ်တာက **သမာဓိ**၊ အဟုတ်အမှန်သိတာက **ပညာ** နော်၊ အေး သာသနာနဲ့ တွေ့ကြုံတဲ့အခါ သီလသာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာ၊ အဲဒါတွေရအောင် လုပ်ဘို့လိုနေတာဘဲ၊ ဒီတော့ သီလ၊ သမာဓိ၊ ပညာ၏အခြေခံက ဘယ်သူလဲလို့၊ အခြေခံတရားရှာလိုက်တော့ **အပ္ပမာဒ**။

အပ္ပမာဒဆိုတာဘာလဲ၊ (သတိ အဝိပ္ပဝါသော အပ္ပမာဒေါနာမ) သတိအဝိပ္ပဝါသော၊ သတိမကင်းသောနေခြင်းသည်။ အပ္ပမာဒေါနာမ၊ အပ္ပမာဒတရားမည်၏တဲ့၊ ဘာသုပ်လုပ် သတိကို ရှေ့သွားပြုရှုံ သတိရှေ့ဆောင်ပြီးတော့ လုပ်တာကို အပ္ပမာဒ ခေါ်တယ်၊ ဒါကြောင့် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက သတိအထမခြောက်သေးတဲ့ ပုဂ္ဂိုလ်တို့မှာ သူပြောသလို

ဖြစ်ချင် ဖြစ်ပါ လိမ့်မယ်လို့ ပြောတာပေါ့၊ သတိအသ မြောက်တဲ့ပုဂ္ဂိုလ်က မတော်တရော်ဖြစ်ပါအုံးမလား၊ မဖြစ်နိုင် တော့ပါဘူး၊ ဘာဖြစ်လို့၊ သတိရှေ့ဆောင်နေလို့။

ဒီတော့ သတိနဲ့ပြည့်ပြည့်စုံစုံဖြစ်အောင်နေရင် အပ္ပမာဒဖြစ် မယ်၊ အဲဒီအပ္ပမာဒတရားဟာ အရေးကြီးဆုံးဘဲ၊ ဒါကြောင့် တရားအားထုတ်တဲ့အခါမှာ သတိကို ကြိုးစားအားထုတ်ကြ။

**သတိ** ရယ် **သမာဓိ** ရယ် **ပညာ**ရယ် သုံးမျိုးရှိတယ်၊ **သတိ** ဆိုတာ ဘယ်လိုဖြစ်တာလဲ၊ **ပညာ** ဆိုတာ ဘယ်လိုဖြစ်တာလဲ၊ အားထုတ်တဲ့အခါ ဖြစ်လာတာကို သတိ သမာဓိ ပညာ ခွဲတတ် ရမယ်နော်၊ အားထုတ်တဲ့အခါမှာ သတိဆိုတဲ့တရားက ဘယ် အာရုံမျိုးမဆို မဖြစ်ရင်နေမှ၊ ဖြစ်ရင်သူသိရမယ်၊ ဒါတခုတော့ မေ့လျော့လို့ လစ်သွားတယ်၊ ဟိုဟာတခုတော့ မေ့လျော့လို့ လစ်သွားတယ်လို့၊ အဲဒီလိုလစ်သွားတာမရှိဘဲနဲ့ ဖြစ်တိုင်း ဖြစ် တိုင်း သတိမလစ်ဘူးဆိုရင် (**သတိ**) ကိုယ်ထားတဲ့ တခုသော အာရုံမှာကပ်ပြီးတော့ငြိမ်နေရင် (**သမာဓိ**)။

ကိုယ်အာရုံပြုတဲ့ တခုသောအာရုံ၏ သဘာဝကို ဟုတ်တိုင်း မှန်စွာ သိနိုင်ရင် **ပညာ**၊ အဲဒီတော့ သတိရော ပညာရော သမာဓိနဲ့ မကင်းနိုင်ဘူး၊ သမာဓိဆိုတဲ့ သဘောက အာရုံကို အရင်ဖမ်းပေးတာ၊ သမာဓိဖမ်းပေးမှ အာရုံကရနိုင်တာ၊ သမာဓိ က ဖမ်းလို့မိတဲ့အာရုံကို သတိက သိရမယ်၊ ဒါဖြင့် သမာဓိ ဖမ်း ပေးလို့ရတဲ့အာရုံကို ပညာကလဲ ဟုတ်တိုင်းမှန်စွာ သိရမယ် နော်၊ ဒီတော့ သတိလဲဘဲ ဖြစ်လာရင် သမာဓိနဲ့ မကင်းဘူး၊ ပညာလဲဘဲ ဖြစ်လာရင် သမာဓိနဲ့ မကင်းဘူး။

ဒီတော့ အားထုတ်ရမှာက သတိကို ဦးစားပေးအားထုတ်၊ ဘာဖြစ်လို့လဲ၊ သတိမပါဘဲ သမာဓိဖြစ်တတ်တယ်၊ သမာဓိမပါဘဲ သတိဖြစ်တယ်လို့ မရှိဘူး၊ သတိမပါဘဲ ပညာ မဖြစ်ဘူး၊ ဒီတော့ သမာဓိဘဲဖြစ်ဖြစ်၊ ပညာဘဲဖြစ်ဖြစ်၊ သတိရှေ့ဆောင်ပြီးဖြစ်မှ သမာဓိလဲမှန်တယ်၊ ပညာလဲမှန်တယ်၊ သတိ ရှေ့မဆောင်တဲ့ပညာဟာ လမ်းမှားတတ်တယ်၊ သို့သော် သူတို့က ပညာလို့ သာပြောတာ လမ်းမှားတဲ့ပညာက ပညာအစစ်မဟုတ်ဘူး၊ လမ်းမှားတဲ့ပညာက မောဟဘဲ၊ ပညာအစစ်ဆိုတာ မှားတယ်လို့ မရှိဘူး။

ဒါကြောင့် ပညာအစစ်ဆိုရင် လမ်းမမှားဘူး၊ ပညာအစစ်ဆိုရင် သတိမကင်းဘူး၊ ဒီတော့ သတိမကင်းတဲ့ ပညာဖြစ်ဘို့၊ သတိမကင်းတဲ့သမာဓိဖြစ်ဘို့ အရေးမကြီးဘူးလား၊ ကြီးပါတယ်၊ အေး သတိမကင်းတဲ့ သမာဓိဖြစ်မှ အကျိုးများမယ်၊ သတိမကင်းတဲ့ ပညာဖြစ်မှ အကျိုးများမယ်၊ ဒီတော့ သတိ ရှိမရှိကိုလဲ ကိုယ့်စိတ်ကိုသိဘို့ အရေးကြီးတယ်၊ ဘယ်လိုအရေးကြီးသလဲ၊ ကိုယ်ပြောချင်ရာပြော၊ ကိုယ်ဆိုချင်ရာဆို၊ ဥပမာ ကောင်းတဲ့စကားကိုဘဲ ပြောနေတယ်ဆိုပါတော့၊ ကောင်းတဲ့စကား ပြောနေပေမယ်လို့ သတိလစ်ချင် လစ်နေတာဘဲ။

ဒီအချိန်ဟာ ငါ သတိလစ်နေတဲ့ အချိန်အခါ၊ ငါ ပေါ့လျော့နေတဲ့ အချိန်အခါ၊ ငါ သတိနဲ့ပြည့်စုံနေတဲ့ အချိန်အခါ၊ ဒီလိုသိဘို့ အရေးကြီးတယ်၊ အဲဒါ ဘယ်လိုမှသိမယ်၊ စိတ္တာနုပဿနာလုပ်မှသိမယ်၊ (သရာဂံ စိတ္တံ)လို့ဆိုတဲ့အတိုင်း ရာဂနှင့်တကွသောစိတ်၊ တပ်မက်နှစ်သက်တဲ့စိတ် ရင်ထဲမှာဖြစ်လာရင် ဒါ ရာဂမကင်းတဲ့စိတ်ဘဲလို့ သိရမယ်၊ ရာဂမကင်းတဲ့စိတ် မဖြစ်

ရဘူးလို့ ဘုရားဟောသလား၊ သိရမယ်လို့ ဟောသလား၊ သိရမယ်လို့ ဟောတာ၊ ရာဂမကင်းတဲ့စိတ်က သူရှိသေးရင်ဖြစ်မှာဘဲ၊ ဖြစ်လို့ရှိရင်သိပါနော် (ဝီတရာဂံ စိတ္တံ) ဆိုတဲ့အတိုင်း ရာဂကင်းတဲ့စိတ် ဖြစ်ချင် ဒါ ရာဂကင်းတဲ့စိတ် ပါလားလို့ သိရမယ်။ ရာဂကင်းတဲ့စိတ်ဖြစ်ရင်လဲသိ၊ ရာဂမကင်းတဲ့ စိတ် ဖြစ်ရင်လဲသိ၊ (သဒေါသံ စိတ္တံ)လို့ ဆိုတဲ့ အတိုင်း ဒေါသမကင်းတဲ့စိတ် ဖြစ်ရင်လဲ သိရမယ်၊ ဒေါသမကင်းတဲ့စိတ် မဖြစ်ရဘူးလို့ မဆိုဘူး၊ ဒေါသမကင်းတဲ့စိတ်ဖြစ်လာချင် သိရမယ်လို့ ဆိုတာနော်၊ သတိထားပြီးတော့ သိ(ဝီတဒေါသံ စိတ္တံ) ဒေါသကင်းတဲ့စိတ် ဖြစ်လာရင်လဲသိ၊

ဒေါသကင်းတဲ့ စိတ်ဆိုတာ သူတပါးတို့၏ အကျိုးစီးပွားကို လိုလားတဲ့ မေတ္တာစိတ်ကို ခေါ်တာ၊ ဒီတော့ ဒေါသနဲ့တကွ စိတ်ဖြစ်ရင်လဲသိ၊ ဒေါသကင်းတဲ့စိတ် ဖြစ်ရင်လဲသိ။

(သမောဟံ စိတ္တံ) တွေဝေမိုက်မဲတဲ့ သတိကင်းလွတ်တဲ့ စိတ်ဖြစ်ရင်လဲသိ၊ ဟာ ဒီအချက် လွတ်သွားပါလား၊ ဒီအချက်မှာ ငါမေ့သွားပါလားလို့၊ စိတ်ဖြစ်ရင်သိရမယ်၊ မဖြစ်ရဘူးလို့တော့ မဟောဘူး၊ ဖြစ်စရာရှိသေးရင် ဖြစ်မှာဘဲ၊ သို့သော်လဲ လစ်သွားရင် လစ်သွားမှန်းသိ၊ (ဝီတမောဟံ စိတ္တံ) ဟော ငါ မလစ်ဘူးဟေ့၊ မေ့လျော့ခြင်းကင်းတယ်၊ ဝီတဆိုတာ ကင်းခြင်းအနက်ကို ဟောတာ၊ ရာဂကင်းတဲ့ စိတ်ဖြစ်ဖြစ်၊ ဒေါသကင်းတဲ့ စိတ်ဖြစ်ဖြစ်၊ မောဟကင်းတဲ့စိတ်ဖြစ်ဖြစ်၊ ဖြစ်တိုင်းဖြစ်တိုင်း သတိမလစ်နဲ့ပေါ့၊ ရာဂမကင်းတဲ့စိတ် ဖြစ်ဖြစ်၊ ဒေါသမကင်းတဲ့ စိတ်ဖြစ်ဖြစ်၊ မောဟမကင်းတဲ့စိတ်ဖြစ်ဖြစ်၊ ဖြစ်တိုင်း

ဖြစ်တိုင်း သိရမယ်၊ သတိမလစ်စေနဲ့၊ သတိမလစ်လို့ရှိရင် သတိရှိမနေဘူးလား၊ သတိရှိနေရင် အပ္ပမာဒတရားနဲ့ မပြည့်စုံဘူးလား၊ ပြည့်စုံပါတယ်၊ အေး အပ္ပမာဒတရားနဲ့ ပြည့်စုံရင် ဒီပုဂ္ဂိုလ် သီလ၊ သမာဓိ၊ ပညာဖြစ်ဘို့ မခက်တော့ဘူး၊ သီလသာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာဆိုတဲ့ သာသနာသုံးရပ်နဲ့ ပြည့်စုံနေပြီ၊ ပြည့်စုံနေရင် သာသနာတွင်းမှာ လူဖြစ်ကျိုး နပ်ပြီ။

အရာရာမှာ သတိကင်းလွတ်နေလို့ရှိရင် သာသနာတွင်းမှာ လူဖြစ်ကျိုး မနပ်ဘူး၊ သတိကင်းတာနဲ့၊ သတိမကင်းတာနဲ့ ဘယ်လိုကွာခြားကြသလဲ၊ ဒို့လူစု သတိကင်းတာကြည့်စမ်း၊ ခုအသက်(၇၀)ကျော်ကြီးတွေကတောင် သေမှာကြောက်ရဲ့လား ဆိုတော့ မကြောက်ဘူး၊ ဘယ်လိုမှ ကြောက်မလဲလို့ ဆိုတော့၊ သေဘို့ရန်နီးတဲ့အခါကျမှ ကြောက်မယ်၊ ဒီတခါတော့ ငါမလွတ်တော့ဘူး၊ ငါသေတော့မယ်လို့ သေဘို့ရာ အကြောင်းတစုံတရာနဲ့ နီးတဲ့အခါကျရင် သေမှာ မကြောက်ဘူးလား၊ ကြောက်ပါတယ်၊ အဲဒီသေဘို့ရာ အကြောင်းတစုံတရာနဲ့တွေ့လို့ သေဘို့ရာကြောက်သလို ယခုပကတိစိတ်က သေမှာကြောက်ရဲ့လား၊ ဟိုလိုမကြောက်ဘူး၊ သေမှာ ကြောက်ပါတယ်ဆိုတာ ပါးစပ်က အပြောဘဲ။

ဒီတော့ သေမှာ ဘာဖြစ်လို့ မကြောက်သလဲလို့ စဉ်းစားစမ်း၊ အမှတ်မရလို့ သတိမေ့နေလို့ ကိုယ်သေဘိုကိုယ် အမှတ်မရဘူး၊ သတိမရဘူးနော်၊ သေဘို့အမှတ်ရနေရင် သေမှာကြောက်တဲ့စိတ် ပေါ်လာရမယ်၊ တကယ်သေဘို့ရာ သင်ထင်ရှားနှင့် တိုးတဲ့အခါကျတော့ ဘာလို့ကြောက်သလဲ၊ အမှတ်

ရနေပြီပေါ့၊ ခုတော့ သေဘို့ရာ အကြောင်းတစုံတရာနဲ့ မတိုးတဲ့ အခါ သေမှာကြောက်တဲ့စိတ်ကို မလာဘူး၊ သေမှာကြောက်တဲ့ စိတ် မလာတာ ဘာဖြစ်လို့လဲ၊ သတိမဲ့လို့၊ သတိက အဲဒီ ကျ အောင် ခက်တာနော်။

> အခါ ခပ်သိမ်း၊ စောင့်ထိန်း သတိ၊ အရတိ သညာ၊ လွန်စွာရရှိ၊ မိမိအသက်၊ ငဲ့ကွက်ကင်းကွာ၊ ယုတ်မာ စွာလျှ၊ ပါပဂရဟိ၊ တလီပစ္စည်း၊ မသိမ်းဆည်းလို့၊ ဝန်တိုကင်းပ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ ထင်လာကပ် ရောက်၊ မရှုံကြောက်ပေ၊ မတွေဝေလျှက်၊ ငြိမ်သက် တည်ကြည်၊ သေမည်အမှန်၊ နိဗ္ဗာန်မရ၊ ရှိမြန်က သော်၊ လားရာလူနတ်၊ ဂတိမြတ်သည်၊ မရဏာဿတိ အကျိုးတည်။

(အခါခပ်သိမ်း၊ စောင့်ထိန်းသတိ) ဆိုတာက သေခြင်း တရားကို အခါခပ်သိမ်း သတိရနေတဲ့ ပွားများနေတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်မှာ သတိမလစ်ဘူးတဲ့။

(အရတိသညာ၊ လွန်စွာရရှိ) ဆိုတာက သဗ္ဗလောကေ အန ဘိရတိသညာ အရအလုံးစုံသော လောကကြီးမှာ ပျော်စရာ တခုမှမရှိဘူး၊ ခုခေတ်ကာလ မကောင်းလို့သာ ငြီးရတယ်၊ ခေတ်ကာလ ကောင်းတဲ့အခါ ပျော်စရာကြီးပါကလားလို့ ခေတ်ကာလမကောင်းတဲ့အခါနဲ့တိုးနေရင် ခေတ်ကာလကောင်း တဲ့အခါကို လှမ်းပြီးမျှော်လိမ့်အုံးမယ်၊ သေဘို့အမြဲသတိ ရနေတဲ့ ပုဂ္ဂိုလ်က ခေတ်ကာလကောင်းသည်ဖြစ်စေ၊ မကောင်း

သည်ဖြစ်စေ ပျော်မွေ့နိုင်အုံးမလား၊ မပျော်မွေ့နိုင်ပါဘူး၊ အရတိသညာဆိုတာ မပျော်မမွေ့နိုင်တဲ့စိတ်ကိုပြောတာ၊ ပျော်ပျော်မွေ့မွေ့မေ့မေ့လျော့လျော့ နေနိုင်ခြင်းဟာ အရတိသညာမရလို့ (မိမိအသက်၊ ငဲ့ကွက်ကင်းကွာ) ဆိုတာက အချင်းခပ်သိမ်းသေမယ်ထင်နေတဲ့ ပုဂ္ဂိုလ်က ကိုယ့်အသက်ကိုများ ငဲ့နေအုံးမလား၊ မငဲ့တော့ပါဘူး၊ အေး ဘာဘဲလုပ်နေနေ သေမှာကသေမှာဘဲလို့ အဲဒီလိုသိပြီးတော့မိမိအသက်ကိုငဲ့ကွက်ခြင်းကင်းတယ် (ယုတ်မာစွာလျှ၊ ပါပဂရဟီ) ဆိုတာက ယုတ်မာဆိုးရွားတဲ့ မကောင်းမှုတွေကို ကဲ့ရဲ့တဲ့စိတ် အမြဲဖြစ်နေတယ်၊ ဘယ်အကုသိုလ်ဖြစ်ဖြစ် သူ့မှာအားကျဘဲ့စိတ်မရှိဘူး၊ အကုသိုလ်မှန်ရင် သူ့စိတ်မှာမကောင်းဘူးထင်နေတာဘဲ။

တချို့ပုဂ္ဂိုလ်များ ခိုးလို့လိမ်လို့ မကောင်းမှုပြုလို့ ပစ္စည်းဥစ္စာ တိုးတက်တာမရှိကြဘူးလား၊ ရှိကြပါတယ်၊ အဲဒီလိုသူတပါး တိုးတက်တာကိုမြင်တဲ့အခါ အားကျတဲ့စိတ်ကော မဖြစ်ပေဘူးလား၊ တချို့ဖြစ်တတ်တယ်၊ ဒါဟာ မကောင်းတဲ့အမှုလား ကောင်းတဲ့အမှုလား၊ မကောင်းတဲ့အမှု၊ အေး အဲဒီ မကောင်းတဲ့အမှုကို အပြစ်မြင်နေတဲ့ ကဲ့ရဲ့နိုင်တဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်က အားကျပါအုံးမလား၊ မကျပါဘူး၊ အေး ဒါကို ပါပဂရဟီ ခေါ်တယ်၊ (တလီပစ္စည်း မသိမ်းဆည်းလို့) ဆိုတာက ဘာကိုမှ သိမ်းဆည်းချင်တဲ့စိတ် မရှိတော့ဘူးတဲ့၊ ဟိုဟာလေး ဝှက်ထား ဒီဟာလေး ကယ့်ထား၊ မလုပ်လိုတော့ဘူး၊ ဘာဖြစ်လို့လဲ သူ ထားခဲ့ရမှာ သိနေပေါ့ကိုး၊ (ဝန်တိုကင်းပ) ဆိုတာက နှမြောလို့ သူတပါးကို မပေးနိုင်ဘူးလို့ မရှိတော့ဘူးတဲ့။ ဝန်တိုတာနဲ့

နှမျောတာ အဘူဘူဘဲ၊ ဘာကိုမှ မသိမ်းဆည်းချင်ဘူး၊ ဘယ်ပစ္စည်းကိုမှ မနှမျောဘူးလို့ ဆိုလိုတယ်(အနိစ္စနှင့် ဒုက္ခ အနတ္တာ ထင်လာကပ်ရောက်)ဆိုတာက အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ အလိုလိုထင်တယ်တဲ့ (မရှုကြောက်ပေ၊ မတွေဝေလျက်၊ ငြိမ်သက်တည်ကြည်၊ သေမည်အမှန်) ဆိုတာက တကယ်သေဘို့ရာနဲ့ တိုးဘဲ့အခါ ကြောက်ရွံ့ခြင်း၊ တွေဝေခြင်း မရှိဘဲ ငြိမ်ငြိမ်သက်သက် တည့်တည်ကြည်ကြည် သေနိုင်တယ်တဲ့၊ အဲဒီလိုစိတ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ကို တဘဝထဲနဲ့ရောက်ချင်လဲ ရောက်သွားမယ်၊ မရောက်လို့ရှိရင်လဲဘဲ လူ့ရွာ နတ်ရွာဆိုတဲ့ သုဂတိဘုံကိုရောက်ဘို့တော့ မလွဲနိုင်တော့ပါဘူး၊ဒါကြောင့် မရဏာဿတိ ကမ္မဋ္ဌာန်းတရားကိုလဲ ပွားများအားထုတ်ကြရမယ်။ မရဏာဿတိတရားကို အားထုတ်လို့, သေခြင်းတရား မမေ့တဲ့ ပုဂ္ဂိုလ်ဟာ ယခုဟောခဲ့တဲ့ အကျိုးတရားတွေကို ကေန်ရမယ်။ ခုလူတွေက သေခြင်းဘရားကို အလွန်မေ့နေတယ်၊ တနေ့ ငါ သေရအုံးမယ်လို့၊ ဒီလိုသိရှိနဲ့ မဖြစ်ဘူး၊ အချင်းခပ်သိမ်း ဘယ်တော့သေမယ်၊ ဘယ်အချိန်သေမယ်မသိဘူးနော်။

မြတ်စွာဘုရားက ထွက်သက်ဝင်သက်ဖြင့် ပိုင်းခြားပြီးတော့ သေခြင်းဘရား ပွားများတဲ့ရဟန်းကို ချီးမွမ်းတယ်၊ နှာခေါင်းထဲ ကထွက်လာတဲ့ လေဟာ ပြန်လို့မှ ဝင်ပါ ဘော့ မလား၊ နှာခေါင်းထဲဝင်သွားတဲ့လေကလေးဟာ ပြန်လို့မှ ထွက်လာနိုင်ပါတော့မလားလို့၊ ထွက်တဲ့အချိန် ဝင်တဲ့ အချိန် ကလေးနဲ့ ပိုင်းခြားပြီးဘော့ သေခြင်းဘရား ပွားများတဲ့ရဟန်းကို မြတ်စွာဘုရားက သာခုခေါ်တယ်တဲ့။

ဒီလို ထွက်သက်ဝင်သက်နဲ့ ပိုင်းခြား ပြီးတော့ သေခြင်းတရားကို မပွားများဘဲနဲ့ ကနေ့ နေဝင်အောင်မှ ခံပါ့မလား၊ နက်ဖြန် မိုးလင်းအောင်မှ ခံပါ့မလားလို့၊ ဒီလိုပွားများတဲ့ ရဟန်းဆိုရင်ဖြင့် မြတ်စွာဘုရားက အော် ငါဘုရားသာသနာကြီးမှာ နေပြီးတော့ မင်းဒီလောက် မေ့မေ့လျော့လျော့နေနိုင်သလား ကွယ်လို့ ကဲ့ရဲ့သတဲ့။

ဘယ်လိုရဟန်းမှ ချီးမွမ်းတယ်၊ ထွက်သက်ဝင်သက်နဲ့ပိုင်းခြား ပြီးတော့ ထွက်တဲ့အသက်ကလေးဟာ ပြန်လို့မှ ဝင်ပါတော့ မလား၊ ဝင်တဲ့အသက်ကလေးဟာ ပြန်လို့မှ ထွက်ပါတော့ မလားလို့၊ ဒီလိုသေခြင်းတရားကို အင်မတန် တိုတောင်းတဲ့ ကာလကလေးမှာ ပွားများတဲ့ ပုဂ္ဂိုလ်ကိုသာ မြတ်စွာဘုရား ချီးမွမ်းတော်မူသတဲ့။

ဒီတော့ သေခြင်းတရား ပွားများခြင်းဟာ အကျိုးမများ ဘူးလား၊ များပါတယ်၊ ဘာဖြစ်လို့လဲ သတိမြဲလို့၊ သတိမြဲရင် အပ္ပမာဒတရားနဲ့ ပြည့်စုံမယ်၊ အပ္ပမာဒတရားနဲ့ ပြည့်စုံရင် သီလ သမာဓိ ပညာနဲ့ ပြည့်စုံမယ်၊ သီလ သမာဓိ ပညာနဲ့ ပြည့်စုံရင် သာသနာတွင်းမှာ လူဖြစ်ကျိုးနပ်မယ်။

ဒါကြောင့် သာသနာတွင်းမှာ လူဖြစ်ကျိုး နပ်အောင် သာသနာနဲ့ကြုံကြိုက်ကျိုးနပ်အောင် သတိတရားကို ကြိုးစား၍ ပွားများနိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု -- ပါဘုရား။

၁၃၂၉ ခု ဝါဆိုလပြည့်ကျော် ၁၅ရက်နေ့တွင် ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည် မြောင်းမြမြို့ ဝေဠုဝတီကျောင်းတိုက်၌ တပည့် အပေါင်းတို့အား ဟောကြား ဆုံးမတော်မူအပ်သော

## ဝေဒနာနုပဿနာ သတိပဋ္ဌာန် လုပ်ထုံးတရားတော်

ယခု တရားအားထုတ်ဆဲအခါ၌ ဤခန္ဓာနာမ်ရုပ် အကောင်ပုပ်ကို ကိလေသာအရုပ်ရုပ်၊ ညစ်နွမ်းခေတ်ကို ပယ်သတ်တော်မူနိုင်သော အရဟံဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား နိဗ္ဗာန်ကိုရည်မှန်း၍ လျှူဒါန်း အပ်နှင်းပါ၏ အရှင်ဘုရား။

ယခု တရားအားထုတ်ဆဲအခါ၌ ဤခန္ဓာနာမ်ရုပ် အကောင်ပုပ်ကို မကောင်းမှုကိုပြုဘို့ရာ ဆိပ်ကမ်းရှာယ်ရာရှိတော် မမူသော အရဟံဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားအား နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းအပ်နှင်းပါ၏ အရှင်ဘုရား၊

ယခုတရားအားထုတ်ဆဲအခါ၌ ခန္ဓာနာမ်ချုပ် အကောင်ပုပ်ကို ပူဇော်အသူးကို ခံတော်မူဆိုက်သော အရဟံ ဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား နိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်းအပ်နှင်းပါ၏ အရှင်ဘုရား။

သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေဓမ္မေ အနာသဝေါ၊
ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သင်္ချံ နောပေတိ ဝေဒဂူ။

သံယုတ်ပါဠိတော်၊ ဝေဒနာ သံယုတ်မှာ မြတ်စွာဘုရား ဟောတော်မူတဲ့ ပါဠိတော်တဲ့။

သော၊ဝေဒနာကမ္မဋ္ဌာန်းကိုအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်၊ ဝေဒနာ၊ ဝေဒနာတို့ကို၊ ပရိညာယ၊ ပိုင်းပိုင်းခြားခြား သိသည်ရှိသော်၊ ဒိဋ္ဌေဓမ္မေ၊ ယခုပစ္စက္ခမျက်မှောက်ဘဝ၌၊အနာသဝေါ၊ အာသဝေါ ကုန်နိုင်ပါသည်တဲ့။ ဝေဒနာကို တပါးတည်းဟောတဲ့ နေရာလဲဟောတယ်၊ နှစ်ပါးဟောတဲ့ နေရာလဲဟောတယ်၊ သုံးပါးဟောတဲ့နေရာလဲဟောတယ်၊ ငါးပါးဟောတဲ့ နေရာလဲဟောတယ်၊ခြောက်ပါးဟောတဲ့နေရာလဲဟောတယ်၊ တဆဲ့ရှစ်ပါးဟောတဲ့ နေရာလဲဟောတယ်၊ သုံးဆယ့်ခြောက်ပါးဟောတဲ့ နေရာလဲဟောတယ်၊ တရာ့ရှစ်ပါးဟောတဲ့နေရာလဲ ဟောတယ်။

ဒီတော့ ဝေဒနာဒေသနာတော်ဟာ ပရိယာယ်ပါတဲ့၊ဝေနေယျဗ္ဗာသယကို လိုက်ပြီးတော့ ဘယ်လိုဟောရရင် ဒီသတ္တဝါ ကျွတ်ပါ့မလဲလို့ဆိုတာ အာရုံပြုပြီးဝေဒနာအမျိုးမျိုး ခွဲခြားပြီးဟောတာ၊ ဘယ်လိုဘဲဟောဟော၊ ဝေဒနာ၊ ဝေဒနာတို့ကို။ ပရိညာယ၊ ပရိညာဆိုက်အောင် သိနိုင်သည်ရှိသော်။ ဒိဋ္ဌေဓမ္မေ၊

ယခုပစ္စက္ခ မျက်မှောက်ဘဝ၌၊ အနာသဝေါ၊ အာသဝေါကင်း နိုင်၏၊ ဘယ်တရားမှလုပ်ဘို့မလိုပါဘူး၊ ဝေဒနာကို ပိုင်ပိုင်နိုင်နိုင် သိအောင်လုပ်ရင် အာသဝေါကင်းတယ်တဲ့။

ဝေဒဂူ၊ အသိဉာဏ် လမ်းဆုံးသို့ရောက်သော၊ ဓမ္မဋ္ဌော၊ အာသဝေါကင်းရာနိဗ္ဗာန်တရား၌တည်သော။တနည်း၊ဓမ္မဋ္ဌော၊ အာသဝေါကင်းရာ အရဟတ္တဖိုလ်တရား၌ တည်သောရဟန္တာ ပုဂ္ဂိုလ်သည်၊ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်စီးသည် မှ၊ ပရံ၊ နောက်ဘဝလ၌။အနုပ္ပန္နတ္တာ၊ ဘယ်ဘဝမှာမှမဖြစ်သော ကြောင့်။ သင်္ချံ၊သင်္ချာဝါဟူသော ရေတွက်ခြင်းသို့၊နောပေတိ- နဥပေတိ၊ မရောက်သည်သာတည်း။ ခန္ဓာပျက်စီးသွားလို့ ပရိ နိဗ္ဗာန်စံပြီးတဲ့အခါ အဲဒီရဟန္တာပုဂ္ဂိုလ်ဟာ နောက်ဘဝ ဘာဖြစ် သေးတယ်လို့၊ ဒီလိုမရှိတော့ဘူးတဲ့။

အဲဒီတော့ ဘာကိုအားထုတ်လို့ အသဝေါကင်းတယ်၊ ဝေဒ နာကို၊ ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာန ပရိညာဆိုက် အောင် အားထုတ်လို့ အာသဝေါကင်းတယ်၊ ဘယ်တော့မှ ကင်းမှာလဲဆိုတော့ ဒိဋ္ဌဓမ္မ ယခုမျက်မှောက်ဘဝမှာဘဲ ကင်း နိုင်ပါတယ်၊ အဲဒီတော့ ဝေဒနာက တပါးဝေဒနာ၊ နှစ်ပါး ဝေဒနာ၊ သုံးပါးဝေဒနာ၊ ငါးပါးဝေဒနာ၊ ခြောက်ပါး ဝေဒ နာ၊ တဆဲ့ရှစ်ပါးဝေဒနာ၊သုံးဆယ်ခြောက်ပါးဝေဒနာ၊တရာ့ ရှစ်ပါး ဝေဒနာလို့၊ ဗဟုသုတအလို့ငှာ ဝေဒနာအများကိုလဲ မှတ်ထားကြပေါ့၊ အားထုတ်တော့ ဒီလောက်ထုတ်နေရတာ မဟုတ်ပါဘူး၊အားထုတ်တော့ ကိုယ့်ခန္ဓာကိုယ်ထဲမှာဖြစ်ဆဲဝေဒ နာကို သတိထားနေ ပြီးတာပါဘဲ၊ ဝေဒနာအားထုတ်ဘာ

အလွယ်ကလေးပါ၊ ခန္ဓာကိုယ်ထဲဖြစ်ဆဲ ဝေဒနာကိုအာရုံပြုပြီး တော့ သတိဖြင့် သိ-သိ-သိ-သိ-သိ နဲ့သာ စိုက်နေ၊ ခန္ဓာကိုယ်ထဲ က သုခဖြစ်ဖြစ် ဒုက္ခဖြစ်ဖြစ် ဘာဝေဒနာဘဲဖြစ်ဖြစ် သတိမလစ် စေနဲ့ အားထုတ်မှုကတော့ ဒါပါဘဲ။

ဝေဒယတိတိ ဝေဒနာ၊ ယာဓမ္မဇာတိ၊ အကြင်သဘော တရားသည်။ ဝေဒယတိ၊ အာရုံကိုခံစားတတ်၏။ ဣတိ၊ ထို ကြောင့်။သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ဝေဒနာ၊ဝေဒ နာမည်၏၊ အာရုံကို ခံစားသော သဘော လက္ခဏာအား ဖြင့် ဝေဒနာဟာ တပါးတည်းဘဲရှိတယ်တဲ့။ သုခဝေဒနာလဲ အာရုံခံစားခြင်းဘဲ၊ဒုက္ခဝေဒနာလဲအာရုံခံစားခြင်းဘဲ။ဥပေက္ခာ ခေါ်တဲ့ အဒုက္ခမသုခ ဝေဒနာလဲအာရုံကိုခံစားခြင်းဘဲ။ဒီတော့ အာရုံခံစားခြင်းသဘောလက္ခဏာအားဖြင့် ဝေဒနာဘယ်နှစ်ပါး ရှိသတဲ့လဲ၊ တပါး။

အာရုံကိုခံစားခြင်း ဝေဒယိတလက္ခဏာအားဖြင့် ဝေဒနာ သည် တပါးတည်းသာရှိသည်။ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတ နာ၊ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ၊ မနသိကာရ စသည်ဖြင့် စေတသိက် ၅၂ ပါး ရှိတဲ့အနက် ဝေဒနာကို ဘယ်နှစ်ပါးယူမလဲ၊ တပါး တည်းယူပါတဲ့၊ အေး ဝေဒနာဟာ တပါးတည်းဘဲယူရတယ်တဲ့၊ အဲဒီတပါးတည်းသော ဝေဒနာသည် သုခ ခံစားခြင်းလဲ ခံစား တာဘဲ၊ ဒုက္ခ ခံစားခြင်းလဲ ခံစားတာဘဲ၊ အဒုက္ခမသုခ ခံစား ခြင်းလဲ ခံစားတာဘဲတဲ့။ သုခ၊ ဒုက္ခ၊ ဥပေက္ခာရယ်လို့ မခွဲဘဲနဲ့ ခံစားခြင်းလက္ခဏာ တခုထဲအားဖြင့် ဝေဒနာ ဘယ်နှစ်ပါး၊ တပါးဘဲရှိတယ်။

တခါလာကလည်း ရှိရှိသမျှဝေဒနာတွေကို ချမ်းသာဆင်းရဲ ချုံးလိုက်တော့၊ သုခ ဝေဒနာ၊ ဒုက္ခဝေဒနာ အဲဒီနှစ်မျိုး ရှိလာပြန်တယ်၊ ဒါဖြင့် ဥပေက္ခာ ဝေဒနာတွေဟာ ဆိုတော့၊ ဥပေက္ခာ၊ ဥပေက္ခာဝေဒနာကို၊ သုခမိစ္စေဝ၊ သုခဟူ၍သာလျှင်၊ ဘာသိတာ၊ ဆိုအပ်၏၊ ဥပေက္ခာဝေဒနာဖြစ်ခြင်းဟာ အင်မတန် ငြိမ်သက်တယ်၊ အင်မတန် သိမ်မွေ့တယ်၊ သို့ဖြစ်သောကြောင့် ဥပေက္ခာဝေဒနာကို ဘယ်အထဲထည့်မယ်၊ သုခထဲထည့်ပါမယ်၊ အေး ဥပေက္ခာဝေဒနာကို သုခထဲထည့်လိုက်၊ အဲဒီအလိုက ဝေဒနာဟာ နှစ်ပါးထဲရှိတယ်တဲ့၊ နောက်တနည်းက ဝေဒနာဟာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာလို့ အနုဘဝန လက္ခဏာအားဖြင့် သုံးပါးရှိတယ်တဲ့၊ ဝေဒနာ ဟာ ဝေဒယိတလက္ခဏာအားဖြင့်တပါး၊ သုခ ဒုက္ခ အလိုအားဖြင့် ၂ ပါး၊ အနုဘဝန လက္ခဏာအားဖြင့် သုံးပါး၊ အဲဒီ အနုဘဝန လက္ခဏာအားဖြင့် သုံးပါးရှိတဲ့ ဝေဒနာကို သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာကို မြတ်စွာဘုရား ဟောတော်မူတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ သုခဝေဒနာ၊ သုခဝေဒနာရင်း၊ ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာရင်း၊ အဒုက္ခမသုခဝေဒနာ၊ အဒုက္ခမသုခဝေဒနာရင်း၊ ဣတိ၊ ဤသို့၊ ဝေဒနာ၊ ဝေဒနာတို့သည်။ ဣ
မာတိဿော၊ ဤသုံးပါးတို့သာတည်း။ ဘယ်နှစ်ပါးလဲ သုံးပါးပါ၊ ဥပေက္ခာဝေဒနာလို့ဘဲပြောပြော၊ အဒုက္ခမသုခဝေဒနာလို့ဘဲပြောပြော အတူတူဘဲ၊ သုခဆိုတာ ချမ်းသာတယ်၊ ဒုက္ခဆိုတာဆင်းရဲတယ်၊ အဒုက္ခမသုခဆိုတာ ချမ်းသာလဲမဟုတ်

ဆင်းရဲလဲမဟုတ်တဲ့ ချမ်းသာဆင်းရဲရဲ့ ကြားထဲက အလယ်အလတ်ဝေဒနာကို ဥပေက္ခာဝေဒနာလို့ခေါ်တယ်၊ အေး အဲဒီ ဥပေက္ခာဝေဒနာကို ဗမာလိုပြန်တော့၊ လျစ်လျူရှုတယ်တဲ့၊ အဲဒီ လျစ်လျူရှုတယ်ဆိုတဲ့ စကားကို တချို့ပုဂ္ဂိုလ်များက လစ်လျူရှုတယ်လို့ ခေါ်တယ်၊ ဒင်းတော့ ငါ လစ်လျူ ထားလိုက်ပြီဟေ့၊ ဘယ်အခါမှ ဒင်းကို အာရုံမပြုတော့ဘူး၊ လစ်လျူထားတယ်ဆိုရင်ဖြင့် လူလစ်ချောင်းတဲ့ သူခိုးဘဲ ဖြစ်မှာပေါ့၊ ဟင် လျစ်လျူဆိုတာ အမှန်က ဘာ ဥပေက္ခာ။

အေး ဥပေက္ခာနဲ့ လျစ်လျူဆိုတဲ့ စကားနဲ့ အလယ်အလတ်ဆိုတဲ့စကားနဲ့ အတူတူဘဲ၊ အဲဒီ အလယ်အလတ်ဖြစ်တဲ့ ဥပေက္ခာကိုပင် အဒုက္ခမသုခ ဆင်းရဲလဲမဟုတ် ချမ်းသာလဲ မဟုတ်ဘူးလို့ အဲဒီလိုဆိုတာ၊ ဒါကြောင့် တချို့နေရာ ဥပေက္ခာလို့ ဟောတယ်၊ အချို့နေရာမှာ အဒုက္ခမသုခလို့ ဟောတယ်။

အနုဘဝန လက္ခဏာအားဖြင့် သုံးပါးဖြစ်တဲ့ ဝေဒနာဟာ ဣန္ဒြိယဘေဒအားဖြင့် သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေလို့ ငါးပါးဖြစ်လာတယ်။

အေး သုခိန္ဒြေဆိုတာ သုခနဲ့ဣန္ဒြိယဘဲ၊ သုခဆိုတဲ့တရားက သူဖြစ်တဲ့ အခါမှာ သူနဲ့ယှဉ်ဘော်ယှဉ်ဘက်တရားတွေ အကုန်လုံး ငါကဲ့သို့ ချမ်းသာကြရမယ်၊ ငါ့နောက်လိုက်ကြရမယ်၊ ငါ့အတုလိုက်ကြရမယ်၊ ငါ့တံဆိပ်ကို ချိတ်ကြရမယ်လို့ သုခက ဒင့်ပြင်တရားတွေကို တံဆိပ်အချိတ်ခိုင်းသတဲ့၊ တာဘာတုံး သုခဣယန္ဒြိ ဟုတ်လား၊ အဲသုခဆိုတဲ့ဝေဒနာက ဣန္ဒြိယစိုးမိုးတယ်၊

အုပ်စိုးတယ်၊ သုခဆိုတဲ့ဝေဒနာက ဒင့်ပြင် သူနဲ့ ယှဉ်ဘော် ယှဉ်ဘက်တရားတွေကို အုပ်စိုးနိုင်တဲ့သဘော ရှိတယ်၊ အုပ်စိုးနိုင်တဲ့သဘောရှိခြင်းကြောင့် သုခကို သုခိန္ဒြေလို့ခေါ်တာ။

ထိုနည်းတူစွာ ဒုက္ခကလဲ သူဖြစ်တဲ့အခါမှာ သူနဲ့ဆိုင်ရာတရားတွေကို သူကအုပ်စိုးသတဲ့၊ သောမနဿကလဲ သူဖြစ်တဲ့အခါမှာ သူနဲ့ဆိုင်ရာတရားတွေကို သူကအုပ်စိုးသတဲ့၊ သုခဆိုတာဘာလဲဟေ့ ချမ်းသာတယ်၊ သောမနဿဆိုတာ ဘာလဲဟေ့ ဝမ်းမြောက်တယ်၊ ချမ်းသာဆိုတဲ့သုခနဲ့ သောမနဿဆိုတဲ့ ဝမ်းမြောက်တာနဲ့ အတူတူဘဲတဲ့၊ ဝမ်းမြောက်တာလဲဘဲ သုခဘဲ၊ သုခလဲ ဝမ်းမြောက်တာပါဘဲ၊ အေး အနုဘဝနလက္ခဏာအားဖြင့်တော့ သုခနဲ့ သောမနဿကို အတူတူ ထားဟောတယ်။

ဒီဣန္ဒြိယဘေဒကျတော့သုခကတခြား၊သောမနဿကတခြား သုခကချမ်းသာတယ်၊ သောမနဿက ဝမ်းမြောက်တယ်၊ သုခက ဘယ်မှာဖြစ်ရမလဲ၊ ကိုယ်မှာ။ ဒါကြောင့် ကာယိကသုခလို့ ခေါ်တယ်၊ ဝမ်းမြောက်တဲ့ သောမနဿက ဘယ်မှာဖြစ်ရမလဲ စိတ်မှာ။ ဒါကြောင့် စေတသိက သုခလို့ ခေါ်တယ်။ အဲဒီကျတော့ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ကွဲလာတယ်၊

ပြီးတော့မှ ဆင်းရဲတဲ့ ဒုက္ခဝေဒနာက သူနဲ့ ယှဉ်ဘော်ယှဉ်ဘက် တရားစုကို သူကအုပ်စိုးနိုင်တယ်တဲ့၊ သူနဲ့ယှဉ်ဘော်ယှဉ်ဘက် တရားတွေကို သူကဘာလုပ်နိုင်တယ်၊ အုပ်စိုးနိုင်ပါတယ်ဘုရား။ အဲဒီလို အုပ်စိုးနိုင်သောကြောင့် ဒုက္ခဝေဒနာကို ဒုက္ခိန္ဒြေလို့ခေါ်တယ်။

ပြီးတော့မှ ဒေါမနဿ စိတ်မချမ်းသာဘူး၊ စိတ်မချမ်းသာ တာဒေါမနဿခေါ်ပါတယ်၊ အဲဒီဒေါမနဿခေါ်တဲ့ စိတ်မချမ်း သာမှုကလဲဘဲ သူနဲ့ဆိုင်ရာတရားစုကို သူကအုပ်စိုးနိုင်တယ်တဲ့၊ အဲဒီလိုဆိုင်ရာတရားစုကို အုပ်စိုးနိုင်သောကြောင့် ဒေါမနဿ ဝေဒနာကို ဒေါမနဿိန္ဒြေလို့ ခေါ်တာ၊ ပြီးတော့မှ စိတ်ချမ်း သာတာလဲမဟုတ်၊ စိတ်ဆင်းရဲတာလဲမဟုတ်တဲ့ ကြားထဲက အဒုက္ခမသုခဝေဒနာကလဲ သူနဲ့ဆိုင်ရာတရားစုကို အုပ်စိုးနိုင် သောကြောင့် ဥပေက္ခိန္ဒြေလို့ ခေါ်တယ်၊ ဒီတော့ ဣန္ဒြေ အ ပြားအားဖြင့် ဝေဒနာသည်ငါးပါး၊ အနုဘဝန လက္ခဏာအား ဖြင့် သုံးပါး၊ အဲဒီ အနုဘဝနလက္ခဏာ အားဖြင့် သုံးပါးရှိတဲ့ ဝေဒနာကို အကျဉ်းချုပ်ခေါ်လိုက်တော့ ဥပေက္ခာကို သုခထဲ ထည့်ပြီး ဝေဒနာ ၂ ပါးသာရှိတယ်တဲ့။

ဒီတော့ ဝေဒနာတပါး၊ ဝေဒနာနှစ်ပါး၊ ဝေဒနာသုံးပါး၊ ဝေဒနာငါးပါး သိပြီပေါ့၊ ပြီးတော့မှ ဝေဒနာ ခြောက်ပါး ကျတော့ ဒွါရစွမ်းဖြင့် သိရမယ်။

(စက္ခုဒွါရ) စက္ခုသမ္ဖဿဇာ ဝေဒနာ (သောတဒွါရ) သောတ သမ္ဖဿဇာ ဝေဒနာ (ဃာနဒွါရ) ဃာနသမ္ဖဿဇာ ဝေဒနာ (ဇိဝှာဒွါရ) ဇိဝှာသမ္ဖဿဇာ ဝေဒနာ (ကာယဒွါရ) ကာယသမ္ဖဿဇာဝေဒနာ (မနောဒွါရ) မနောသမ္ဖဿဇာ ဝေဒနာအားဖြင့် ၆ ပါးရှိသည်။ စက္ခုဒွါရကဖြစ်ရင် စက္ခု သမ္ဖဿဇာ၊ သောတဒွါရကဖြစ်ရင် သောတသမ္ဖဿဇာ၊ ဃာ နဒွါရကဖြစ်ရင် ဃာနသမ္ဖဿဇာ၊ ဇိဝှာဒွါရကဖြစ်ရင် ဇိဝှါ

သမ္ဖဿဇာ၊ ကာယဒွါရကဖြစ်ရင် ကာယသမ္ဖဿဇာ၊ မနော ဒွါရကဖြစ်ရင် မနောသမ္ဖဿဇာဝေဒနာလို့ ခေါ်သည်။

မျက်စေ့အတွေ့က စက္ခုသမ္ဖဿ၊ နားအတွေ့က သောတ သမ္ဖဿ၊ နှာခေါင်းအတွေ့က ဃာနသမ္ဖဿ၊ လျှာအတွေ့က ဇိဝှါသမ္ဖဿ၊ ကိုယ်အတွေ့က ကာယသမ္ဖဿ၊ မနောအတွေ့ က မနောသမ္ဖဿ၊ အဲဒါ သမ္ဖဿ ၆ ပါးခေါ်သည်။ မျက်စိ အတွေ့ဟူသော စက္ခုသမ္ဖဿကြောင့် စက္ခုသမ္ဖဿဇာ ဝေဒ နာဖြစ်တယ်၊ နားအတွေ့ဟူသော သောတ သမ္ဖဿကြောင့် သောတသမ္ဖဿဇာ ဝေဒနာဖြစ်တယ်၊ နှာခေါင်း အတွေ့ဟူ သော ဃာနသမ္ဖဿကြောင့် ဃာနသမ္ဖဿဇာ ဝေဒနာ ဖြစ် တယ်၊ လျှာအတွေ့ဟူသော ဇိဝှါသမ္ဖဿကြောင့် ဇိဝှာသမ္ဖဿ ဇာဝေဒနာဖြစ်တယ်၊ ကိုယ်အတွေ့ဟူသော ကာယသမ္ဖဿ ကြောင့် ကာယသမ္ဖဿဇာဝေဒနာဖြစ်တယ်၊ မနောအတွေ့ ဟူသော မနောသမ္ဖဿကြောင့် မနောသမ္ဖဿဇာဝေဒနာဖြစ် တယ်၊ အဲဒီလို အာယတနကြောင့် ဖဿဖြစ်၊ ဖဿကြောင့် ဝေ ဒနာဖြစ်၊ အာယတန ခြောက်ပါးရှိတော့ ဖဿကလဲ ခြောက် ပါးပြားတယ်၊ ဖဿခြောက်ပါးရှိတော့ ဝေဒနာလဲ ခြောက် ပါး ပြားနေတယ်တဲ့။ အဲဒီတော့ သိဘို့က ရူပါရုံက မျက်စေ့ အကြည်နဲ့ ထိခိုက်လိုက်ကော ဒီကကျနေတဲ့ဘဝင်စိတ်ကလှုပ်လာ တယ်၊ အဲဒီလှုပ်လာတာကို ဘဝင်စလနလို့ခေါ်၊ လှုပ်ပြီးတဲ့ နောက် ဘဝင်ပြတ်သွားတယ်၊ ပြတ်သွားတာကို ဘဝင်ုပစ္ဆေဒ လို့ခေါ်၊ ဘဝင်လှုပ်နေတာနဲ့ ဘဝင်ပြတ်သွားတာဟာ ရင်ထဲ က နှလုံးသွေးထဲမှာ ဖြစ်တာ၊ ဘဝင်ကျနေတာ ဘဝင်ပြတ်သွား

တာ ဘယ်မှာ၊ နှလုံးသွေးမှာပါဘုရား။ အေး စက္ခုပသာဒကို ရူပါရုံက ထိခိုက်လိုက်သည်နှင့် တပြိုင်နက်ထဲ ဒီနှလုံးသွေးမှာရှိတဲ့ ဘဝင်ကလှုပ်ပြီးတော့ ပြတ်သွားတယ်၊ အဲဒီဘဝင် ပြတ်သည့်အပြတ်မှာ ထိခိုက်လာတဲ့အာရုံကိုအာဝဇ္ဇန်းစိတ်ကဒါဘာလဲလို့ ဆင်ခြင်လိုက်တယ်။ ဘယ်ကနေဆင်ခြင်တယ်၊ နှလုံးကနေ ဆင်ခြင်တယ်။

အဲဒီလို အာဝဇ္ဇန်းစိတ်က ဆင်ခြင်ပြီးမှ စက္ခုပသာဒမှာ ဘွားကနဲ မြင်မှုပေါ်လာတယ်၊ အဲဒီတော့ မြင်မှုဆိုတဲ့ စက္ခုဝိညာဏ်နဲ့ ရူပါရုံနဲ့ မတွေ့ကြဘူးလားတွေ့ကြတယ်၊ တွေ့တော့ စက္ခုသမ္ဖဿ မခေါ်ဘူးလား ခေါ်ပါတယ်ဘုရား။

ဥပေက္ခာသဟဂတံ စက္ခုဝိညာဏံ၊ သင်္ဂြိုဟ်ဆိုထားတော့ မြင်မှုဆိုတဲ့ စက္ခုဝိညာဏ်မှာ ဥပေက္ခာ ဝေဒနာသာ ဖြစ်စကောင်းသည်၊ သုခ မဖြစ်စကောင်းဘူး။ သောမနဿ၊ ဒေါမနဿလဲ မဖြစ်စကောင်းဘူး။ စက္ခုဝိညာဏ်မှာ ဘာဝေဒနာသာဖြစ်ကောင်းတယ်၊ဥပေက္ခာဝေဒနာသာဖြစ်စကောင်းတယ်၊ အေး စက္ခုဝိညာဏ်က မြင်ပြီးတဲ့နောက်မှ နှလုံးမှာ တခါသွားရောက်တယ်၊ နှလုံးမှာရောက်တော့၊ သမ္ပဋိစ္ဆိုင်းစိတ်က ဒီအာရုံကို ပျောက်မသွားအောင် ခံထားတယ်၊ စက္ခုဝိညာဏ်မြင်တဲ့အာရုံကို ပျောက်မသွားအောင် ဘယ်သူကခံထားတယ်၊ သမ္ပဋိစ္ဆိုင်းက ခံထားတယ်။ သမ္ပဋိစ္ဆိုင်းခံထားတဲ့အာရုံကို သန္တီရဏက ဒါ ဘာအာရုံလဲလို့ စုံစမ်းတယ်၊ သန္တီရဏက စုံစမ်းပြီးတော့မှ အော် အဆင်းရူပါရုံပါကလားလို့ ဝုဋ္ဌောက မှတ်လိုက်တယ်၊ အဲဒီဝုဋ္ဌောမှတ်ပြီးတဲ့ အာရုံကိုမှ နောက်ကဇောက

(ဇောဇောနဲ့) ဇောခုကြိမ်လိုက်တယ်၊ ဇောခုနစ်ကြိမ်ကျတော့ က ဘယ်မှာ၊ မနောမှာ၊ မြင်တိုးကဘယ်မှာ၊ စက္ခုအကြည်မှာ ဇောစိတ်သည် မနောမှာဖြစ်သော်လဲ စက္ခုဒွါရမြင်မှုကို အကြောင်းပြုဖြစ်သောကြောင့် သူ့ကို စက္ခုဒွါရိက ဝီထိစိတ်တဲ့ ခေါ်တယ်၊ အဲဒီစက္ခုဒွါရဝီထိစိတ်မှာပါတဲ့ မနောဒွါရဖြစ်တဲ့ ဝေဒနာဟာ စက္ခုသမ္ဖဿဇာ ဝေဒနာဘဲ ခေါ်ရမယ်၊ မနောသမ္ဖဿဇာဝေဒနာ မဟုတ်ဘူး။

အဲဒါကြောင့် မျက်စိမြင်မှုမှာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ သုံးပါးရနိုင်တယ်လို့ စက္ခုဒွါရိက ဝီထိစိတ်ဖြစ်ပုံကို ရည်စူးပြီးတော့ ပြောတဲ့တရား၊ စက္ခုဝိညာဏ်မှာတော့ ဥပေက္ခာဝေဒနာတပါးသာ ရစကောင်းတယ်။ သုခ၊ ဒုက္ခ နှစ်ပါးစလုံး မရစကောင်းဘူး။

စက္ခုဒွါရိက ဝီထိဇောမှာ ယှဉ်တဲ့ဝေဒနာကတော့ သောမနဿလဲ ယှဉ်စကောင်းတယ်၊ ဒေါမနဿလဲ ယှဉ်စကောင်းတယ်၊ ဥပေက္ခာလဲ ယှဉ်စကောင်းတယ်၊ စက္ခုဒွါရိကဝီထိဇောမှာပါတဲ့ ဝေဒနာသုံးပါးကို ရည်စူး၍ စက္ခုသမ္ဖဿ ဇာဝေဒနာသည် ဘယ်နှစ်ပါးလဲလို့ မေးရင် သုံးပါးလို့ ဖြေရမယ်။

ထိုနည်းတူစွာ သောတသမ္ဖဿဇာဝေဒနာ သုံးပါး၊ ဃာနသမ္ဖဿဇာဝေဒနာသုံးပါး၊ ဇိဝှာသမ္ဖဿဇာဝေဒနာ သုံးပါး စက္ခုဝိညာဏ်စိတ်လဲဥပေက္ခာ၊ သောတဝိညာဏ်စိတ်လဲဥပေက္ခာ ဃာနဝိညာဏ်စိတ်လဲ ဥပေက္ခာ၊ ဇိဝှာဝိညာဏ်စိတ်လဲ ဥပေက္ခာ ဝေဒနာနဲ့ယှဉ်တယ်တဲ့။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ် အဲဒီဝိညာဏ်လေးပါးက ဥပေက္ခာ

ဝေဒနာနဲ့ယှဉ်မယ်၊ ကာယမှာတော့ သုခနဲ့ဒုက္ခ၊ ဒါကြောင့် ကာယိက သုခကိုယ်မှာဖြစ်တဲ့ ချမ်းသာ၊ ကာယိကဒုက္ခကိုယ်မှာ ဖြစ်တဲ့ ဆင်းရဲလို့ ဟောတော်မူတာ။

ဒီတော့ မျက်စေ့က ဥပေက္ခာ၊ နားကဥပေက္ခာ၊ နှာခေါင်းကဥပေက္ခာ၊ လျှာက ဥပေက္ခာ၊ ကိုယ်ကသုခ၊ ဒုက္ခ၊ ဟုတ်ပြီလား။ ဝိပါက်အမှန် ဇောအပြန်ဆိုတဲ့ စကားအတိုင်း သူတို့က ဘယ်တော့မှ မပြောင်းဘူး၊ စက္ခုဝိညာဏ်မှာ ဥပေက္ခာဝေဒနာ၊ သောတဝိညာဏ်မှာ ဥပေက္ခာဝေဒနာ၊ ဃာနဝိညာဏ်မှာ ဥပေက္ခာဝေဒနာ၊ဇိဝှာဝိညာဏ်မှာ ဥပေက္ခာဝေဒနာ၊ ကာယဝိညာဏ်မှာ သုခဝေဒနာနှင့် ဒုက္ခဝေဒနာဘဲ ဖြစ်ရမယ်။

စက္ခုဒွါရိက ဝီထိစိတ်၊ သောတဒွါရိကဝီထိစိတ်၊ ဃာနဒွါရိက ဝီထိစိတ်၊ ဇိဝှာဒွါရိက ဝီထိစိတ်၊ ကာယဒွါရိက ဝီထိစိတ် ဆိုတဲ့ အဲဒီဝီထိစိတ်တွေမှာရှိတဲ့ ဇောမှာကျတော့ ဇောအပြန် ဆိုတဲ့အတိုင်း သောမနဿလဲ ဖြစ်စကောင်းတယ်၊ ဒေါမနဿလဲ ဖြစ်စကောင်းတယ်၊ ဥပေက္ခာလဲ ဖြစ်စကောင်းတယ်။

အဲဒီကာယမှာ ဖောဋ္ဌဗ္ဗာရုံ ထိခိုက်တော့ကာ သုခ၊ ဒုက္ခဖြစ်တယ်၊ အဲဒီ သုခ ဒုက္ခဖြစ်ပြီးတော့မှ သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော၊ဇောနဲ့တခါသွားပြန်တော့ဟိုဇောကျတော့ သောမနဿ ဒေါမနဿ ဥပေက္ခာဖြစ်ပြန်တယ်၊ ဒီတော့ ကာယဒွါရိကဝီထိစိတ်မှာယှဉ်တဲ့ ဇောမှာပါတဲ့ ဝေဒနာကိုရည်ရွယ်၍ ဝေဒနာသုံးပါးလို့ ဆိုလိုတာ အဲဒီတော့ စက္ခုသမ္ဖဿဇာဝေဒနာ သုံးပါး၊ သောတသမ္ဖဿဇာ ဝေဒနာသုံးပါး၊ ဃာနသမ္ဖဿ

ဇာဝေဒနာသုံးပါး၊ ဇိဝှာသမ္ဖဿဇာ ဝေဒနာသုံးပါး၊ ကာယသမ္ဖဿဇာ ဝေဒနာသုံးပါး။

အေး အဲဒီဒွါရငါးပါးက သူ့ဝေဒနာနဲ့သူ ရှိသော်လဲဘဲ ဇောမှာယှဉ်တဲ့ဝေဒနာကိုသာ ဝေဒနာသုံးပါးလို့ယူ။ ဒီတော့ မနောသမ္ဖဿဇာ ဝေဒနာက နဂိုကိုက သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ ဖြစ်နေတာ။ ဒီတော့ ဒွါရခြောက်ပါးအားဖြင့် တပါးတပါးမှာ ဝေဒနာသုံးပါးစီရသောကြောင့် ခြောက်သုံးလီတဆဲ့ရှစ်ပါး၊ အဲဒါ ဝေဒနာ တဆဲ့ရှစ်ပါးခေါ်တယ်၊ ဒီတော့ ဝေဒနာတပါး၊ ဝေဒနာနှစ်ပါး၊ ဝေဒနာသုံးပါး၊ ဝေဒနာငါးပါး၊ ဝေဒနာခြောက်ပါး၊ ဝေဒနာ တဆဲ့ရှစ်ပါး၊ နားမလည်သေးဘူးလား လည်ပါတယ်။

ဝေဒနာတဆဲ့ရှစ်ပါး နားလည်ပြီးတော့မှ တဆဲ့ရှစ်ပါးသော ဝေဒနာသည် သာမိသဝေဒနာ တဆဲ့ရှစ်ပါး၊ နိရာမိသဝေဒနာ တဆဲ့ရှစ်ပါး၊ သေဝိတဗ္ဗဝေဒနာ တဆဲ့ရှစ်ပါး၊ အသေဝိတဗ္ဗဝေဒနာ တဆဲ့ရှစ်ပါး၊ ကာမခေတ်ကိုမှီတဲ့ ဝေဒနာ တဆဲ့ရှစ်ပါး၊ နိက္ခမခေတ်ကိုမှီတဲ့ ဝေဒနာ တဆဲ့ရှစ်ပါး၊ ဒီထဲမှာ သာမိသဝေဒနာရယ်၊ ကာမခေတ်ကိုမှီတဲ့ ဝေဒနာရယ် အတူတူဘဲမှတ်ပါ။

ကာမခေတ်ဆိုတာ ရူပ သဒ္ဒ ဂန္ဓ အစရှိသော အာရုံငါးပါး ကာမဂုဏ်တရားကို သာယာတဲ့ခေတ်၊ အဲဒီကာမခေတ်နဲ့ ယှဉ်နေလို့ရှိရင် အသေဝိတဗ္ဗ မမှီဝဲအပ်တဲ့ ဝေဒနာ၊ အဲဒီမမှီဝဲအပ်တဲ့ ဝေဒနာမျိုးကိုပင် သာမိသလို့ သတိပဋ္ဌာန်ကျမ်းတော့ဟောပြန်တယ်။

နိရာမိသဝေဒနာ၊ နိက္ခမခေါတ် ဝေဒနာ၊ သေဝိတဗ္ဗဝေဒနာတဆဲ့ရှစ်ပါးကလဲ အတူတူဘဲ၊ ဒီခတော့ အသေဝိတဗ္ဗနဲ့ သေဝိတဗ္ဗခွဲလိုက်၊ အသေဝိတဗ္ဗဝေဒနာ တဆဲ့ရှစ်ပါး၊ သေဝိတဗ္ဗဝေဒနာတဆဲ့ရှစ်ပါး၊ သာမိသဝေဒနာ တဆဲ့ရှစ်ပါး၊ နိရာမိသဝေဒနာ တဆဲ့ရှစ်ပါး၊ ကာမခေါဘ်ဝေဒနာ တဆဲ့ရှစ်ပါး၊ နိက္ခမခေါဘ်ဝေဒနာ တဆဲ့ရှစ်ပါး၊ သာမိသ နိရာမိသ အားဖြင့်လဲနှစ်လီ၊ ကာမခေါတ် နိက္ခမခေါတ် အားဖြင့်လည်းနှစ်လီ၊ သေဝိတဗ္ဗံ အသေဝိဘဗ္ဗအားဖြင့်လည်းနှစ်လီ၊ ဒီတော့ တဆဲ့ရှစ်ပါး နှစ်ခုပေါင်း သုံးဆယ့်ခြောက်ပါး၊ အေး ဝေဒနာသုံးဆယ့်ခြောက်ပါးဆိုတာ ဒီလိုမှတ်ပါတဲ့။

ဝေဒနာ တရာ့ရှစ်ပါးကတော့ အတိတ်ဝေဒနာ သုံးဆယ့်ခြောက်ပါး၊ ပစ္စုပ္ပန်ဝေဒနာသုံးဆယ့်ခြောက်ပါး၊ အနာဂတ်ဝေဒနာ သုံးဆယ့်ခြောက်ပါး၊ သုံးဆယ့်ခြောက်ပါး သုံးလီ တရာ့ရှစ်ပါး၊ အဲဒီလို ဝေဒနာ တရာ့ရှစ်ပါးမှတ်။

ဒီတော့ ဝေဒနာတပါးကိုလဲ ဟောတာရှိတယ်၊ ဝေဒနာနှစ်ပါးကိုလဲ ဟောတာရှိတယ်၊ ဝေဒနာသုံးပါးကိုလဲ ဟောတာရှိတယ်၊ ဝေဒနာငါးပါးကိုလဲဟောတာရှိတယ်၊ ဝေဒနာခြောက်ပါးကိုလဲဟောတာရှိတယ်၊ ဝေဒနာတဆဲ့ရှစ်ပါးကိုလဲဟောတာရှိတယ်၊ ဝေဒနာ သုံးဆယ့်ခြောက်ပါးကိုလဲ ဟောတာရှိတယ်၊ ဝေဒနာ တရာ့ရှစ်ပါးကိုလဲ ဟောတာရှိတယ်၊ ဝေဒနာအမျိုးမျိုး မြတ်စွာဘုရား ပရိယာယ်အားဖြင့် ဟောတော်မူတယ်ဆိုတာ ကြားဘူးနားဝ ရှိကြပါစေလို့ ဟောတာနော်၊ တရားအားထုတ်တာနဲ့တော့ မသက်ဆိုင်ပါဘူး။

တရားလုပ်ထုံးကတော့ ခန္ဓာကိုယ်ထဲမှာဖြစ်လာတာ၊ စိတ်ချမ်းသာတာဖြစ်ဖြစ်၊ စိတ်ဆင်းရဲတာဖြစ်ဖြစ် သတိထား၊ ဒါ ဝေဒနာအလုပ်ဘဲ၊ ကိုယ်ချမ်းသာတာဖြစ်ဖြစ် ကိုယ်ဆင်းရဲတာဖြစ်ဖြစ်သတိထား၊ ဒါဝေဒနာ အလုပ်ပါဘဲ၊ လုပ်ထုံးအားဖြင့်တော့ ခန္ဓာကိုယ်မှာဖြစ်လာတဲ့ သုခ ဒုက္ခ သောမနဿ ဒေါမနဿ ချမ်းသာဆင်းရဲ ဝမ်းသာ ဝမ်းနည်း ဒါကိုဘဲ သတိထားရမယ်၊ လုပ်သုံးအလိုကတော့ ဒီလောက် အကျယ်တဝင့်ပြောစရာမလိုဘူး။

ဒီတော့ ဝေဒနာကို ဉာတပရိညာ၊ တိရဏပရိညာ၊ ပဟာနပရိညာ၊ ပရိညာသုံးပါးဆိုက်အောင် လုပ်ရမယ်လို့ စာက ဆိုထားတယ်။ ဉာတဆိုတာ သိအပ်သော ဝေဒနာ၏ သဘောလက္ခဏာ၊ အဲဒီ ဉာတဆိုတဲ့ ဝေဒနာ၏ သိအပ်သောသဘောလက္ခဏာကို ပရိက ပိုင်းပိုင်းခြားခြား၊ ဉာကသိတယ်၊ သုံးမျိုးစပ်လိုက်တော့မှ ဉာတပရိညာ။ အဲဒီတော့ ဉာတပရိညာဖြစ်အောင် ဝေဒနာကို ပိုင်းပိုင်းခြားခြား သိနိုင်အောင် အခြေအမြစ်က(သတိ)ဒီဝေဒနာအာရုံကိုသတိနဲ့ မဖမ်းဘဲနဲ့ ဘယ်နည်းနဲ့မှ ထင်ထင်ရှားရှားမတွေ့နိုင်ဘူး၊ ဝေဒနာအာရုံကို ထင်ထင်ရှားရှားတွေ့အောင် ဘာနဲ့ဖမ်းရမယ်၊ သတိနဲ့ ဖမ်းရပါ့မယ်။ အေး သတိနဲ့ဖမ်းလို့ ဝေဒနာအာရုံ ထင်ထင်ရှားရှား တွေ့တဲ့အခါကျတော့၊ ဉာဘပရိညာက အလိုလိုဖြစ်လာတာ။ လူက လုပ်မနေရပါဘူး၊ ဝေဒနာကို ပိုင်းပိုင်းခြားခြား ထင်သင်ရှားရှားမတွေ့သေးလို့၊ ဝေဒနာရဲ့ သဘောကို ပိုင်းပိုင်းခြားခြားမသိဘာ၊ ဝေဒနာကို ထင်ထင်ရှားရှား သတိအားကောင်း

လို့ တွေ့တဲ့အခါ ဝေဒနာရဲ့သဘောကို ပိုင်းပိုင်းခြားခြား မသိနိုင်ပေဘူးလား၊ သိနိုင်ပါတယ်။ သိနိုင်ရင် ဒါ ဘာခေါ်မယ်၊ ဉာတပရိညာခေါ်မယ်၊ အဲဒီ ဉာတပရိညာနဲ့ဝေဒနာ၏သဘောကို ပိုင်းပိုင်းခြားခြားသိတဲ့အခါကျတော့မှ တိရဏပရိညာ တဆင့်တက်ရမယ်။ တိရဏပရိညာဆိုတာ ဒီဝေဒနာဟာ အနိစ္စအစစ်ဘဲ၊ ဒုက္ခအစစ်ဘဲ၊ အနတ္တအစစ်ဘဲလို့ ဒီလို ဆုံးဖြတ်နိုင်တဲ့ ဉာဏ်ဟာ တိရဏပရိညာဘဲ။ အေး တိရဏက ဆုံးဖြတ်တာ၊ ပရိက ပိုင်းခြားတာ၊ ဉာကသိတာ၊ ဆုံးဖြတ်နိုင်အောင် ပိုင်းခြားတဲ့ဉာဏ်လို့ဆိုတယ်၊ ဟိုက သာမည ဟောထားတယ်။

သုခံဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမိတိ ပဇာနာတိ၊ သုခံဝါ ဝေဒနံ၊ ချမ်းသာသော ဝေဒနာကိုသော်လဲ၊ ဝေဒယမာနော၊ ခံစားစဉ် ခံစားဆဲ၊ ခံစားတုံး၊ ခံစားရသည်ရှိသော်၊ ဝေဒနံ၊ ချမ်းသာသောဝေဒနာကို။ ဝေဒယာမိတိ၊ ခံစား၏ဟူ၍၊ ပဇာနာတိ၊ သိ၏။သာမည ကိုယ်တော်မြတ်ကဟောတယ်၊ သာမညဟောတော့ ဒီကလေးတွေကော ချမ်းသာနဲ့ ဝေဒနာနဲ့ ကြုံတဲ့အခါ၊ ချမ်းသာဘဲလို့ မသိနိုင်ဘူးလား၊ အဋ္ဌကထာဆရာက နို့စို့ကလေးဘောင်မှ အမေ့နို့ကို စို့နေရတဲ့အခါ ချမ်းသာ နေတာဘဲလို့ သိနိုင်တယ်၊ ဒီကလေးက ချမ်းသာနေတာဘဲလို့ သိသည့်အသိသည် သတ္တဝါဟူသောအယူကို မစွန့်နိုင်ပါဘူး၊ သတ္တဝါဟူသော သညာကောကွာပါ့မလား၊ မကွာပါဘူးရှး။ အေး သတ္တဝါဟူသော အယူကိုလဲမစွန့်၊ သတ္တဝါဟူသော သညာလဲ မကွာသော

ကြောင့် ဒီ ချမ်းသာတယ်လို့ ကလေးသိတဲ့ အသိမျိုးဟာ ကမ္မဋ္ဌာန်းမဖြစ်၊ ချမ်းသာတယ်လို့ ကလေးသိတဲ့အသိမျိုးဟာ ကမ္မဋ္ဌာန်းဘာဝနာ မဖြစ်သောကြောင့် ဝေဒနာနုပဿနာသတိပဋ္ဌာန် ပွားများရာ မရောက်ဘူး။ အဲဒီလိုသိတဲ့ အသိမျိုးကို ပါဠိတော်က မဆိုလိုပါဘူးတဲ့။

သတ္တဝါဟူတော အယူပျောက်အောင် သတ္တဝါဟူသော သညာကွာအောင်၊ ဝေဒနာနုပဿနာ ဘာဝနာ ပွားများတဲ့ အနေရောက်အောင် သိမှသာလျှင် ကောင်းတယ်၊ ဘုရားရှင် ကိုယ်တော်မြတ် ဟောလိုရင်းက အသိဆိုလိုပါတယ်တဲ့၊ ဝေဒယာမီတိ ပဇာနာတိလို့ အနည်းငယ်မျှဟောတော့ ဝေယာယာမီတိ၊ခံစား၏ဟူ၍၊ ပဇာနာတိ၊ သိ၏လို့ ဒီလိုပြန်ကြတာကို။

ဒို့ကတော့ ဘယ်လိုပြန်ထားတယ်၊ ပဇာနာတိ၊ သတိထင်ရှား ဉာဏ်ပိုင်းခြား၍ အမှားမရှိ အမှန်သိ၏တဲ့။အေး ဒါ ဝေဒနာ နုပဿနာသတိပဋ္ဌာန် အသိမျိုးကို သိအောင် ပေးထားတဲ့ အနက်၊ ဝေဒနာကို သတိနဲ့ အာရုံပြုလိုက်တဲ့အခါ ဝေဒနာကို ထင်ထင်ရှားရှား မတွေ့နိုင်ဘူးလား၊ တွေ့နိုင်ပါတယ်ဘုရား။ ဒီတော့ အာရုံကို ထင်ထင်ရှားရှားတွေ့တာဟာ ဘယ်တရားလဲ သတိ၊ အေး သတိနဲ့အာရုံကို ထင်ထင်ရှားရှား တွေ့တဲ့အခါ ကျတော့ ဉာဏ်က ပိုင်းခြားလိုက်တယ်။

ချမ်းသာတာနဲ့ကိုယ်နဲ့ဘာမှမစပ်ဘူး၊ဆင်းရဲတာနဲ့ကိုယ်နဲ့ဘာမှမစပ်ဘူး၊ဆင်းရဲတာလဲ သူ့ဟာသူဘဲ၊ချမ်းသာတာလဲ သူ့ဟာသူဘဲ၊အဲဒီလိုမစပ်အောင်ဘယ်သူကပိုင်းခြားမယ်၊ပညာဉာဏ်က ပိုင်းခြားပါမယ်၊ အာရုံကိုထင်ထင်ရှားရှားတွေ့အောင် ဘယ်

သူကဖမ်းမယ် သတိကဖမ်းပါမယ်ဘုရား။ ခန္ဓာကိုယ်နဲ့ဝေဒနာနဲ့ တခြားစီဖြစ်အောင် ဘယ်သူကပိုင်းခြားမယ်၊ ဉာဏ်ကပိုင်းခြားမယ်၊အေးအဲဒီလိုဉာဏ်ကပိုင်းခြားပြီးတော့မှ ငါနာတာမဟုတ်၊ ငါချမ်းသာတာမဟုတ်၊ ဒီလိုသိတဲ့အခါကျတော့မှ ကမ္မဋ္ဌာန်းလဲ ဖြစ်တယ်၊ အတ္တဒိဋ္ဌိလဲကွာတယ်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန် ကမ္မဋ္ဌာန်းကိုလဲ ပွားများရာရောက်တယ်၊ ဒီလိုဆိုလိုတာတဲ့။

ဝေဒနာသည် ခန္ဓာမဟုတ်၊ ဝေဒနာသည်ငါမဟုတ်၊ ဝေဒနာသည် ယောကျ်ားမိန်းမမဟုတ်၊ အဲဒီလိုအတ္တဒိဋ္ဌိကွာသွားတာကို ဉာဘပရိညာဆိုက်ဘယ်လို့ခေါ်တာ၊ အတ္တဒိဋ္ဌိကွာသွားတဲ့အခါ ဘာပရိညာဆိုက်တယ် ဉာတပရိညာဆိုက်တယ်၊ အေး ဉာတပရိညာဆိုက်တော့ ပုဂ္ဂိုလ်အဆင့်အတန်းအားဖြင့်တော့ ကလျာဏပုထုဇဉ်ခေါ်တယ်၊ တရားနာတဲ့အသိမျိုးစိတ်ကူးကြံစည်တဲ့အသိမျိုး၊ အဲဒီအသိမျိုးကို ဆိုလိုတာမဟုတ်ဘူးနော်၊ ခန္ဓာကိုယ်ထဲမှာ ဝေဒနာဖြစ်နေတုံး စိုက်ပြီးတော့နေတဲ့အခါမှာ ဟာဒီလိုပါကလားလို့ဘွားကနဲသိတဲ့ အသိမျိုးနော်၊ တောထွက်ဘုန်းကြီးကြီးတပါး ဆေးလိပ်သောက်လို့ သင်္ကန်းကြီး မီးပေါက်တော့မှ "ဟာသင်္ကန်းကြီးများနှစ်ထပ်ပါကလားဟ"လို့ အံ့အားသင့်အောင်သိတဲ့အသိမျိုးနော်။

အဲဒီဝေဒနာကိုအာရုံစိုက်နေတုန်း ဝေဒနာဟာ ငါနဲ့ဘာမှ မစပ်ပါကလားလို့၊ အဲဒီလိုသိတဲ့ အသိမျိုးကို ဉာတပရိညာခေါ်တယ်၊ တရားနာရင်းသိတဲ့အသိ၊ စိတ်ကူးကြံစည်ပြီးသိတဲ့အသိဟာ သက္ကာယဒိဋ္ဌိမကွာဘူး၊ သက္ကာယဒိဋ္ဌိကွာတဲ့အသိမျိုးရောက်မှ ကလျာဏပုထုဇဉ်ဖြစ်လို့ ဝေဒနာကို ပိုင်ပိုင်နိုင်

နှိုင် ဥာဏပရိညာဆိုက်အောင်သိပြီးတဲ့နောက်မှ ဒီဝေဒနာသည် ဘယ်မှာရှိသလဲ၊ ဘာကိုမှီလို့ဖြစ်သလဲ၊ ကောင်းကင်ဟင်းလင်း မှာ ဖြစ်တဲ့ဝေဒနာလား၊

ဒီလိုစဉ်းစားလိုက်တော့ ဝေဒနာဟာ ကရဇကာယ ကိုယ်မှာမှီပြီးတော့ဖြစ်တယ်၊ ကရဇကာယ ကိုယ်မှာမှီပြီးဖြစ်တော့ ဒီကိုယ်ကလဲဘဲ ကံ စိတ် ဥတု အာဟာရ အကြောင်းတရားကြောင့် ဖြစ်နေတဲ့ကိုယ်ကြီးဖြစ်တော့ကာ ဒီကိုယ်လဲဘဲ မမြဲတဲ့ အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခ၊ ဖောက်ပြန်ပျက်စီးတဲ့ ဝိပရိဏာမတရားကြီးပါကလား၊ ဝေဒနာ၏ မှီရာဖြစ်တဲ့ ကိုယ်သည် အနိစ္စ၊ ဝေဒနာ၏ မှီရာဖြစ်တဲ့ကိုယ်သည် ဒုက္ခ၊ ဝေဒနာ၏မှီရာဖြစ်တဲ့ ကိုယ်သည် ဝိပရိဏာမ။ အနိစ္စသဘော၊ ဒုက္ခသဘော၊ ဝိပရိဏာမသဘောဘဲ၊ ဒါဖြင့် သူ၏မှီရာဖြစ်တဲ့ ခန္ဓာကိုယ်ကြီးက အနိစ္စ၊ ဒုက္ခ။ ဝိပရိဏာမဖြစ်ခဲ့သော် ဒီကိုယ်မှာမှီပြီးဖြစ်တဲ့ ဝေဒနာကကော မြဲအုံးမှာလား၊ အနိစ္စဘဲနေ့ာ်။

အကြောင်းတရားတို့သည် ပြုပြင်အပ်သောကြောင့် သင်္ခတ၊ အကြောင်းတရားတို့ကိုစွဲ၍ ဖြစ်သောကြောင့် ပဋိစ္စသမုပ္ပန္န၊ ကုန်ခန်းခြင်းသဘောရှိသောကြောင့် ခယဓမ္မ၊ ပျက်စီးခြင်း သဘောရှိသောကြောင့် ဝယဓမ္မ၊ ကင်းခြင်းသဘောရှိသောကြောင့်ဝိရာဂဓမ္မ၊ချုပ်ခြင်းသဘောရှိသောကြောင့် နိရောဓဓမ္မ၊ ဝေဒနာသည် အနိစ္စ၊ သင်္ခတ၊ ပဋိစ္စသမုပ္ပန္န၊ ခယဓမ္မ၊ဝယဓမ္မ၊ ဝိရာဂဓမ္မ၊ နိရောဓဓမ္မတရားပါကလား။ ခန္ဓာကိုယ်လဲ မမြဲ၊ ခန္ဓာကိုယ်မှာဖြစ်နေတဲ့ဝေဒနာလဲမမြဲ၊ ဘယ်ဟာကမှမြဲတာမရှိပါကလားလို့ ကိုယ်ရော ဝေဒနာရော မမြဲတာသဘောပေါက်

တော့ မမြဲတဲ့တရားဟာ ချမ်းသာကြပါ့မလား မချမ်းသာပါဘူး၊ မချမ်းသာရင်ဒုက္ခ၊ မမြဲတာက အနိစ္စ၊ ဟော့ ဝေဒနာ မပျက်နဲ့လို့ အမိန့်ပေးလို့လဲ အမိန့်ကိုမနာခံဘူး။

ဒီတော့ ဒီဝေဒနာကို အစိုးရရဲ့လား၊ ပိုင်ရဲ့လား၊ မစိုးမပိုင်ဘူး၊ မစိုးမပိုင်ရင်ဖြင့် ဒီဝေဒနာဟာ ဘာလဲ အနတ္တ၊ အဲဒီဝေဒနာ၏ မမြဲတဲ့သဘော၊ ဝေဒနာ၏ အစိုးမရတဲ့သဘောကို ဆုံးဖြတ်နိုင်အောင် ပိုင်းပိုင်းခြားခြားသိတဲ့ဉာဏ်ကို တီရဏပရိညာ။ ပိုင်းပိုင်းခြားခြားသိတဲ့ တီရဏပရိညာရောက်တော့ ဝေဒနာယ နိဗ္ဗိန္ဒတိ၊ ဝေဒနာ၌ ငြီးငွေ့ပြီဟုတ်သား၊ မှန်ပါ့ဘုရား၊ အချို့စာက နိဗ္ဗိဒါလို့ရှိတယ်၊ သိလား၊ မသိပါဘူး၊ လူသိတဲ့အင်္ဂပါယ်မှမဟုတ်ဘဲနဲ့

ငြီးငွေ့တဲ့ဉာဏ်နဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကနိဗ္ဗိန္ဒ၊ ငြီးငွေ့တဲ့ဉာဏ်ကနိဗ္ဗိဒါ၊ ပုဂ္ဂိုလ်နဲ့ဉာဏ်နဲ့ခွဲပြီး ရေးထားတာ၊ ပုဂ္ဂိုလ်ကနိဗ္ဗိန္ဒ၊ ဉာဏ်က နိဗ္ဗိဒါ။ အေး ဝေဒနာယနိဗ္ဗိန္ဒတိဆိုတာ ပုဂ္ဂိုလ်စွဲပြောတာ၊ ဝေဒနာယ၊ ဝေဒနာပေါ်၌၊ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၍နေလေကော့သတည်း။ ဒီဝေဒနာပေါ်မှာ ငြီးငွေ့နေသော ယောဂီပုဂ္ဂိုလ်သည် ဒီဝေဒနာကို နှစ်သက်ပါအုံးမလား၊ မနှစ်သက်ပါဘူး။ မနှစ်သက်ရင် ဝေဒနာကိုနှစ်သက်တဲ့တဏှာဟာ ပပျောက်မသွားဘူးလား၊ ပပျောက်သွားပါတယ်၊ အေး အဲဒါဟာ ဝေဒနာနှစ်သက်တဲ့တဏှာကို ပယ်ပစ်လိုက်သောကြောင့် ပဟာနပရိညာ။ နိဗ္ဗိန္ဒတိ ဆိုတာဝိပဿနာဉာဏ်အားလုံးကို နိဗ္ဗိန္ဒတိတခုထဲနဲ့ဟောထားတာ။

နိဗ္ဗိဒါ ဝိရဇ္ဇတိဆိုတာက ငြီးငွေ့ပြီး ဝေဒနာကို နဲနဲမှမနှစ်သက်တော့ဘူး၊ ပုဂ္ဂိုလ်သတ္တဝါအစွဲမှ မရှိတော့ဘဲကို၊ ငါချမ်းသာတယ်၊ ငါဆင်းရဲတယ်ဆိုတဲ့ အစွဲမရှိတော့ဘူး၊ ဝေဒနာပေါ်မှာ နှစ်သက်ခြင်းတဏှာကွာနေတယ်၊ ကွာနေတော့ဝိရဇ္ဇတိ၊ တပ်ခြင်းကင်း၏၊ ဝေဒနာပေါ်မှာ တပ်မက်မှုမရှိတော့ဘူး၊ အဲဒါမဂ်ကိုပြောတာ။

ဝိပဿနာလဲ ပဟာနပရိညာဘဲ၊ ဝိရာဂါ တပ်ခြင်းကင်းသောကြောင့်။ ဝိမုစ္စတိ၊ ဝေဒနာကို နှစ်သက်တဲ့တဏှာမှ ကင်းလွတ်၍သွားတော့သည်၊ အဲဒီကျတော့ ဖိုလ်ရောက်သွားပြီ။ ဖိုလ်လဲရောက်သွားရော မယားမြင်ရလို့ ဝမ်းသာတဲ့ ဝေဒနာကိုလဲ မနှစ်သက်တော့ဘူး၊ သားမြင်ရလို့ ဝမ်းသာတဲ့ ဝေဒနာကိုလဲ မနှစ်သက်တော့ဘူး၊ စပါးမရှိလို့ မကြိတ်ရတဲ့ စက်အတွက်လဲ ဝမ်းမနည်းတော့ဘူး၊ ဘယ်ဝေဒနာကိုမှ အရေးမလုပ်တော့ဘူး၊ ဘာဖြစ်လို့လွတ်သွားပေါ့ကို၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ပဇာနာတိ ဆိုတဲ့အတိုင်း ပစ္စဝေက္ခဏာဉာဏ်က "ဟာ ငါလွတ်သွားပါပေါ့လား"လို့ သိတယ်၊ အဲဒီလိုလွတ်သွားတဲ့ အနေကျအောင်တော့လဲ မလုပ်ကြနဲ့ပေါ့၊ တိုးလို့တန်းလန်း ဖြစ်နေကြမယ်၊ အိမ်ကဟာတွေကို ထားပစ်ခဲ့ရမှာကိုး ဟုတ်ဘူးလား။

ခီဏာဇာတိ၊ ဟာ ငါ့ပဋိသန္ဓေနေခြင်းကုန်ပြီ၊ ဝုသိတံဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို ငါကျင့်သုံးလို့ပြီးပြီ၊ သာသနဗြဟ္မစရိယ၊ မြတ်စွာဘုရားသာသနာနဲ့တွေ့ကြုံတဲ့အခါ ကျင့်လိုက်ရတာ၊ ခုကျင့်ဘို့ ငါမရှိတော့ဘူး၊ ကတံကရဏီယံ၊ တဆဲ့ခြောက်ချက်ကိစ္စကိုပြုလုပ်၍ ပြီးပြီ၊ မဂ်ကိစ္စတဆဲ့ခြောက်ပါး

သိသလား၊ သိပါဘုရား၊ ဒုက္ခသစ္စာပိုင်းခြားခြင်း၊ သမုဒယ သစ္စာပယ်ခြင်း၊ နိရောဓသစ္စာမျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာ ပွားများခြင်း ထိုသစ္စာ၄လေးချက်မရှိဘူးလား၊ သောတာပတ္တိ မဂ်က ကိစ္စလေးပါး၊ သကဒါဂါမိမဂ်က ကိစ္စလေးပါး၊ အနာဂါမိမဂ်က ကိစ္စလေးပါး၊ အရဟတ္တမဂ်က ကိစ္စလေး ပါး၊ မဂ်တပါးတပါးမှာ ကိစ္စလေးပါးစီရှိသောကြောင့် မဂ် လေးပါးမှာကိစ္စတဆဲ့ခြောက်ပါး၊ အဲဒါမဂ်ကိစ္စတဆဲ့ခြောက် ချက်ခေါ်တယ်၊ ကရဏီယံ၊ ပြုအပ်၊ပြုသင့် ပြုထိုက်တဲ့မဂ်ကိစ္စ တဆဲ့ခြောက်ချက်ကို၊ မယာ၊ ငါသည်။ ကတံ၊ ပြုအပ်ပြီးပြီ။ နာပရံ ဣတ္ထတ္တာယ ဣတ္ထတ္တာယ၊ ဤတဆဲ့ခြောက်ချက်မဂ်ကိစ္စ အလို့ငှာ။ အပရံ၊ တပါးသောပြုဘွယ်ကိစ္စသည်။ မေ၊ ငါ့ အား။ နႆ၊ မရှိတော့ပြီ။

တရားလုပ်တယ် လုပ်တယ်ဆိုတာ ဒီမဂ်ကိစ္စတဆဲ့ခြောက် ချက်အတွက်နဲ့လုပ်ဋ္ဌနေရတာ၊ မဂ်ကိစ္စတဆဲ့ခြောက်ချက်ပြီးပြီ ဆိုရင် ဘာအလုပ်မှ လုပ်စရာမလိုတော့ဘူး၊ သက်နှင်းခေါင်းမြီး ချုံအိပ်နေရုံဘဲရှိတော့တယ်၊ ဟုတ်ဘူးလား၊ အဲဒီလိုမဂ်ဖိုလ်ရ တဲ့ ပုဂ္ဂိုလ်က ပစ္စဝေက္ခဏာဉာဏ်မဖြစ်ဘူးလား၊ ဖြစ်ပါတယ်၊ အေး မဂ်ဉပါဒ်တဲ့ခဏမှာ ဖိုလ်ဉပါဒ်တဲ့ခဏမှာ ပုဂ္ဂိုလ်သိ သတ္တဝါသိအနေနဲ့တော့ သိလိုက်တာမဟုတ်ဘူး၊ ဖြုံးကနဲဖြစ် သွားတာပုဂ္ဂိုလ်သိ သတ္တဝါသိမသိလိုက်ဘဲနဲ့ဖြုံးကနဲဖြစ်သွားပြီ တော့မှ နောက်မှပြန်ပြီးတော့ ပုဂ္ဂိုလ်သိသတ္တဝါသိနဲ့ဆင်ခြင် တော့ ခုတင်ကငါ့မှာ ဘယ်လိုဖြစ်တာပါကလားလို့၊ ဒီအစဉ် အတိုင်း ပစ္စဝေက္ခဏာဉာဏ်ပေါ်လာတယ်လို့ဆိုလိုတာ။

ကိုင်း ငါးနာရီထိုးပြီ။

ဤကဲ့သို့ကြားနာရသော ဓမ္မဿဝနကုသိုလ်ကံစေတနာတို့ကြောင့် ဝေဒနာတရားကို ပိုင်ပိုင်နိုင်နိုင်ကြိုးစား၍ အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါဘုရား။

မြောင်းမြမြို့ ဝေဠုဝတီ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည် သီတင်းနေ့များတွင် တပည့်တို့အား ဟောကြားဆုံးမတော်မူအပ်သော-

## ပညာဘူမိတရားတော်

ဦးမောင်သာ၊ ဘုရား။ တရားသမားတွေဆိုတော့ တရားဘဲ အရေးကြီးတယ်နော်၊ ဘုန်းကြီးကလဲ အစားဘဲ အရေးကြီးတယ်၊ ကိုယ့်အရေးနဲ့ကိုယ်တော့ ကြီးနေကြတာဘဲ၊ လုပ်တာ မလုပ်တာတော့ မတတ်နိုင်ဘူး၊ ဒီလိုလုပ်ရတယ်လို့ လမ်းစဉ် သိဘို့တော့ ပြောရမှာဘဲ။

ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဣန္ဒြေ၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် ခန္ဓာကတပါး၊ အာယတနကတပါး၊ ဓာတ်ကတပါး၊ ဣန္ဒြေကတပါး၊ သစ္စာကတပါး၊ ပဋိစ္စသမုပ္ပါဒ်က တပါးအားဖြင့် အဲဒီခြောက်ပါးဟာ ပညာဘူမိတရားခေါ်တယ်၊ ပညာဘူမိ တရားဆိုတော့။

သီလေ ပတိဋ္ဌာယ နရော၊ သပညော စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ။
ဝိသုဒ္ဓိမဂ်က အဲဒီဂါထာလေးကိုတည်ပြီး ရေးတယ်၊ အဲဒီ
ဂါထာကလေးမှာ။

၁။ တိဟိတ် ပဋိသန္ဓေပညာ။
၂။ ဝိပဿနာပညာ၊
၃။ ပါရိဟာရိယပညာ လို့ ပညာက သုံးပါးပါနေတယ်။
အေး ဝိပဿနာနဲ့စပ်ရင် ဒီပညာသုံးမျိုးနဲ့ဆိုင်တယ်။

တိဟိတ်ပဋိသန္ဓေဆိုတာကတော့ ရှေးအတိတ်ဘဝက ပြုခဲ့တဲ့ကံနဲ့ဆိုင်တယ်။ ယခုဘဝမှာ လုပ်လို့မရဘူး၊ ဂါထာက၊ သပညော၊ တိဟိတ်ပဋိသန် ကမ္မဇဉာဏ် ရှိ၏တဲ့။ တိဟိတ်ပဋိသန္ဓေပညာဆိုတာ ကံကြောင့်ဖြစ်တယ်။

ကမ္မနေ၀ာတံ၊ ကမ္မဇံ၊ ကမ္မေန၊ ကံကြောင့်၊ ဇာတံ၊ ဖြစ်သည်တည်း။ ကမ္မဇံ၊ ကံကြောင့်ဖြစ်သည်။ ကံကြောင့်ဖြစ်တာနော်၊ ရုပ်လဲ ကံကြောင့်ဖြစ်ရင် ကမ္မဇ၊ နာမ်လဲကံကြောင့်ဖြစ်ရင် ကမ္မဇ။ ကမ္မက-ကံ၊ ဇ-က ဖြစ်တယ်။ ကမ္မဇဆိုတာ ကံကြောင့်ဖြစ်တာကို ပြောတာ။ ကံကြောင့်ဖြစ်တဲ့ ပဋိသန္ဓေစိတ်မှာ အလောဘ၊ အဒေါသ။ အမောဟဆိုတဲ့ ဟိတ်သုံးပါးပါလာတယ်။ ဒီလူပဋိသန္ဓေနေတုန်းက အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ဟိတ်သုံးပါးနဲ့ ပဋိသန္ဓေနေခဲ့တယ်။ အဲဒီဟိတ်သုံးပါးနဲ့ ပဋိသန္ဓေနေခဲ့သောကြောင့် ဒီလူ မသေမချင်း တသက်လုံး ဘဝင်ကျတော့လဲ ဟိတ်သုံးပါးပါတဲ့ ဘဝင်စိတ်

ဘဲကျတယ်၊ ပုဂ္ဂိုလ်အားဖြင့်တော့ တိဟိတ်ပုဂ္ဂိုလ်ပေါ့တယ်။ အဲဒီပဋိသန္ဓေစိတ်၊ ဘဝင်စိတ်ဟာ ကုံလား ဝိပါက်လားလို့စစ် လိုက်တော့ ဝိပါက်တရားတဲ့။

ကမ္မနာ၊ ကံကြောင့်။ ဇာတံ၊ ဖြစ်သည်တည်း။ ကမ္မဇံ၊ ကံကြောင့်ဖြစ်သည်။ ကံက ရှေးအတိတ်က ပြုခဲ့တာ၊ အကျိုး ဝိပါက်က ယခုဘဝမှဖြစ်တာ၊ ၎င်းကံ၏အကျိုးဖြစ်တဲ့ ဝိပါက် ထဲမှာပါတဲ့ တိဟိတ်ပဋိသန္ဓေပညာဟာ၊ ဘာနဲ့တူသလဲဆိုတော့ သံမဏိနဲ့တူတယ်နော်။ စည်ပတ်သံကို ဓားလုပ်ရင်ကော ဓားမ ဖြစ်ဘူးလား၊ ရှမိးပေါ့တဲ့သံမဏိမျိုးကို ဓားလုပ်ရင်ကော ဓား မဖြစ်ဘူးလား၊ သံမဏိလုပ်တဲ့ဓားနဲ့ စည်ပတ်သံလုပ်တဲ့ဓားဟာ သုံးရာကျတော့ ဘယ်ဒင်းက ခရီးရောက်ပါလိမ့်။ သံမဏိလုပ် တဲ့ဓားက ခရီးရောက်တယ်။ ထိုနည်းတူစွာ ပဋိသန္ဓေအခိုက် တုန်းက အလောဘ၊ အဒေါသ၊ အမောဟနဲ့ ဖြစ်လာတဲ့ ပဋိ သန္ဓေစိတ်၊ ဘဝင်စိတ်ရှိတဲ့ တိဟိတ်ပုဂ္ဂိုလ်၏ဉာဏ်ကသာ တ ကယ့်နက်နဲတဲ့ ရုပ်တရား နာမ်တရား နိဗ္ဗာန်တရား အစရှိသော တရားတွေကို နက်နက်နဲနဲသိနိုင်တာ၊ ဘာဖြစ်လို့ သံမဏိလုပ် သောဓားနဲ့တူသောကြောင့် အပြတ်ရဲတယ်၊ ထိုးထွင်းသွား တယ်နော်။

စည်ပတ်သံလုပ်တဲ့ဓား အသွေးကောင်းလို့ ပြတ်ပေမဲ့၊တာ ရှည်အသုံးမခံဘူး။ အပြတ်ကောရဲပါ့မလား၊ မရဲဘူး။အလော ဘ၊ အဒေါသနှစ်ပါးထဲနဲ့ ပဋိသန္ဓေနေကြတဲ့ ဒွိဟိတ်ပုဂ္ဂိုလ်ရဲ့ ဉာဏ်ကျတော့ စည်ပတ်သံလုပ်ထားတဲ့ ဓားနဲ့တူတယ်။ ယခု ပစ္စုပ္ပန်ဘဝမှာ အလေ့အလာကောင်းလို့၊ ဗဟုသုတတွေအား

ကြီးလို့၊ အသိဉာဏ်ရှိတယ် ဆိုပေမယ့်လို့၊ တကယ့်ရုပ်တရား နာမ်တရား သဘောတရားနဲ့ကျတော့ အဲဒီဒွိဟိတ်ပုဂ္ဂိုလ်၏ဉာဏ်ဟာ မစူးရှဘူး။ အဲဒီဉာဏ်က ရှေးအတိတ်ကံနဲ့ဆိုင်တယ်။ တိဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်နှစ်ဦးတို့တွင် တရားဆိုတာ တိဟိတ်ပုဂ္ဂိုလ်မှရတယ်။ ဒီလူဟာ တိဟိတ်ပုဂ္ဂိုလ်၊ ဒီလူဟာဒွိဟိတ်ပုဂ္ဂိုလ်လို့ သိဘို့ကော မခဲယဉ်းဘူးလား၊ ခဲယဉ်းပါတယ်။ ဒီတော့ တိဟိတ်ဘဲဖြစ်ဖြစ်၊ ဒွိဟိတ်ဘဲဖြစ်ဖြစ် တရားကိုတော့ လုပ်ကြပေါ့။ တိဟိတ်ဖြစ်ရင် ဒီဘဝတရားရမယ်၊ ဒွိဟိတ်ဖြစ်ရင် နောင်ဘဝတရားရမယ်ပေါ့။ တရားလုပ်လို့ရှိရင်တော့ ဒွိဟိတ်ပေမယ့်လို့ အပါယ်လေးပါးတော့လဲ ကင်းနိုင်တယ်၊ နောက်ဘဝလဲ တရားရနိုင်တယ်၊ တိဟိတ်ကတော့ ဒီဘဝတွင် ရနိုင်တယ်။

## အကျိုးနှင့်ကံ၊ သိသူမှန်၊ ဖြစ်ရန်ဉာဏသမ္ပယုတ္တ။

အဖျင်းဆုံးအားဖြင့် ဒီကံပြုလို့ရှိရင် ဒီအကျိုးပေးလိမ့်မယ်လို့ ကံနဲ့ကံ၏အကျိုးကို သိပြီးတော့လုပ်ခဲ့သော် တိဟိတ်ဉာဏသမ္ပယုတ်ကုသိုလ်ဖြစ်တယ်။ အေး တိဟိတ်ကုသိုလ်ဆိုတာ အရာရာမှာ ဉာဏ်နဲ့ယှဉ်ပြီးဖြစ်တယ်။

သာမာဝတီဝတ္ထုမှာ ခုဇ္ဇုတ္တရာ အမည်ရှိသော ကျွန်မတယောက်ရှိတယ်။ ဗမာလိုပြန်ရင်ဖြင့် ခုဇ္ဇုတ္တရာကို ခင်မြင့်လို့ခေါ်ပေါ့။ ခုဇ္ဇက၊ ခင်။ ဥတ္တရာက၊ မြင့်။ ခုဇ္ဇုတ္တရာကို ခင်မြင့်လို့ခေါ်နော်။ ဒီဘက် ခေတ်ဆန်ချင်ရင်တော့ ခင်ခင်မြင့်လို့ခေါ်။

သောတာပန်အဖြစ်နဲ့ ပဋိသမ္ဘိဒါလေးပါးရတာ ရှင်အာနန္ဒာနဲ့ ခုဇ္ဇုတ္တရာဘဲ ထင်ရှားတယ်။ ဒီပြင်ပုဂ္ဂိုလ်တွေ ပဋိသမ္ဘိဒါဉာဏ်ရတယ်ဆိုပေမဲ့ များသောအားဖြင့် ရဟန္တာဖြစ်မှရကြတာ၊ အနာဂါမ်ဖြစ်မှ ရကြတာနော်။

၁။ အတ္ထပဋိသမ္ဘိဒါ၊

၂။ ဓမ္မပဋိသမ္ဘိဒါ၊

၃။ နိရုတ္တိပဋိသမ္ဘိဒါ၊

၄။ ပဋိဘာန ပဋိသမ္ဘိဒါတဲ့၊ ပဋိသမ္ဘိဒါဉာဏ်လေးပါး။

အဲဒီ ပဋိသမ္ဘိဒါဆိုတာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးသည့်နောက် နှစ်ပေါင်းတထောင်သာ သာသနာမှာခံတယ်။

မဇ္ဈိမသာသနာနှစ်ပေါင်း ၃၀၀။

သိဟိုဠ်သာသနာနှစ်ပေါင်း ၇၀၀။

ပေါင်းလိုက်တော့ နှစ်ပေါင်း ၁၀၀၀။ အဲဒီနှစ်ပေါင်း ၁၀၀၀ သာ ပဋိသမ္ဘိဒါခေတ်။ ဒီနောက်မှာပဋိသမ္ဘိဒါဉာဏ်ရတဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိစကောင်းပါဘူး။ ဘုရားသာသနာမှာ ပဋိသမ္ဘိဒါဉာဏ်လေးပါးဆိုတာ အင်မတန် အထက်တန်းကျတယ်။ သာသနာနောက်ပိုင်းမှာ အဲဒီပဋိသမ္ဘိဒါဉာဏ် မရနိုင်တော့ဘူး။

အတ္ထပဋိသမ္ဘိဒါ၊ အကျိုးတရားကိုသိတဲ့ဉာဏ်။
ဓမ္မပဋိသမ္ဘိဒါ၊ အကြောင်းတရားကိုသိတဲ့ဉာဏ်။

နိရုတ္တိပဋိသမ္ဘိဒါ၊ အကျိုးတရား အကြောင်းတရားတို့ကိုခေါ်ဝေါ်ပြောဆိုနိုင်တဲ့ဉာဏ်။

နိရုတ္တိပဋိသမ္ဘိဒါရတဲ့ပုဂ္ဂိုလ်က ကိုယ်ပြောချင်တဲ့ စကားလုံး ကိုယ်ပြောချင်တဲ့ အနက်အဓိပ္ပာယ်ကို ဘယ်ဘာသာနဲ့ပြောရပြောရ ပြောနိုင်တယ်။ အကျိုးကိုလဲသိတယ်၊ အကြောင်းကိုလဲသိတယ်။ ၎င်းသိတဲ့ အကျိုး အကြောင်းကိုလဲ ဘာသာအမျိုးမျိုးနဲ့ ထုတ်ဖော်ပြောနိုင်တယ်။ အကျိုးသိတာ အတ္ထပဋိသမ္ဘိဒါ၊ အကြောင်းသိတာက ဓမ္မပဋိသမ္ဘိဒါ။ ၎င်းသိတဲ့အတိုင်းဘာသာအမျိုးမျိုးနဲ့ ထုတ်ဖော်ပြောဆိုနိုင်တာကနိရုတ္တိပဋိသမ္ဘိဒါပေါ့။ ဒါကြောင့် ပဋိသမ္ဘိဒါဉာဏ် ရတဲ့ပုဂ္ဂိုလ်များဟာ ပိဋကတ်သုံးပုံကို မသင်ဘဲနဲ့ တတ်တယ်လို့ ပြောတာ။ ပိဋကတ်သုံးပုံဆိုတာ အကျိုးရယ်၊ အကြောင်းရယ်လို့ ခေါ်ဝေါ်ပြောဆို သုံးစွဲခြင်းဘဲ။

ပဋိဘာန ပဋိသမ္ဘိဒါဆိုတာကတော့ ဒီအကြောင်းရယ်၊ ဒီအကျိုးရယ်၊ ဒီအကြောင်းအကျိုး အမျိုးမျိုးကို ပြောဆိုတဲ့ ဘာသာဝေါဟာရရယ်။ အဲဒီသုံးမျိုးကို ဒါဘယ်လိုပြောရမယ်လို့ တွေးမနေရဘူး၊ ဉာဏ်ပညာ အလိုလို ထင်ထင်ရှားရှား သိနေတာပေါ့။ မှန်မှန်မှားမှား စိတ်ကူးကြံစည်ပြီး သိတဲ့အသိမျိုးမဟုတ်ဘူးတဲ့။ ပတ္တမြားကို လက်ဝါးပေါ်တင်ပြီး ကြည့်သကဲ့သို့ အင်မတန် ထင်ထင်ရှားရှား သိတဲ့အသိကို ပဋိဘာန ခေါ်တာ။ အဲဒီ ပဋိသမ္ဘိဒါလေးပါးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကိုပဋိသမ္ဘိဒါ ပတ္တလို့ခေါ်တယ်။

ပဋိသမ္ဘိဒါပတ္တ ရဟန္တာ၊
ဆဠဘိညာ ရဟန္တာ၊
တေဝိဇ္ဇ ရဟန္တာ၊

သုက္ခဝိပဿက ရဟန္တာလို့ ရဟန္တာအမျိုးမျိုး မရှိဘူးလား။ အဲဒီ အမျိုးမျိုးထဲမှာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဆိုတာ ထိပ်တန်းနော်။ ဘုရားလက်ထက်ကစ၍ ဘုရားမရှိသည့်နောက် နှစ်ပေါင်း တထောင်သာခံတယ်တဲ့။

မြန်မာနိုင်ငံ သာသနာရောက်တော့ ပဋိသမ္ဘိဒါခေတ် မရှိတော့ဘူး။ အင်မတန်ညံ့ဖျင်းသွားပြီ။ သီဟိုဠ်သာသနာအနှစ် ၇၀၀ ဆိုပေမဲ့၊ သီဟိုဠ်သာသာသနာနဲ့ မြန်မာသာသနာက အပြိုင်လိုရောက်ကြတယ်။ ပြောရိုးဆိုစဉ်ကတော့ သီဟိုဠ်ကိုသာ ပြောထားတာကို၊ ဘာဖြစ်လို့တုန်း။

သီရိခေမ္မာသောကမင်းကြီး တတိယ သံဂါယနာ တင်ပြီးတဲ့နောက် ကိုးတိုင်းကိုးဌာန သာသနာပြု လွှတ်တယ်ဆိုတော့။ သီဟိုဠ်ကိုလဲလွှတ်တယ်။ သထုံကိုလဲလွှတ်တယ်။ ဒီတော့ ကိုးတိုင်းကိုးဌာန သာသနာပြုလွှတ်တဲ့အထဲမှာ မြန်မာပြည်ကော မပါဘူးလား။ ပါပါတယ်၊ သီဟိုဠ် အနှစ်၇၀၀နဲ့ မြန်မာအနှစ် ၇၀၀ သိပ်ကွာမယ်တော့ မဟုတ်ဘူးပေါ့။ သို့ပေမယ်လို့ သီဟိုဠ်သာသနာက အကြီးအကျယ် ထွန်းကားလေတော့ သူ့ကပိုပြီး ထင်ရှားနေတယ်။ မြန်မာနိုင်ငံမှာလဲဘဲ မရောက်ဘူးလို့ မဆိုနိုင်ပါဘူး။

ပြောလိုရင်းက ဘာတုန်း၊ ခုဇ္ဇုတ္တရာ-ခင်မြင့်ရဲ့အကြောင်း ပြောလိုရင်းပါ။ တကယ့်ရဟန္တာထိပ်တန်းကြီးတွေမှ ပဋိသမ္ဘိ

ဒါဥာဏ်ရဘာယ်။ သောဘာပန်အဖြစ်နဲ့ ပဋိသမ္ဘိဒါဉာဏ်ရတာ ဘယ်သူ၊ အရှင်အာနန္ဒာနှင့် ခုဇ္ဇုတ္တရာနော်။ ဒီတော့ ခုဇ္ဇုတ္တရာဟာ ပဋိသမ္ဘိဒါဉာဏ်လေးပါးရတဲ့ ကျွန်မတဲ့။ ကျွန်မဆိုပေမယ်လို့ ခုခေတ်အိမ်ဖော်တွေလို မဟုတ်ပါဘူး။ အထက်တန်းစားပါ။ ပပဝတီရဲ့ကျွန်မကိုး။ မိဖုရားရဲ့ အခိုင်းအစေမို့သာ ကျွန်မခေါ်တာ။ အောက်တန်းမကျပါဘူး။ အဲဒီခုဇ္ဇုတ္တရာဟာ ခါးကုန်းတယ်။ ခုဇ္ဇုတ္တရာရဲ့ ပုံသဏ္ဌာန်နေပုံက ခပ်ကုန်းကုန်းကလေး။ ခပ်ကုန်းကုန်းကလေး ဆိုပေမဲ့၊ နန်းတွင်းသူဆိုတော့ ယဉ်မှာပါ။ အမေပန်းတို့ ကုန်းသလိုဘဲ ဖြစ်လိမ့်မယ်ထင်တယ်။ သူ့နာမည်ရင်းက ဥတ္တရာတဲ့။ခပ်ကုန်းကုန်းကလေးနေတဲ့ ဥတ္တရာပေါ့။

အဲဒီဥတ္တရာဟာ ပဋိသမ္ဘိဒါဉာဏ်လေးပါးနဲ့ ပြည့်စုံသောကြောင့် ဉာဏ်သက်မြက်ဘယ်၊ ခပ်ကုန်းကုန်းကလေး နေတာက ဘာဖြစ်သို့၊ ကျွန်ဖြစ်တာကဘာဖြစ်လို့၊ အသိဉာဏ်ထက်မြက်တာက ဘာဖြစ်လို့ ဆိုတာကို ခုဇ္ဇုတ္တရာ အကြောင်းနဲ့ ပတ်သက်လို့ ရဟန်းတွေဆွေးနွေးကြတော့ မြတ်စွာဘုရားက မိန့်တော်မူသတဲ့။ သူ့ကံနဲ့သူလာတာ ဟော့တဲ့။

ခါးကုန်းရတာက တခြားကြောင့်မဟုတ်ဘူး၊ ရှေးဘဝနန်းတွင်းသူ ဖြစ်စဉ်ခါက နန်းတော်ကိုဆွမ်းခံကြွလာတဲ့ပစ္စေကဗုဒ္ဓါတပါးက ခါးကုန်းသတဲ့။ ဆွမ်းခံကြွလာတဲ့ပစ္စေကဗုဒ္ဓါက ခါးကုန်းတော့ကာ နေ့လယ်နေ့ခင်း နန်းတွင်းသူတွေစုပြီး စကားဝိုင်းဖွဲ့ပြောဆိုကြတဲ့အခါမှာ ခုဇ္ဇုတ္တရာက အဲဒီဆွမ်းခံကြွလာတဲ့

ပစ္စေကဗုဒ္ဓါအရှင်မြတ် ခါးကုန်းပုံကို သူကလုပ်ပြသတဲ့။ တို့နန်း တော်သို့ကြွလာတဲ့အရှင်မြတ်ကြီးက ဟောခုလိုဘဲ၊ ဟောခုလို ဘဲလို့ ခါးကုန်းပုံကို လုပ်ပြဘူးတဲ့ကံကြောင့် ယခုဘဝမှာ သူ ခါးကုန်းရတယ်။

ကျွန်ဖြစ်ရတဲ့ အကြောင်းကတော့ ကဿပမြတ်စွာဘုရား သာသနာမှာ သူဌေးသမီးဖြစ်တော့ သူဌေးသမီးအိမ်ကို ရဟန္တာ ဖြစ်တဲ့ ဘိက္ခုနီမက ကြွလာတယ်၊ သူတို့အချင်းချင်း အကျွမ်း ဝင်ကြတာကိုး တို့မယ်သီသတွေ ဆန်ခံရအောင် ရွာထဲသွားပြီး မိတ်ဖွဲ့သလိုတော့ ဟုတ်မယ်မထင်ပါဘူး၊ ဟိုကတော့ ရဟန္တာမ တွေကို၊ အဲ့ဒီအထဲက ရဟန္တာမတပါးက သူဌေးသမီးအိမ်သွား ပြီး၊ သူဌေးသမီးနဲ့ အကျွမ်းတဝင်စကားပြောနေတော့ ဒီအရပ် မှာတော့ ရှိလား မရှိလား မသိဘူး၊ တို့အညာ အရပ်မှာတော့ ရှိတယ်၊ မှန်ခံတောင်းလို့ခေါ်တယ် အဲဒီတောင်းထဲမှာ မှန်လဲ ရှိတယ်၊ သနပ်ခါးလဲရှိတယ်၊ မိန်းမတို့အတွက် အလှအပပြင်တဲ့ တန်ဆာတွေ ထည့်ထားတဲ့ တောင်းပေါ့၊ ခုတော့ သနပ်ခါး ခေါက်မသုံးဘဲနဲ့ ပေါင်ဒါသုံးတဲ့ ခေတ်ဆိုတော့ တောင်းမလို တော့ဘူးပေါ့၊ ဟိုတုန်းကတော့ သနပ်ခါးခေါက်ကို တောင်းနဲ့ ထည့်ရတယ်၊ မှန်လဲ ဒီအထဲထည့်ရတယ်၊ ဘီးလဲ ဒီအထဲမှာဘဲ ဒါကြောင့် ဒီတောင်းကို မှန်ခံတောင်းလို့ခေါ်တယ်၊

အဲဒီ မှန်ခံတောင်းက ဘိက္ခုနီမ ဘက်က ဖြစ်နေတယ်၊ ဘိက္ခုနီမဘက်က ဖြစ်နေတော့ အဲဒီ မှန်ခံတောင်းထဲက ပစ္စည်း လိုချင်လို့ ဘိက္ခုနီမကို သူက အမှတ်မဲ့နဲ့ ဟိုက တောင်းကို ဒီဘက်ပေးလိုက်ပါ အရှင်မလို့ပြောတော့ ဘိက္ခုနီမကသိတယ်

မပေးဘဲ နေပြန်ရင်လဲ သူစိတ်ဆိုးပြီး ငရဲကျတော့မှာဘဲ အပြစ်လေးရှာတော့မယ် ပေးပြန်လို့ရှိရင်လဲ သူ့မှာဝင့်လိုက်တော့မှာဘဲ၊ သို့ပေမဲ့ ငရဲကျတာနဲ့ စာရင် တော်သေးရဲ့ဆိုပြီး ပေးလိုက်တယ်။ အဲဒီလို ကိုယ်ထက်မြင့်မြတ်တဲ့ လူကို ခိုင်းမိတဲ့အတွက် ကြောင့် ကျွန်ဖြစ်တယ်တဲ့၊ ခုဇ္ဇုတ္တရာလေ။

အဲဒါ သတိထားကြ၊ တို့ယောဂီတွေ ဟောဒီသီလရှင် 'ကြီးကြီး' တို့ 'သေးသေး' တို့အလွန်ခိုင်းတယ်၊ ဟိုဟာ လုပ်လိုက်စမ်းပါ။ ဒီဟာ လုပ်လိုက်စမ်းပါနဲ့ သူတို့မှာ လူအဆင့် အတန်းချင်းက မတူဘူး၊ အကျွမ်းဝင်လို့ ခိုင်းပေမဲ့ ကိုယ့်ထက် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်နေတယ်။ သို့ပေမဲ့ ရဟန္တာ ခိုင်းသလောက်တော့ ဆိုးမယ်မထင်ပါဘူး မြင့်မြတ်သာ ကတော့အမှန်ဘဲ၊ လူဝတ် ကြောင်နဲ့ မယ်သီလကို။

အဲဒီတော့ အရှင်ပစ္စေကဗုဒ္ဓါ ခါးကုန်းပုံကိုလုပ်ပြီးတော့ပြခဲ့လို့ ခါးကုန်းတယ်။ ဘိက္ခုနီမကို မှန်ခံတောင်း ဒီဘက်လှမ်းလိုက်ပါလို့ ခိုင်းမိလို့ ကျွန်ဖြစ်ဘယ်နေ့်။

ဒါဖြင့် ဉာဏ်သက်မြက်သာက ဘာဖြစ်လို့လဲ၊ ဉာဏ်သက် မြက်တာက အသိဉာဏ်ယှဉ်ဘဲ ဉာဏသမ္ပယုတ် ကုသိုလ်ကိုပြု လုပ်ခဲ့တယ်တဲ့၊

တခုသောဘဝမှာ နန်းတွင်းသူ ဖြစ်တဲ့အခါ နန်းတွင်းသို့ ဆွမ်းခံကြွလာတဲ့ အရှင်ပစ္စေကဗုဒ္ဓါ၏ ဆွမ်းသပိတ်ကပူတော့ မကိုင်နိုင်လို့ ဟိုဘက်လှည့်ကိုင် ဒီဘက်လှည့်ကိုင်နဲ့ ဖြစ်နေဘာ ကိုသူမြင်တော့ သူ့မှာ အသိဉာဏ်ဝင်လာတယ်။ ငါဝတ်ထားတဲ့ ဆင်စွယ်လက်ကောက်ကို တပိုက်ခြေအဖြစ်နဲ့ လက်ဝါးပေါ်မှာ

တင်ပြီး သပိတ်တင်လိုက်ရင် အပူသက်သာမှာဘဲလို့ အဲဒီလို အသိဉာဏ် ဝင်လာတယ်။ အဲဒီ အသိဉာဏ်နဲ့ ဆင်စွယ်လက်ကောက်ကိုချွတ်ပြီးတော့ ဒီလက်ကောက်ကို သပိတ်ခြေအဖြစ်နဲ့ အလှူခံတော်မူပါဘုရားလို့ လျှောက်ထားပြီး အပူသက်သာစေလိုတဲ့ ဉာဏ်နဲ့ ဆင်စွယ် လက်ကောက်ကို လှူခဲ့ဘူးတယ်တဲ့။ အဲဒါကြောင့် သူ့မှာ အသိဉာဏ် ထက်မြက် တယ်နော်။

ဒါကြောင့် "အကျိုးနှင့် ကံ၊ သိသူမှန်၊ ဖြစ်ရန်ဉာဏ သမ္ပယုတ္တ" ဘယ်လိုအကျိုးလဲ အပူသက်သာလိမ့်မယ်ဆိုတဲ့ အကျိုး။ ကံက ဒီဆင်စွယ် လက်ကောက်ကို လှူလိုက်တဲ့ကံ။ ဒီဆင်စွယ် လက်ကောက်ကိုလှူလိုတဲ့ကံကြောင့် (အမှုကြောင့်) အရှင်ပစ္စေက ဗုဒ္ဓါ ကိုယ်တော်မြတ်ကြီးမှာ အပူအေးငြိမ်းသွားလိမ့်မယ် ဆိုတဲ့ အသိဉာဏ် ဝင်လာတယ်၊ ဒီတော့ အကြောင်းရော အကျိုးရော မသိဘူးလား သိပါတယ်၊ ဒါလုပ်ရင် ဒီအကျိုး ဖြစ်မယ်ဆိုတာ ကိုသိပြီးမှ လုပ်တာ။

အချို့ ကောင်းမှုလုပ်တာက ဒါဘယ်ကုသိုလ် လုပ်လိုက်ရ ရင် သံသာဘော်များ ဘယ်လိုချမ်းသာမယ်၊ ဒီလိုစိတ်ကူးစဉ်းစား နဲ့ လုပ်တာ၊ ဒါဘယ်ကုသိုလ် လုပ်လိုက်ရင် ဘယ်သူဟာ ဘယ် လိုသက်သာသွားမယ်။ ဒီလိုအကျိုးကြည့်ပြီးမှလုပ်တာ။ တချို့ က ဒီလိုမဟုတ်ဘူး၊ သူများလုပ်တာနဲ့ လုပ်တာပဲ ဘာအကျိုး မှမကြည့်ဘူး။ ဒီလိုလုပ်တာလဲရှိတယ်၊ အဲဒါတွေက ဉာဏ သမ္ပယုတ်မဖြစ်ဘူး။ အသိဉာဏ်နဲ့လုပ်မှ ဉာဏသမ္ပယုတ်ဖြစ် တယ်နော်၊

ခုဒင်က ခုဋ္ဌတ္တရာ လုပ်သလိုပေါ့ငါ့သင်္ခစွယ် လက်ကောက် ချွတ်လှူလိုက်ရလို့ ရှိရင်ဖြင့် ကိုယ်တော်မြတ်မှာ အပူအေးသွားမယ်။ အဲဒီလို အကျိုးကိုမျှော်ကိုးပြီး လုပ်သာကို ဉာဏသမ္ပယုတ် ကုသိုလ်ခေါ်တယ်။ အဲဒီဉာဏသမ္ပယုတ် တိဟိတ် ကုသိုလ် ကလဲဘဲ ဩမကကုသိုလ် ဥက္ကဋ္ဌကုသိုလ်လို့ နှစ်မျိုးရှိတယ်။ ဉာဏသမ္ပယုတ်ပင်ဖြစ်သော်လည်း

**အကုသိုလ်ခြံရံ၊ ဒေါသမပွား၊ ဉာဏ်နှစ်ပါး၊ မှတ်သားဩမက။**

ဆိုတဲ့အတိုင်း တိဟိတ် ကုသိုလ် လုပ်ပေမဲ့ ကုသိုလ်လုပ်ရင်း စိတ်အနှောင့်အယှက် မကင်းဘူး။ ကုသိုလ်လုပ်ရာမှာ အကုသိုလ် အခြံအရံတွေနဲ့ လုပ်တယ်၊ အကုသိုလ် အခြံအရံဆိုတာ သိရဲ့လား၊ ပြောနေစရာမလိုပါဘူး။ ကုသိုလ်လုပ်ရာမှာ ပျော်ချင်တယ်၊ ပါးချင်တယ်၊ တုချင်တယ်၊ ပချင်တယ်၊ ဒီ လောကီစိတ်တွေ ပါနေတာပေါ့။ ဒီလောကီစိတ်တွေဟာ ကုသိုလ်လား အကုသိုလ်လား အကုသိုလ်ပါ၊ အေး ကုသိုလ် လုပ်ရာမှာ အကုသိုလ်ပါနေရင် ဒီကုသိုလ်ဟာ ဉာဏသမ္ပယုတ် ဖြစ်ပေမယ်လို့ ယုတ်ညံ့တယ်၊ ယုတ်ညံ့တဲ့အတွက် တိဟိတ်ဩမကကုသိုလ် ခေါ်တယ်။ တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကျတော့

**ကုသိုလ်ခြံရံ၊ အဖန်ဖန်ပွား၊ ဉာဏ်နှစ်ပါး၊ မှတ်သားဥက္ကဋ္ဌ။**

ဆိုတဲ့အတိုင်း ဉာဏသမ္ပယုတ် ကုသိုလ်သဲဖြစ်တယ်၊ ကုသိုလ် အခြံအရံနဲ့လဲ လုပ်တယ်၊ ဒီကုသိုလ် လုပ်တဲ့အခါ ဟိုကုသိုလ် အခြံအရံတွေ ပါတယ်ပေါ့။ ကုသိုလ်အခြံအရံတွေ ပါသော ကြောင့် ကုသိုလ်ခြံရံအဖန်ဖန်ပွားဆိုတာ ဒီကုသိုလ်တခုလုပ်

ပြီးတဲ့နောက် အမြဲမပြတ် စိတ်ထဲမှာ ကုသိုလ်ချည်းဘဲ အာရုံ ပြုနေတယ်၊ စာဂါနုဿတိနော်။ အာရုံပြုပြီးရင်း ပြုရင်း၊ပြုပြီး ရင်းပြုရင်း ကုသိုလ်တခါပြုလိုက်ပြီးရင် ဒီကုသိုလ်ဟာအောက် မေ့လို့ အမှတ်ရလို့ မပြီးနိုင်ဘူး။ အဲဒီလို ကိုယ်ပြုခဲ့တဲ့ ကုသိုလ် ကို အဖန်ဖန်ပွားများရင်လဲဘဲ ဥက္ကဋ္ဌကုသိုလ်ဖြစ်နိုင်တယ်။ ဒီပြင် ကုသိုလ် အခြံအရံတွေ များရင်လဲဘဲ ဥက္ကဋ္ဌ ကုသိုလ်ဖြစ်နိုင် တယ်။ ဥက္ကဋ္ဌဆိုတာ မြင့်မြတ်ထာ ဥက္ကဋ္ဌသဒ္ဒါ အမြတ်ဟော တာ။

အဲဒီတော့ ဥာဏသမ္ပယုတ် ကုသိုလ်ဖြစ်စေရမယ်၊ဒီပြင်အခြံ အရံကုသိုလ်လဲပါရမယ်။ ဥပမာ ဒါနပြုရာမှာ သီလလဲ စောင့် တယ်ဆိုပါတော့။ ဒါနပြုရာမှာ တရားလဲနာတယ် ဆိုပါတော့။ ဒါနပြုရာမှာ ဘုရားလဲရှိခိုးတယ်ဆိုပါတော့။ ဒါနပြုတဲ့အခါ ကလေးမှာ ကုသိုလ်အခြံအရံတွေ မများဘူးလား၊ အဲဒီအခြံ အရံတွေနဲ့တကွလုပ်တာကို ကုသိုလ်ခြံရံတယ်လို့ဆိုတာ။ အဖန် ဖန်ပွားဆိုတာက ကိုယ်လုပ်တဲ့ကုသိုလ်ပေါ်မှာ စိတ်ခဏခဏ ရောက်တာ၊ ဒီကုသိုလ်ကိုပြုလုပ်ပြီ တဲ့အခါ ကနေ့လဲ ဒီကုသိုလ် အာရုံပြု၊ မနက်ဖြန်လဲ ဒီကုသိုလ်အာရုံပြု၊ သဘက်ခါလဲ ဒီကု သိုလ်အာရုံပြုလို့။ငါကုသိုလ်တခုအထမြောက်သွားပြီ၊ကောင်း လိုက်တာဟန့် ကုသိုလ်ကို အကြောင်းပြုပြီး ဝမ်းမြောက်ဝမ်း သာဖြစ်တာကို အဖန်ဖန်ပွားခေါ်ဟယ်။ အဖန်ဖန်ပွားကလဲ နှစ်မျိုးရှိသေးတယ်။ လှူပြီးတဲ့နောက်မှ ဖြစ်တာနော်၊ မေ့ လို့ လှူမိတယ်ဆိုတဲ့ အဖန်ဖန်ပွားမျိုးလဲ မဟုတ်ဘူး။ ဒီတော့ ဥာဏသမ္ပယုတ်သဘောပေါက်အောင် ပြောပါတယ်။

"ကုသိုလ်ခြံရံ အဖန်ဖန်ပွား၊ ဤနှစ်ပါး မှတ်သားဥက္ကဋ္ဌ"
"အကုသိုလ်ခြံရံ၊ ဒေါသမာန်ပွား၊ ဤနှစ်ပါး၊ မှတ်သား ဩမက" ဩမကဆိုတာ ယုတ်ညံ့တာကိုခေါ်တာ။

ကုသိုလ်လုပ်ပေမယ့်လို့ အကုသိုလ် အခြံအရံ တွေနဲ့လုပ်တယ်၊ စိတ်အနှောင့်အယှက်မကင်းဘဲနဲ့လုပ်တယ်။ ကုသိုလ်လုပ်ရင်း ရန်ဖြစ်တယ်၊ ကုသိုလ်လုပ်ရင်း တယောက်နဲ့ တယောက် မျက်စောင်းထိုးကြတယ်၊ တယောက်နဲ့ တယောက် မတည့်ကြဘူး။

ကုသိုလ်လုပ်ရင်း အကုသိုလ်ပါနေတာလေ။ ဒါ အကုသိုလ် အခြံအရံ မဟုတ်ဘူးလား။ ဇွန်းကလေး ပျောက်သွားတယ်၊ ပန်းကန်ကလေးကွဲသွားတယ်၊ ဘာကိုလူခိုးသွားတယ်နဲ့ ကုသိုလ်လုပ်တဲ့အခါ စိတ်အနှောင့်အယှက်ကလေးတွေ မတွေ့ဘူးလား။ တွေ့တတ်တယ်၊ အဲဒါတွေကို ဒေါသမာန်ပွားဆိုတာ၊ ဒါတွေဟာ ကုသိုလ်ကို ယုတ်ညံ့စေတတ်တယ်။ ဩမကကုသိုလ် ဖြစ်သွားတတ်တယ်။ ဩမကက အယုတ်၊ ဥက္ကဋ္ဌက အမြတ်။

ဒီတော့ ဥဿာသမ္ပယုတ်ကုသိုလ်ဖြစ်အောင် လုပ်ဖို့က အကြောင်းအကျိုးဆင်ခြင်ပြီးတော့ လုပ်ရတယ်။ ဒီအလုပ် လုပ်လိုက်တဲ့အတွက် ဘယ်သူမှာ ဘယ်လိုသက်သာခွင့် ရသွားလိမ့်မယ်။ လူအချင်းချင်းဘဲဖြစ်ဖြစ်၊ သံဃာတော်များကိုဘဲဖြစ်စေ၊ တဦးတယောက်ကိုဘဲဖြစ်စေ၊ သူဘပါးကို သက်သာစေလိုတဲ့ စိတ်နဲ့ ဒီအမှုကို ငါလုပ်လိုက်ရလို့ရှိရင် တော်တော် သက်သာခွင့်ရသွားမယ်၊ တော်တော်အကျိုးရှိသွားမယ်လို့ ဥာဏ်နဲ့ လုပ်ရင် ဥာဏသမ္ပယုတ် ကုသိုလ်။ ဒီဥာဏသမ္ပယုတ်ကုသိုလ်က

ဩမကာ၊ အယုတ်။ ဥက္ကဋ္ဌ၊ အမြတ်လို့ ဒီလိုနှစ်မျိုးရှိပြန်တော့ ဩမကကုသိုလ်က ပဋိသန္ဓေအကျိုးပေးလျှင် ဒွိဟိတ်ပဋိသန္ဓေ အကျိုးကိုပေးတယ်။ အဲဒီပဋိသန္ဓေဝိပါက်စိတ်မှာ အလောဘ၊ အဒေါသသိုတဲ့ ဟိတ်နှစ်ပါးပါသောကြောင့် အဲဒီပုဂ္ဂိုလ်ကို ဒွိဟိတ်ပုဂ္ဂိုလ်လို့ ခေါ်တယ်။

ဉာဏသမ္ပယုတ် ဥက္ကဋ္ဌကုသိုလ်က တိဟိတ်ပဋိသန္ဓေအကျိုးကိုပေးတယ်။ အဲဒီပဋိသန္ဓေစိတ်မှာ ဟိတ်သုံးပါး ပါသောကြောင့် အဲဒီပုဂ္ဂိုလ်ကို တိဟိတ်ပုဂ္ဂိုလ်လို့ခေါ်တယ်။ အဲဒီ တိဟိတ်ပုဂ္ဂိုလ်၏ဉာဏ်ဟာ ပဋိသန္ဓေခဏမှာ ပါလာဘာနော်။

သဘော၊ တိဟိတ်ပဋိသန်၊ ကမ္မဇဉာဏ်ရှိသော၊ တိဟိတ် ပဋိသန္ဓေ ကမ္မဇဉာဏ် ရှိတယ်လို့ဆိုတယ်။ ဘယ်ကံက အကျိုး ပေးတယ်။ ဉာဏသမ္ပယုတ်ဥက္ကဋ္ဌကံက အကျိုးပေးတယ်။ ဉာဏ သမ္ပယုတ် ဥက္ကဋ္ဌကံက အကျိုးပေးတဲ့ အဲဒီတိဟိတ်ပုဂ္ဂိုလ်ဟာ တကယ့်သဘာဝမှန်နဲ့ ရုပ်တို့ နာမ်တို့ ခန္ဓာတို့နဲ့ စပ်တဲ့ အခါ ကျတော့ တိဟိတ်ဉာဏ်ရဲ့ တန်ခိုးနဲ့ ဖွားကနဲ ထင်းကနဲ ဒီလို မြင်နိုင်တဲ့အသိဉာဏ် ပေါ်မယ်တဲ့။

သို့ပေမယ်လို့ သူ့ရဲ့အခြေခံဖြစ်တဲ့ သီလတို့ သမာဓိတို့၊ ပညာတို့ကလဲ လိုသေးတယ်။ သက်သက်မဲ့ဖြစ်နိုင်တာမဟုတ် ဘူး။ အဲဒီတိဟိတ်ပုဂ္ဂိုလ်ဟာ သီလစင်ကြယ်အောင် သုတ်သင် လို့၊ သမာဓိထူထောင်လို့၊ သီလကြောင့် သမာဓိဖြစ်၊ သမာဓိ ကြောင့် ပညာဖြစ်လို့ တကယ့်ပညာ ဖြစ်လာတဲ့အခါ သူ့ ပညာက ထိုးထွင်းနိုင်တယ်၊ ဒီလိုဆိုလိုတာ။

ဒိဋ္ဌဟိတ်ပုဂ္ဂိုလ်ကျတော့ အဲဒီလိုဘဲ သီလစင်ကြယ်လို့ သမာဓိထူထောင်လို့၊ သမာဓိကြောင့် ပညာဖြစ်လာသော်လဲ ရုပ်နာမ်ခန္ဓာနဲ့ကျတော့ မထိုးထွင်းနိုင်ဘူးတဲ့။ စည်ပတ်သံလုပ်တဲ့ ခေးဟာ သစ်သားအမာကို မဘိုးနိုင်သလို တိဟိတ်ပုဂ္ဂိုလ်ရဲ့ အသိဉာဏ်ဟာ ရုပ်နာမ်နဲ့ပတ်သက်တဲ့ သဘာဝမျိုး ကျတော့ ထိုးထိုးထွင်းထွင်းမသိနိုင်ဘူး။ ဒါကိုပြောတာနော်။ ဒီတော့ ဝိပဿနာဉာဏ်နဲ့ပတ်သက်ရင် ဘာအရေးကြီးတယ်၊ တိဟိတ်ပဋိသန္ဓေနေခဲ့တဲ့ တိဟိတ်ဉာဏ် အရေးကြီးတယ်။ အဲဒီတိဟိတ်ဉာဏ်က ဘာလဲ၊ ကမ္မဇဉာဏ်နော်။ အဲဒီ တိဟိတ်ဉာဏ်ကလဲ ဉာဏသမ္ပယုတ် တိဟိတ်ဥက္ကဋ္ဌကုသိုလ် အကျိုးပေးတာတဲ့။

ဟိဟိတ်ပဋိသန္ဓေပညာ၊ ပြီးတော့ ဝိပဿနာပညာ။ ဝိ၊ အထူး။ ပဿနာ၊ သိမြင်ခြင်း။ ဝိပဿနာ၊ အထူးသိမြင်ခြင်း။ အေး အထူးသိမြင်ခြင်းကို ဝိပဿနာတဲ့၊ ဟိုက တိဟိတ်ပညာ၊ ဒီကဝိပဿနာပညာ၊

ဝိဝိဓာ ကာရေန ပဿတီတိ ဝိပဿနာ။ အထူးထူး အပြားပြားသော အခြင်းအရာအားဖြင့် သိမြင်တတ်သောကြောင့် ဝိပဿနာပညာဟုတ်လား။ ထူးဆိုဘာဘာလဲ၊ မတူဘာပြောတာ၊ တူနေရင် မထူးတော့ဘူးပေါ့၊ မတူးဘူးမှာ၊ မင်းတို့ပကတိ စိတ်သိတာတွေက မျက်စိကမြင်တယ်၊ လူမြင်တယ်၊ အဆောက်အဦမြင်တယ်၊ ပကတိစိတ်ကလေ။ ဝိပဿနာကျတော့ လူမြင်သေးသလား၊ အဆောက်အဦမြင်သေးသလား၊ သဘာဝမြင်တယ် မဟုတ်လား၊ အဆင်းဘဲ မြင်ရမယ်နော်၊ လူဆိုတဲ့အကောင် ကျန်မနေရစ်ဘူးလား။

ဒီတော့နဂိုအသိထက်ဝိပဿနာအခိုက်မှာ သိတဲ့အသိက ထူး လာတယ်။ အဲဒီအကောင်းအထည်နဲ့တကွ သိနေကြရင်တော့ အနိစ္စမမြဲဘူး၊ ဒုက္ခဆင်းရဲတယ်၊ အနတ္တအစိုးမရဘူးဆိုဘာကို မသိနိုင်တော့ဘူး။ ပဋိသန္ဓေနေကတဲက ယခုအချိန်ကျအောင် မြဲနေလို့ငါရှိနေတာ၊ ယခုဘဝမှာ ငါဆင်းရဲခဲ့တာ နဲတယ်၊ ချမ်းသာတာများတယ်၊ ငါလုပ်ချင်တာလုပ်နိုင်တယ်၊ ငါအစိုး ရတယ်၊ အဲဒီပုဂ္ဂိုလ်သတ္တဝါနဲ့တွဲသိရင် နိစ္စမြဲတယ်၊ သုခ ချမ်းသာတယ်၊ အတ္တငါအစိုးရတယ် ဖြစ်မှာပေါ့နော်။

ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်နဲ့မတွဲတဲ့ သဘာဝသက် သက်သိတော့ ဒီသဘာဝဆိုတာကကာလအားဖြင့်ဘယ်လောက် ကလေးမှ ကြာရှည်ခံတာမဟုတ်ဘူး။ ကြာရှည်မခံတဲ့သဘာဝ တရားတို့၏ချက်ချင်းဖြစ်၊ ချက်ချင်းပျက်တာကို မြင်ရင် ငါမြဲ တယ်လို့မယူနိုင်တော့ဘူး။ ချက်ချင်းဖြစ်၊ ချက်ချင်းပျက်တာ ကို မြင်ရင် ငါချမ်းသာတယ်လို့မဆိုနိုင်တော့ဘူး။ ချက်ချင်း ဖြစ်ချက်ချင်းပျက်တာကိုမြင်ရင် ငါပိုင်တယ်၊ ငါအစိုးရတယ် လို့မဆိုနိုင်တော့ဘူး။ သဘာဝမြင်သည်နှင့်တပြိုင်နက်ဘဲ မမြဲ ခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ အစိုးမရခြင်း သဘော၊ ဘွားဘွားကြီးပေါ်မနေဘူးလား၊ ဒါအနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ် ခေါ်တယ်။ နဂိုစိတ်ထက် ထူးကဲတဲ့ အသိကို ဝိပဿနာဉာဏ်ခေါ်တာ။ ဝိပဿနာနဲ့ပတ်သက်ရင် အထူးသိ မြင်တဲ့ဉာဏ်လဲရှိရမယ်။ ဟိုပဋိသန္ဓေကလဲ တိဟိတ်ပဋိသန္ဓေနေ ခဲ့တဲ့ပညာလဲရှိရမယ်နော်။

ပြီးတော့မှ နိပကပညာတဲ့၊ နိပကပညာကဘာတုန်း၊ ငါ အမြဲပြောနေကျပေါ့။ သတိကို အမြဲမပြတ်လုပ်ကြပါ၊ သတိ

ကိုအမြဲမပြတ်လုပ်တော့ သတိရင့်ကျက်လာလိမ့်မယ်။ အလုပ်ကျင်လည်သို့ သတိရင့်ကျက်လာတဲ့အခါ ဒီပုဂ္ဂိုလ်မှာ အသိဉာဏ်ပေါ်လာပါလိမ့်မယ်နော်။ လောကအကြောင်းနဲ့ပတ်သက်လို့ဖြစ်စေ၊ ဓမ္မအကြောင်းနဲ့ ပတ်သက်လို့ ဖြစ်စေ၊ သိစရာအကြောင်းတခုရှိရင် သူများထက်ပိုပြီး သိနိုင်တယ်။ ဘာဖြစ်လို့ သတိအားကောင်းတာကိုး။ သတိမေ့လျော့လို့ မသိတာထောက်ရင် သတိကောင်းရင် သိစရာဆိုတာမပေါ်ဘူးလား ပေါ်ပါတယ်၊ အဲဒီသတိအားကောင်းလို့ သိလာတဲ့အသိကို နေပက္ကပညာ၊ ၎င်းနေပက္ကပညာသည်ပင်လျှင် ပါရိဟာရိယပညာ၊ တနည်းအားဖြင့် ပါရိ သမုခ်ဟာရေတိ ပကာသေတီတိ ပါရိဟာရိယံ၊ ပါရိ သမုခံ၊ တဲ့တိုး။ ဟာရေတိပကာသေတိ၊ ဆောင်ယူ၍ပြတတ်၏။ ဣတိ၊ ဤသို့ ဉာဏ်အားဖြင့် တဲ့တိုးဆောင်ယူ၍ပြတတ်သောကြောင့်။ ပါရိဟာရိယံ၊ ပါရိဟာရိယမည်၏။

သတိမေ့လျော့တာနဲ့သတိရှိတာနဲ့ ဒီနှစ်ခုဘဲနှိုင်းစာကြည့်လိုက်ပေါ့။ သတိမေ့လျော့တဲ့အခါ ဘာမှမသိဘူး။ တွေဝေမနေဘူးလား။ ဒါဖြင့်သတိအားကောင်းတဲ့အခါ အသိဉာဏ်ဟာ ဘွားဘွားကြီးပေါ်လာတယ်။ အဲဒီဘွားဘွားကြီးပေါ်လာတဲ့အသိဉာဏ်ကို ပါရိဟာရိယပညာလို့ခေါ်တယ်။ သဘာဝတရားကို ဟောတာပါဘဲလို့ ပါရိဟာရိယ ပညာကဆောင်ယူပြတော့မှ ဝိပဿနာပညာ၊ ရုပ်ဓမ္မ၊ နာမ်ဓမ္မ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုသိတာ။ ပါရိဟာရိယဉာဏ်က သိစရာအာရုံကို ဆောင်ယူ၍ ပြနိုင်ပေမယ်လို့ သူကကိလေသာကို မပယ်နိုင်သေးဘူး။

ဒါကြောင့် ကိလေသာကိုမပယ်နိုင်တဲ့ဝိပဿနာဉာဏ်လက် သို့ သူကအပ်ရသေးတယ်။ ဝိပဿနာဉာဏ်ကိုဆောင်ယူ၍ ပြုရသေးတယ်။ ဝိပဿနာတရားကိုရှေးရှုတည့်တည့်ဆောင်ယူ၍ ပြုတတ်သောကြောင့် ပါဠိဟာရိယဉာဏ်နေ၍။ အဲဒါပါဠိဟာ ရိယဉာဏ်တည်ရာဘုံက ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဣန္ဒြေ၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်။

အဲဒီဘုံတရားခြောက်ပါးကို လေ့လာထားပါ။ ဝိပဿနာ တရားနဲ့ ပတ်သက်ရင် ဒီတရားခြောက်ပါး၌တည်၍ ဝိပဿနာ ဉာဏ်ကိုဆောင်ယူ၍ပြုရမှာ၊ မင်းတို့အိမ်ရှိတဲ့ဟာတွေဆောင်ယူ ၍ပြုလို့ ဝိပဿနာမဖြစ်ဘူး။

အေး ဒီတော့ ဝိပဿနာအခြေခံဖြစ်ရမဲ့ ပါဠိဟာရိယဉာဏ် ကို ကိုယ်က လေ့လာထားတော့၊ ဒါခန္ဓာပါလား၊ ဒါအာ ယတနပါလား၊ ဒါဓာတ်ပါလားလို့ သိသွားတယ်။ အေးပါဠိ ဟာရိယဉာဏ်၏ ဘူမိတရားကလဲ ခြောက်ပါးရှိတယ်။ ဘူမိ ဆိုတာ တည်ရာကိုခေါ်တယ်။ ပါဠိဟာရိယဉာဏ်၏ တည်ရာ ခြောက်ပါးလို့ဆိုလိုတယ်။ ပါဠိဟာရိယဉာဏ်ဟာ ဘယ်မှာ တည်မလဲ၊ ခန္ဓာပေါ်မှာ တည်၊ အာယတနပေါ်မှာ တည်၊ ဓာတ်ပေါ်မှာတည်၊ သစ္စာပေါ်မှာတည်၊ ပဋိစ္စသမုပ္ပါဒ်ပေါ် မှာတည်၊ အဲဒါကို တည်ရာဖြစ်သောကြောင့် ဒီတရားခြောက် ပါးကို ပညာဘူမိတရားခြောက်ပါးခေါ်တယ်၊

ပညာက ပါဠိဟာရိယပညာ၊ ဘူမိက တည်ရာ၊ နှစ်ခု ပေါင်းလိုက်တော့ ပါဠိဟာရိယပညာ၏ တည်ရာဘုံလို့ ဖြစ် မသွားဘူးလား၊ ဖြစ်သွားပါတယ်။

ပေါ့ပေါ့မမှတ်နဲ့ မသေမချင်းမှတ်မိအောင်ဟောနေတာ။ သက်သက်သာသာ ဟောနေရတာမဟုတ်ဘူး။ သူတို့ကဘော့ ခပ်ပေါ့ပေါ့ဘဲ။ ဟိုကျောင်းအောက် လျှောကားဆင်းအောင် တောင်မပါဘူး။

၁။ သီလေပတိဋ္ဌာယ နရော၊ ဆိုတဲ့ဂါထာမှာ ပညာက တိဟိတ်ပညာ။

၂။ ဝိပဿနာပညာ။

၃။ ပါရိဟာရိယပညာလို့ သုံးပါးရှိတယ်။ အေး အဲဒီ ပညာတို့၏တည်ရာဖြစ်တဲ့ ပညာဘူမိတရား ခြောက်ပါးတို့တွင် ခန္ဓာဆိုတာ အပေါင်းအစုကိုပြောတာ။ ခန္ဓာဆိုတာ ဒီကိုယ်ကောင်ကြီးကို ပြောတာယ်ဆင်နဲ့၊ ခေါင်းနဲ့ကိုယ်နဲ့ ခြေနဲ့ လက်နဲ့ ယောကျ်ားကောင်၊ မိန်းမကောင်ကြီးဟာ ခန္ဓာ မဟုတ်ဘူး၊ ခန္ဓာဆိုတာ ရုပ်ကောင်ကြီးလို့ ထင်နေကြတယ်။ အမှတ်မမှားကြစေနဲ့။

ခန္ဓာလို့ ပြောလိုက်ရင် အပေါင်းအစုကို ပြောတဲ့စကား လို့ သိသွားရမယ်။ အာယတနဆိုတာ ဝဋ်ဆင်းရဲ ဖြစ်ကြောင်း တရားကိုပြောတာ။ ဝဋ်ဆင်းရဲက ဘာလဲ၊ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ အေး ကိလေသာလဲဝဋ်ဆင်းရဲဘဲ၊ ကံလဲ ဝဋ်ဆင်းရဲဘဲ၊ ဝိပါက်လဲဝဋ်ဆင်းရဲဘဲ။ ဒီကိလေသဝဋ်၊ ကမ္မ ဝဋ်၊ ဝိပါကဝဋ်တို့ဖြစ်ကြောင်းတရားကို အာယတနလို့ခေါ် တယ်။ အာယတနလို့ ပြောလိုက်ရင် ဝဋ်ဆင်းရဲဖြစ်ကြောင်း တရားလို့ သိရမယ်။

မျက်စိက ဝဋ်ဆင်းရဲဖြစ်တယ်၊ ဘယ်လိုဖြစ်ပါလိမ့် ဘိုင်စကုတ်ရုံသွားပေါ့ကိုး။ ပွဲသွားပေါ့ကိုး။ ဟိုဟိုဒီဒီတွေမှာကြည့်စရာတွေများတယ်ဆိုရင် ပေလီးတောင် တချို့က ရောက်အောင်သွားသေးတယ်။ ဒါ မျက်စိကြည့်ချင်လို့ဟုတ်လား။ ရန်ကုန်သွားချင်တယ်၊ ပေလီသွားချင်တယ်၊ ဒါဘာတွေလဲ ဝဋ်ဆင်းရဲဖြစ်ကြောင်းတွေ၊မျက်စိပါတော့လဲ ကြည့်ချင်တာကိုး၊ မျက်စိပါတဲ့လူက ကြည့်စရာကို လိုက်ရှာနေတာဘဲ။ ကြည့်စရာလိုက်ရှာလို့တွေ့တော့ သူ့မှာ ဘာအကျိုးရှိသလဲ။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ ဝဋ်ဆင်းရဲတွေပွားတာဘဲ။

မျက်စိက ဘယ်မှာ အဆင်းကောင်းကောင်းရှိသလဲလို့ကြည့်တော့ မြင်မှုကို အကြောင်းပြု၍ ဝဋ်ဆင်းရဲ မဖြစ်ဘူးလား၊ ဖြစ်တယ်။ ပြီးတော့ကော နားနဲ့အသံကိုကြားတော့ ကြားမှုကို အကြောင်းပြုပြီးတော့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတဲ့ ဝဋ်ဆင်းရဲတွေ ဖြစ်တယ်။ ဒါကြောင့် ဝဋ်ဆင်းရဲဖြစ်ကြောင်းလို့ ပြောတာ၊ ဒါဖြင့် နံမှုကို အကြောင်းပြု၍လဲ ဝဋ်ဆင်းရဲဖြစ်ကြောင်း၊ စားမှုကို အကြောင်းပြု၍လဲ ဝဋ်ဆင်းရဲဖြစ်ကြောင်း၊ သိမှုကို အကြောင်းပြု၍လဲ ဝဋ်ဆင်းရဲ ဖြစ်ကြောင်းဘဲ။

ဒီတော့ အတွင်းအာယတနဝဋ်ဆင်းရဲဖြစ်ကြောင်း ခြောက်ပါး၊ အပြင်အာယတန ဝဋ်ဆင်းရဲဖြစ်ကြောင်း ခြောက်ပါး၊ အတွင်းအာယတနခြောက်ပါးက ဘယ်သူလဲ "မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်"ခေါ်တယ်၊ ဒီခြောက်ပါးရှိလို့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတဲ့ ဝဋ်ဆင်းရဲတွေ ဖြစ်နေ

တာတဲ့။ ဒီခြောက်ပါးနဲ့တွဲဖက်တဲ့ အပြင်အာယတန အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘောဆိုတဲ့ခြောက်ပါး၊ အာရုံခြောက်ပါးလဲ ခေါ်တယ်။ ဒီတော့ မျက်စိနဲ့ အဆင်း၊ နားနဲ့အသံ၊ နှာခေါင်းနဲ့ အနံ့၊လျှာနဲ့အရသာ၊ ကိုယ်နဲ့အတွေ့၊ စိတ်နဲ့သဘော။ ဒါဖြင့် သူ့ဒွါရနဲ့ သူ့အာရုံ၊ အတွင်းအာယတနခြောက်ပါး၊ အပြင်အာယတနခြောက်ပါး၊ နှစ်ခုပေါင်းလိုက်တော့ ၁၂ ပါး။

တို့မိုးညှင်း ဆရာတော်ကြီးကတော့ လွယ်လွယ်ဘဲပြောတယ်။ မျက်စိ အာယတန၊ နား အာယတန၊ နှာခေါင်း အာယတန၊ လျှာ အာယတန၊ ကိုယ် အာယတန၊ စိတ် အာယတန၊ အတွင်းအာယတန ခြောက်ပါးလေ။ ဒီတော့ ကိုယ်က သိထားရမှာက အာယတနလို့ဆိုလိုက်ရင် ကိလေသ ဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတဲ့ ဝဋ်ဆင်းရဲ ဖြစ်ကြောင်းလို့ သဘောပေါက်ထားရမယ်။ ဆိုထားတာက ပါဠိလို ဆိုနေတာကိုး။ ပါဠိမတတ်တော့ အသိမလွယ်ဘူး။ ဒီတော့ အသိလွယ်အောင် အာယတနဆိုတာ ဝဋ်ဆင်းရဲဖြစ်ကြောင်းလို့မှတ်။

ဒါဖြင့် မိမိခန္ဓာကိုယ် အဇ္ဈတ္တမှာ ဝဋ်ဆင်းရဲဖြစ်ကြောင်း ခြောက်ပါးရှိဘယ်။ အဲဒီခြောက်ပါးနဲ့ ဟပ်တဲ့ အဆင်း၊အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘော၊ ဟုတ်လား၊ အဆင်းကလဲ ဝဋ်ဆင်းရဲဖြစ်ကြောင်း၊ အသံကလဲ ဝဋ်ဆင်းရဲဖြစ်ကြောင်း၊ အနံ့ကလဲဝဋ်ဆင်းရဲဖြစ်ကြောင်း၊ အရသာကလဲ ဝဋ်ဆင်းရဲ ဖြစ်ကြောင်း၊ အတွေ့ကလဲ ဝဋ်ဆင်းရဲဖြစ်ကြောင်း၊ ထိုသို့အာရုံတွေကလဲ ဝဋ်ဆင်းရဲ ဖြစ်ကြောင်းဘဲ။ စိတ်က ထိုသိုအာရုံတွေ

အများကြီးသိတာကိုး။ ဒီတော့ ဝဋ္ဋဆင်းရဲဖြစ်ကြောင်း အာယတန ၁၂ ပါး ဖြစ်သွားရော။ ဒါ သတိကင်းမဲ့တဲ့ ပုဂ္ဂိုလ်မှန်ရင် ဒီ ၁၂ ပါးကြောင့်ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဖြစ်မှာချည်းဘဲနော်။

ဖြစ်တိုင်းဖြစ်တိုင်း သတိထားလိုက်ရင်၊ ဝဋ္ဋဆင်းရဲ မဖြစ်တော့ဘူး။ ဝဋ္ဋဆင်းရဲဖြစ်မှာ ကြောက်လို့ရှိရင် ဖြစ်တိုင်း ဖြစ်တိုင်း သတိထားကြ။ ဝဋ္ဋဆင်းရဲဖြစ်ဘာက ဘာဖြစ်လို့၊ သတိလစ်လို့၊ နဂိုအတိုင်းဆိုရင် သတိကလဲ လစ်မှာချည်းဘဲ နော်။ သတိမလစ်တဲ့ပုဂ္ဂိုလ်ကကော ဒီအထဲပါသေးသလား။

သတိမလစ်တဲ့ပုဂ္ဂိုလ် ဘယ်သူမှမရှိဘူး။ မြင်ချင်လိုက်တာ၊ ကြည့်ချင်လိုက်တာ၊ ကြည့်ချင်လိုက်တာ၊ ကြားချင်လိုက်တာ၊ နမ်းရှူချင် လိုက်တာ၊ အနံ့ကလေး ကောင်းကောင်းလေ၊ ကောင်းကောင်း တွေ့ထိချင်လိုက်တာ။ အေး အဲသလို သတိလစ်မှုဖြင့် မျက်စိနဲ့ အဆင်း၊ နားနဲ့အသံ၊ နှာခေါင်းနဲ့ အနံ့၊ လျှာနဲ့ အရသာ၊ ခန္ဓာကိုယ်နဲ့အတွေ့၊ စိတ်နဲ့ ထိုထိုအာရုံ၊ မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း ထိတိုင်း သိတိုင်း ကိလေသာကံ ဝိပါက်ဝဋ်သုံးပါးဖြစ်ကြောင်းချည်းဘဲ။ ဒါကြောင့်ဝဋ္ဋဆင်းရဲဖြစ်ကြောင်း အာယတနလို့ဆိုတာ။

အာယတနပြီးတော့ ဓာတ်နော်။ အဇ္ဈတ္တနော သဘာဝံ ဓာရေတီတိဓာတု။ အဇ္ဈတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘောကို။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ၊ ထိုသို့ မိမိသဘောကိုဆောင်တတ်သောကြောင့်။ ဓာတု၊ ဓာတ်မည်၏။ ဓာတုဆိုတဲ့ပါဠိကိုဖျက်ပြီးတော့ ဗမာကဓာတ်လို့ခေါ်တယ်။ အဲဒီ ဓာတ်ဆိုတဲ့စကားဟာ

ဗမာစကားအစစ်မဟုတ်သေးဘူး။ ဓာတ်ဆိုတဲ့စကားကို ဗမာစကားအနေနဲ့ပြောတော့ သူ့သဘောသူဆောင် သူ့ဟာသူဖြစ်၊ ပုဂ္ဂိုလ်သတ္တဝါနဲ့ဆိုင်ကိုမဆိုင်ဘူး။

အဆင်းနဲ့မျက်လုံးနဲ့ ဆိုင်မိတဲ့အခါ မြင်မှုပေါ်လာတယ်။ အဲဒီပေါ်လာတဲ့မြင်မှုဟာ ပုဂ္ဂိုလ်သတ္တဝါငါလုပ်လို့ပေါ်လာတာမဟုတ်ဘူး၊ သူ့ဟာသူ အကြောင်းဆုံလို့ ပေါ်လာတာ၊ သူ့သဘောသူဆောင်တာ၊ နားကကြားမှုလဲ သူ့ဟာသူပေါ် နှာခေါင်းကနံ့မှုလဲ သူ့ဟာသူပေါ်၊ လျှာကစားမှုလဲ သူ့ဟာသူပေါ်။ ခန္ဓာကိုယ်ကတွေ့ထိမှုလဲ သူ့ဟာသူပေါ်၊ ကိုယ်ကလုပ်ရတာမရှိဘူး။ သူ့ဟာသူပေါ်တာချည်းဘဲ။ အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘောကို၊ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ၊ ဤသို့မိမိသဘောကိုဆောင်တတ်သောကြောင့်။ ဓာတု၊ ဓာတ်မည်၏။ (ဝါ) သူ့သဘောသူဆောင်၏လို့ အဲဒီလိုသဘောပေါက်သွားရင်လဲ သက္ကာယဒိဋ္ဌိကွာသွားတာဘဲ။

ဘာမှလိုက်လုပ်၍မဖြစ်ဘူး၊ တကိုယ်လုံး တကောင်လုံးမှာ အကြောင်းအားလျော်စွာ သူ့သဘောသူဆောင်၊ သူ့ဟာသူဖြစ်တာချည်းဘဲ။ အဲဒီသဘောကို ကိုယ်ကမသိတော့ ငါလုပ်လို့ဖြစ်တယ်၊ ငါကြည့်လို့မြင်တယ် စသည်ဖြင့် ငါနဲ့တွဲတွဲပါနေတယ်။ ဒါ ဘာဖြစ်လို့ မသိလို့။ အဲဒါတွေဟာ သူ့သဘောသူဆောင်နေတာ၊ ဓာတ်တရားတွေနော်။

ဒါဖြင့် သူ့သဘောသူဆောင်တဲ့ဓာတ်တရားက ဘယ်နှစ်ပါးလဲ၊ ၁၈ ပါး၊ အေး မျက်စိအကြည်၊ အဆင်း၊ မြင်ခြင်း၊ မျက်လုံးနဲ့ပတ်သက်လို့ သုံးပါး။ သေသေချာချာ စဉ်းစား

ကြည့်။ မျက်စိအကြည်ကလဲ သူ့ဟာသူကြည်နေတာဘဲ။ ကိုယ်ကကြည်ချင်လို့ရတာမဟုတ်ဘူး။ အဆင်းကလဲ သူ့ဟာသူဖြစ်ပေါ်နေတာဘဲ။ ကိုယ်လုပ်လို့ရတာမဟုတ်ဘူး။ ဒါဖြင့်အဆင်းနဲ့မျက်စိဆုံမိလို့ ပေါ်လာတဲ့မြင်ခြင်းကလဲ သူ့ဟာသူဖြစ်တာဘဲ။ ဒီတော့ အဆင်းရယ်၊ မြင်ခြင်းရယ်၊ မျက်စိရယ် ဒီသုံးပါးဟာပုဂ္ဂိုလ်သတ္တဝါလုပ်လို့ဖြစ်တာတခုမှမရှိဘူး။သူ့ဟာသူဖြစ်တာချည်းဘဲ။ အဲဒီလိုသူ့သဘောသူဆောင် သူ့ဟာသူဖြစ်သောကြောင့် ဓာတ်။ အဲဒီဓာတ်ကို မျက်လုံးနဲ့ပတ်သက်လို့သုံးပါး။ နားနဲ့ပတ်သက်လို့လဲ သုံးပါး။ အသံရယ်၊ နားရယ်၊ ကြားခြင်းရယ်။ နားအကြည်ကလဲသူ့ဟာသူမြင်၊ အသံကလဲသူ့ဟာသူဖြစ်၊ ကြားမှုကလဲသူ့ဟာသူဖြစ်၊ နားနဲ့ပတ်သက်လို့လဲ သူ့သဘောသူဆောင် သူ့ဟာသူဖြစ်သောကြောင့် ဓာတ်။

အဲဒီဓာတ်ဟာ မျက်လုံးနဲ့ပတ်သက်လို့သုံးပါး။ နားနဲ့ပတ်သက်လို့သုံးပါး။ နှာခေါင်းနဲ့ပတ်သက်လို့သုံးပါး။ နှာခေါင်းကျတော့လဲ နှာခေါင်းကအကြည်ရယ်၊ အနံ့ရယ်၊ နံခြင်းရယ်။ ဤသုံးပါးပေါင်းဆုံတဲ့အခါ သူ့သဘောသူဆောင်ပြီးသူ့ဟာသူဖြစ်တာဘဲ။ ကိုယ်ကဖြစ်အောင်လုပ်လို့ရတာတခုမှမရှိဘူး။

ဥပမာတခု အပုပ်နံ့နံတယ်ဆိုပါတော့၊ ဒီကနှာခေါင်းကလဲရှိတယ်၊ ဟိုကအပုပ်နံ့ကလဲရှိတယ်၊ ဒီနှစ်ခုတိုက်ဆိုင်မိတဲ့အခါကျတော့ ဒီအပုပ်နံ့နံမှာဘဲ။ ပုဂ္ဂိုလ်သတ္တဝါက ဒီအပုပ်နံ့ကိုကြိုက်ရဲ့လား၊ ပုဂ္ဂိုလ်သတ္တဝါက လုပ်လို့သာဖြစ်ရင်ဒီအပုပ်နံ့ဟာ နံသိုက်မရှိတော့ဘူး၊ သူ့သဘောသူဆောင်တာ

ဖြစ်တော့ အကြောင်းပြည့်စုံရင်နိမ့်မှာဘဲ။ ခုတော့ကိုယ်ကြိုက်တဲ့ အနံ့နံ့ရတော့ကိုယ်လုပ်လို့ဖြစ်တယ်ထင်နေတယ်။ ကိုယ်မကြိုက်တဲ့အနံ့နဲ့တိုးတော့မှ ကိုယ်လုပ်လို့မဖြစ်မှန်းသိတာ။

မျက်လုံးကလဲ ဒီလိုဘဲ၊ ကိုယ်ကြည့်ချင်တဲ့အာရုံကြည့်ရတော့ ကိုယ်ကြည့်လို့မြင်တယ်ဘဲ အောက်မေ့တယ်။ မကြည့်ချင်တဲ့ အာရုံက ရှေ့ရောက်လာတော့မှ သူ့သဘောသူ ဆောင်တာ ထင်ရှားတယ်မဟုတ်လား။

ကိုင်း ပါးစပ်ထဲအရသာတခုထည့်လိုက်စမ်း၊ အချို၊အချဉ်၊ အငန်၊ အစပ်၊ အဖန်၊ အခါးအဲဒီရသာခြောက်ပါးလျှာနဲ့သွား မတိုးဘူးလား။ တိုးတော့ လျှာအကြည်ရယ်၊ အရသာရယ်၊ စားမှုရယ်၊ သူ့သဘောသူဆောင် သူ့ဟာသူဖြစ်ထာ။ ဒါဖြင့် မျက်စိက သုံးမျိုး၊ နှာခေါင်းက သုံးမျိုး၊ လျှာက သုံးမျိုး။

ပြီးတော့ အတွေ့အာရုံနဲ့ ကိုယ်အကြည်နဲ့ ဆုံမိကြတော့ ထိမှန်းသိတဲ့အသိ ကိုယ်ကပေါ်လာတယ်၊ ဒါကို ထိမှုခေါ်တယ်။ ကိုယ်အကြည်ရယ်၊ အတွေ့ရယ်၊ ထိမှုရယ်၊ ကိုယ်နဲ့စပ်လို့လဲ သုံးမျိုးဘဲ။ မျက်စိကသုံးမျိုး၊ နှာခေါင်းကသုံးမျိုး၊ လျှာကသုံးမျိုး၊ ကိုယ်ကသုံးမျိုး၊ သုံးပါးငါးလီ ၁၅ မျိုး။

ထိုထိုအာရုံက နှလုံးကိုလာထိတော့ နှလုံးခေါ်တဲ့ စိတ်က သိမှုပေါ်တယ်၊ ဒီတော့ထိုထိုအာရုံရယ်၊ နှလုံးရယ်၊ သိမှုရယ်၊ သူ့သဘောသူဆောင်နေတာ၊ ဒါဖြင့် ဖြစ်တိုင်းဖြစ်တိုင်း အသိမလစ်အောင် သတိထားနေခဲ့သော် ဟာ ဒါတွေဟာ သူ့သဘောသူဆောင်နေတာပါလားလို့ သဘောပေါက်လာနိုင်

ပါတယ်။ သဘောပေါက်သာရင် သက္ကာယဒိဋ္ဌိလဲ ကွာနိုင်ပါတယ်။ ဓာတ်နဲ့ ပတ်သက်လို့ နားလည်လောက်ပြီ။

ဓာတ်ပြီးတော့မှ ဣန္ဒြေဆိုတာက အစိုးရမှု ခြောက်မျိုးရှိတယ်။ မြင်မှုနဲ့ဆိုင်ရာ မျက်စိအကြည်က အုပ်စိုးတယ်၊ မျက်စိအကြည်အားသေးလို့ရှိရင် မြင်မှုမထင်ရှားဘူး။ မျက်စိအကြည်အားကောင်းလို့ရှိရင် မြင်မှုထင်ရှားတယ်။ နော်။ ကြားမှုနဲ့ဆိုင်ရာကို နားအကြည်က အုပ်စိုးတယ်။ နားအကြည်က သိပ်မကြည်ရင် ကြားရတာ အသံမသန့်ရှင်းဘူး။ နားအကြည်က ကြည်ကြည်လင်လင်ရှိရင် ကြားရတာ အသံသန့်ရှင်းတယ်။ ဒီတော့ မြင်မှုနဲ့ဆိုင်ရာမှာ မျက်စိအကြည်က၊ ကြားမှုနဲ့ဆိုင်ရာမှာ နားအကြည်က၊ နံမှုနဲ့ဆိုင်ရာမှာ နှာခေါင်းအကြည်က၊ စားမှုနဲ့ဆိုင်ရာမှာ လျှာအကြည်က၊ ထိမှုနဲ့ဆိုင်ရာမှာ ကိုယ်အကြည်က၊ သိမှုနဲ့ဆိုင်ရာမှာ စိတ်က၊ အသီးသီးအုပ်စိုးတယ်။ ဒါဖြင့် အုပ်စိုးခြင်းဘယ်နှစ်မျိုးလဲဆိုတော့ ခြောက်မျိုး။ အဲဒါကို ဒွါရဣန္ဒြေခြောက်ပါးခေါ်တယ်။

ပြီးတော့မှ အထီးအမ ဘာဝ ဣန္ဒြေနှစ်ပါး။ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသကလို့ အမိဝမ်းခေါင်း ကလလရေကြည်ကလေးမှာ ရှေးအတိတ်ကံပစ်ချလိုက်တော့၊ ရုပ်ကလာပ်သုံးစည်း ပဋိသန္ဓေစိတ်နဲ့ အတူတကွ ဖြစ်ကြတယ်။ ကိုယ်အကြည်ဖြစ်ဖို့ရာ ကာယဒသက ကလာပ်၊ ဟဒယဝတ္ထုရုပ်ဖြစ်ဖို့ရာ ဝတ္ထုဒသက ကလာပ်၊ အထီး အမ ဖြစ်ဖို့ရာ ဘာဝဒသက ကလာပ်၊ ကလာပ်သုံးစည်းပါတယ်နော်။ အဲဒီအခါတုန်းက အထီးအမဖြစ်ဖို့ရာကလာပ်ပါသော်လဲဘဲ ဒီသဘာဝဟာ အမကောင် အထီး

ကောင်လို့ သိနိုင်ရဲ့လား၊ မသိနိုင်ဘူး။ နောင် ကြီးလာတဲ့ အခါကျတော့ အမ ဘာဝရုပ် ပါလာတဲ့ သတ္တဝါက အမ ကောင်။ အထီး ဘာဝရုပ်ပါလာတဲ့ သတ္တဝါက အထီးကောင် ပေါ်လာတယ်။ အထီးအမကောင် ဖြစ်ဖို့ရာ ဘယ်သူကလုပ်သလဲ ဒီဘာဝရုပ်ကလုပ်တယ်။ ဘာဝရုပ်အကောင်အထည် သဏ္ဌာန် ဒြပ်ရှိတာမဟုတ်ဘူး။ ဒါဖြင့်အထီးကောင် အမကောင် ဖြစ်ဖို့ ဟာ ဘယ်သူက အုပ်စိုးသလဲ၊ ဘာဝရုပ်က အုပ်စိုးတာ။

နောင်ကြီးလာတဲ့အခါ ယောကျ်ား အမူအရာ ယောကျ်ား ပုံသဏ္ဌာန်၊ ယောကျ်ားစိတ်နေစိတ်ထား။ ဒီလိုဟာတွေဖြစ်ဖို့က ပုမ္ဘာဝရုပ်ကလုပ်တာ။ မိန်းမအမူအရာ မိန်းမပုံသဏ္ဌာန် မိန်းမ စိတ်နေစိတ်ထား။ ဒီလိုဟာတွေဖြစ်ဖို့က ဣတ္ထိဘာဝ ရုပ်ကလုပ် တာ။ ဒီတော့အထီးအမဆိုတာ မိန်းမကောင် ယောကျ်ားကောင် ကိုခေါ်သည်မဟုတ်။ မိန်းမကောင် ယောကျ်ားကောင် ဖြစ်စေ တတ်တဲ့ ဘာဝရုပ်ကိုခေါ်တာ။ ဒီဘာဝရုပ်က ဘယ်ကပါလာ သလဲဆိုတော့ ပဋိသန္ဓေ အခါ မမြင်စကောင်းတဲ့ ကလလ ရေ ကြည်ကတဲက ပါလာတာ။

အဲဒီဣတ္ထိဘာဝ၊ ပုမ္ဘာဝရုပ်ကို ဘာဝဒသကကလာပ်ေ နှစ်ပါးလို့ခေါ် တယ်။ ဒွါရကလာပ်ေခြောက်ပါး၊ ဘာဝကလာပ်ေက နှစ်ပါး ပေါင်း လိုက်တော့ ရှစ်ပါး။

လူ၏ကိုယ်မှာ မျက်စိအကြည်လဲ ကံကြောင့်ဖြစ်တယ်၊ နား အကြည်လဲ ကံကြောင့် ဖြစ်တယ်၊ နှာခေါင်းအကြည်လဲ ကံ ကြောင့်ဖြစ်တယ်၊ လျှာအကြည်လဲ ကံကြောင့်ဖြစ်တယ်၊ တကိုယ် လုံးအကြည်လဲ ကံကြောင့်ဖြစ်တယ်၊ ဟဒယဝတ္ထုနှလုံးသွေးကလဲ

ကံကြောင့်ဖြစ်တယ်၊ အထီးအမလဲ ကံကြောင့်ဖြစ်တယ်။ ဒါဖြင့် ကံကြောင့် ဖြစ်တာ ဘယ်နှစ်မျိုးရှိသလဲ၊ ရှစ်မျိုးမဟုတ်လား။

အဲဒီကံကြောင့်ဖြစ်တဲ့ ရှစ်မျိုးသော ရုပ်တွေမှာ ဇီဝိတဆိုတဲ့ အသက်ရုပ်ရှိတယ် ဇီဝိတဆိုတဲ့ အသက်ရုပ် မပါရင် ဒီကံကြောင့် ဖြစ်တဲ့ရုပ်တွေဟာ အသက်မရှည်ဘူး။ ဒါကြောင့် ဇီဝိတကအုပ်စိုးရတယ်။

မျက်လုံးမှာ ဥသမာတေဇောဆိုတဲ့ အပူခိုး၊ နားမှာအပူခိုး၊ နှာခေါင်းမှာ အပူခိုး၊ လျှာမှာအပူခိုး၊ တကိုယ်လုံး တကောင်လုံးမှာ အပူခိုးရှိတယ်။ သေတဲ့အခါကျတော့ ဒီအပူခိုးတွေမရှိတော့ဘူး။ အဲဒီအပူခိုးတွေကို ဥသမာတေဇော ခေါ်တယ်။ အဲဒီ ဥသမာ တေဇောမှာ စောင့်ရှောက်တဲ့ ဇီဝိတရုပ်ပါတယ်။ ဒါကြောင့် ကံကြောင့်ဖြစ်တဲ့ ရုပ်မှန်ရင် ဇီဝိတရုပ် အစောင့်အရှောက် မကင်းဘူး။ အဲဒီဇီဝိတရုပ်ကို ဗမာလို ခေါ်ရင် အသက်ရုပ်လို့ ခေါ်တယ်။

အသက်ရုပ်ခေါ်တဲ့ ဇီဝိတက ဘယ်သူကို အုပ်စိုးသလဲ ကံကြောင့်ဖြစ်သော ရုပ်မှန်ရင် အသက်ရှင်ဘို့ တာရှည်ခံဘို့ ဇီဝိတရုပ်က အုပ်စိုးတယ်နော်။

ပြီးတော့မှ သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ၊ ချမ်းသာရာမှာ သုခက အုပ်စိုးတယ်၊ ဆင်းရဲရာမှာ ဒုက္ခကအုပ်စိုးတယ်။ ဝမ်းမြောက်ရာမှာ သောမနဿက အုပ်စိုးတယ်။ ဝမ်းနည်းရာမှာ ဒေါမနဿက အုပ်စိုးတယ်။ ဝမ်းနည်း ဝမ်းသာ မဟုတ်တဲ့အခါမှာ ဥပေက္ခာက အုပ်စိုးတယ်။ အုပ်စိုးမှု ငါးမျိုး

ကို ဝေဒနာဏ္ဍမြွေ ငါးပါးခေါ်တယ်။ အဲဒီ ဝေဒနာ ငါးပါး ကလဲ အုပ်စိုးတတ်တဲ့ တရားငါးပါးတဲ့။

၁။ ဒွါရဏ္ဍမြွေက ခြောက်ပါး
၂။ ဘာဝဏ္ဍမြွေက နှစ်ပါး
၃။ ဇီဝိတဏ္ဍမြွေက တပါး
၄။ ဝေဒနာဏ္ဍမြွေက ငါးပါး
၅။ ပြီးတော့မှ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ။

အဲဒါ ဗောဓိပက္ခိယဏ္ဍမြွေ ငါးပါးခေါ်တယ်။ ဘာဖြစ်လို့လဲ၊ ဗောဓိပက္ခိယတရား ၃၇-ပါးထဲမှာ သူပါနေလို့။

မြတ်စွာဘုရား၏ ဏ္ဍမြွေယပရော ပရိယတ္တိ ဉာဏ်တော်မှာပါတဲ့ ဏ္ဍမြွေဆိုတာ အဲဒီ ဗောဓိပက္ခိယဏ္ဍမြွေကိုပြောတာ။ ဒီသတ္တဝါမှာ သဒ္ဓါအစရှိသော ဏ္ဍမြွေရင့်မရင့်ကို ဉာဏ်တော်နဲ့ကြည့်တယ် သဒ္ဓါအစရှိသော ဏ္ဍမြွေ မရင့်ဘဲနဲ့ တရားမရဘူး။ ဒီတော့ သဒ္ဓါ အစရှိသော ဏ္ဍမြွေရင့်မရင့်ကို ကြည့်ပြီးမှ တရားဟောတာနော်။ ဒီတော့ ဗောဓိပက္ခိယ ဏ္ဍမြွေ ငါးပါးနဲ့ ပေါင်းလိုက်တော့ ၁၉-ပါး။ အေး အဲဒါ လောကီဏ္ဍမြွေ ၁၉ ပါးခေါ်တယ်။ လောကုတ္တရာဏ္ဍမြွေက သုံးပါးရှိသေးတယ်။ လောကုတ္တရာ ဏ္ဍမြွေ သုံးပါးကတော့ တရားအားထုတ်မှုနဲ့မဆိုင်ဘူး။ သူက တရား ရပြီးတဲ့နောက်မှ ဖြစ်ရမှာ၊ တရား အားထုတ်တဲ့ ယောဂီမှာ ဒီ ဏ္ဍမြွေ ၁၉ ပါးနဲ့ဘဲ ဆိုင်တယ်။ အဲဒီဏ္ဍမြွေ ၁၉ ပါး အုပ်စိုးမှုကို အသီးအသီး ခွဲသော် သူ့ရုပ်နဲ့သူ အုပ်စိုးမှု သူ့နာမ်နဲ့သူ အုပ်စိုးမှု ရုပ်ရော နာမ်ရော အုပ်စိုးမှု ကင်းရဲ့လား၊

မကောင်းပါဘူး။ အေး ဒီအုပ်စိုးမှုကို ဣန္ဒြေခေါ်တယ်။ ခုလော ကမှာတော့ ဘာခေါ်တယ်၊ အစိုးရခေါ်တယ်၊ အစိုးရဘဲ ခေါ်ခေါ် အုပ်စိုးမှုဘဲခေါ်ခေါ် အတူတူပါဘဲ။

ဒီတော့ လူကိုယ်မှာ အုပ်စိုးမှု ၁၉ ပါးရှိတယ်။ အုပ်စိုးမှု ၁၉ ပါးပြီးတော့မှ အမှန်တရားလေးပါး၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ။ အဲဒီအမှန်တရား လေးပါးခေါ်တဲ့ သစ္စာလေးပါးကိုလဲ သိရမှာဘဲ။ သူ့မှာ စတုသစ္စဝိပဿနာ ကမ္မဋ္ဌာန်းရယ်လို့ ရှိတယ်။

ပြီးတော့မှ ပဋိစ္စသမုပ္ပါဒ်၊ ပဋိစ္စသမုပ္ပါဒ်က အင်္ဂါ ၁၂ ပါး ရှိတယ်။

အဝိဇ္ဇာ သင်္ခါရ နှစ်ပါး

ဝိညာဏ် နာမ်ရုပ် သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ငါးပါး

တဏှာ၊ ဥပါဒါန်၊ ဘဝ သုံးပါး၊

ဇာတိ၊ ဇရာ မရဏနှစ်ပါး ပေါင်းလိုက်တော့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါး။

အဲဒီတော့ သိဘို့က ခန္ဓာရယ်၊ အာယတနရယ်၊ ဓာတ်ရယ်၊ ဣန္ဒြေရယ်။ သစ္စာရယ်၊ ပဋိစ္စသမုပ္ပါဒ်ရယ် ဆိုတဲ့ တရား တွေဟာ ဝိပဿနာ ယောဂီတို့ သိရမဲ့ တရားတွေ နော်။ ဝိပဿနာပုဂ္ဂိုလ်မှာ ပညာက ပါရိဟာရိယပညာ၊ ဝိပဿနာ ပညာ၊ တိဟိတ်ပညာလို့ ပညာသုံးပါးက ပညာဘူမိဖြစ်တဲ့ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဣန္ဒြေ၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်ပေါ် မှာဖြစ်ရမဲ့ပညာ။ အလကားဟာတွေပေါ်မှာ ရှောက်ဖြစ်ရမဲ့ ပညာမဟုတ်ဘူး။

ခုခေတ်မှာ အသိထူးချွန်သူကိုလောကီလူရည်ချွန်ခေါ်သလို ဒီတရားခြောက်ပါးသိတဲ့လူကိုလဲ လောကုတ္တရာ လူရည်ချွန်လို့ မဆိုနိုင်ဘူးလား၊ ဆိုနိုင်ပါတယ်။ အဲဒီ ပါဠိဟာရိယပညာ၊ တိဟိတ်ပညာ၊ ဥပဿနာ ပညာသုံးပါးတို့၏ ပညာဘူမိတရား ခြောက်ပါးကို မှတ်မိအောင် တို့က လင်္ကာစီထားတယ်။

**ခန္ဓာငါးပါး၊ အာယတနဆယ့်နှစ်၊ ဆယ့်ရှစ်ဓာတု၊ ဆယ့်ကိုးခု ဣန္ဒြေ၊ လေးထွေသစ္စာ၊ ဆယ့်နှစ်ဖြာ သမုပ္ပါဒ်၊ တရားမြတ်၊ မပြတ်လေ့လာပါ။**

ဘယ်လိုလေ့လာရမလဲ၊ ဈေးသည်က ဈေးဆိုင်မှာမပြတ် နေသလို သင်္ဘောသူဌေးဟာ သင်္ဘောပေါ် စိတ်အမြဲရောက် သလို၊ စက်သူဌေးဟာ စက်ထဲအမြဲသွားရသလို၊ အဲဒီလိုမပြတ် လေ့လာရမယ်။ အဒိပ္ပာယ်ပေါ်ရဲ့လား၊ ပေါ်ပါတယ်၊ အေး ပေါ်ပြီးတာဘဲ၊ အဲဒီပညာဘူမိဖြစ်တဲ့တရားခြောက်ပါးကို တတ် နိုင်သလောက် လေ့လာလို့ တရားသိတဲ့အခါကျတော့ အဲဒီ အထဲက တခုခုသိပြီး ရမှာပါဘဲ။ အကုန်လုံးသိမှ တရားရတာ မဟုတ်ပါဘူး။ တခုခုကိုသိအောင် ဘာကိုလုပ်ရမလဲ ဆိုတော့၊ သတိကိုလုပ်ရမယ်၊ သတိကို ဘယ်လိုလုပ်ရမလဲ၊ ခန္ဓာကိုယ်ထဲ က ဖြစ်တိုင်းဖြစ်တိုင်း သတိထားပေါ့။ ကိုယ့်ခန္ဓာကိုယ်ထဲက ဖြစ်တာ ကိုယ်မသိဘူးလား။ သိပါဘယ်။ အဲဒီ သိတိုင်းသိတိုင်း သတိထားပါတဲ့။

ဒါ အလုပ်ပဲ၊ ခန္ဓာကိုယ်ထဲက ဘာဖြစ်ဖြစ် ကောင်းကောင်း ဆိုးဆိုး ဆင်းရဲဆင်းရဲ၊ ချမ်းသာချမ်းသာ၊ ခန္ဓာကိုယ်ထဲက ဖြစ်

လာရင် သတိမလစ်စေနဲ့။ အဲဒါ တရားအလုပ်ဘဲ။ အဲဒီတရား အလုပ်ကို အမြဲလုပ်ခဲ့သော်၊ သတိရင့်ကျက်လာပြီး ခုတင်ကပြော ခဲ့တဲ့ နေပက္ကပညာလဲဖြစ်လာမယ်။ ကာယကံ၊ ဝစီကံ၊ မနော ကံ အပြစ်ကင်းတဲ့ သီလစင်ကြယ်မှုလဲ ပေါ်လာမယ်။ အဲဒီလို သီလစင်ကြယ်ပြီး နေပက္ကပညာဖြစ်လာတဲ့ ယောဂီ ပုဂ္ဂိုလ်ဟာ ဝိပဿနာ ခက်အုံးမလား၊ မခက်ပါဘူး။ မခက်လို့ ဝိပဿနာ ရောက်ရင်၊ မဂ်ဉာဏ် ဖိုဉာဏ် နိဗ္ဗာန်မကူးဘူးလား၊ ကူးပါ တယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကူးလို့ ရှိရင် အိမ်က သား မယားနဲ့ မကွဲဘူးလား၊ ဒါဖြင့် မလုပ်တာ ကောင်းတာပေါ့ နော်၊ ခပ်ပျော့ပျော့သာ လုပ်နေကြ။

လုပ်ထုံးနားလည်အောင် ပြောနေတာပါ။

ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဣန္ဒြေ၊ သစ္စာ၊ ပဋိစ္စသမုပ္ပာဒ်၊ ဒီတရားက ပညာဘူမိ၊ အဲဒီတရားခြောက်ပါးကို သိအောင် လုပ်ဖို့က ခန္ဓာကိုယ်ထဲက ဖြစ်တိုင်းဖြစ်တိုင်းကို အာရုံပြုတဲ့ သတိနော်။ ဒီလမ်းအတိုင်းသွားရင် လမ်းချော်စရာ ရှိသေးသ လား၊ မချော်နိုင်တော့ပါဘူး။ မလုပ်ချင်သာ မလုပ်ဘဲနေတို့ ရှိတယ်၊ မလုပ်တတ်စရာတော့ မရှိဘူး။ အားလုံးကုန်တတ်ပြီ။ ဝိပဿနာပါရဂူပုဂ္ဂိုလ်ကြီးတွေဖြစ်ပြီ။ နိုင်ငံခြားသွားစရာလဲ မလိုတော့ဘူး၊ လုပ်တတ်နေပြီ မဟုတ်လား။ အေး သတိအ လုပ်ကို လုပ်တတ်ပြီ ဖြစ်လေသောကြောင့် ကြိုးစား၍ လုပ်နိုင် ကြပါစေ ကုန်သတည်း။

(သာဓု သာဓု သာဓုပါဘုရား)

၁၃၃၀ ခု၊ တော်သလင်းလကွယ်နေ့တွင် မြောင်းမြမြို့ ဝေဠုဝတီကမ္မဋ္ဌာန်းတိုက်၌ ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော-

## ဓမ္မစကြာမြတ်သစ္စာ၏
## ဒုက္ခအပိုင်း အခန်းတရားတော် (၂)

ပထမ မဇ္ဈိမပဋိပဒါ အဲဒီ မဇ္ဈိမပဋိပဒါကလဲ သုံးမျိုးရှိတယ်။

ကမ္မသကတဉာဏ် အရင်းခံတဲ့ပါရမီ မဇ္ဈိမပဋိပဒါ၊ ဝိပဿနာဉာဏ် အရင်းခံတဲ့ ပုဗ္ဗဘာဂမဂ္ဂ မဇ္ဈိမပဋိပဒါ၊ မဂ်ဉာဏ်အရင်းခံတဲ့ လောကုတ္တရာ မဇ္ဈိမပဋိပဒါလို့ မဇ္ဈိမပဋိပဒါ သုံးမျိုးနော်။

၁။ ပါရမီမဇ္ဈိမပဋိပဒါ၊
၂။ ပုဗ္ဗဘာဂ မဇ္ဈိမပဋိပဒါ၊
၃။ လောကုတ္တရာ မဇ္ဈိမပဋိပဒါ၊

ပဋိပဒါဘယ်နှစ်မျိုးရတယ်၊ သုံးမျိုးပါ၊ အေး အဲဒီမဇ္ဈိမ ပဋိပဒါသုံးမျိုးကို ကျင့်ကြံကြိုးကုတ် အားထုတ်လို့ လမ်းဆုံးရောက်သကာလ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါးတရားတဲ့။

ဓမ္မစကြာမှာ မဇ္ဈိမပဋိပဒါကလဲ အချက်အချာတခု၊ သစ္စာလေးပါးကလဲ အချက်အချာတခု၊ အဲဒီနှစ်မျိုးတို့တွင် ပထမအချက်အချာဖြစ်တဲ့ မဇ္ဈိမပဋိပဒါကို ကျင့်မှသာလျှင် ဒုတိယအချက်အချာဖြစ်တဲ့ သစ္စာလေးပါးကို ရမယ်ဆိုတာ မပေါ်လွင်ဘူးလား၊ ပေါ်လွင်ပါတယ်။ အေး မဇ္ဈိမပဋိပဒါကို ကျင့်လို့ရတဲ့ အဲဒီသစ္စာ လေးပါးကိုတခါ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်လို့ ဉာဏ်သုံးဖြာနဲ့ ဟောတာလဲ ဓမ္မစကြာမှာ အချက်အချာတခုဘဲ။

၁။ မဇ္ဈိမပဋိပဒါတချက်

၂။ သစ္စာလေးပါးတချက်

၃။ သစ္စ၊ ကိစ္စ၊ ကတဆိုတဲ့ ဉာဏ်သုံးဖြာကတချက်၊ အဲဒီသုံးချက်ဟာ ဓမ္မစကြာမှာ လိုရင်းအချက် သုံးချက်ပါဘဲ၊ အဲဒီအချက် သုံးချက်တို့တွင် ယခုဟောခဲ့သည်ကား ၂ နံပါတ် သစ္စာအချက်သို့ ရောက်နေပေပြီ။ သစ္စာအချက် ရောက်နေတော့ သစ္စာလေးပါး တရားပွဲသာဆုံးသွားတယ်၊ သစ္စာလေးပါးလဲ မရကြဘူး။ အဲဒီလိုဖြစ်ပြီး မကျန်ရစ်အောင် ဘယ်လိုတို့က ချထားပါလိမ့်။

**ပဋိသန္ဓေ၊ အိုနာသေနှင့်၊ မုန်းသူယှဉ်တွဲ၊ ချစ်သူကွဲကွာ၊ လိုရာမရ၊ ခန္ဓာ၀၊ ဒုက္ခအမှန်သိ။**

အဲဒါ ဒုက္ခသစ္စာ။

သမုဒယသစ္စာအတွက်ကတော့။

**ခုနစ်ပါးဒုက္ခ၊ ဖြစ်ရဘိုရာ၊ တဏှာသုံးဝ၊ ရှိလေက၊ သမုဒယ အမှန်သိ။**

အေး ဒုက္ခသစ္စာလဲ အမှန်သိပြီ၊ သမုဒယသစ္စာလဲ အမှန် သိပြီ။

နိရောဓအတွက်ကတော့-

**တဏှာမကြွင်း၊ ချုပ်ကင်းလေက၊ ချမ်းသာရ၊ နိရောဓ အမှန်သိ။**

မဂ္ဂသစ္စာကျတော့-

**ရှစ်ပါးမဂ္ဂင်၊ လမ်းစဉ်မခေါင်း၊ အကျင့်ကောင်းက၊ တရားရ၊ မဂ္ဂသစ္စာသိ။**

အဲဒီလင်္ကာကလေး လေးပုဒ်ကို ရသွားရင် ဓမ္မစကြာမှာ ဟောတော်မူတဲ့ ဒုက္ခသစ္စာလဲသိရော၊ သမုဒယသစ္စာလဲသိရော၊ နိရောဓသစ္စာလဲသိရော၊ မဂ္ဂသစ္စာလဲသိရော၊ မသိနိုင်ကြဘူး လား၊ သိနိုင်လောက်ပါပြီ။ ဒီပြင်ဟာတွေမှတ်မိချင်လဲ မှတ်မိ မမှတ်မိချင်လဲ နေ၊ အဲဒီလောက်တော့ရသွားမှဖြစ်မယ်။

ဒီသစ္စာလေးပါးတို့တွင် ပထမသစ္စာမှာ "ပဋိသန္ဓေ အိုနာ သေနှင့် မုန်းသူယှဉ်တွဲ၊ ချစ်သူကွဲကွာ၊ လိုရာမရ၊ ခုနစ်ဝ၊ ဒုက္ခအမှန်သိ" လို့ ဓမ္မစကြာမှာ ခုနစ်ပါးဟောတယ်။ သတိ ပဋ္ဌာန်ကျတော့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါ

ယာသ ဒီငါးပါးကိုထည့်ပြီး ဒုက္ခ (၁၂) ပါးဟောတယ်၊ သတိပဋ္ဌာန်မှာ ဒုက္ခဘယ်နှစ်ပါးဟောတယ် (၁၂) ပါးဟောပါတယ်၊ အေးတို့မြစကြာမှာတော့ ဘယ်နှစ်ပါး ဟောတယ်၊ ဒုက္ခ ၇ ပါးဟောပါတယ်။

စာအလိုအားဖြင့်တော့ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ၊ ပိယဝိပ္ပယောဂဒုက္ခ၊ အပ္ပိယသမ္ပယောဂဒုက္ခ၊ ဣစ္ဆာ အလာဘနဒုက္ခဆိုတဲ့ ခုနစ်မျိုးနဲ့ ဥပါဒါနက္ခန္ဓာဒုက္ခက တခြားစီလိုလို၊ ဥပါဒါနက္ခန္ဓာ သိပုံနှင့်၊ ဇာတိဒုက္ခသိပုံက တမျိုး တခြားစီလိုလိုဖြစ်နေတယ်၊ တကယ်ဉာဏ်နဲ့ထိုးထွင်းပြီး ဇာတိစသော ဒုက္ခခုနစ်ပါးကိုသိခဲ့သော် ဥပါဒါနက္ခန္ဓာဒုက္ခကို လဲ ဘွားဘွားကြီးသိနိုင်တယ်၊ မသိနိုင်ဘူးလား သိနိုင်ပါတယ်။

အဲဒီတော့ ဇာတိစသော ဒုက္ခခုနစ်ပါးနဲ့ ဥပါဒါနက္ခန္ဓာ ဆိုတဲ့ ဒုက္ခနဲ့ ဒုက္ခချင်းအတူတူဘဲ၊ ဒါကြောင့် ဒုက္ခခုနစ်ပါး ကိုသာ တိုက်ပြီးတော့ဟောထားတယ်၊ ဥပါဒါနက္ခန္ဓာဒုက္ခက တော့ မဟောတော့ဘူးတဲ့၊ ဒီတော့ဥပါဒါနက္ခန္ဓာဘဲ ဆိုဆို ဇာတိစသော ခုနစ်ပါးဘဲဆိုဆို ဘာခဲ-ဒုက္ခပါဘုရား၊ အေး ဒုက္ခဘဲ။

စပ်မိလို့ပြောရအုံးမယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ ရေးသုံးပါးမှာ ဒုက္ခမပါဘူးလား၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဆိုတဲ့သစ္စာလေးပါးမှာကော ဒုက္ခမပါ ဘူးလား၊ ပါပါတယ်။ သစ္စာလေးပါးမှာပါတဲ့ဒုက္ခနဲ့ လက္ခဏာရေးသုံးပါးမှာပါတဲ့ဒုက္ခနဲ့ ဘာထူးခြားသလဲ၊ မထူးခြားဘူး ပြောမဲ့လူချည်းဘဲနော်၊ မျက်ခမ်းမြင်ကတဲက တောကြီးသား

မှန်းသိပါဘယ် ဟုတ်လား၊ ဒီကောင်တွေဟာ ဒီထက်ပိုသိမဲ့ ကောင်တွေမဟုတ်ဘူး၊ ဒုက္ခသစ္စာမှာပါတဲ့ဒုက္ခက အနိစ္စရော၊ ဒုက္ခရော၊ အနတ္တရော အားလုံးဟာ ဒုက္ခသစ္စာမည်တယ်၊ လက္ခဏာရေးသုံးပါးမှာပါတဲ့ဒုက္ခက ဒုက္ခဘဲမည်တယ်၊ သိပြီလား၊ အေး အနိစ္စရော ဒုက္ခရော၊ အနတ္တရောအကုန်လုံး ရုပ်နာမ်ခန္ဓာ ဟူသ၍ ဒုက္ခသစ္စာချည်းဘဲ။

သစ္စာလေးပါးမှာပါတဲ့ ဒုက္ခနဲ့၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တမှာ ပါတဲ့ ဒုက္ခနဲ့ မထူးခြားဘူးလား၊ ထူးခြားပါတယ်။ အေး မင်းတို့ခုမှသိတယ် မဟုတ်လား၊ တောထွက်ဘုန်းကြီး ဆေးလိပ်သောက်လို့ သက်န်ုးကြီးမီးပေါက်ခါမှ ဟာသက်န်းကြီးမျှား နှစ်ထပ်ပါလားဟေ့လို့ ဆိုသလိုပေါ့ ဟုတ်လား၊ နဂိုက နှစ်ထပ်မှန်း မသိဘူးတဲ့နော်၊ မင်းတို့လဲ ခုဒုက္ခသစ္စာက ဒုက္ခနဲ့၊ အနိစ္စ ဒုက္ခ အနတ္တက ဒုက္ခနဲ့အတူတူဘဲ ထင်မနေဘူးလား၊ ခုမီးပေါက်ခါမှ နှစ်ထပ်မှန်းသိခဲ့တယ်နော်။

အဲဒီဒုက္ခသစ္စာမှာ ဟိုနေ့က ဘယ်လိုဟောခဲ့ပါလိမ့်၊ လင်္ကာကလေးရွတ်လိုက်အုံးမယ်ကွယ်။

"နှိပ်စက်ပူပြင်၊ ပူပင်ဖောက်လဲ၊ ဒုက္ခမြဲ" နှိပ်စက်အပ်သောကြောင့် ဒုက္ခသစ္စာ၊ စောင့်ရှောက် ပြုပြင်အပ်သောကြောင့် ဒုက္ခသစ္စာ၊ ပူပန်ဆင်းရဲသောကြောင့် ဒုက္ခသစ္စာ၊ ဖောက်လွဲဖောက်ပြန်ဖြစ်တတ်သောကြောင့် ဒုက္ခသစ္စာ။ ဒုက္ခသစ္စာဟုတ်မဟုတ်ကို ဒီအချက် ၄ ချက်နဲ့ချိန်ကြည့်၊ သစ္စာအနက် ၁၆ ချက်တို့တွင် ဒုက္ခသစ္စာမှာ ဘယ်နှစ်ချက်ရှိတယ်၊ ၄ ချက်ပါ၊ အနက ဆိုတာလဲဒါဘဲ၊ သဘောဆိုဘာလဲ ဒါဘဲ၊ အနက်နဲ့ သဘောနဲ့

ထူးခြားတယ် မအောက်မေ့ကြနဲ့ ဒုက္ခသဘော ဒုက္ခအနက် အတူတူဘဲ။

ဒုက္ခသဘောဆိုရင် အနှိပ်စက်ခံရတယ်၊ ပြုပြင်ရတယ်၊ ပူပန်ဆင်းရဲတယ်၊ ဖောက်လဲဖောက်ပြန်ဖြစ်တယ်၊ အနှိပ်စက်ခံရခြင်းစသော ၄ ပါးသော သဘောကိုပင်လျှင် ဒုက္ခအနက်လို့ပြောတယ်။

ဒုက္ခအနက်နဲ့ ဒုက္ခသဘော တခြားစီလား အတူတူလား၊ အတူတူပါ။ အေး ဒုက္ခအနက်နဲ့ ဒုက္ခသဘော အတူတူပါဘဲ၊ ဒီတော့ ဒုက္ခသစ္စာဆိုတဲ့ ရုပ်နာမ်ကို ခန္ဓာအားဖြင့် ပြောရလျှင် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ခန္ဓာဘယ်နှစ်ပါး၊ ငါးပါးပါ။ အဲဒီခန္ဓာငါးပါးဟာ အကျဉ်းချုပ်လိုက်တော့ ရုပ်နဲ့နာမ်၊ ခန္ဓာငါးပါးကို အကျဉ်းချုပ်လိုက်တော့ ဘာနဲ့ဘာ၊ ရုပ်နဲ့နာမ်ပါ။

အဲဒီရုပ်နာမ်ဟာဘာလဲ ဒုက္ခသစ္စာ၊ ပဋိစ္စသမုပ္ပါဒ်အားဖြင့် ဟောခဲ့တဲ့ ရုပ်နာမ်သည်ပင်လျှင်၊ ဝိညာဏ်နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာလို့မှတ်၊ အေး ဝိညာဏ်နာမ်ရုပ်၊သဠာယတန၊ ဖဿဝေဒနာလို့ ဆိုရင်လဲဘဲ ဒုက္ခသစ္စာဘဲ၊ ဝေဒနာ သညာ၊သင်္ခါရ၊ ဝိညာဏ်လို့ ဆိုရင်လဲဘဲ ဒုက္ခသစ္စာဘဲ။အဲဒီရုပ်နာမ်ဆိုတဲ့ ဒုက္ခသစ္စာထိုက်တဲ့ တရားနှစ်ပါးမှာ နှိပ်စက်အပ်တဲ့ ပီဠနသဘောရှိတယ်၊ ဟိုသီတင်းက ပြောခဲ့ပြီ၊ ရုပ်နဲ့နာမ်နဲ့ဆိုတဲ့ ဒုက္ခသစ္စာတရားမှာ ဘာသဘောရှိတယ်၊ နှိပ်စက်အပ်တဲ့ ပီဠနသဘောရှိတယ်၊ နှိပ်စက်အပ်တဲ့ ပီဠနသဘောရှိရင် သူ့ကို

နိုပ်စက်တတ်တာလဲ ရှိရအုံးမှာပေါ့၊ နှိပ်စက်အပ်ဆိုတာ ဘာသဘောလဲ၊ အနှိပ်စက်ခံရတာကို ပြောတာ။

ရုပ်နာမ်ဆိုတဲ့ အနှိပ်စက်ခံအပ်တဲ့ ပဋိနသဘောရှိတဲ့ ဒုက္ခကို ဘယ်သူကနှိပ်စက်သလဲ၊ တနေ့က ပြောခဲ့တဲ့အတိုင်း ဖြစ်ပျက်ဆိုတဲ့ တရားနှစ်ပါးက နှိပ်စက်တယ်၊ ဖြစ်မှုပျက်မှုနှစ်ပါးက နှိပ်စက်တယ်။

ရုပ်ရယ်လို့ ဘွားကနဲပေါ်လာပြီး၊ နာမ်ရယ်လို့ ဘွားကနဲပေါ်လာပြီး၊ ရုပ်နာမ် ဘွားကနဲပေါ်လာတဲ့ အခါကျတော့ ဒီရုပ်နာမ်မှာ ဖြစ်စမရှိဘူးလား၊ ဒီရုပ်နာမ်မှာ ပျက်ဆုံးမရှိဘူးလား၊ ရှိပါတယ်၊ ဒါဖြင့် ဖြစ်စပျက်ဆုံးနှစ်ခုကြားထဲမှာ ဖြစ်ရတဲ့နာမ် မဟုတ်ဘူးလား၊ ဖြစ်မှုပျက်မှုနှစ်ခုကြားမှာ ဖြစ်ရတဲ့နာမ်ဟာ ယန္တရားစက်ဖြင့် ကြိတ်သကဲ့သို့နှိပ်စက်အပ်တဲ့ အနက်သဘောတဲ့။

ဒီတော့ ရုပ်သဘာဝ၊ နာမ်သဘာဝ၊ ခန္ဓာဆိုတဲ့တရားတွေမှာ နှိပ်စက်အပ်တဲ့အနက်သဘော၊ အနှိပ်စက်ခံနေရတဲ့အနက်သဘောရှိတယ်၊ ဘယ်သူက နှိပ်စက်သလဲဆိုတော့ ဥဒယနဲ့ဝယက၊ ဥဒယက ဖြစ်စ၊ ဝယက ပျက်ဆုံးမဟုတ်ဘူးလား၊ အေး ဥဒယနဲ့ဝယဟူသော တရားနှစ်ပါးကြားထဲမှာ ဖြစ်ရတဲ့ ရုပ်နာမ်ကို ဖြစ်မှု ပျက်မှုနှစ်ပါးက ညှပ်ပြီးတော့ သတ်ပစ်လိုက်တယ်၊ ကြိတ်ပြီးတော့ သတ်ပစ်လိုက်တယ်၊ ဖြစ်လာတယ်ဆိုရင် တာရှည်နေရသလား၊ မနေရပါဘူး၊ ကြာရှည်မနေရရင် သူတို့ကို ဘယ်သူနှိပ်စက်လို့ ပျက်စီး သွားတယ်လို့ ခေါ်မလဲ အဖြစ်အပျက် ဥဒယဗ္ဗယက နှိပ်စက်လို့ ပျက်စီးသွားတယ်။

အဖြစ်အပျက် ဥဒယဗ္ဗယဆိုတဲ့တရားနှစ်ပါးဟာရုပ်နဲ့နာမ်ကို၊ နှိပ်စက်တတ်တယ်၊ ရုပ်နဲ့နာမ်က နှိပ်စက်အပ်တယ်ဟုတ်လား။ ဒုက္ခသစ္စာပေါ်အောင်ပြောနေတာ တနည်းအားဖြင့်၊ ဇာတိ၊ ဇရာ၊ မရဏ။ ဇာတိကဖြစ်တယ်၊ ဇရာကအိုတယ်၊ မရဏကသေတယ်၊ ဒါဖြင့် ဖြစ်တယ်၊ အိုတယ်၊ သေတယ်ဆိုတဲ့ တရားသုံးပါးက ဘယ်သူ့ကိုနှိပ်စက်သလဲ၊ ရုပ်နာမ်ကို နှိပ်စက်တတ်တယ်၊ ရုပ်နာမ်ဖြစ်၊ ရုပ်နာမ်အို၊ ရုပ်နာမ်သေ။

ဒီတော့ ဖြစ်ခြင်းသဘော၊ အိုခြင်းသဘော၊ သေခြင်းသဘော။ သဘောသုံးမျိုးက ဘယ်သူ့ကိုနှိပ်စက်တယ်၊ ရုပ်နာမ်ခန္ဓာကိုယ်ကိုနှိပ်စက်တယ်၊ ဒီတော့ ရုပ်နာမ်ခန္ဓာက နှိပ်စက်အပ်တဲ့သဘော။ ဖြစ်ခြင်း၊ အိုခြင်း၊ သေခြင်းဆိုတာက နှိပ်စက်တတ်တဲ့သဘော၊ ဒါဖြင့် နှိပ်စက်တတ်၊ နှိပ်စက်အပ် နားမလည်သေးဘူးလား၊ နားလည်ပါပြီ။ ရုပ်နာမ်ခန္ဓာဆိုတဲ့တရားသည် အနှိပ်စက်ခံရတဲ့ ပီဠနသဘောရှိတဲ့တရား။ ပီဠန သဘောတရားဖြစ်ခြင်းကြောင့် ဒုက္ခသစ္စာ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ မတွေးနဲ့။ ရုပ်သဘော နာမ်သဘောကလေးတွေဟာ တဖြစ်ထဲဖြစ်၊ တပျက်ထဲပျက်၊ ဒီလိုနေရရှာတဲ့ သဘောကလေးတွေ ပါကလားလို့ ရုပ်ပေါ် နာမ်ပေါ်မှာ ဒုက္ခထင်လောက်အောင် မတွေးရတယ်၊ ဖြစ်တယ်၊ အိုတယ်၊ သေတယ်ဆိုတဲ့ ဇာတိ၊ဇရာ၊မရဏတရားသုံးပါး၏ အနှိပ်စက်ကို ခံနေရရှာတယ်။

အနှိပ်စက်ခံနေရသောကြောင့် ဒီရုပ်တွေ နာမ်တွေဟာ ဒုက္ခသစ္စာ။ ပုဂ္ဂိုလ်သတ္တဝါကဒုက္ခသစ္စာမဟုတ်ပါဘူး၊ အေး တို့နဲ့ ဒုက္ခသစ္စာနဲ့ အလွတ်ကြီးဘဲ၊ အနေသာကြီးနော်၊ မနေသာဘူးလား၊ ဦးမောင်သာဆိုတဲ့ အတိုင်း နေသာအောင်နေ။

ရုပ်နဲ့နာမ်က အနှိပ်စက်ခံအပ်တဲ့ ဒုက္ခသစ္စာ၊ ပုဂ္ဂိုလ်သတ္တဝါက အနှိပ်စက်ခံရသလား၊ ပုဂ္ဂိုလ်သတ္တဝါက အနှိပ်စက်ခံရရင် အိမ်ကမိန်းမကဘဲ နှိပ်စက်ဘိုရှိတယ်၊ သူများကတော့ နှိပ်စက်စရာမရှိဘူးနော်၊ ဒါဖြင့် ဒုက္ခသစ္စာနဲ့ ပုဂ္ဂိုလ်သတ္တဝါနဲ့ဆိုင်ရဲ့လား၊ မဆိုင်ပါဘူး၊ မဆိုင်ရင် အနေသာကြီး ဟုတ်လား၊ ကြားကသွားက ခါးနာမနေနဲ့၊ ညောင်ဦးကမ်းပါးပြို၊ စမ္မာနဂိုကန္တာမ ပေါင်ကျိုး ဘာဆိုင်သလဲ။ အေး ဒုက္ခသစ္စာနဲ့ ပုဂ္ဂိုလ်သတ္တဝါနဲ့ တခြားစီ။

ပုဂ္ဂိုလ်သတ္တဝါက အနှိပ်စက်မခံရဘူးနော်၊ ရုပ်နဲ့နာမ်က အနှိပ်စက်ခံရတယ်၊ အနှိပ်စက်ခံရတာဘာသဘော၊ ပိဠနသဘော အေး အနှိပ်စက်ခံရတာ ပိဠနသဘောဘဲ။

## "နှိပ်စက်ပြုပြင်၊ ပူပင်ဖောက်လဲ၊ ဒုက္ခမြဲ"

သင်္ခါရတရားဆိုရင် ပြုပြင်ခံရတဲ့တရားဘဲ၊ ရုပ်နာမ်ဆိုတဲ့တရားကို ဘယ်သူက ပြုပြင်သလဲလို့ အကြောင်းရှာလိုက်ရင် နောက်နားကလာမဲ့ သမုဒယသစ္စာကို ထောက်သောအားဖြင့် တဏှာကပြုပြင်တယ်၊ ရုပ်နဲ့နာမ်ကို ဘယ်သူက ပြုပြင်တယ်၊ တဏှာကပြုပြင်ပါတယ်။ ဒါဖြင့် ရုပ်နဲ့နာမ်က ပြုပြင်ခံအပ်တယ်၊ တဏှာကပြုပြင်တတ်တယ်။

တဏှာပြုပြင်တတ်သောကြောင့် ဖွေးဖွေးလှုပ်နေတဲ့ ခေါင်းဖြူကြီးတွေကလဲ ဘီးကလေးတွေနဲ့၊ သူကတဏှာနဲ့ပြုပြင်တာဘိုး၊ ၆၀ ကျော် ၇၀ အဘိုးကြီးတွေကလဲ ဘိုကေကလေးနဲ့၊ ဒါ ဘယ်သူကပြုပြင်တာလဲ၊ အေး တဏှာကပြုပြင်တာ၊ ခုဘာ့

ဦးမောင်ခက ပြောအား နိုပြီ၊ သူကတိုက ပြုက်သွားပေါ့ကိုး နော်-ဒီတော့ ပြုပြင်ဘာ ခံဘာကတဲလျှာ၊ အပြုပြင် ခံရတာက ရုပ်နာမ်။

ဒါဖြင့် ရုပ်နာမ်ဘာနဲ့ အပြုပြင်ခံရတဲ့ သခါရသဘော၊ ပြုပြင်ခြင်းနဲ့ကင်းလို့ ရုပ်နာမ်ဆိုတဲ့တရားဟာ မတည်နိုင်ဘူး၊ ရုပ်နာမ်ဆိုတဲ့တရားက ပြုပြင်ခြင်းနဲ့ကင်းလို့ တည်နိုင်ရဲ့လား၊ မတည်နိုင်ပါ။ တပြုပြင်ထဲပြုပြင်ပြီးနေရတယ် မဟုတ်လား။ နာမ်ကို လက်ကိုင်လုပ်သွားတဲ့ပုဂ္ဂိုလ်တွေကြည့်ကြပေါ့၊ တော်တော်ကြာ ထိုင်လိုက်ရ၊ ထလိုက်ရ၊ သွားလိုက်ရ၊ လျှောက်လိုက်ရ၊ ရေချိုးလိုက်ရ အဝတ်ဘဲလိုက်ရ၊ ဆေးဝါးစားလိုက်ရ စသည်ဖြင့် ဒီကိုယ်ကောင်ကြီးကို တပြုပြင်ထဲ ပြုပြင်မနေရဘူးလား၊ ဒီကိုယ်ကောင်ကြီးကို တပြုပြင်ထဲပြုပြင်နေရတာ ဘာဖြစ်လို့ သခ်ာရသဘောရှိတဲ့ ရုပ်နာမ်မို့လို့ နော်၊

ဒီတော့ အပြုပြင်ခံနေရတဲ့ ရုပ်နာမ်ဟာ၊ အပြုပြင်ခံရသောကြောင့် ဒုက္ခသစ္စာ၊ အနှိပ်စက်ခံရသောကြောင့် ဒုက္ခသစ္စာ၊ အေး အနှိပ်စက်ခံရတဲ့ ပီဠနသဘောရှိရင်လဲ ဒုက္ခသစ္စာလို့ဆို၊ သခ်ာသဘောရှိရင်လဲ ဒုက္ခသစ္စာလို့ဘဲဆို။

"နှိပ်စက်ပြုပြင်၊ ပူပင်ဖောက်လဲ၊ ဒုက္ခမြဲ" ဟောဒီရုပ်နာမ်ဆိုတဲ့ ခန္ဓာတရားသည် ချမ်းသာတဲ့တရား မဟုတ်ပါဘူး။ အေး ချမ်းသာတဲ့တရားမဟုတ်ဘူးဆိုရင်ဖြင့် ပူပင်တဲ့တရားပေါ့၊ ရုပ်နာမ်ခန္ဓာဟာပူသလား၊ အေးသလား၊ ရုပ်နာမ်ခန္ဓာဟာပူတယ်နော်၊ ဒါဖြင့် ရုပ်နာမ်ခန္ဓာမှာ သန္တာပ ပူပန်ခြင်းသဘောရှိတယ်။ ရုပ်နာမ်ခန္ဓာဟာ အနှိပ်စက်ခံရခြင်း ပီဠနသဘော၊

ရုပ်နာမ်ခန္ဓာဟာ အပြုပြင်ခံရခြင်း သခ်တသဘော၊ ရုပ်နာမ် ခန္ဓာဟာ မအေးချမ်းဘဲ ပူပန်နေတဲ့ သန္တာပသဘော ရှိတယ် နော်။

မအေးချမ်းဘဲ ပူဖန်နေတဲ့ သန္တာပသဘော ရှိခဲ့သော် ဘာ သစ္စာ၊ ဒုက္ခသစ္စာပါ။ စိုက်ကြည့်လိုက်စမ်း ခန္ဓာထဲမှာ ဖြစ်မှု ဇာတိမီး၊ ရင့်ရော်မှု ဇရာမီး၊ ဖြစ်ရင်ဖြစ်တဲ့အတိုင်း အသစ်စက် စက်နေလို့လား၊ မနေပါဘူး။ ဖြစ်ပြီးပြီးခြင်း ရင့်ရော်မသွား ဘူးလား၊ သွားပါတယ်။အေး ဖြစ်တာကဇာတိမီး လောင်တာ၊ ရင့်ရော်သွားတာက ဇရာမီးလောင်တာ။ ဇရာမီးလောင်လို့ အိုမင်းသွားပြီဆိုတော့ ဘာဖြစ်သွားမယ်၊ သေမယ်။ ရင့်ရော် အိုမင်းသွားပြီဆိုရင် နောက်ဆုံးပိတ် မရဏမီးလောင်မယ်၊ ဒါ ဖြင့် ဒီရုပ်နာမ်ခန္ဓာမှာ ဇာတိမီး၊ ဇရာမီး၊ မရဏမီး အမြဲ အလောင်ခံမနေရဘူးလား၊ နေပါတယ်။

ဇာတိမီး၊ ဇရာမီး၊ မရဏမီး အမြဲလောင်ရုံမျှမက၊လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေကကော ဒီစက်သူဌေးတွေ၊ သင်္ဘော သူဌေးတွေက လှဲရင် ဒင့်ပြင်လူတွေမှာ လောင်မှာချည်းဘဲ မဟုတ်လား။ သူတို့မှာတော့ ပြည့်စုံနေတာကိုး မလောင်ဘူး ပေါ့၊ ဒီတော့ ဇာတိမီး၊ ဇရာမီး၊ မရဏမီးလဲ လောင်တယ်။ လောဘမီး၊ ဒေါသမီး၊ မောဟမီးလဲ လောင်တယ်မဟုတ်လား၊ လောင်ပါတယ်။ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ လောဘမီး၊ ဒေါသမီး၊ မောဟမီးဆိုတဲ့ ရုပ်မီး နာမ်မီး ကိလေသာမီးတွေ အလောင်ခံနေရရင် ဒီရုပ်နာမ်ကို အေးတယ်လို့ ဆိုနိုင်ပါ့မ လား၊ မဆိုနိုင်ပါဘူး။ ဒါဖြင့် ရုပ်နာမ်ဟာ ဘာခေတ်ဘုံး အ အေးခေတ်လား အပူခေတ်လား၊ အပူခေတ်။

ဒါဖြင့် စိုးရိမ်ရခြင်း သောကမီး၊ ငိုကြွေးရခြင်း ပရိဒေဝမီး၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခမီး၊ စိတ်ဆင်းရဲခြင်း ဒေါမနဿမီး၊ အောင်မယ်လေးဟယ် ပင်ပန်းလိုက်တာဆိုတဲ့ သက်ကြီးရှိုက်ငင် ပင်ပန်းခြင်း ဥပါယာသမီး၊ ဒီမီးက ငါးပါး၊ လောဘမီး၊ ဒေါသမီး၊ မောဟမီးက သုံးပါး၊ ၂ခုပေါင်းလိုက်တော့ ရှစ်ပါး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး ထည့်လိုက်တော့ ဆယ့်တစ်ပါး၊အဲဒီ ၁၁ပါး ဘာခေါ်တယ်၊ မီး ၁၁ပါးခေါ်တယ်၊ ဒါဖြင့် မီး ၁၁ပါး တဟုန်းဟုန်းတောက်လောင်နေတဲ့ ရုပ်နာမ်ခန္ဓာဟာ ပူမလား။ အေးမလား၊ ပူပါတယ်။

"အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမျှ၊ အကြောင်းပြု၍"လို့ လယ်တီဆရာတော်ကြီးက ဒီလိုဆိုတယ်မဟုတ်လား၊ ဒါဖြင့် ရုပ်နာမ်ခန္ဓာဟာ မီးစာပေါ့၊ ရုပ်နာမ်ခန္ဓာဟာ မီးစာဖြစ်ခြင်းကြောင့် အဲဒီရုပ်နာမ်ခန္ဓာဟူသော မီးစာကို၊ ဇာတိ၊ ဇရာ၊ မရဏ၊ လောဘ၊ ဒေါသ၊ မောဟ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ အဲဒီမီး ၁၁ပါး လောင်နေတယ်။ ရုပ်နာမ်ခန္ဓာကမီးစာ၊ ဇာတိစသောတရားတို့က မီး၊ ခန္ဓာသည် ဇာတိစသော မီး၁၁ပါးတို့၏ လောင်စာ၊ လောင်စာဖြစ်နေရင် အေးမလား ပူမလား၊ ပူမယ်နော်။

ကော နု ဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ၊
အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ န ဂဝေသထ။

ဝိသာခါရဲ့ မိတ်ဆွေဖြစ်တဲ့ မိန်းမငါးရာဟာ ဝိသာခါနဲ့ ကျောင်းအတူလိုက်သွားကြတယ်၊ ဘုရားဆီကို လိုက်သွားပေမဲ့ မိန်းမကောင်းတွေမဟုတ်ဘူးတဲ့၊အရက်မူးလို့တဲ့၊ဘုရားကျောင်း-

တော်ကိုလိုက်သွားတာလေ၊ ဟာ ဘုရားရှေ့ကျတော့ ကလိုက် ခုန်လိုက်ကြတာ၊ သီချင်းဆိုလိုက်ကြတာတဲ့၊ ဒီမိန်းမတွေကလေ။ သူတို့က မူးနေကြတာကိုး၊ မူးနေတော့ ဘုရားရယ်၊ တရားရယ်၊ သံဃာရယ် အရေးလုပ်မလားလို့၊ မူးတယ်ဆိုတာ ရူးတာနဲ့ ထူး သေးသလား၊ မထူးပါဘူး၊ အရူးမတွေ အမိုက်မတွေပေါ့၊ ဘုရား ရှေ့တောင် ကရဲ၊ ခုန်ရဲ၊ သီချင်းဆိုရဲဆိုတော့ ဘယ်လောက် ကြည့်ကောင်းလိုက်မလဲလို့ ဒါ မျက်နှာကြီးပိုင်းက၊ အထက် တန်းလွှာထဲက၊ အောက်တန်းလွှာထဲက မဟုတ်ဘူး၊ ဝိသာခါ မိတ်ဆွေဆိုတော့ အထက်တန်းလွှာပေါ့။

မူးရူးပြီး ဝိသာခါနဲ့အတူလိုက်သွားလို့ ဘုရားကျောင်းတော် ရောက်သကာလ၊ ဘုရားရှေ့မှောက်မှာ ကကြ ခုန်ကြ သီချင်း ဆိုကြတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက တနေ့ကပြော ခဲ့တဲ့ အာသယာနုသယဉာဏ် ဣန္ဒြိယပရောပရိယတ္တိဉာဏ် ဆိုတဲ့ ဗုဒ္ဓစက္ခုနဲ့ ကြည့်တော်မူလိုက်တော့၊ မူးရူးသာနေတယ် ဒီကောင် မတွေဟာ ပါရမီရှင်တွေ၊ တရားရနိုင်တယ်၊ ဒီအချိန်ဟာ သူတို့ တရားရဘို့အချိန်ဘဲလို့ ကိုယ်တော်မြတ်က သိသတဲ့၊ နော်။

သို့ပေမယ်လို့ သူတို့ အမူးပြေအောင် ကိုယ်တော်မြတ်က ဘယ်လိုလုပ်သလဲဆိုတော့ မျက်ခုံးတော် မျက်မှောင်တော် အစရှိ တဲ့ ထိုထိုညိုရာအရပ်တော်တို့မှ ညိုသောရောင်ခြည်တော်လွှတ်ပြီး တော့ ဇေတဝန် ကျောင်းတော်ကြီးကို မှောင်ချသွားဘယ်၊ မှောင်ချသွားလို့ မှောင်မဲသွားပြီး ကိုယ့်ခြေကိုယ့်လက်တောင် မမြင်ရတော့ဘူးတဲ့။

အဲဒီလို ကိုယ့်ခြေကိုယ့်လက်တောင်မမြင်ရဘော့မှကြောက်လာကြတယ်၊ ကြောက်သွားကြဘော့မှ အမူးပြေသွားကြတယ်နော်၊ အဲဒီလိုမှောင်ချပြီး ကိုယ်တော်မြတ်က ဘယ်ကြွသွားသလဲဆိုဘော့ မြင့်မိုရ်တောင်ထိပ် ကြွသွားဘယ်၊ ဇေတဝန် ကျောင်းတော်ထဲမှာ သူတို့ချည်းဘဲထားပစ်ခဲ့ပြီး မြင့်မိုရ်တောင်ထိပ် ကြွသွားတော့ သူတို့လဲဘဲ ကိုယ့်ခြေကိုယ့်လက်တောင်မမြင်တော့ဘုရားလဲ ရှိမှန်းမရှိမှန်း မသိတော့ဘူး အမူးခတော့ ပြေနေပြီနော်။

ဒီတော့မှ ညိုသောရောင်ခြည်တော်ဖြင့် မှောင်ချထားတဲ့အမှောင်ကို မြင့်မိုရ်တောင်ထိပ်ကနေပြီးတော့ ဥဏ္ဏာလုံ မွေးရှင်တော်သိလား၊ ဟာ ဥဏ္ဏာလုံ မွေးရှင်တော်တောင်မသိဘူး၊ ငယ်သေးလို့ပါကြီးတော့သိမှာပေါ့နော်၊ ဥဏ္ဏာလုံ မွေးရှင်တော်ဆိုတာ မျက်ခုံးတော်နှစ်ဘက်တို့၏အကြား လက်ယာရစ်ခွေပြီးတော့နေတယ်တဲ့၊ ဖြူသောအမွေးတော်ကလေး နော်၊ နာရီစကြိမျှင်ကလေးများကဲ့သို့ ဆွဲဆန့်လိုက်ရင် အတောင်အားဖြင့်နှစ်တောင်ရှည်တယ်တဲ့၊အဲဒီအမွေးတော်ကို ဥဏ္ဏာလုံမွေးရှင်တော်ခေါ်တယ်နော်၊ အဲဒီ ဥဏ္ဏာလုံမွေးရှင်တော်ကနေပြီး ဖြူသောရောင်ခြည်တော်ကလေး လွှတ်လိုက်တယ်၊ ဖြူသော ရောင်ခြည်တော်ကလေးလွှတ်လိုက်တော့၊ ဟိုအရင်အမှောင်ချထားတဲ့ ညိုသော ရောင်ခြည်တော်ကပျောက်ပြီး အလင်းရောင် မလာဘူးလား၊ အေး အလင်းရောင်လာလို့ သူတို့လဲအမူးပြေတဲ့အခါကျတော့မှ ကိုယ်တော်မြတ်က မြင့်မိုရ်တောင်ထိပ်ကနေပြီးတော့။

ကော နု ဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိ တေ သတိ၊ အဲဒီဂါထာကလေးကို ဟောလိုက်တယ်၊ ဒီဂါထာကလေး

ဟောလိုက်တော့ ခုဒင်က အရူးအမူးတွေဟာ သောတာပန် ဖြစ်သွားကြသတဲ့၊ ဘယ်လောက်များ လွယ်သတုံး၊ ခုဒင်ကအရူးမ အမူးမတွေဟာ သောတာပန်မတွေ ဖြစ်သွားကြတယ်။

ဒါဖြင့် မူးချင်တိုင်းမူး၊ ရူးချင်တိုင်း ရူးအုံးပေါ့ တရားရရင် ကောင်းမှာဘဲ၊ နော်၊ မရခင်စပ်ကြားတော့ ကိလေသာနဲ့ကိုး၊ သောတာပန်ဖြစ်ခါနီးဆဲဆဲတောင် ကြည့်စမ်း၊ ဘယ်လောက် မိုက်တုံးရှိသေးသလဲ၊ ဟုတ်သား၊ တို့ယခုက ဖြစ်ခါနီးဆဲဆဲ ဟုတ်ပလား၊ မဟုတ်သေးပါဘူး၊ မဟုတ်သေးရင် သူတို့ထက်ပိုပြီး မိုက်ဘို့ကောင်းတာပေါ့နော်၊ ဟိုမှာ ဖြစ်ခါနီးဆဲဆဲတောင် ဘယ် လောက်မိုက်နေသလဲ။

ဘဒ္ဒေ၊ အရူးမ၊ အမူးမတို့၊ ဒီလိုဘဲဆိုပါတော့၊ နှစ်ခွံ၊ အမြဲ မပြတ်၊ ပစ္စလိဘာ၊ ဘဆဲ့ တသီးသောမီးတို့ဖြင့်ရဲရဲပြောင်ပြောင် တောက်လောင်၍နေသည်။ သတိ၊ ဖြစ်ပါလျက်၊ ချစ်သမီးတို့ သင်တို့၏ခန္ဓာကိုယ်ကို ရူးစိုက်ပြီးကြည့်ကြစမ်းပါဟဲ့၊ အေး သင် တို့၏ ခန္ဓာကိုယ်မှာ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီး၊ ရာဂမီး၊ ဒေါသမီး၊ မောဟမီးဆိုတဲ့မီးတွေ တဟုန်းဟုန်း လောင်နေတယ် ချစ်သမီးတို့တဲ့၊ ကိုယ်တော်မြတ်က ဟောလိုက်ပုံလေ၊ ကိုင်း တအောင့်ကလေးတော့ ခန္ဓာကိုယ်ကို စိုက်ရှုကြစမ်းတဲ့၊ အမူးပြေ တော့ သူတို့ကလည်း စိုက်နိုင်တာပေါ့နော်။

ခန္ဓာကိုယ်ကို စိုက်ရှုလိုက်တော့ ခန္ဓာကိုယ်အထဲမှာ ဇာတိ၊ ဇရာအစရှိသော မီး ၁၁ ပါး တဟုန်းဟုန်းလောင်နေတာ ဉာဏ် ထဲမှာ ဖြန်းကနဲ ပေါ်မလာပေဘူးလား၊ ပေါ်လာ ပါတယ်။

ခန္ဓာထဲမှာ ဘာမီးလောင်နေတယ်၊ ဇာတိမီးလောင်နေတယ်၊ ဇရာမီးလောင်နေတယ်၊ မရဏမီးလောင်နေတယ်။ မီးလောင်ခံနေရတဲ့ ပူပန်နေတဲ့ ဒုက္ခသစ္စာထိုက်တဲ့ ရုပ်နာမ်ခန္ဓာကြီးကို စိုက်အရှုခိုင်းထားပြီး ကိုယ်တော်မြတ်က "နိစ္စံ၊ အမြဲမပြတ်။ ပဇ္ဇလိတော၊ ဘဆယ့်တသီးသောမီးတို့ဖြင့် ရဲရဲပြောင်ပြောင်တောက်လောင်၍နေသည်။ သတိ၊ ဖြစ်ပါလျက်" ဟုတ်လား၊ နင်တို့ကိုယ်ထဲမှာ စိုက်ရှုလိုက်စမ်း၊ ရှုလို့ရှိရင် ခန္ဓာကိုယ်ကြီး ပျက်နေတာ၊ ခန္ဓာကိုယ်ကြီး မီးလောင်နေတာတွေမှာပေါ့လို့ ကိုယ်တော်မြတ်က အစိုက်ခိုင်းလိုက်တော့ စိုက်ကရော၊ ခိုက်တော့ ခန္ဓာကိုယ်ကြီး ဒုက္ခသစ္စာဖြစ်လို့ ပူလောင်နေတာ မတွေ့ကြပေဘူးလား၊ တွေ့ပါတယ်။ တွေ့တော့-

"ကောန္နုဟာသော၊ အဘယ်ကြောင့် အသင်တို့ ရှင်နိုင်ကြပေသနည်း။ ကိမာနန္ဒော၊ အဘယ်ကြောင့်သင်တို့ နှစ်သက်နိုင်ကြပေသနည်း။ ဒီခန္ဓာကိုယ်ကြီးမှာ တဆယ့်တမီးတို့ဖြင့် တဟုန်းဟုန်း တောက်လောင်နေပါလျက်ကနဲ့ သင်တို့ရယ်နိုင်ကြတယ်၊ မောနိုင်ကြတယ်၊ နှစ်သက်နိုင်ကြတယ် ဟုတ်လား။ ဘာကြောင့် ရယ်နိုင်ကြသလဲ၊ ဘာအကြောင်းကြောင့် မောနိုင်ကြသလဲ၊ ဘာအကြောင်းကြောင့် နှစ်သက်နိုင်ကြသလဲ။ အဲဒီခန္ဓာကိုယ်ကြီး မီးလောင်နေတာ သင်တို့မသိလို့၊ အသိဉာဏ်ကင်းမဲ့နေလို့ ဟုတ်လား။ ခန္ဓာကိုယ်ကြီး မီးလောင်နေတာသိရင်ဖြင့် ရယ်နိုင်၊ မောနိုင်ပါအုံးမလား၊ မမောနိုင်ပါဘူး။

ကိုင်း ကိုင်း ချစ်သမီးတို့ ခန္ဓာကိုယ်ကြီး မီးလောင်နေတာသိအောင် စိုက်ရှုလိုက်ကြလို့၊ ကိုယ်တော်မြတ်ခိုင်းတော့ ပါရမီ

ရှင်ကိုး။ ခုလောလောဆယ် တရားရတော့မှာ ဖြစ်နေတော့ စိုက်ရှု လိုက်တဲ့အခါ ခန္ဓာကိုယ်ကြီး မီးလောင် နေတာတွေ့ တယ်။

ဒီလိုသိတာဟာ ဒုက္ခသစ္စာကိုသိတဲ့ ဝိပဿနာ ကမ္မဋ္ဌာန်း မဟုတ်လား။ အေး အဲဒီဝိပဿနာကမ္မဋ္ဌာန်း သိတော့မှ ကိုယ် တော်မြတ်က ရယ်နိုင် မောနိုင်ကြခြင်း၏အကြောင်းကို အန္ဓ ကာရေဩနဒ္ဓါလို့ ဟောတော်မူလိုက်တယ်။ အန္ဓကာရေန၊ အဝိဇ္ဇာသုံး အမိုက်တုံးသည်၊ ဩနဒ္ဓါ၊ မှေးယှက် နှိပ်စက်အပ် သောကြောင့်၊ သင်တို့ရင်ထဲ နှလုံးထဲမှာ အဝိဇ္ဇာ အမှိုက်မှောင် ကျနေလို့ ဘာမှမမြင်တဲ့အတွက် ခန္ဓာကိုယ်ကြီး မီးလောင်နေ တာ နင်တို့မသိတာ ဘာမှေးယှက်ထားသလဲ၊ အဝိဇ္ဇာပါ။ အေး မောဟအဝိဇ္ဇာ မှေးယှက်ထားတော့ ခန္ဓာကိုယ်ကြီး မီး လောင်နေတာ မြင်နိုင်သေးရဲ့လား၊ မမြင်နိုင်ပါဘူး။ မမြင်နိုင် ရင် ရယ်မောနိုင်ကြတာပေါ့၊ မူးနိုင်ကြ၊ ရူးနိုင်ကြတာပေါ့။

အဲဒီမူးနိုင်ကြ၊ ရူးနိုင်ကြ၊ ရယ်နိုင်ကြ၊ မောနိုင်ကြ၊ ပျော် ပျော်ပါးပါး နေနိုင်ကြတာတွေဟာ ခန္ဓာကိုယ်ကြီး မီးလောင် နေတာ မမြင်လို့နော်၊ ဘာလို့မမြင်ပါလိမ့်၊ အဝိဇ္ဇာဖုံးလွှမ်း ထားလို့၊ အဝိဇ္ဇာဟာ အလွန်အရေးကြီးသနော်။

တို့ကတော့ ကံသယ်ရမယ်လို့ မဟောချင်ဘူး အဝိဇ္ဇာပယ်ရ မယ်လို့ ဟောချင်တယ်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ အဝိဇ္ဇာ အ ကြောင်းခံမှ ကံသင်္ခါရက ဖြစ်မှာကိုး။ အဝိဇ္ဇာ ရှိနေသ၍ ကာ လပတ်သုံး ကံ ကင်းနိုင်ပါ့မလား၊ မကင်းနိုင်ပါဘူး။ အဝိဇ္ဇာ မပယ်ဘဲနဲ့ ကံ ဖြစ်လို့ကော ရနိုင်ပါ့မလား၊ မရဘူး။

ဟာ ဒါန မပြုကြနဲ့ဟဲ့၊ သီလမစောင့်ကြနဲ့၊ အဲဒီလိုအပြင် အလုပ်တွေကို မလုပ်ကြနဲ့၊ ဘာဖြစ်လို့လဲ နင်တို့ကံ ဆက်လိမ့်မယ်ကိုး ဟုတ်လား။ အဲဒီတော့ ကံဆက်လိမ့်အုံးမယ်လို့ ဆုံးမတာထက် ကံမဆက်ရအောင် အဝိဇ္ဇာကို ပယ်ဖျက်ကြလို့ ဆုံးမတာက ပိုပြီးအရင်းမကျဘူးလား၊ ကျပါတယ်။ အေး အဲဒါက ပိုကောင်းတာပေါ့၊ အမှန်ကတော့ ကံမဆက်ကြနှင့်ဆိုတာနဲ့ အဝိဇ္ဇာပယ်ဖျက်ကြလို့ဆိုတာနဲ့ အတူတူပါဘဲ၊ ထူးသေးသလား၊ မထူးပါဘူး။ မထူးပေတဲ့ နဲနဲသူများထက် ထူးပြောချင်တာကိုး။

ကံဖြတ်မဲ့အစား အဝိဇ္ဇာပယ်တာက ကောင်းတယ်နော်။ ဘာဖြစ်လို့လဲ၊ အဝိဇ္ဇာကြောင့် သင်္ခါရက ဖြစ်မှာကိုး၊ အဝိဇ္ဇာ ရှိနေရင် ဘာမဆို လုပ်မယ်မဟုတ်လား။ အဲဒီတော့ အဝိဇ္ဇာ ပျောက်အောင် ဘယ်လိုလုပ်ရမယ်၊ ဒုက္ခကိုဘယ်လိုသိအောင် လုပ်ရမယ်။ အဝိဇ္ဇာပျောက်ချင်ရင် ဒုက္ခကိုသိအောင်လုပ်။

သီလ၊ သမာဓိ၊ ပညာဆိုတာ ဘာသစ္စာ၊ မဂ္ဂသစ္စာပါ။ အဲဒီ မဂ္ဂသစ္စာထိုက်တဲ့တရားနဲ့ ခုတင်က မီးတဟုန်းဟုန်းလောင်နေတဲ့ ဒုက္ခသစ္စာဆိုတဲ့ ရုပ်နာမ်ခန္ဓာတရားကို သိအောင် လုပ်ပါ။ ဒီလိုဟာမဟုတ်လား၊ ကိုင်း ဒုက္ခသစ္စာ ထွားထွားကြီးပေါ်အောင် ဘာနဲ့လုပ်ရမယ်၊ မဂ္ဂသစ္စာနဲ့သိ၊ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနှင့် ထွားထွားကြီးပေါ်အောင် သိတဲ့အခါကျတော့ ဟိုဘဝများစွာ၊ ကမ္ဘာများစွာက လိုက်လာတဲ့ ကိလေသဝဋ်၊ ကမ္မဝဋ် ဝိပါကဝဋ်ဆိုတာ ခန္ဓာမှာမှီပြီး၊ ကိန်းဝပ်ပြီး ငုတ်လိုက်လာတယ်နော်။

"ခြိဘ်သာချည်သွေး၊ စာသိုက်ဒထွေးနှင့်၊ မြက်ထွေးအတူ၊ သူငါမကြွင်း၊ လေးဘုံဆင်းကာ၊ သံသရာဌ်၊ ရှည်ကြာဒုက္ခ၊ တွေ့ရလေစွတကား"

ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ရှုပ်ထွေးတယ်ဆိုတာ အဲဒီ နေရာမှာ ပေါ့။ ဘဝများစွာ၊ ကမ္ဘာများစွာက ကိလေသာကို အမှီပြု ပြီးတော့ အထမြောက်ခဲ့တဲ့ ကံတွေမရှိဘူးလား၊ ရှိပါတယ်။ ဒါဖြင့် ဒီကံတွေရဲ့ အကျိုးဖြစ်တဲ့ ကံ၏အကျိုး ဝိပါကဝဋ် ကော မရှိခဲ့ပေဘူးလား၊ ရှိပါတယ်။

ဒါဖြင့် ဘဝသံသရာက ပါလာခဲ့တဲ့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ ဝဋ်သုံးပါးဟာ ခန္ဓာကိုယ်မှာအမြဲမှီပြီး လိုက်နေ သနော်၊ ဒါကို "သမုဒါဂတ" ခေါ်တယ်။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသည်ဖြင့် အကျိုးအကြောင်း ဆက်နေတာက "ပစ္စယသမ္ဘူတ" ခေါ်တယ်၊ ဟိုဘဝများစွာ၊ ကမ္ဘာများစွာက ကံအထမြောက်သည့် အချိန်ကစပြီး ဤကံ နှင့် ကံ၏အကျိုး၊ အကြောင်းအကျိုး တွဲဖက်ပြီးတော့ အကျိုး ပေးခွင့်မရမခြင်းလိုက်ပြီးတော့လာခဲ့တဲ့ ကိလေသာရယ်၊ ကံရယ်၊ ဝိပါက်ရယ်၊ အဲဒီ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဆိုတဲ့ ဝဋ်သုံးပါးဟာ အမြဲမပြတ် ခန္ဓာကိုယ်မှာ မှီတွယ်ပြီးတော့ လိုက်နေတယ်။

ဒီတော့ ဘဝများစွာ ကမ္ဘာများစွာက လိုက်လာတယ်ဆို ရင် ဒီကိလေသဝဋ်၊ ကမ္မဝဋ်အပေါင်းကို ရှင်းနိုင်ပါ့အုံးမလား၊ မရှင်းနိုင်ပါဘူး၊ ရှုတ်ထွေးနေမလား၊ ရှင်းနေမလား၊ ရှုတ်

ထွေးနေပါတယ်၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ်မှာ ရှုတ်ထွေးနေတဲ့ တဏှာ၊ ဥပါဒါန်က ဘဝဆိုတဲ့ အင်္ဂါသုံးပါးတို့တွင် ဘဝသည် ကမ္မဝဋ်၊ ဝိပါကဝဋ် နှစ်ပါးနှင့်ဆိုင်တဲ့အတွက် ဘဝမှာ ကမ္မဘဝ၊ ဥပပတ္တိဘဝ နှစ်မျိုးရှိတယ်၊ ကမ္မဘဝက ကမ္မဝဋ်၊ ဥပပတ္တိဘဝက ဝိပါကဝဋ်၊ ဒီတော့ တဏှာဥပါဒါန်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါသုံးပါးမှာ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတဲ့ ဝဋ်သုံးပါးဟာ အစုံအလင်ပါတယ်၊ အဲဒီဝဋ်သုံးပါး ဘယ်လောက်များသလဲဆိုတော့ ဘဝများစွာ၊ ကမ္ဘာများစွာ က ပါလာတဲ့ ဝဋ်သုံးပါးဖြစ်ခြင်းကြောင့် မရေတွက်နိုင်ဘူး နော်။

ပဋိစ္စသမုပ္ပာဒ်မှာ ဖော်ပြထားတဲ့ တဏှာ၊ ဥပါဒါန်၊ ဘဝ ဆိုတာကလေးက ယခုဘဝက နောင်အနာဂတ်ဘဝ သွားရတို့ တဘဝတာကလေး ထုတ်ပြောထားတာ ဟိုမှာထုတ်မပြောဘဲ နဲ့ ကျန်နေရစ်တဲ့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တွေဟာ အသင်္ချေ အနန္တ၊ ရှုပ်ထွေးမနေဘူးလား၊ အေး ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတာ တဏှာ၊ ဥပါဒါန်၊ ဘဝဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါသုံးချက်မှာ ဖြေမရ၊ ရှင်းမရအောင် ရှုတ်ထွေး နေတာနော်။

ကြွက်ကိုက်ထားတဲ့ မြိတ်ဆာချည်ထွေးနဲ့တူတယ်၊ စာသိုက် ထွေးနဲ့တူတယ်။ ဖြူဆံမြက်ထွေး ပြိန်းမြက်ထွေးသည် ရှင်း မရသကဲ့သို့၊ စာသိုက်ထွေးသည် ရှင်းမရသကဲ့သို့၊ ရက်ကန်း သည်မ၏ ကြွက်ကိုက်ထားတဲ့ ချည်ထွေးသည် ရှင်းမရ သကဲ့သို့။

ဒီကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတဲ့ ဝဋ်သုံးပါးသည် ရုပ်နာမ်ခန္ဓာမှာ အစဉ်မပြတ်ပြီးတော့ လိုက်နေတာ၊ အင်မတန် များပြားပွေလိမ် ရှုပ်ထွေးနေတယ်၊ ရှင်းရနိုင်ပါ့မလား၊ မရပါဘူး။

**မြိတ်ဆားချည်ထွေး၊ စာသိုက်ထွေးနှင့်၊ မြက်ထွေးအတူ၊ သူငါမကြွင်း၊ လေးဘုံဆင်းကာ၊ သံသရာဌ်၊ ရှည်ကြာဒုက္ခ တွေ့ရလေစွတကား။**

ဒီ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ထဲက ထွက်ထွက်ပြီးတော့ အကျိုးပေးမှာတွေနော်၊ ဒီဘဝ ပြုလုပ်တဲ့ကံသည် ဒီဘဝ အကျိုးပေးမယ်၊ ဒီလို တထစ်ချမမှတ်နဲ့ဟုတ်လား၊ ဒီဘဝပြုလုပ်တဲ့ကံက အကျိုးမပေးဘဲ၊ ဟို ရှေးရှေးဘဝက ပြုလုပ်တဲ့ကံက အကျိုးပေးချင် ပေးတာဘဲ။

နိန်တော့ နာရဒရပါသေးတယ်၊ တနေ့က နာရဒဇာတ်ရစာ မင်းသမီး အကြောင်းဟောလိုက်တယ်မဟုတ်လား နာရဒဇာတ်တော်မှာ ဇာတ်ကောင် ခြောက်ခုထား၊ တေ-ဇ-သု-နေ--မ-ဘူး-စန်-နာ-ဝိ-ဝေ- ဇာတ်တော်ကြီး ဘယ်နှစ်ဖွဲ ဆယ်ဖွဲ၊ အဲဒီဇာတ်ကြီးဆယ်ဖွဲ့မှာ နာရဒဇာတ်ဆိုတာ မပါဘူးလား။

အဲဒီနာရဒဇာတ်ဆိုတာ ဘုရားအလောင်းတော်သည် နာရဒ ဟူသော အမည်နဲ့ ဗြဟ္မာ့ပြည်မှာ ဗြဟ္မာကြီးဖြစ်နေတဲ့အခိုက် မိတ္ထိလာပြည်မှာ အင်္ဂတိ မင်းကြီး၏ သမီးတော် ရုစာမင်းသမီးနှင့် အင်္ဂတိမင်းကြီး၏ စစ်သူကြီး အလာတ ဆိုတာရှိတယ်၊ ဒီတော့ နာရဒဗြဟ္မာကြီးရယ်၊ ရုစာမင်းသမီးရယ်၊ အင်္ဂတိမင်းကြီးရယ်၊ အလာတ စစ်သူကြီးရယ်၊ ဇာတ်ကောင်လေးခု၊ ထွက်သွားပြီ

နော်၊ ပြီးတော့မှ ကဿပ အနွယ်၌ ဖြစ်သော ဂုဏမည်သော မိစ္ဆာဒိဋ္ဌိ ဆရာကြီးရယ်၊ ဂုဏမည်သော မိစ္ဆာဒိဋ္ဌိ ဆရာကြီး ကျောင်းမှာ ဥပုသ်စောင့်နေတဲ့ ဗီဇကမည်သော ကျွန်ရယ်၊ အားလုံး ဘယ်နှစ်ယောက်ရှိပြီလဲ ခြောက်ယောက်ရှိသွားပြီ။

အဲဒီ ခြောက်ယောက်မှာ ယခုဘဝကံသည် နောက်ဘဝကို အကျိုးပေးတယ်၊ ဒီလိုကေန္တ မယူဘို့နော်။ အင်္ဂတိမင်းကြီးက ရုစာသမီးတော်ကို အလှူပေးဘို့ရာ ၁၅ ရက်တကြိမ်၊ ၁၅ ရက် တကြိမ် ငွေတထောင် တထောင် ထုတ်ပေးတယ်တဲ့၊ သူ့သမီး တော်ကို မင်းကြီးကလေ၊ နောက်တော့ စစ်သူကြီးတယောက် ကို အမိန့်ပြုပြီးတော့ ဂုဏမည်သော မိစ္ဆာဒိဋ္ဌိ ဆရာကြီးထံ ချဉ်း ကပ်တော့မှ ဂုဏမည်သော မိစ္ဆာဒိဋ္ဌိဆရာကြီးကဘာဟောသလဲ။

မင်းကြီး ကုသိုလ် အကုသိုလ်ဆိုတာ မရှိဘူး၊ မကောင်းတာ လုပ်လို့လဲ မကောင်းကျိုး မပေးဘူး၊ ကောင်းတာ လုပ်လို့လဲ ကောင်းကျိုး မပေးဘူး၊ သတ္တဝါတွေ ကောင်းတာလုပ်လုပ်၊ ဆိုးတာလုပ်လုပ်၊ မဟာကမ္ဘာကြီးပေါင်း ရှစ်သန်း လေးသိန်း လွန်ပြီးတဲ့အခါ၊ ဒီသတ္တဝါတွေ အကုန်လုံးကျွတ်မယ်၊ ဒီကြား ထဲမှာ ကောင်းတာ လုပ်ချင်လုပ် ဆိုးတာလုပ်ချင်လုပ် ဘာမှ အကြောင်း မထူးဘူး၊ အဲဒီလို ဂုဏအမည်သော မိစ္ဆာဒိဋ္ဌိ ဆရာကြီးကဟောပါရော၊ ဟောတော့၊ အလာတ စစ်သူကြီးက ထောက်ခံတယ်၊ မှန်လိုက်လေဘုရားတဲ့၊ ဒီတရားဟာ သိတ်မှန် တာဘဲ ဘာဖြစ်လို့ မှန်သလဲဆိုတော့၊ တပည့်တော်ဟာ ဟိုဘဝ ကန္တာသတ်သမားကြီးပါဘုရားတဲ့၊ ဒီနွားသတ်တဲ့ အကုသိုလ်ကံ သာ အကျိုးပေးရင် တပည့်တော်ဟာ စစ်သူကြီး ဖြစ်နိုင်ပါ့

မလားတဲ့၊ ဒီတရား အသွန်မှန်တယ်လို့ အလာဘ စစ်သူကြီးက ထောက်ခံတော့၊ ဥပုသ်စောင့်နေတဲ့ ဗီဇက ကျွန်ကလဲ ရှိုက်ကြီး ငင်ကြီးနဲ့ ငိုလိုက်တာတဲ့။

ဟာ၊ ပြောစမ်းပါအုံး မင်းဘာဖြစ်လို့ ငိုရသလဲ ဒီတရား မှန်လွန်းလို့ပါဘုရားတဲ့၊ ဘာဖြစ်လို့လဲလို့ မေးတော့ တပည့်တော်ဟာ ဟိုဘဝက သူဋ္ဌေးပါဘုရားတဲ့၊ ပေးလို့ ကမ်းလို့၊ လှူလို့တန်းလို့၊ စိတ်ကောင်းမွေးသို့၊ တပည့်တော် ကုန်ခဲ့တဲ့ပစ္စည်းတွေ နှမြောလွန်းလို့ပါဘုရားတဲ့၊ လှူလိုက်ရတာ၊ တန်းလိုက်ရတာ၊ ပေးလိုက်ရတာ၊ ကမ်းလိုက်ရတာ ခုတော့ သူများကျွန် ဖြစ်လို့ပါ ဘုရားတဲ့၊ ဒီတော့ ဟိုဘဝက ကောင်းတာလုပ်ပေမယ်လို့ ဒီဘဝမှာ ကောင်းကျိုး မပေးတဲ့အတွက် ဗိဇကကျွန် ကလဲ ထောက်ခံတယ်နော်။ အလာတ စစ်သူကြီးကလဲ ဟိုဘဝက နွားသတ်ယောကျ်ား ဒီဘဝ စစ်သူကြီး ဖြစ်နေတယ်၊

ဒီတော့အင်္ဂတိမင်းကြီးက ဟာ အထောက်အထားလုံလောက် ပါပေတယ်၊ ဒီတရားမှန်ပေတယ်၊ သမီးတော် ကနေ့ကစ၍ဘာ မှမလုပ်နဲ့တော့ ပေးနေကျ ငွေတထောင်လဲမပေးတော့ဘူးလို့ ပြောတဲ့အခါ ရုစာ မင်းသမီးက မဟုတ်ပါဘူး ဖခမည်းတော်၊ ဖခမည်းတော် လူပေါင်းမှားလာပါပြီ သူဘို့ဟာ ဇာတိဿရ ဉာဏ် တပိုင်းတစရတာပါဘုရား၊ သမီးတော်ဟာ ရှေ့ခုနစ်ဘဝ နောက် ခုနစ်ဘဝတောင် မြင်ပါတယ်။

အသာဘစစ်သူကြီးက ကဿပ မြတ်စွာဘုရား၏ စေတီတော် ကို အနော်ဇာပန်းကုံး လှူခဲ့ဘူးတဲ့ ကုသိုလ်က၊ ဒီဘဝမှာ လာ အကျိုးပေးလို့ စစ်သူကြီး ဖြစ်တာပါ၊ ဟို နွားသတ်ထားတဲ့

ကံက ငုတ်နေတယ်၊ အကျိုးမပေးဘဲ မနေဘူး၊ တနေ့ကျပေးမှာ ပါဘဲလို့ သံတော်ဦးတင်တယ်၊ ဘဝကျော်ပြီး ကံတရားအကျိုး ပေးပုံနေဉ်။ ဗိဇကကျွန်ကလဲ့ ဟိုတုန်းက သူဌေးဖြစ်ခဲ့တယ်၊ သူဌေးဘဝက လုပ်ခဲ့တဲ့ ကုသိုလ်တွေ ငုတ်ပြီးတော့ကာ ကဿပ မြတ်စွာဘုရား သာသနာတုံးက သူလဲဘဲ နွားပျောက်လိုက်ရှာ တယ်၊ နွားပျောက် လိုက်ရှာနေတုန်း ရဟန်းတပါးက မျက်စိ လည် လမ်းမှားပြီး ဒကာ ဒီလမ်းဟာ ဘယ်သွားတဲ့ လမ်းခရီးလဲ လို့ သူ့ကိုမေးသတဲ့၊ သူက ပြန်မပြောတော့ ထပ်ထပ်မေးတာ ပေါ့ ရဟန်းက ထပ်ထပ်မေးတော့ သူကစိတ်ဆိုးပြီးတော့ ဟယ် ကျွန်မျိုး၊ ရဟန်း တယ်နှုတ်ကြမ်းပါကလားလို့ သူက ကျိန်ဆဲ ခဲ့သတဲ့၊ အဲဒီလို ကျွန်မျိုးလို့ ကျိန်ဆဲခဲ့ဘူးတဲ့ အတွက် ဒီဗိဇက ကလဲ ကျွန်ဖြစ်တာနေဉ်၊ သူဌေးဘဝက ပြုခဲ့တဲ့ ကုသိုလ်က ငုတ်နေတယ် ရဟန်းဆဲခဲ့တဲ့ အကုသိုလ်က ဝင်ပြီးတော့ အကျိုး ပေးတယ်၊ ကံဆိုတာ ဒီဘဝပြုခဲ့တဲ့ကံက ဟိုဘဝ ကေန္တ အကျိုး ပေးမယ်လို့ မဆိုနိုင်ဘူး။

ဒါကြောင့် ခုဒင်က ပြောခဲ့တဲ့ ပဋိစ္စသမုပ္ပါဒ်မှာ ကိလေ သဝဋ္ဋ၊ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋတွေဟာ သတ္တဝါ သန္တာန်မှာ အဆပ်ထပ်ရှိနေတယ်၊ သူအကျိုး ပေးချင်တဲ့ ကံက ထွက်ပေး လိမ့်မယ်လို့ ပြောတာပေါ့။

ရှစ၁ မင်းသမီးကတော့ ရွှေပန်းထိမ်သည်ဘဝက ကာမေသု မိစ္ဆာစာရကံ ကျူးလွန်ခဲ့တယ်၊ ရွှေပန်းထိမ်သည်ဘဝက သေ တော့ သူဌေးသားဖြစ်တယ်၊ ဟော ကာမေသုမိစ္ဆာစာရကံကျူး လွန်တာက အကျိုးမပေးသေးဘူး သူဌေးသားဘဝက သေတော့

ရောရူဝငရဲ ရောက်သွားတယ်၊ ဟော-ဒီတော့မှ လာပြီးအကျိုးပေးတယ်။ သူဌေးသား ဘဝကျတော့ သူတော်ကောင်း၊ သေတော့ ရောရူဝငရဲ ရောက်သွားတယ်၊ ရောရူဝငရဲက တက်လာတော့ နွားဖြစ်တယ်၊ မျောက်ဖြစ်တယ်၊ ဆိတ်ဖြစ်တယ်၊ အဲဒီဘဝတွေမှာ သင်းကွပ် ခံရတယ်နော်။ ရောရူဝငရဲ ကျတာလဲ ကာမေသု မိစ္ဆာစာရကံ၊ နွားဘဝတုံးကလဲ အပါယ်ဘုံ၊ အပါယ်ဘုံဒင်မကသေးဘူး သင်းကွပ်ခံရလို့ ဒုက္ခလဲရောက်ရသေးတယ်။ အဲဒါ ကာမေသုမိစ္ဆာစာရကံရဲ့အကျိုး။

ပြီးတော့ တခါ သူဌေးမျိုးမှာ ယောကျ်ားမဟုတ် မိန်းမမဟုတ် နပုံပဏ္ဍုတ်သွားဖြစ်တယ်၊ အဲဒီနပုံပဏ္ဍုတ်ဖြစ်တဲ့ ဘဝကျတော့ ကုသိုလ်ဘဲ အကျိုးပေးလို့ ဖြစ်တာ ဘုံက သုဂတိဘုံကိုး သုဂတိဘုံပေမယ်လို့ နပုံပဏ္ဍုတ် ဖြစ်ခြင်းကြောင့် ပဋိသန္ဓေက သုဂတိ အဟိတ် ပဋိသန္ဓေခေါ်တယ်၊ ဒွိဟိတ် တိဟိတ် မဟုတ်ဘူးနော် အဲဒီနပုံပဏ္ဍုတ် ဘဝကနေပြီးတော့မှ တာဝတိံသာ နတ်ပြည် နတ်သမီးသွားဖြစ်တယ်၊ အဲဒီနတ်သမီးဘဝကနေပြီး ငါဘယ်ဘဝတွေမှာ ဖြစ်လာခဲ့ရသလဲလို့ ပြန်ပြီးဆင်ခြင်လိုက်တော့ ရွှေပန်းတိမ်သည်ဘဝမှာ ဖြစ်ခဲ့တယ်၊ သူဌေးသား ဘဝဖြစ်ခဲ့တယ်၊ ရောရူဝငရဲ ကျခဲ့တယ်၊ နွားဖြစ်ခဲ့တယ်၊ မျောက်ဖြစ်ခဲ့တယ်၊ ဆိတ်ဖြစ်ခဲ့တယ်၊ နပုံပဏ္ဍုတ် ဖြစ်ခဲ့တယ်လို့ ခုနစ်ဘဝမြင်တာနော်။

အဲဒီ နတ်သမီးဘဝကနေပြီး တခါဆင်ခြင်ကြည့်လိုက်တော့ သိကြားမင်းအလုပ်အကျွေး သုံးဘဝ ဖြစ်ရအုံးမယ်၊ နောက် ဇဝနနတ်သားရဲ့ နတ်မိဖုရားတဘဝ ဖြစ်ရအုံးမယ်။ ဒီနတ်

သမီးဘဝပါဆိုရင် နတ်သမီးဘဝချည်းဘဲ ငါးဘဝနော်၊ ကုသိုလ်နဲ့အကုသိုလ်ရောပြီး အကျိုးပေးနေတာ၊

မိန်းမဖြစ်တာက ကာမေသုမိစ္ဆာစာရကံ၊ နတ်သမီးဖြစ်ရတာက ကုသိုလ်ကံနော်။ အဲဒီဇဝနနတ်သားရဲ့ မိဖုရားဘဝကနေပြီး သူဘာဖြစ်မလဲဆိုတော့ ရုစာမင်းသမီး သွားဖြစ်မယ်တဲ့။ အင်္ဂတိမင်းကြီးရဲ့သမီးတော်၊ အဲဒီရုစာမင်းသမီး ဖြစ်ပြီးတဲ့နောက် တာဝတိံသာမှာ တန်ခိုးကြီးတဲ့ နတ်သားသွားဖြစ်မယ်၊ ဟုတ်လား။ ဘုရားသမီးတော်ဟာ ရှေ့ခုနစ်ဘဝ၊ နောက်ခုနစ်ဘဝ မြင်ပါတယ်။ သူတို့ဟာ ဇာတိဿရဉာဏ်တပိုင်းတစိတ်မြင်လို့ မှားကြတာပါ၊ ခမည်းတော် ဒီအယူမယူပါနဲ့၊ သူတို့တရားမဟုတ်ပါဘူးလို့ တားတယ်။ တားပေမဲ့မရဘူး။

အထောက်အထား လုံလောက်တယ်၊ မလျှော့ဘူးနော်။ အဲဒီတော့မှ ရုစာမင်းသမီးဟာ နတ်ဗြဟ္မာတွေကို တိုင်တယ်တယ်။ လောကကြီးမှာ ရှိကြတဲ့ နတ်ကောင်း နတ်မြတ်တွေ၊ ဗြဟ္မာကြီးတွေ ကယ်မပါလို့ နတ်ဗြဟ္မာတွေကို တိုင်တယ်တော့ နာရဒဗြဟ္မာကြီးက ဗြဟ္မာပြည်ကဆင်းလာပြီး ငရဲဘေးနဲ့ ခြိမ်းခြောက် ဖြေချတ်တော့မှ ဒီအခါမှာ အင်္ဂတိမင်းကြီးကျွတ်တယ်တဲ့၊ ဗုဒ္ဓဘာသာ ပြန်ဖြစ်သွားတယ်ပေါ့နော်။

အဲဒီတော့ အဲဒီ ဇာတ်ကောင်ကို ထောက်သောအားဖြင့် ဘဝများစွာ ကမ္ဘာများစွာက ပါလာတဲ့ ကိလေသာတွေ၊ ကံတွေဟာ အကျိုးမပေးရမခြင်း၊ ယခုဖြစ်ဆဲခန္ဓာမှာမှီတွယ်ပြီး

လိုက်နေတယ်။ အဲဒီလို မှီတွယ်လိုက်နေဘဲ့ ကိလေသဝဋ်၊ ကမ္မဝဋ်ကို ပဋိစ္စသမုပ္ပါဒ်မှာ ဘယ်အင်္ဂါထဲ ထည့်ထားသလဲ ဆိုရင် တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဆိုတဲ့ အဲဒီအင်္ဂါထဲ ထည့်ထားတယ်။

သို့ပေမယ်လို့ ယခုပဋိစ္စသမုပ္ပါဒ်မှာ ပစ္စယသမ္ဘူတအဖြစ်နဲ့ ထုတ်ပြီးဟောထားတာက ဒီဘဝက ဟိုဘဝဆက်မဲ့ ကိလေသက ဖြစ်ဆဲ တဏှာဥပါဒါန်ဘဝကို ဖော်ပြီး ဟောထားတာ။

ဟို မဖော်ဘဲထားတဲ့ သမုဒါဂတအဖြစ်နဲ့ ကံ၏အကျိုးတွေဟာ မရေမတွက်နိုင်အောင် များပြားပါတယ်။ ဒီတော့ မရေမတွက်နိုင်အောင် များပြားတဲ့ ကံတွေထဲက သစ္စာ ၄ ပါးကိုမသိခဲ့သော်၊ ငရဲကျဘို့ အကုသိုလ်ကံတွေဟာ မရေမတွက်နိုင်အောင် သတ္တဝါတဦးမှာ များပြားတယ် မဟုတ်ဘူးလား။ သစ္စာလေးပါးသိရင်အပါယ်လေးပါးကျရောက်မဲ့အဲဒီအကုသိုလ်တွေ ပြတ်သွားမယ်။ သစ္စာလေးပါးမသိရင် ဒီအကုသိုလ်ကံတွေ မပြတ်နိုင်ဘူး။ မပြတ်နိုင်ရင် အပါယ်လေးပါး မသွားပေဘူးလား၊ သွားပါသည်ဘုရား။ သွားချင်ကြသလား၊ မသွားချင်ကြပါဘုရား။ ပါးစပ်ကနေ၁် သစ္စာလေးပါးမသိရင်သွားကြရမှာဘဲ။ ဘာဖြစ်လို့လဲ အပါယ်လေးပါးကိုကျနိုင်လောက်တဲ့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တွေဟာ ဒီဘဝမှာအပြည့်ပါနေတယ်၊ ပါနေတော့မသွားနိုင်ဘူးလား၊ သွားနိုင်တယ်။ မသွားနိုင်အောင် ဘာလုပ်ရမလဲ သစ္စာ ၄ ပါးကို သိ

အောင်လုပ်နော်၊ သစ္စာလေးပါးသိတဲ့အခါကျတော့ အနည်းဆုံးအားဖြင့် အပါယ်ကျစေတတ်တဲ့ကံတွေ အကုန်လုံး ကင်းသွားမယ်။

ဒါကြောင့် မြတ်စွာဘုရားက မြင့်မိုတောင်ကြီးမှ လက်သီးဆုပ်လောက်ရှိတဲ့ ခဲကလေး ဖဲ့လိုက်ကွ၊ ဖဲ့လိုက်တော့ အဲဒီခဲကလေးနဲ့ မြင့်မိုတောင်ကြီးနဲ့ ဘယ်ကကြီးသလဲ ချစ်သားတို့လို့ မေးတော်မူသတဲ့။ အရှင်ဘုရား၊ မြင့်မိုတောင်ကြီးနဲ့ စာခဲ့သည်ရှိသော် အဲဒီခဲကလေးဟာ အင်မတန်မှ သေးငယ်ပါတယ်ဘုရားလို့ လျှောက်ထားတော့။ အေး ထိုနည်းတူစွာဘဲတဲ့၊ သစ္စာ ၄ ပါးသိတဲ့ ပုဂ္ဂိုလ်တွေမှာ ကုန်သွားတဲ့ ဒုက္ခတွေက မြင့်မိုတောင်ကြီးလောက်ရှိတယ်၊ ဒီလိုဟောတာနော်။ ဘာဖြစ်လို့လဲ၊ ဘဝများစွာ၊ ကမ္ဘာများစွာက ပါလာတဲ့ အပါယ်လေးပါးမှ ဘယ်တော့မှ ခေါင်းမပြူရအောင် အကျိုးပေးမဲ့ ဒုက္ခတွေဟာ သစ္စာလေးပါး သိတဲ့အချိန်မှာ တခါထဲကုန်သွားတယ်။

ဒီတော့ ကင်းသွားတဲ့ ဒုက္ခတွေ ဘယ်လောက် များတယ်။ မြင့်မိုတောင်ကြီးလောက်ရှိတယ်၊ ကျန်တဲ့ဒုက္ခဟာ ခဲကလေးလောက်ဘဲရှိတယ် နော်၊ အပါယ် ၄ ပါးလဲ မကျတော့ဘူး၊ နောင်ဘဝက အထက်ကော ဖြစ်နိုင်အုံး မလား၊ မဖြစ်နိုင်တော့ဘူး၊ သစ္စာလေးပါးကိုအစွမ်းကုန်သိတဲ့ပုဂ္ဂိုလ်မှာ ဒုက္ခခပ်သိမ်းငြိမ်းအေးသွားတယ်၊

ဒါဖြင့် ဘာလိုသလဲ သစ္စာသိအောင်လုပ်ဘို့လိုတယ်။ သစ္စာသိအောင်လုပ်ဘို့က၊ သီလ၊ သမာဓိ၊ ပညာခေါ်တဲ့ အဲဒီမဂ္ဂ

သစ္စာနဲ့ ပထမ ဒုက္ခသစ္စာကို သိအောင်လုပ်၊ ဘယ်လိုလုပ်ရမလဲ၊ ခန္ဓာကိုယ်ထဲစိုက်ရှု၊ ခန္ဓာကိုယ်ထဲ အာရုံပြုလို့ရှိရင် ဆင်းရဲတာတွေ ချမ်းသာတာတွေ အမျိုးမျိုးအဖုံဖုံပူတာတွေ၊ အေးတာတွေ၊ ခန္ဓာကိုယ်ထဲမှာ ဖြစ်နေတာတွေ မတွေ့ပေဘူးလား အဲဒီတွေတဲ့ဟာ ဒုက္ခသစ္စာတွေ မဟုတ်ဘူးလား၊ အဲဒီဒုက္ခသစ္စာတွေကို မသိသိအောင် သတိနဲ့စိုက်ရှုလိုက်စမ်းပါ၊ သတိနဲ့စိုက်ရှုပါများတော့ ခန္ဓာကိုယ်ထဲမှာ ဖြစ်နေတာတွေ မသိနိုင်ဘူးလား၊ သိနိုင်ပါတယ်။

အဲဒီအဖြစ်မှန်ကို သိတဲ့အချိန်မှာ ခေါင်းလဲမဟုတ်၊ ကိုယ်လဲမဟုတ်၊ လက်လဲမဟုတ်၊ ခြေလဲမဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါလဲမဟုတ်၊ ငါ သူတပါး၊ ယောကျ်ားမိန်းမလဲမဟုတ်၊ ဘယ်သူမှမဟုတ် ဒီဖြစ်မှုသဘာဝကလေးတွေသာ ဟုတ်တယ်လို့ ဒီလိုဆုံးဖြတ်နိုင်တဲ့အခါ သက္ကာယဒိဋ္ဌိ မကွာဘူးလား၊ ကွာပါတယ်။

အဲဒီ သက္ကာယဒိဋ္ဌိကွာသွားလို့ရှိရင် အိမ်မပြန်ချင်ဘဲဖြစ်သွားလိမ့်မယ်၊ သိပ်လဲမလုပ်နဲ့နော်၊ မကွာလို့ရှိရင် အပါယ် ၄ ပါးသွားရမယ်။ ဒီတော့ အိမ်မပြန်ရတာနဲ့ အပါယ်လေးပါးသွားရတာ ဘယ်ဟာက အရေးကြီးသလဲလို့ မေးတော့ ဦးမောင်သာက အိမ်မပြန်ရတာက အရေးကြီးပါတယ်တဲ့ ဒါဖြင့် အပါယ်လေးပါးကို မသွားရဘဲ အိမ်ပြန်ကြရအောင် အခုဟောခဲ့တဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနဲ့ ဒုက္ခသစ္စာကိုသိလို့ရှိရင် အပါယ်လေးပါးမှာ ကျနိုင်တဲ့ ကိလေသဝဋ်၊ ကမ္မဝဋ်၊

ဝိပါကဝဋ်တွေ ကင်းပြတ်ချုပ်ငြိမ်းပြီး ဒုက္ခခပ်သိမ်း ငြိမ်းအေးသွားမယ်။ ဒါကြောင့် ဒုက္ခခပ်သိမ်း ငြိမ်းအေးကြောင်း ဖြစ်တဲ့ သစ္စာလေးပါးတရားကို သီလ၊ သမာဓိ၊ ပညာဆိုတဲ့ မဂ္ဂသစ္စာနဲ့သိအောင် မရမခြင်း ကြိုးစား၍အားထုတ်နိုင်ကြ ပါစေကုန်သတည်း။

သာဓု သာဓု သာဓုပါဘုရား။

မြောင်းမြမြို့ ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက် ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည် ၁၃၃၂-ခု ဝါဆိုလပြည့်နေ့တွင် တပည့်တို့အား ဟောကြားဆုံးမတော်မူအပ်သော

## ပဋိပ္ပန် ပဋိစ္စသမုပ္ပါဒ် သစ္စာ ၄-ပါး တရားတော်

အမေး။ ။မဟာဉာဏ်ဝါ သံသရာဒီဃလိုင်း ဘဝတိုင်း၌ စုန်ဆိုင်း ပြေးလွှား တစ်ခုမွှားမွှားနှင့် ရွှေ့ရှားပင်ပန်း မောဟိုက်နွမ်းလျက် ကြမ်းတမ်းဆိုးရွား များပြားလွန်ကဲ ဆင်းရဲလှစွာ သဗ္ဗာဝါအပေါင်းတို့ကို ရှစ်ဖြာမဂ္ဂင် ဖောင်စက်ယာဉ်ဖြင့် သောင်တင်ကယ်မတို့ ဟောပြတော်မူပြီးလျှင် ဒုက္ခသမုဒယ နိရောဓနှင့် မဂ္ဂတဖြာ လေးသစ္စာ အမြတ်တရားတို့ကို ဘယ်ကဲ့သို့ ဟောကြားတော်မူပါသနည်း။

အဖြေ။ ။ဇာတိပိဒုက္ခာ ဇရာပိဒုက္ခာ ဗျာဓိပိဒုက္ခာ မရဏမ္ပိဒုက္ခံ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ

ဝိပ္ပယောဂေါ ဒုက္ခော ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ လို့ ဒုက္ခသစ္စာ (၇)မျိုး ဟောတော်မူတယ်။

**"ပဋိသန္ဓေ၊ အိုနာသေနှင့်၊ မုန်းသူယှဉ်တွဲ၊ ချစ်သူကွဲကွာ၊ လိုရာမရ၊ ခုနစ်ဝ၊ ဒုက္ခအမှန်သိ"**

ဇာတိက ပဋိသန္ဓေ၊ ဇရာက အို၊ ဗျာဓိက နာ၊ မရဏက သေ၊ အပ္ပိယသမ္ပယောဂက မုန်းသူနှင့်တွဲ၊ ပိယဝိပ္ပယောဂက ချစ်သူနှင့်ကွဲ၊ ယမ္ပိစ္ဆံနလဘတိက လိုရာမရ လို့ အဲဒီလို ဒုက္ခသစ္စာ ခုနစ်မျိုးရှိတယ်၊ နောက်တခု အကျဉ်းချုပ်ကတော့ သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာ ဒုက္ခာတဲ့။

**"ဥပါဒါန်၊ ငါးဝ ခန္ဓာ၊ ဖြစ်လာ သမျှ၊ ဘုံဘဝ၊ ဒုက္ခအမှန်သိ"**

ဒုက္ခတွေဟာ ခန္ဓာငါးပါးရှိလို့ ဖြစ်ရတယ်၊ ဘယ်ဘုံမှာ ဖြစ်ဖြစ် ခန္ဓာငါးပါးဘဲဖြစ်တယ်၊ ဖြစ်လာရင် ဒုက္ခသစ္စာဘဲ။အဲဒီ ဒုက္ခသစ္စာကို ပဋိစ္စသမုပ္ပါဒ် နည်းအားဖြင့် ထင်ရှားအောင် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ၅ ပါး။ ဇာတိ၊ ဇရာ မရဏ ၂ ပါး ပေါင်း ၇ ပါး၊ ဒါလဲ ဒုက္ခသစ္စာ ၇ ပါးဘဲ။ ယခုဘဝမှာ လက်ရှိဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၊ စာမှာတော့ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်လို့ ရေးတယ်၊အဲဒါက အတိတ်ဘဝနဲ့ စပ်သားတာ၊ ယခု တဘာဝထဲမှာဆိုရင် နာမ်ရုပ်ကြောင့် ဝိညာဏ်ဖြစ်၊ နာမ်ရုပ်မရှိ ဝိညာဏ်မဖြစ်နိုင် အဲဒီ ဝိညာဏ်ကလဲ ဘဝင်ဝိညာဏ်ကိုယူရတယ်။

ပဋိသန္ဓေ တည်နေသည်ကစ၍ သေသည်တိုင်အောင် တဘာဝ ကိုး၊ ဒီအကြားမှာ ဖြစ်ဖြစ်နေသမျှဟာ ဘဝင်၊ ဒီဘဝင်ထဲက

ထွက်ပြီး မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊သိစိတ် တဘဝလုံး ဖြစ်နေတယ်၊ မြင် ကြား နံ စား ထိ သိ ဆိုတဲ့ အသိ ၆ မျိုးဟာ ဘဝင်ထဲက ထွက်ပြီးပေါ်ရတယ်၊ ဘဝင်စိတ်က တော့ ဟိုရှေးဘာ သေခါနီးဘုံးကကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တို့ကိုပြန်ပြီး အာရုံပြုနေရလို့ ဘဝင်ကျတော့မသိဘူး။ ဒီဘဝ မှာ ဘဝင်စိတ်သာလျှင် ပင်ရင်း၊ အဲဒါ ဝိညာဏ်ဘဲ၊ ဒီဝိညာဏ် မှာ နာမ်နဲ့ရုပ်ပါလာတယ်၊ နာမ်ရုပ်ကြောင့် ဝိညာဏ်ဖြစ်တယ်၊ ယခုဘဝ ဖြစ်နေတာကိုပြောတာ၊ ရှေးကအဘိတ်နဲ့လဲ မဆိုင်၊ နောက် အနာဂတ်နဲ့လဲမဆိုင်၊ အပြန်အလှန် ဆက်စပ်နေတယ်၊ ဘာတွေဖြစ်နေကြသလဲ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ၅ ပါး၊ ပဋိသန္ဓေ ဝိညာဏ်ရယ်လို့ တည်လိုက်ရင် နာမ်နှင့်ရုပ် ပါလာတယ်၊ နာမ်ဆိုတာ စေတသိက်ကိုခေါ်တယ် ရုပ်ဆိုတာ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်ကိုခေါ်တယ်။

အဲဒါ ပဋိသန္ဓေ ခဏကို တည်ပြောတာ၊ ပဋိသန္ဓေ ဝိညာဏ် စိတ်ဖြစ်လိုက်သည်နှင့် တပြိုင်နက်ထဲ ပဋိသန္ဓေ ဝိညာဏ်စိတ်က သူချည်းတပါးထဲ ဖြစ်တာမဟုတ်ဘူး နာမ်နဲ့ရုပ်ပါ တွဲပါလာ တယ်၊ ဒါကြောင့် နာမ်ရုပ်ကြောင့်ဝိညာဏ်ဖြစ် ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၊ အဲဒီလို အပြန်အလှန် ဆက်ရတယ်၊ သတ္တဝါ ဆိုတာ ဝိညာဏ်နာမ်ရုပ်ဘဲ၊ ဝိညာဏ်သတ္တဝါရယ်လို့ အကောင် တည်ပြီးမှ မျက်စေ့အကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ စိတ်အကြည် ဟုဆိုအပ်သော အကြည် ၆ ပါး (သဠာယတန ၆ ပါး) ဖြစ်ပေါ်လာတယ်။ မျက်စေ့အကြည်ရှိနေလို့ မျက်စေ့နဲ့ အဆင်းလာပြီး တိုက်ဆိုင်

တော့မှ မျက်စေ့ထဲမှာ မြင်မှုပေါ်လာတယ်၊ မြင်ဆဲခဏမှာ မျက်စေ့အကြည်၊ အဆင်း၊ မြင်မှု ဒီသုံးပါး ပေါင်းဆုံမိတာကို ဖဿခေါ်တယ်၊ စာအလိုကတော့ တိဏ္ဏံ သင်္ဂတိဖဿောတဲ့။

မျက်စေ့အကြည်ကြောင့် ဖဿဖြစ်တယ်၊ နားအကြည်မှာလဲ ဒီအတိုင်းဘဲ၊ နားအကြည်ရယ် အသံရယ် ကြားခြင်းရယ် ဒီသုံးပါး ပေါင်းဆုံမိတော့ ဖဿ၊ နှာခေါင်းအကြည်မှာလဲ ဒီအတိုင်းဘဲ နှာခေါင်းအကြည်ရယ် အနံ့ရယ် နံခြင်းရယ်၊ အဲဒီသုံးပါး ပေါင်းဆုံမိတော့ ဖဿ၊ လျှာအကြည်မှာလဲ လျှာအကြည်ရယ် အရသာရယ် ဝါးခြင်းရယ် ဒီသုံးပါး ပေါင်းဆုံမိတော့ ဖဿ၊ ကိုယ်အကြည်မှာလဲ ကိုယ်အကြည်ရယ် အတွေ့ရယ် ထိသိရယ် ဒီသုံးပါး ပေါင်းဆုံမိတော့ ဖဿ၊ မနောအကြည်မှာလဲ မနော အကြည်ရယ် ထိုထိုအာရုံရယ် သိမှုရယ် ဒီသုံးပါး ပေါင်းဆုံမိ တော့ ဖဿ၊ ဖဿဆိုတာ မြင်ဆဲခဏ ကြားဆဲခဏ နံဆဲခဏ ဝါးဆဲခဏ ထိဆဲခဏ သိဆဲခဏတိုင်းမှာ ၃ ပါး၊ ၃ ပါး ပေါင်းဆုံမိတာကို ဖဿခေါ်တယ်။ အဲဒီဖဿ ၃ ပါး၊ ၃ ပါး ပေါင်းဆုံမိတော့မှ ဝေဒနာရယ်လို့ ဖြစ်လာတယ် ဝေဒနာ ပေါ်လာတော့မှ ဆင်းရဲတယ် ချမ်းသာတယ် ဝမ်းသာတယ် ဝမ်းနည်းတယ် လို့ဖြစ်လာတယ်။

ဝိညာဏ်နာမ်ရုပ်ခေါ်တဲ့သတ္တဝါကောင်ဘည်မိရင် ဒီသတ္တ ဝါကောင်မှာ အကြည် ၆ ပါးရှိတယ်၊ အကြည် ၆ ပါးရှိရင် ဖဿအတွေ့ပေါ်ရမယ်၊ ဖဿအတွေ့ပေါ်ရင် သောမနဿ၊ ဒေါမနဿ၊ သုခ၊ ဒုက္ခခေါ်တဲ့ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ဝေဒနာပေါ်လာတယ်၊ ဒီတော့

သတ္တဝါတွေဆိုတာ အဲဒီ ၅ ပါးဘဲရှိတယ်၊ ပဋိသန္ဓေတည်နေ သည်ကစပြီး သေသည့်တိုင်အောင် ဒီ ၅ ပါးဘဲ ဖြစ်နေတယ်။ ဒီ ၅ ပါးမှာ-

၁။ ပဋိသန္ဓေတည်နေသည်ကစ၍ သေရာညောင်စောင်း၌ လည်းလျောင်းသည့်တိုင်အောင်၊ သို့မဟုတ်သေခါနီးအခါ ရော ဂါကပ်သည့်တိုင်အောင် ဇရာလို့ယူ။

၂။ သေတို့ အနာရောဂါကပ်သည်မှစ၍ သေသည့်တိုင် အောင် မရဏလို့ယူ၊ ပဋိစ္စသမုပ္ပါဒ်၌ကာလသုံးမျိုးကိုသိရမယ်။

၁။ ခဏကာလ

၂။ သန္တတိကာလ

၃။ အဒ္ဓါကာလ

၁။ ခဏကာလဆိုဘာ ရုပ်နာမ်ဓမ္မတို့၏ဖြစ်ဆဲဖြစ်ဆဲ ခုဖြစ် ခုပျောက် တဖြစ်ထဲဖြစ်၊ တပျောက်ထဲ ပျောက်နေတာကိုခေါ် တယ်။

၂။ သန္တတိကာလဆိုတာ ခြေတလှမ်း၊ လက်တရမ်း၊ စကားတခွန်း၊ ခန္ဓာကိုယ်အနုအရာ တသုတ်သုတ်လှုပ်ရှားမှုကို ခေါ်တယ်။

၃။ အဒ္ဓါကာလဆိုဘာ ပဋိသန္ဓေ တည်နေသည်က စ၍ သေသည့်တိုင်အောင် တဘဝလုံးကိုခေါ်တယ်။

အဲဒီကာလသုံးပါးတို့တွင်ပဋိသန္ဓေတည်နေသည်မှစ၍ သေ သည်တိုင်အောင် တဘဝလုံးဖြစ်နေတဲ့အဒ္ဓါကာလကိုယူရတယ်။ ပဋိစ္စသမုပ္ပါဒ်က အဒ္ဓါကာလနဲ့ဆိုင်တယ်။

ဂိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တရားငါးပါးဖြစ်နေလျှင် ဇရာရှိတယ်။

လူတွေမှာ ဆံဖြူခြင်း၊ သွားကျိုးခြင်းဆိုတဲ့ ပါကဋဇရာရှိတယ်။ နတ်တွေမှာ မထင်ရှားတဲ့ အပါကဋဇရာ ရှိတယ်။ နတ်သမီးများသည် ၁၆ နှစ်အရွယ်က စဖြစ်သည်သေသည့်တိုင်အောင် ၁၆ နှစ်အရွယ်မပြောင်း၊

နတ်သားများက အနှစ် (၂၀) အရွယ်ကစ ဖြစ်သည်၊ သေသည့်တိုင်အောင် အနှစ် ၂၀ အရွယ်မပြောင်း၊ အရွယ်မပြောင်းတော့ သူတို့မှာဇရာမရှိဘူးလား၊ သူတို့မှာ အပါကဋဇရာဖြစ်လို့ မထင်ရှားတာ သူတို့လဲ ဇရာနဲ့ဘဲ၊ ဗြဟ္မာမှာလဲ ဇရာရှိတယ်၊ ဇရာသည်အိုပျက်၊ မရဏသည် သေပျက်၊ ၎င်းနှစ်ပါးကို ပေါင်း၍အပျက်ချင်းတူသဖြင့် ဇရာမရဏကို အင်္ဂါတပါးယူတယ်။ ဒီတော့ လူမှာဇာတိဇရာမရဏဆိုတဲ့ သုံးခုဟာဘယ်သူ့ကိုဆိုတာလဲလို့ ဆိုရင် ဝိညာဏ်၊ နာမ်ရုပ်၊သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဒီငါးပါးတို့၏ ပဋိသန္ဓေနေသည်ကစ၍မွေးဖွားသည့်တိုင်အောင်ဖြစ်မှုဇာတိ၊ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ ဖဿ၊ ဝေဒနာ ၅ ပါးတို့၏ မွေးဖွားသည်ကစ၍ သေခါနီးတိုင်အောင် ရင့်မှုဇရာ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့၏ သေခါနီးရောဂါဖြစ်သည်မှစ၍သေသည်တိုင်အောင် ပျက်မှုမရဏ၊

ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ဝေဒနာရှိရင် ဇာတိ၊ ဇရာ၊မရဏလဲ ရှိရမှာဘဲ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာလို့ မခေါ်ရင်လဲ ရုပ်၊ဝေဒနာ၊ သညာ၊သင်္ခါရ၊ ဝိညာဏ်လို့လဲ ခေါ်နိုင်ဘယ်။

ခန္ဓာငါးပါးလို့ ဆိုဆို၊ အကျဉ်းအားဖြင့်ရုပ်နာမ် ၂ ပါးလို့ ဆိုဆိုရတယ်၊ဇာတိဇရာမရဏဟာ ယခုလက်ရှိခန္ဓာငါးပါးမှာမရှိကြဘူးလား ရှိတယ်၊ ဝိညာဏ်နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ၅ ပါးမှာလဲ ရှိတာဘဲ။

မေး။　။လူ-လူဆိုတာ ဘာကို ခေါ်သလဲ။ သေသေချာချာစဉ်းစား

ဖြေ။　။ဇာတိရယ်၊ ဇရာရယ်၊ မရဏရယ် ဒီသုံးပါးဖြစ်နေတာကိုခေါ်တယ်။

ဇာတိ၊ ဇရာမရဏဖြစ်တဲ့ ဝိညာဏ်နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာကို ဒုက္ခသစ္စာခေါ်တယ်။

ဇာတိလဲမကောင်း၊ ဇရာလဲမကောင်း၊ မရဏလဲမကောင်း ပဋိသန္ဓေတည်နေသည်ကစ၍ မွေးဖွားသည်တိုင်အောင် ဇာတိ၊ မွေးဖွားသည်မှစ၍ သေရာညောင်စောင်း လည်းလျောင်းသည့်တိုင်အောင် ဇရာ။

သေရာညောင်စောင်းလည်းလျောင်းသည်မှ သေသည်တိုင်အောင်မရဏ။

ဇာတိဖြစ်လိုက်၊ ဇရာဖြစ်လိုက်၊ မရဏဖြစ်လိုက်ဘဲ၊ တကိုယ်လုံးတကောင်လုံးဟာ ဇာတိ၊ ဇရာ၊ မရဏနဲ့ကင်းတဲ့ သတ္တဝါ ဇာတိ၊ ဇရာမရဏနဲ့လွဲတဲ့သတ္တဝါရယ်လို့ မရှိဘူး၊(ဦးမောင်သာကလွဲလို့ သူ့မှာတော့ ဘိုကေကလေးနဲ့၊) ဒါကြောင့် ဒုက္ခသစ္စာကောင်ကြီးမှာ အချိန်မရွေးဒုက္ခသစ္စာဖြစ်နေတယ်။အချိန်မရွေး

ဖြစ်နေပါကျက်နဲ့ပျော်ပျော်ပါးပါးမေ့မေ့တန်တန်ဒီလိုနေနိုင်ကြတာဟာ ကိုယ်ဖြစ်နေတာတောင် ကိုယ်မသိလို့ နေနိုင်တာပေါ့၊ ကိုယ်အမှတ်မရလို့ မေ့မေ့လျော့လျော့နေနိုင်ကြတယ်။ အဝိဇ္ဇာဆိုတာ ဒီလိုဒုက္ခသစ္စာပေါ်မှာ တွေဝေလို့ အဝိဇ္ဇာခေါ်တယ်။ အဝိဇ္ဇာကဘာဖြစ်လို့ ဖြစ်ရသလဲ၊ လက်ရှိဖြစ်နေတဲ့ ဒုက္ခသစ္စာကို မသိလို့ ဒီဒုက္ခကို ပိုင်ပိုင် နိုင်နိုင် သိနေမယ်ဆိုရင် အဝိဇ္ဇာဖြစ်ခွင့်ရပါမလား၊ မသိလို့ ဖြစ်ခွင့်ရတာ၊ ဒုက္ခကောင်ကြီးကို မသိလို့နှစ်သက်တယ်၊ မသိမှုက အဝိဇ္ဇာ၊ နှစ်သက်မှုက တဏှာ၊ သားမယား၊ သားသမီး၊ ပစ္စည်းစသည်တို့ကို နှစ်သက်တာဟာ ဘာကြောင့်လဲ၊ မသိမှုအဝိဇ္ဇာကြောင့် နှစ်သက်မှုတဏှာဟာ ဘယ်ကပါလာသလဲ၊ မသိမှုအဝိဇ္ဇာက ပါလာသည်။ ဒီဇာတိခကောင်၊ ဇရာကောင်၊ မရဏကောင်ကြီးနဲ့ပျော်ပျော်ပါးပါးနေတယ်ဆိုတာနှစ်သက်မှုနဲ့ကင်း၍ နေနိုင်သလား၊ နှစ်သက်မှုတဏှာရှိလျှင်ကော စွဲလမ်းမှုဥပါဒါန်ကင်းပါ့မလား၊ မကင်းပါဘူး၊ ဥပါဒါန်တရားကိုယ်က လောဘနဲ့ဒိဋ္ဌိတွဲ။

ဒီတော့ တဏှာလဲ လောဘ၊ ဥပါဒါန်လဲလောဘ၊ ဒီ လောဘ ၂ မျိုးဘယ်လိုခွဲမလဲ၊ မှောင်မိုက်ထဲမှာရမ်းပြီး တွေ့လိုတွေ့ငြားတောင့်တမှုနှင့်စမ်းသလို တောင့်တမှုရှိတာက တဏှာ၊ ကိုယ်ပိုင်ရလာတဲ့အခါ စောင့်ရှောက်မှုပိုလာတာက ဥပါဒါန်၊ ဒါဖြင့် အပျိုကြီးလူပျိုကြီးတွေ ဥပါဒါန်မရှိဘူးပေါ့၊ ကိုယ်ပိုင်ရတာမှမရှိဘဲ၊ မှောင်မိုက်ထဲမှာသူခိုးသည်ပစ္စည်းကိုလက်နှင့် စမ်းခြင်းနဲ့ တဏှာနဲ့တူတယ်။ ဥစ္စာထုတ်ကို ကိုင်မိတာနဲ့ ဥပါဒါန်နဲ့တူတယ်။ တဏှာလဲလောဘ၊ ဥပါဒါန်လဲလောဘ။

ထင်ရှားအောင်ပြောရလျှင် ဒီဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတဲ့တရား၊ ခန္ဓာဆိုတဲ့တရား၊ ရုပ်နာမ်ဆိုတဲ့တရားတွေကို ငါတဲ့၊ သူတဲ့၊ ယောကျ်ားတဲ့၊ မိန်းမတဲ့၊ ပုဂ္ဂိုလ်သတ္တဝါတဲ့လို့ ဒိဋ္ဌိကစွဲတယ်။ အဲဒီဒိဋ္ဌိက စွဲတဲ့အတိုင်း၊ နှစ်သက်တာက တဏှာ၊ ဥပါဒါန်ကျတော့ ဘယ်လောက်ပြင်းထန်သလဲဆိုရင် ဖားကိုမြွေမျိုထားသလို အာရုံဟာ ဥပါဒါန်လက်ထဲရောက်ရင် မစွန့်နိုင်ဘူး၊ ဥပါဒါန်စွဲလမ်းမှုဟာလေ–

ဒီတော့ အဝိဇ္ဇာမသိမှု၊ တဏှာနှစ်သက်မှု၊ ဥပါဒါန်စွဲလမ်းမှုဟုတ်လား။

ဒါတွေဟာ ဘာဘွက အရင်းခံလာတယ်။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိတုံး၊ ဇရာတုံး၊ မရဏတုံးတွေကို အကောင်ထင်ပြီး အဲဒီကလာတဲ့အဝိဇ္ဇာ၊ အဲဒီကလာတဲ့တဏှာ။ အဲဒီကလာတဲ့ဥပါဒါန်။

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုတာက ကိလေသာကိုခေါ်တယ်။ အဝိဇ္ဇာလဲကိလေသာ၊ တဏှာလဲကိလေသာ၊ ဥပါဒါန်လဲကိလေသာ၊ ဘာဖြစ်လို့ကိလေသာခေါ်တယ်။

အဝိဇ္ဇာကြောင့် သတ္တဝါတွေ ညှိုးနွမ်းပင်ပန်းနေကြတာ၊ တဏှာကြောင့် ညှိုးနွမ်းပင်ပန်းညစ်ပတ်စုတ်ပဲ့နေကြတာ၊ ဥပါဒါန်ကြောင့် ညှိုးနွမ်းပင်ပန်းညစ်ပတ်စုတ်ပဲ့နေကြဘာ။ကိလေသာမရှိဘဲ ညှိုးနွမ်းခြင်းပင်ပန်းခြင်းမဖြစ်နိုင်၊ ညှိုးနွမ်းခြင်း၊ပင်ပန်းခြင်း၊မဖြူစင်ခြင်းအကြောင်းရင်းက ကိလေသာ၊ ဒီ ၃ ပါးကို ကိလေသာခေါ်တယ်။ ပြီးတော့မှ သခ်ါရနော်၊ အဝိဇ္ဇာ၊

တဏှာ၊ ဥပါဒါန်ရှိနေတဲ့ပုဂ္ဂိုလ်ဟာ အကောင်းအဆိုးအမျိုးမျိုးအားထုတ်ပြီး လုပ်မနေကြဘူးလား။ လုပ်နေကြတာသင်္ခါရ၊ ဘာကြောင့်လဲ၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကြောင့်၊ အဲဒီအဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်အရင်းခံပြုလုပ်ကြတော့ အထမြောက်တဲ့ဘဝဖြစ်တယ်။ အထမြောက်တဲ့ကံဆိုတဲ့ ဘဝဖြစ်လာတဲ့အခါကျမှ ဒီဘဝမှာ ကမ္မဘဝ၊ ဥပပတ္တိဘဝ ၂ မျိုးရှိတယ်၊ ကုသိုလ်ကံ အကုသိုလ်ကံအထမြောက်တာကို ကမ္မဘဝ ခေါ်တယ်။ ဒီကမ္မဘဝနဲ့အတူတွဲပါလာတဲ့ အကျိုးကို ဥပပတ္တိဘဝလို့ ခေါ်တယ်။ ဒါအရေးကြီးတယ်၊ ဘယ်လိုအရေးကြီးသလဲ၊ အဝိဇ္ဇာ၊တဏှာ၊ ဥပါဒါန်၊သင်္ခါရ၊ ကမ္မဘဝ၊ အဲဒီအကြောင်းတရားကင်းပြတ်သွားရင် တွဲပါလာတဲ့ ဥပပတ္တိဘာ ချုပ်ငြိမ်းတယ်။ အဝိဇ္ဇာ၊တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝကိုဖယ်နိုင်သေးရင် ဥပပတ္တိဘဝရှေ့ဆက်အကျိုးပေးမယ်။

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝကို မဂ်နှင့်ပယ်နိုင်လို့ရှိရင် ဒီဥပပတ္တိဘဝဒီနေရာမှာ ပြတ်တယ်၊ သံသရာဆက်တယ်ဆိုတာ ဥပပတ္တိဘဝက လာတယ်။

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝဆိုတဲ့အကြောင်းပြတ်ရင် အကျိုးမြုံသွားတယ်၊ ချုပ်ငြိမ်းတယ်ဆိုတာလဲ ဒီဒုက္ခကို ပြောတာ၊ ဥပပတ္တိဘဝဟာ ဒုက္ခကံအထမြောက်သည်နှင့်တပြိုင်နက် အကျိုးပေးဘို့ရာ ပါလာတယ်။ ဥပပတ္တိဘဝဆိုတဲ့ ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ဖဿ၊ ဝေဒနာဟာ သစ္စာဖွဲ့တော့ သူလဲ ဒုက္ခသစ္စာဘဲ၊ ဒါကြောင့် နိဗ္ဗာန်ဟာ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာဆိုတာ၊ အဲဒီဥပပတ္တိဘဝကင်း

ငြိမ်းတာ။ လက်ရှိဒုက္ခက ဘယ်တော့ငြိမ်းမလဲ၊ လက်ရှိဒုက္ခက ဖြစ်ပြီးပျက်တာဘဲ၊ ကံအထမြောက်လို့ ပူးတွဲပါလာရုံဘဲရှိသေး တဲ့ ဥပပတ္တိဘဝမဖြစ်ရသေးဘဲ ချုပ်ငြိမ်းသွားတာကို အပဝတ္တိ နိရောခလို့ခေါ်တယ်၊ သံသရာပြတ်တယ်ဆိုတာ ဒီဥပပတ္တိဘဝ ပြတ်ရမှာ ကိလေသာဆိုတဲ့အကြောင်းမကောင်းရင် ရှေ့ဆက်ဖြစ် မယ်၊ အဲဒါအနာဂတ်ခေါ်တယ်။

လူတွေမှာရှိနေတာ ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏ (၇)ပါးပါဘဲ။

တကိုယ်လုံးတကောင်လုံးဖြစ်တဲ့ဒုက္ခတုံးမှာ အဝိဇ္ဇာ၊ တဏှာ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝ၊ ဥပပတ္တိဘဝဆိုတဲ့တရားတွေ မှီနေတယ်။ နောင်အနာဂတ်မှာအဝိဇ္ဇာက မှီနေတယ်။ တဏှာ ကမှီနေတယ်၊ ကမ္မဘဝကမှီနေတယ်။ ဒီတော့ ဥပပတ္တိဘဝက လဲ မှီနေတယ်လို့ဆိုရမယ်။ နောင်အနာဂတ်အတွက် ဒီဘဝ ကကုသိုလ်ကံ အကုသိုလ်ကံအထမြောက်စဉ်အခါက သူပါနေ တယ်။ အဲဒီဥပပတ္တိဘဝသဘောပေါက်ဘို့ အရေးကြီးတယ်။ သံသရာပြတ်ထာလဲ ဥပပတ္တိဘဝ၊ သံသရာဆက်ထာလဲ ဥပပတ္တိ ဘဝ။ ယခုလက်ရှိခန္ဓာမှာ အဝိဇ္ဇာ၊ တဏှာ၊ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝ၊ ဥပပတ္တိဘဝရှိနေတယ်မဟုတ်လား။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ မရဏ ဖြစ်နေတယ်။ ဖြစ်တဲ့ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ ဖဿ၊ ဝေဒနာကိုမှီ၍ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝ၊ ဥပပတ္တိဘဝက ရှိနေတယ်။

ဒီဥပပတ္တိဘဝလဲ့ ဒုက္ခသစ္စာဘဲ၊ ဒီတော့ ခုလက်ရှိခန္ဓာမှာ ဖြစ်ဆဲ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာမရဏဆိုတဲ့ ဒုက္ခသစ္စာက သိအောင်လုပ်ရမဲ့ ဒုက္ခသစ္စာ၊ အဲဒီဒုက္ခသစ္စာကို သိအောင်လုပ်၍ သိတဲ့အခါကျတော့ သူ့ကို မှီနေတဲ့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝကင်းပြတ် မသွားဘူးလား၊ ကမ္မဘဝ ကင်းပြတ်သွားတော့ ကမ္မဘဝမှာ မှီတွယ်နေတဲ့ ဥပပတ္တိဘဝ ချုပ်ငြိမ်းသွားတယ်။ ဒါဖြင့် ဖြစ်နေတဲ့ ဒုက္ခသစ္စာ၊ ချုပ်ငြိမ်းတဲ့ ဒုက္ခသစ္စာလို့ ၂ မျိုးခေါ် လာတယ်။ အဲဒီ ချုပ်ငြိမ်းတဲ့ဒုက္ခသစ္စာက ဖြစ်ကိုမဖြစ်ရသေးဘူး၊ ဖြစ်ပြီးတော့မှတော့မရဘူး၊ ဖြစ်ပြီးလျှင် ပျက်မှာဘဲ၊ မဖြစ်ရသေးဘဲ ချုပ်သော အပဝတ္တိနိရောဓ၊ ဖြစ်ပြီးချုပ်၊ ဖြစ်ပြီးပျက်သာက ဘင်္ဂနိရောဓ၊ နိဗ္ဗာန်မှာ ဖြစ်ခြင်းတရားမရှိ၊ ဒါကြောင့် ဥပပတ္တိဘဝကမဖြစ်ဘဲ ချုပ်တယ်။ ဘာကြောင့်လဲ ဘဝချုပ်ထာက အကြောင်းကင်းလို့ အကျိုးချုပ်ထာ၊ သစ္စာဖွဲ့လိုက်တော့ "သိငယ်ဆိုက်ပွား၊ လေးပါးကိစ္စ၊ အပိုင်ရ၊ မုချပရမတ်၊" အခုဖြစ်နေတဲ့ ဝိညာဏ်နာမ်ရုပ် သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ မရဏ ဆိုတဲ့ ဒုက္ခသစ္စာက-သိ

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝ၊ အဲဒါက သမုဒယသစ္စာဖြစ်တယ်၊ ဒီဒုက္ခသစ္စာကို တကယ်သိရင် ဒုက္ခသစ္စာ မှီနေတဲ့ကိလေသာနဲ့ကံပြတ်တယ်။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်က ကိလေသာ၊ သင်္ခါရနဲ့ကမ္မဘဝက ကံ၊ ကိလေသာနဲ့ကံပြတ်သွားတော့ ဒီကံနဲ့အတူတကွပါလာတဲ့ ဥပပတ္တိဘဝဆိုတဲ့ဒုက္ခ

ချုပ်သွားတယ်။ အဲဒီချုပ်သွားတာက နိရောဓ၊ သမုဒယကင်း သွားတာကို ပယ် ခေါ်တယ်။ ဥပပတ္တိဘဝ နောင်မဖြစ်နိုင် အောင် ချုပ်ငြိမ်းသွားတာကို ဆိုက် ခေါ်တယ်။ ပွားဆိုတာက မဂ္ဂသစ္စာကို ဆိုလိုတယ်၊ မဂ္ဂသစ္စာ ဖြစ်ပွားတယ်၊ မဂ္ဂသစ္စာ မဖြစ် ပွားဘဲ ဒုက္ခသစ္စာကိုမသိ၊ မဂ္ဂသစ္စာ မဖြစ်ပွားဘဲ သမုဒယသစ္စာ ကို မပယ်နိုင်၊ မဂ္ဂသစ္စာ မဖြစ်ပွားဘဲ နိရောဓသစ္စာ မဆိုက် ရောက်နိုင်၊ ဒုက္ခသစ္စာကိုသိတာ၊ သမုဒယသစ္စာကို ပယ်တာ၊ နိရောဓသစ္စာကို ဆိုက်ရောက်တာ မဂ္ဂသစ္စာဖြစ်ပွားလို့။

**"မဂ္ဂင်ရှစ်ဖြာ၊ ဘာဝနာရှစ်ပါး၊ ဖြစ်ပွားလေက၊ မဂ်ကိုရ၊ မဂ္ဂသစ္စာသိ"**

မဂ္ဂင်ရှစ်ပါးမှာ ဘာဝနာရှစ်ပါး အသီးသီး ဖြစ်ရမယ်။

| | | | |
|---|---|---|---|
| ၁။ | သမ္မာဒိဋ္ဌိမဂ္ဂင် | - | ဒဿနဘာဝနာ၊ |
| ၂။ | သမ္မာသင်္ကပ္ပမဂ္ဂင် | - | သင်္ကပ္ပဘာဝနာ၊ |
| ၃။ | သမ္မာဝါစာမဂ္ဂင် | - | ပရိဂ္ဂဟဘာဝနာ၊ |
| ၄။ | သမ္မာကမ္မန္တမဂ္ဂင် | - | ဥဋ္ဌာနဘာဝနာ၊ |
| ၅။ | သမ္မာအာဇီဝမဂ္ဂင် | - | ဝေါဒါနဘာဝနာ၊ |
| ၆။ | သမ္မာဝါယာမမဂ္ဂင် | - | ပဂ္ဂဟဘာဝနာ၊ |
| ၇။ | သမ္မာသတိမဂ္ဂင် | - | ဥပဋ္ဌာနဘာဝနာ၊ |
| ၈။ | သမ္မာသမာဓိမဂ္ဂင် | - | အဝိက္ခေပ ဘာဝနာ-လို့။ |

သူ့မဂ္ဂင်နဲ့ သူ့ဘာဝနာ၊ မဂ္ဂင်ရှစ်ပါးမှာ ဘာဝနာ ရှစ်ပါး ပါလာတယ်၊

သမ္မာသင်္ကပ္ပဆိုတာ တရားကိုယ်က ဝိတက်၊ ဝိတက်ဆိုတာ ဒို့လူစုသိနေကြတဲ့၊ အကြံအစီများလိုက်တာဆိုတဲ့ ဝိတက်မဟုတ်ဘူး၊ သမ္မာဒိဋ္ဌိနဲ့တွဲဖြစ်တဲ့၊ ဝိတက်သမ္မာသင်္ကပ္ပမဂ္ဂင်က လက်နဲ့တူတယ်၊ သမ္မာဒိဋ္ဌိမဂ္ဂင်က မျက်စေ့နဲ့တူတယ်၊ သမ္မာသင်္ကပ္ပမဂ္ဂင်က ရုံအာပေါ်တင်ပေးလိုက်တယ်၊ အာရုံကို ကိုင်ပြတယ်၊ ဒါကြောင့် သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပမဂ္ဂင်ကို ပညာမဂ္ဂင်လို့ ခေါ်တယ်၊ ဈာန်အင်္ဂါငါးပါးနဲ့ပြည့်စုံတဲ့ မဂ်များမှာမကင်းဘူး၊ ဈာန်အင်္ဂါ ငါးပါး မပြည့်စုံတဲ့မဂ်မှာကျတော့ ဝိတက်မပါဘူး၊ မဂ္ဂင် ခုနစ်ပါးဘဲရှိတယ်၊ ဒီတော့ သမ္မာဒိဋ္ဌိမဂ္ဂင်က ဒဿနဘာဝနာ၊ မြင်ခြင်းဖြစ်ပွားပေါ်ပေါက်တယ်လို့ ဆိုလိုတယ်။

သင်္ကပ္ပဘာဝနာ၊ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်ဆိုတဲ့ မိစ္ဆာဝိတက်သုံးပါးကို ဖယ်ရှားခြင်းကိစ္စကို ပြီးစေလျက် မဂ်ခဏမှာဖြစ်တဲ့ ဝိတက်က မဂ်စိတ်နဲ့ အတူတကွ ဖြစ်တယ်။

သမ္မာဒိဋ္ဌိဆိုတဲ့ မဂ္ဂင်ကလဲ မဂ်စိတ်နဲ့အတူတူဖြစ်တာဘဲ၊ မဂ်ကတခြား၊ မဂ်စိတ်ကတခြား၊ မဂ်စိတ်မှာပါတဲ့ပညာကို သမ္မာဒိဋ္ဌိမဂ္ဂင် ခေါ်တယ်၊ မဂ်စိတ်နဲ့ယှဉ်တဲ့ဝိတက်ကို သမ္မာသင်္ကပ္ပမဂ္ဂင်ခေါ်တယ်၊ သမ္မာဒိဋ္ဌိမဂ္ဂင်က ဒဿနဘာဝနာဖြင့် သစ္စာလေးပါးကိုမြင်တယ်၊ သမ္မာသင်္ကပ္ပမဂ္ဂင်က မိစ္ဆာဝိတက် သုံးပါးကို ဖျက်ဆီးလျက် နိက္ခမဝိတက် အဗျာပါဒဝိတက် အဝိဟိံသာဝိတက်ဆိုတဲ့ သမ္မာဝိတက် သုံးပါးကိုဖြစ်စေလျက် သမ္မာသင်္ကပ္ပမဂ္ဂင်က မဂ်စိတ်နှင့်ယှဉ်၍ သင်္ကပ္ပဘာဝနာဖြစ်တယ်၊ သမ္မာဝါစာမဂ္ဂင်၊ ပရိဂ္ဂဟဘာဝနာ၊ သမ္မာဝါစာစေတသိက်၊ သမ္မာ

ကမ္မန္တမဂ္ဂင်၊ ဥဋ္ဌာနဘာဝနာ သမ္မာကမ္မန္တစေတသိက်၊ သမ္မာအာဇီဝမဂ္ဂင်၊ ဝေါဒါနဘာဝနာ၊သမ္မာအာဇီဝစေတသိက်ကယ်လို့ သီလမဂ္ဂင်(၃)ပါး၊ အဲဒီ(၃)ပါးက မဂ်စိတ်မှာ လာယှဉ်တယ်၊ မဂ်ဥပါဒ်တဲ့ခဏမှာ သမ္မာဝါစာစေတသိက်ယှဉ်တော့ ဘာကိစ္စပြီးသွားသလဲ၊ မုသာဝါဒအစရှိသော ဝစီဒုစရိုက်ကိုသိမ်းဆည်းခြင်းကိစ္စ ပြီးသွားတယ်။ ပြီးတော့ သမ္မာကမ္မန္တ စေတသိက်က ဥဋ္ဌာနဘာဝနာဆိုပါတော့၊သမ္မာသတိနဲ့ နဲနဲဆင်နေတယ်၊သမ္မာသတိအာဥပဋ္ဌာနဘာဝနာ၊ကြားထဲမှာ(ပ)တလုံးထိုးလိုက်၊ဥဋ္ဌာန ဆိုတာဘာလဲ၊ ထခြင်းအနက်၊ ထမြောက်ခြင်းအနက်၊ ပါဏာတိပါတ၊ အဒိန္နာဒါန်၊ ကာမေသုမိစ္ဆာစာရဆိုတဲ့ ကာယဒုစရိုက်မှ ထ တယ်တဲ့။

ဒါကြောင့် သောတာပန်များဟာ "သက်သတ်ခိုးမှု၊ကာမေသုနဲ့၊မုသား မိစ္ဆာ၊ ကင်းပြတ်ကွာ၊ မှတ်ပါသောတာပန်" အဲဒီ သုံးပါးကင်းတယ်၊ ဘာကြောင့်ကင်းသလဲ၊ သမ္မာကမ္မန္တဆိုတဲ့ စေတသိက်က မဂ်စိတ်မှာယှဉ်တဲ့အခါ ဒီ(၃)ပါးကို ပြုလုပ်ခြင်းမှ ထမြောက်ခြင်းဘာဝနာ ဖြစ်ပွားလာတယ်၊ သမ္မာဝါစာမဂ္ဂင်က ပရိဂ္ဂဟ၊ ဝစီဒုစရိုက်သိမ်းဆည်းခြင်းကိစ္စ၊ သမ္မာကမ္မန္တမဂ္ဂင်က ကာယဒုစရိုက်မှ အထမြောက်ခြင်းကိစ္စဥဋ္ဌာန၊ ဒီတော့ သမ္မာအာဇီဝက ဝေါဒါနဘာဝနာ။

ဝစီဒုစရိုက် သိမ်းဆည်း၊ ကာယဒုစရိုက်မှလဲ ထမြောက်တယ် ဆိုတော့ ဒီပုဂ္ဂိုလ်ရဲ့ အသက်မွေးမှုဟာ မစင်ကြယ်ပေဘူးလား။

နောက်ပြီးတော့ သမ္မာဝါယာမမဂ္ဂင်က ပဂ္ဂဟဘာဝနာ၊ ဝီရိယက အရာရာကိစ္စပြီးအောင် သူက စောင့်ရှောက်တယ်၊ ချီး

မြောက်တယ်၊ သမ္မာဒိဋ္ဌိဖြစ်အောင် သမ္မာသင်္ကပ္ပဖြစ်နိုင်အောင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဖြစ်နိုင်အောင် စောင့်ရှောက်တယ်။ ဒါဖြင့် မဂ္ဂင်တွေကို သူကဖြစ်နိုင်အောင် ချီးမြှောက်ခြင်းကိစ္စရှိတယ်၊ ဒါကြောင့် တရားလုပ်တဲ့အခါမှာ ဝိရိယ ရှိရမယ်၊ ဝိရိယရှိမှသာလျှင် ဖြစ်နိုင်မယ်၊ ဝိရိယဟာ ပဂ္ဂဟ ဘာဝနာ၊ဒီတော့ ဥပန္နာနံ ပါပကာနံပဟာနာယ ဝါယာမော။ အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော။ အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော။ ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာ ဝါယ ဝါယာမောဆိုတဲ့အတိုင်း။

၁။ မဖြစ်သေးသော အကုသိုလ် မဖြစ်ရအောင်။
၂။ ဖြစ်ပြီးသော အကုသိုလ် ပြတ်သွားအောင်။
၃။ မဖြစ်သေးသောကုသိုလ် ဖြစ်အောင်။
၄။ ဖြစ်ပြီးသောကုသိုလ် တိုးတက်အောင် ဆိုတဲ့ ဒီ ၄ ပါး ကို သမ္မပ္ပဓာန် ခေါ်တယ်။

အဲဒီ သမ္မပ္ပဓာန် ၄-ပါးကိစ္စကိုပြီးစေလျက် ပဂ္ဂဟဘာဝနာ ဖြစ်တဲ့ သမ္မာဝါယာမမဂ္ဂင်ကမဂ်စိတ်မှာလာယှဉ်တယ်၊မဂ်စိတ်နဲ့ အတူတူပါလာတယ်၊ သမ္မာဒိဋ္ဌိဆိုတာ ပညာ၊ သမ္မာ သင်္ကပ္ပ ဆိုတာ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝဆိုတာ သီလစေတသိက်၊ သမ္မာဝါယာမက ဝီရိယ၊ သမ္မာသတိကသတိ စေတသိက်၊ သမ္မာသမာဓိက ဧကဂ္ဂတာ စေတသိက်၊ သမ္မာ သတိမဂ္ဂင် ဥပဋ္ဌာနဘာဝနာနဲ့၊ သမ္မာကမ္မန္တမဂ္ဂင် ဥဋ္ဌာနဘာဝ နာ နှစ်ပါး အထူးကို ကွဲပြားအောင်မှတ်၊

ဥပဋ္ဌာနဘာဝနာဖြစ်တဲ့ သတိက ဘာကိုပြီးစေသလဲ၊ သတိပဋ္ဌာန် ၄-ပါးကို ပြီးစေတယ်၊ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာ နုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာ နုပဿနာ သတိပဋ္ဌာန်ဆိုတဲ့ သတိပဋ္ဌာန် ၄-ပါးကို ပြီးစေလျက် အာရုံထင်ရှားမှုဖြစ်သော အားဖြင့် သတိစေတသိက်က မဂ္ဂင်နှင့် လာယှဉ်တယ်။

သမ္မာသမာဓိမဂ္ဂင်ရဲ့ ဘာဝနာက အဝိက္ခေပ ဘာဝနာ၊ အဝိက္ခေပဆိုတာ မပြန့်လွင့်ဘူး၊ ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်ဆိုတဲ့ စျာန် ၄-ပါးရှိတဲ့အနက် မဂ်စိတ်မှာ ယှဉ်တဲ့ သမ္မာသမာဓိ၏ တရားကိုယ်က ဧကဂ္ဂတာကိုပြောတာ၊ အဲဒီ ဧကဂ္ဂတာ စေတသိက်က ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်ဆိုတဲ့ လေးပါးတို့တွင် တပါးပါးသော စျာန်နှင့်ယှဉ်သော မဂ်ကို ဖြစ်စေတယ်။ ဒီကျတော့ ၄-ပါးလုံး မဖြစ်ဘူး၊ တချို့မဂ်က ပဌမစျာန်မဂ်၊ တချို့မဂ်က ဒုတိယစျာန်မဂ်၊ တချို့မဂ်က တတိယစျာန်မဂ်၊ တချို့မဂ်က စတုတ္ထစျာန်မဂ်လို့ မဂ်က ကွဲပြားတယ်၊ သမ္မာသမာဓိမဂ္ဂင်ဟာ မဂ်ခဏမှာ စျာန် ၄-ပါးလုံး မဖြစ်နိုင်ဘူး မဂ်ခဏမှာ စျာန်တပါးပါးကိုသာ ဖြစ်စေပြီး၊ အဝိက္ခေပဘာဝနာအားဖြင့် မပြန့်လွင့်ခြင်းကို ဖြစ်ပွားတယ်။ ဘာဝနာဆိုတာ ဖြစ်ပွားမှုကို ခေါ်တယ်။ ဒီတော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတာဘာလဲ၊ မဂ္ဂင်ရှစ်ပါး၊ အဲဒီမဂ္ဂင်ရှစ်ပါးမှာ ဒဿန ဘာဝနာ၊ သင်္ကပ္ပဘာဝနာ၊ ပရိဂ္ဂဟဘာဝနာ၊ ဥဋ္ဌာနဘာဝနာ၊

ဝေါဒါန ဘာဝနာ၊ ပဂ္ဂဟ ဘာဝနာ၊ ဥပဋ္ဌာန ဘာဝနာ၊ အဝိက္ခေပဘာဝနာလို့ ဘာဝနာရှစ်ပါး မရှိဘူးလား။

အဲဒီမဂ္ဂင်ရှစ်ပါးတရားသည် ဘာဝနာ ရှစ်ပါး ဖြစ်ခဲ့သော် ဒီခဏမှာ မဂ်ကိုရတယ်။ ဟုတ်လား၊ အဲဒါဘာတုံး၊ မဂ္ဂသစ္စာ၊ အဲဒါ လောကုတ္တရာ မဂ်ဖြစ်တဲ့ အခိုက်မှာပြောတာ။

"ရှစ်ပါးမဂ္ဂင်၊ လမ်းစဉ်မခေခင်း၊ အကျင့်ကောင်းက၊ မဂ်ကိုရ၊ မဂ္ဂသစ္စာသိ"

အဲဒါ ပုဗ္ဗဘာဂမဂ်ကို ပြောတာ။

"မဂ္ဂင်ရှစ်ဖြာ၊ ဘာဝနာရှစ်ပါး၊ ဖြစ်ပွားလေက၊ မဂ်ကိုရ၊ မဂ္ဂသစ္စာသိ"

ဒီဟာက လောကုတ္တရာ မဂ္ဂင်၊ သူကမှ မဂ်အမှန်။ ပုဗ္ဗဘာဂ မဂ်ဖြစ်တဲ့အခါမှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ တို့က တပြိုင်နက်ဖြစ်တာ မဟုတ်ဘူး၊ သူ့အလှည့်နဲ့သူ ဖြစ်ထာ၊ သို့ပေမဲ့ ဖြစ်တဲ့အခါမှာ မဂ္ဂင်ဘောင်ဝင်ရတယ်၊ ဖြစ်တဲ့အခါမှာ မဂ္ဂင်ဘောင်ဝင်မှ ဟိုလောကုတ္တရာ မဂ်ကိုဆိုက်မယ်၊ သမ္မာဒိဋ္ဌိ။ သမ္မာသင်္ကပ္ပစသည်တို့ဖြစ်ပေမဲ့ မဂ္ဂင်ဘောင်မဝင်တဲ့ သမ္မာ ဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပလဲ ရှိသေးတယ်၊ အဲဒီကျတော့ လော ကုတ္တရာမဂ်ကို မရောက်နိုင်သေးဘူး၊ ဒီတော့ မဂ်ဟာ၊ လော ကုတ္တရာ မဂ် ပုဗ္ဗဘာဂမဂ်လို့ ၂ ပါးရှိတယ်။ လောကုတ္တရာမဂ် မရောက်ခင် ရှေးအဘို့မှာ ယခုအားထုတ်ကြရတာ ပုဗ္ဗဘာဂမဂ်၊

အဲဒီ ပုဗ္ဗဘာဂမဂ်ကိုရည်ပြီး "ရှစ်ပါးမဂ္ဂင်၊ လမ်းစဉ်မစောင်း၊ အကျင့်ကောင်းက၊ မဂ်ကိုရ၊ မဂ္ဂသစ္စာသိ" လို့ဆိုတာ။

ယခု လောကုတ္တရာ မဂ်ကို ရည်ပြီးဆိုတာက "မဂ္ဂင်ရှစ်ဖြာ ဘာဝနာရှစ်ပါး၊ ဖြစ်ပွားလေက၊ မဂ်ကိုရ၊ မဂ္ဂသစ္စာသိ"။ အဲဒီ မဂ္ဂင်ရှစ်ပါးသည် ဘာဝနာရှစ်ပါးသူ့မဂ္ဂင်နဲ့ သူ့ဘာဝနာအသီး သီးဖြစ်ပြီးတော့ တပြိုင်နက် ပေါ်လာရင် လောကုတ္တရာမဂ်ကို ရတယ်။ ဒီလိုဆိုတာ မဟုတ်သား၊ ဒီတော့ မဂ္ဂင်ရှစ်ပါးမှာ ဘာဝနာရှစ်ပါးရှိတယ်။ အဲဒီသူ့မဂ္ဂင်နဲ့ သူ့ဘာဝနာ ဖြစ်ဖြစ် လာလို့ရှိရင်၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတယ်၊ ကိလေသာကံ ဆိုတဲ့ သမုဒယသစ္စာက ဒုက္ခသစ္စာဆိုတဲ့ ဝိပါက်ကောင်ကြီးမှာ မှီနေတယ်၊ ဝိညာဏ်၊ နာမ်ရုပ် သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏ ဝိပါကဝဋ္ဋ၊ ဝိပါက်၊ အဲဒီဝိပါက်မှာ ကိလေ သာနဲ့ ကံရှိနေတယ်၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မ ဘဝ၊ အဲဒီ ငါးပါးသဲက၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်က ကိလေ သဝဋ္ဋ၊ သင်္ခါရနဲ့ ကမ္မဘဝက ကမ္မဝဋ္ဋ ဟုတ်ဘူးလား၊ အဲဒီ ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ၊ ခေါ်တဲ့ကံက ယခု ဒုက္ခသစ္စာ ထိုက်တဲ့ ဝိပါကဝဋ္ဋကောင်ကြီးမှာ ရှိနေတယ်။ အဲဒီ ဝိပါကဝဋ္ဋကောင် ကြီး ဒုက္ခသစ္စာကို ယခုတင်က မဂ္ဂင်ရှစ်ပါးနဲ့ သိလိုက်တဲ့အခါ မှာ ဒီဒုက္ခသစ္စာ ဝိပါကဝဋ္ဋ အကောင်ကြီးမှာ ကိလေသာကံရှိ ခွင့်မရဘူး၊ ကိလေသာကံ ကင်းပြတ်သွားရင် ၎င်းကိလေသာနဲ့ တွဲဖက်ရှိနေတဲ့ ဝိပါကဝဋ္ဋဆိုတဲ့ ဥပပတ္တိဘဝ၊ သူကမဖြစ်သေး ဘူး၊ ဖြစ်ဘို့ရာရှိနေတယ်၊ ကံအထမြောက်ကတဲက ဖြစ်ဘို့ရာရှိ နေတဲ့ ကံ၏ အကျိုးကို ဥပပတ္တိ ဘဝလို့ခေါ်တယ်၊ အဲဒီကိုလေ

သာနဲ့ ကံကောင်းပြတ်သွားတော့ ဥပပတ္တိဘဝဟာ အဖြစ်ငြိမ်းအေး မသွားဘူးလား၊ အဲဒီအဖြစ် ငြိမ်းအေးမှုကို နိရောဓသစ္စာလို့ ခေါ်တာ၊ ဒီတော့ မဂ္ဂသစ္စာဖြစ်ပွားမှုသာလျှင် သမုဒယသစ္စာ ကိုပယ်နိုင်သည်၊ မဂ္ဂသစ္စာ ဖြစ်ပွားမှုသာလျှင် နိရောဓသို့ ဆိုက် ရောက်နိုင်သည်။ သိ-ပယ်-ဆိုက်-ပွား လို့၊ ပွားဆိုတာကို နောက် ဆုံးထားလိုက်ထာ၊ ဒုက္ခသိဘို့၊ သမုဒယပယ်ဘို့၊ နိရောဓဆိုက် ရောက်ဘို့၊ မဂ္ဂသစ္စာမပွားမျှားဘဲ မဖြစ်နိုင်ဘူး၊ ဒီတော့ မဂ္ဂ သစ္စာ လောကုတ္တရာမဂ် အစစ်ကို ပွားနိုင်သည်ဖြစ်စေ လော ကုတ္တရာမဂ် အစစ်ကို မရောက်သေးရင်လဲ ပုဗ္ဗဘာဂမဂ်ကို ပွား နိုင်သည်ဖြစ်စေ ပွားကြရမည်၊ မပွားရင် ဒီ ဒုက္ခဘယ်တော့ ငြိမ်းမလဲ၊ (ဒီ စက်ကြီး ဘယ်တော့ လက်လွှတ်နိုင်မလဲ၊) ဘယ် တော့မှ လက်မလွှတ်နိုင်ဘူး။ ဒီတော့ သူ့ပွားများသို့ ရှိရင် သူ့ဟာနဲ့သူ လွှတ်သွားတာဘဲနော်၊ လွှတ်သွားမှာ စိုးရင်လဲ မပွားကြနဲ့ပေါ့။

သူ့ဟာနဲ့သူ တက်လာရင်တော့ မလွှတ်ပါနဲ့ဆိုလို့ မရ တော့ဘူး၊ သူ့ဟာနဲ့သူ ပွားများမှာအမှန်ဘဲ၊ ဒါဖြင့် သစ္စာ ၄ ပါးသိပြီပေါ့၊ ဝိညာဏ်နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေ ဒနာ ၅ ပါး၊ ဇာတိ ဇရာ၊ မရဏ၊ ၂ ပါး၊ ဒီ ၇ ပါး ဘာ ခေါ်တယ်၊ ဒုက္ခသစ္စာ၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ ကမ္မဘဝက သမုဒယသစ္စာ၊ အဝိဇ္ဇာတဏှာ၊ ဥပါဒါန်၊ သင်္ခါရက ကမ္မဘဝ ကင်းပြတ်သွားခြင်းကြောင့် ရင်းကမ္မဘဝနှင့်အတူပါ နေတဲ့ ဥပပတ္တိဘဝ ချုပ်ငြိမ်းတာက နိရောဓသစ္စာ၊ သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး၊ ဘာဝနာ အသီးသီး ဖြစ်ပွားဘာက

မဂ္ဂသစ္စာ၊ ဒါကြောင့် ဒုက္ခသစ္စာပိုင်းခြားခြင်း၊ သမုဒယသစ္စာပယ်ခြင်း၊ နိရောဓသစ္စာ မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာပွားများခြင်းလို့ ဒီလိုဆိုတာနော်။ ဒီလိုသိကြပြီး ဖြစ်လေသောကြောင့် လောကုတ္တရာမဂ်သို့ ဆိုက်ရောက်အောင် ပုဗ္ဗဘာဂမဂ်ကို ကြိုးစား၍ ပွားများနိုင်ကြပါစေကုန်သတည်း

(သာဓု သာဓု သာဓုပါ ဘုရား)

မြောင်းမြမြို့ ကျေးဇူးရှင် ကမ္မဋ္ဌာနာစရိယ ဝေဠုဝတီ ဆရာတော် ဘုရားကြီးသည် ၁၃၃၀ ပြည့်နှစ် တန်ဆောင်မုန်း လပြည့်နေ့တွင် ဘိုကလေးမြို့ သဒ္ဓမ္မဝတီရိပ်သာ၌ သဒ္ဓမ္မဝတီ ရိပ်သာ ယောဂီတပည့်အပေါင်းတို့အား ဟောကြားဆုံးမတော် မူအပ်သော

## အာနာပါနလုပ်ထုံး တရားတော်

သတောဝ အဿသတိ၊ သတောဝ ပဿသတိ။

သတောဝ၊ သတိထား၍ သာလျှင်၊ အဿတိ၊ ဝင်လေကို ရှိုက်၏။ သတောဝ၊ သတိထား၍သာလျှင်၊ ပဿသတိ၊ ထွက် လေကိုရှူ၏။

ဝင်လေ ရှိုက်လေသည် အဿာသ၊

ထွက်လေ ရှူလေသည် ပဿာသ၊

ဒါက သုတ္တန်အဋ္ဌကထာအလို

အဿသတိ၊ ထွက်လေကိုရှူ၏။ ပဿသတိ၊ ဝင်လေကို ရှိုက်၏။

ထွက်လေ ရှူလေသည် အဿာသ၊
ဝင်လေ ရှိုက်လေသည် ပဿာသ၊

ဒါက ဝိနည်း အဋ္ဌကထာအလို၊ အဲဒီလို စာအနေနဲ့ နှစ်မျိုး ကွဲပြားနေတယ်၊ ဘာပြုလို့ ကွဲပြားနေသလဲဆိုရင်။

သုတ္တန် အဋ္ဌကထာ အလိုက ပဝတ္တိအခါ တရားဘာဝနာ အားထုတ်သောကာလ၌ ပထမ ဝင်သက်လေကိုရှိုက်၍၊ ဒုတိယ ထွက်သက်လေကို ရှူထုတ်ရတယ်၊ အဲဒီကာလကို အကြောင်း ပြု၍ ဝင်လေ ရှိုက်လေသည် အဿာသ။ ထွက်လေရှူလေသည် ပဿာသလို့ဆိုတယ်။

ဝိနည်း အဋ္ဌကထာအလိုက ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား အမိဝမ်းတိုက်မှ ထွက်သောအခါ၌ ပထမ ထွက်လေကိုရှူ၍ ဒုတိယ ဝင်လေကို ရှိုက်တယ်၊ အဲဒီ မိခင်ဝမ်းတွင်းမှ ထွက်သော ကာလကို အကြောင်းပြု၍

ထွက်လေ ရှူလေသည် အဿာသ၊
ဝင်လေ ရှိုက်လေသည် ပဿာသလို့ ဆိုတယ်၊

ဒီတော့ မိခင်ဝမ်းတိုက်မှ ထွက်လာသော ကာလနှင့် ပဝတ္တိ တရား အားထုတ်သောကာလ၊ ဒီကာလနှစ်မျိုးကို အခြေပြုပြီး ကွဲပြားနေသော်လဲ နှစ်နည်းလုံး သူ့နည်းနှင့်သူ အမှန်ချည်းပင် ဖြစ်ပါတယ်။

ဒါပေမဲ့ တရားအားထုတ်ရာမှာတော့ သုတ္တန်ဒေသနာတော် အတိုင်း ပထမ ဝင်လေကိုရှိုက်၍ ဒုတိယ ထွက်လေကိုရှူပါ။

စင်စစ်တော့ ရှူလေကို ထွက်လေလို့ ဆိုတာက သတ္တဝါ များ အပန်းဖြေတဲ့လေဘဲ၊ အပန်းဖြေတော့ ပထမ ရှိုက်သွင်း

လိုက်ပြီးမှ ပြန်ထုတ် လိုက်ဘယ်၊ ဒါကို အပန်းဖြေ တယ်လို့ ခေါ်တယ်။

ဒီတော့ကာ အာနာပါန လုပ်ထုံးမှာ သုတ္တန်နည်းအတိုင်း လုပ်ဖို့လိုတယ်၊ တခါ ဒီနေရာမှာ-

၁။ သမထယာနိကနည်း

၂။ ဝိပဿနာ ယာနိကနည်းလို့ ဒီလိုနှစ်မျိုးလာပြန်တယ်၊ သမထယာနိက နည်းအတိုင်းဆိုရင်

၁။ ပထမ စတုက္က

၂။ ဒုတိယ စတုက္က

၃။ တတိယ စတုက္က

၄။ စတုတ္ထ စတုက္က--အဲဒီလို ၁၆ နည်းနဲ့ သွားတယ်။

ဝိပဿနာ ယာနိကနည်းကျတော့ အဲဒီ ၁၆ နည်းစလုံးလုပ်ဖို့ မလိုပါဘူး၊ ပထမ စတုက္ကနည်းဖြစ်တဲ့ "သတောကာရီစတုက္က" သတိဖြစ်အောင် လုပ်ဖို့ဘဲလိုပါတယ်၊ ဒါကြောင့် သတိပဋ္ဌာန်ကျတော့၊ အဲဒီ ၁၆ နည်းစလုံး မဟောတော့ဘဲ၊ ပထမ စတုက္က ဖြစ်တဲ့ သတိဖြစ်အောင်လုပ်ဖို့ရာ "သတောကာရီစတုက္က" တခုထဲဘဲ ဟောခဲ့တယ်။

ယခုလုပ်ထုံးနဲ့ကျတော့ "သတောဝ အဿသတိ သတောဝ ပဿသတိ" လယ်တီ ဆရာတော် ဘုရားကြီး လင်္ကာနဲ့ဆိုရင် "သတိမြဲရာ ပထမာ"

ပထမ စ၍လုပ်တဲ့ ယောဂီပုဂ္ဂိုလ်သည် "သတောဝ၊ သတိထား၍သာလျှင်၊ အဿသတိ၊ ဝင်လေကိုရှိုက်၏။ သတောဝ၊ သတိထား၍သာလျှင်၊ ပဿသတိ၊ ထွက်လေကို ရှူ၏။

ရှိုက်ချင် ရှိုက်မှန်းသိအောင် သတိထား။
ရှူရင် ရှူမှန်းသိအောင် သတိထား၊
ရှိုက်တိုင်း....ရှိုက်တိုင်း၊ ရှူတိုင်း....ရှူတိုင်း သတိမလစ်စေနဲ့။
သတိမြဲအောင် ထင်လာအောင် လုပ်ပါ။

အဲဒီရှိုက်လေ ရှိုက်နေရင်း၊ ရှူလေ ရှူနေရင်း စိတ်က အပြင်သို့ ထွက်သွားတတ်ပါတယ်။ အဲဒီလို စိတ်အပြင်သို့ ထွက်သွားတဲ့အခါ ယောဂီပုဂ္ဂိုလ်၏ အလိုက ဘယ်လိုဖြစ်လာတတ်သလဲဆိုရင်

စိတ်အပြင်ထွက်တာဟာ တဆူးမဟုတ်ဘူး၊ စိတ်ငြိမ်လာမှ တရားဖြစ်မယ်၊ အခုတော့ စိတ်ကအပြင်ထွက်နေတယ်၊ အပြင်ကို လွင့်နေတယ်၊ ဒါတရားမဖြစ်ဘူးလို့ အဲဒီလို အယူမျိုးဖြစ်လာတတ်ပါတယ်။

ဒီလို အယူအဆမျိုး ဖြစ်လာရင် ယောဂီပုဂ္ဂိုလ်ဟာ မိမိကိုယ်ကို မိမိပြန်၍ စစ်ဆေးပါ၊ ဘယ်လို စစ်ဆေးရမလဲဆိုရင်၊ ယခုအပြင်သို့ စိတ်ထွက်သွားတာဟာ။

ဝင်လေ ထွက်လေကို သတိထားလို့ ထွက်တာလား၊
ဝင်လေ ထွက်လေကို သတိမထားလို့ ထွက်တာလား၊
(တနည်း) တရားအားထုတ်ခါမှ ထွက်တာလား၊

တရားအားမထုတ်ပဲနဲ့ ထွက်တာလားလို့ အဲဒီလို စစ်ဆေးမေးမြန်းလိုက်တဲ့ အခါကျတော့ "တရားအားထုတ်ခါမှ ထွက်တာပါ" လို့ ဆိုတာ အဖြေထွက်လာ ပါလိမ့်မယ်၊ တရားအားမထုတ်ပဲနေရင် စိတ်ဟာ သူ့ဘာသာသူ ဖြစ်ချင်ရာဖြစ်နေတာ

ဘဲ၊ ဒါဖြင့် စိတ်အပြင်ထွက်တာဟာ တရားအားထုတ်ခါမှ ထွက်တာဘဲလို့ ဆိုတာ ထင်ထင်ရှားရှား တွေ့ရပါလိမ့်မယ်။

အဲဒီလို တရားအားထုတ်ခါမှ ထွက်တာပါ။ လွင့်တာပါလို့ တွေ့ရင် ယောဂီပုဂ္ဂိုလ်အလိုက၊

ဒီလိုထွက်နေတာ လွင့်နေတာကို မကြိုက်ဘူး၊ ငြိမ်နေမှကြိုက်မယ်လို့ အဲဒီကြိုက်-မကြိုက်ပါနေတယ်၊ ဒီကြိုက်-မကြိုက် မပါရဘူး၊ ကိုယ်လုပ်နေကျဘဲ လုပ်ရမယ်။

ဝင်ရင် ဝင်မှန်းသိအောင် သတိထား၊

ထွက်ရင် ထွက်မှန်းသိအောင် သတိထား၊

ဒါကိုဘဲ စိတ်အပြင်အထွက်ခံပြီး အလွင့်ခံပြီး သတိထားလုပ်နေပါ၊ ဒီလိုလုပ်တော့၊

ဝင်တာကိုလဲ သိနေတယ်၊
ထွက်တာကိုလဲ သိနေတယ်၊
တိုးတာကိုလဲ သိနေတယ်၊
ထိတာကိုလဲ သိနေတယ်၊
လွင့်တာကိုလဲ သိနေတယ်၊

နှာခေါင်း တနေရာထဲကနေပြီးတော့ သိစရာအများကို သိနေတယ်။ အဲဒီလို သိစရာအများကို သိနေတာဟာ သတိထူထောင်မှု၏ အခြေခံပါဘဲ၊ ဒီအခြေခံဖြစ်တဲ့ သဘာဝကို ထူထောင်နေတဲ့အခါမှာ စိတ်အပြင်မထွက်စေနဲ့၊ မလွင့်စေနဲ့။

နှာခေါင်းမှာ စိတ်ကပ်ထားဆိုတော့ စိတ်ဟာ သမာဓိဘက်လဲသွားတက်တယ်၊ "သတိပဋ္ဌာန် အလိုက သတိမြဲအောင်လုပ်" သတိဆိုတာ "အာရုံအများနဲ့ ဆက်ဆံတယ်၊ ဘာဖြစ်လာလာ

သတိသာ မလစ်စေနဲ့လို့ ဆိုလိုတယ်၊ ဝေဒနာဖြစ်လာလဲ ဝေဒနာကိုသိ၊ သတိကို ထူထောင်ရာမှာ အာရုံများများ သိနိုင်လေ သတိ အားကောင်းလေလေ ဖြစ်တယ်၊ ဟိုလို ဒီလို ဖြစ်တာကို မသိနဲ့ ဝင်လေ ထွက်လေကိုသာသိ၊ အဲဒီလိုလုပ်နေကြတာဟာ မှားနေကြတယ်။

ဒီတော့ စိတ်အပြင်ထွက်ချင်ထွက် မထွက်ချင်နေ၊ လွင့်ချင် လွင့် မလွင့်ချင်နေ၊ ထွက်လို့ လွင့်လို့ရှိရင်လဲ အဲဒီ ထွက်တဲ့စိတ် လွင့်တဲ့စိတ်ကို ပြန်ပြီးတော့ သိမ်းမနေနဲ့ ကိုယ်လုပ် နေကျကိုသာ လုပ်နေပါ၊ သတိထားနေပါ၊ အဲဒီလို ကိုယ်လုပ်နေကျ အတိုင်း ဝင်လေထွက်လေကို သတိထားသိနေပေမဲ့ လွင့်တာကိုလဲ သိနေတာပါဘဲ။ ဒီတော့ စိတ်အပြင်ထွက်ရင် လွင့်နေရင် အထွက်ခံပြီး အလွင့်ခံပြီးလုပ်ပါ။

လွင့်စရာ ရှိရဲ့သားနဲ့ မလွင့်ရရင် ဒီယောဂီသန္တာန်မှာ လွင့်စရာဖြစ်တဲ့ ခေတ်ဆိုး ခေတ်ဝါးကိလေသာတွေဟာ ကိန်းနေတယ်၊ ဒီလိုကိန်းနေရင် "သဒ္ဓါ၊ ဝီရိယ၊ ဆန္ဒ၊ သတိ၊ ပညာ" ဆိုတဲ့ တိုးတက်ရမည့် ဒီတရားတွေဟာ မတိုးတက်တော့ဘူး၊ သို့ပေမဲ့ သတိအခြေမခံပဲနဲ့ တိုးတက်စရာရှိရင်လဲ တိုးတက် တတ်ပါသေးတယ်၊ သို့သော် သတိအခြေမခံရင်ဖြင့် ဒီလိုရင်းအကျိုးတရား "သဒ္ဓါ၊ ဝီရိယ၊ ဆန္ဒ၊ သတိ၊ ပညာ" တို့ဟာ ခိုင်မြဲနေလိမ့်မယ်လို့ ဒီလိုတော့မဆိုနိုင်ဘူး။

တရားလုပ်တယ်ဆိုတာ ဒီအကျိုးတရားများကို ရအောင်လို့ လုပ်တာ၊ ဒီတော့ ငါ [illegible] လုပ်တယ်၊ တရားလုပ်တော့၊

ငါ့စိတ်ဟာ ကြည်သဒ္ဓါ ဖြစ်ရဲ့လား၊

ငါ့စိတ်ဟာ အား[illegible]ထုတ်မှု ဝီရိယ ကောင်းရဲ့လား၊

ငါ့စိတ်ဟာ အရာရာမှာ သည်းခံမှု ခန္တီ ရှိရဲ့လား၊
ငါ့စိတ်ဟာ အာရုံတိုင်းမှာ သဘောပါရဲ့လား၊
ငါ့စိတ်ဟာ အသိဉာဏ်ပညာ ပွင့်လင်းလာရဲ့လား လို့ အဲဒီလိုမေးကြည့်၊ ဒီငါးပါး ခိုင်ခိုင်မြဲမြဲဖြစ်မလာသေးရင်၊ တရား လုပ်နေရတဲ့အတွက် အကျိုးတရားမပေါ်သေးဘူး၊ အဲဒီ တရား ငါးပါး ခိုင်ခိုင်မြဲမြဲပေါ်လာရင် တရားအားထုတ်မှု၏ အကျိုး တရား ရပြီလို့ မှတ်ပါ။

ဒီတော့ တရားလုပ်တဲ့အခါ သည်းခံပြီးအားထုတ်ပါ၊ လှုံ့စ ရာရှိတာ လှုံ့ပါစေ၊ ချုပ်တီးမထားပါနှင့်၊ သိမ်းဆည်း မထား ပါနှင့်၊ စင်စစ်မှာတော့ အဲဒီလှုံ့တဲ့စိတ်ဟာလဲဘဲ "စိတ်ဝေဒနာ" တမျိုးဘဲ၊ ရင်ထဲမှာ လှုံ့စရာရှိနေသေးလို့ လှုံ့နေတာ လှုံ့ရင် စဉ်းစားကြည့်ပါ။

ရှေ့လုမ်းပြီး လှုံ့တာလား၊
နောက်က ပြီးခဲ့တာတွေ လှုံ့တာလား၊ လို့၊

အဲဒီလိုစဉ်းစားကြည့်ရင် နောက်က ပြီးခဲ့ပြီးသား အဟောင်း တွေလှုံ့တာဆိုတာ အဖြေထွက်လာလိမ့်မယ်၊ အဲဒီအဖြေကို ထောက်သဖြင့် ရင်ထဲနှလုံးထဲမှာ ရှိပြီးသားတွေ ထွက်တာဘဲဆို တာ သိရမယ်။

ဒီလိုမှမထွက်ရင် ရင်ထဲမှာရှိတဲ့ ကိလေသာဓာတ်ဆိုး ဓာတ် ဝါးတွေဟာ စင်ကိုမစင်ကြယ်ဘူး၊ ဒီတော့ တရားလုပ်တယ်ဆို တာ ရှေးဦးစွာ ရင်ထဲမှာနှံ့နေတဲ့ ဓာတ်ဆိုး၊ ဓာတ်ဝါး ကိလေ သာတွေကို ထုတ်ပစ်ရသေးတယ်၊ အဲဒီ ဓာတ်ဆိုး ဓာတ်ဝါး စင်ကြယ်လေ ခုနကပြောခဲ့တဲ့ အကျိုးတရားတွေဟာ ခိုင်မြဲ တည် တံ့လေဘဲ။

စင်စစ်မှာတော့ ခန္ဓာကိုယ်က နာကျင်ကိုက်ခဲမှုစတဲ့ ဝေဒနာဖြစ်ပေါ်တာလဲ၊ ဒီခွာတ်ဆိုးခွာတ်ဝါး ကိလေသာတွေကြောင့်ဖြစ်တာဘဲ၊ စိတ်အပြင်ထွက်သွားတယ်၊ လွင့်သွားတယ် ဆိုတဲ့ "စိတ်ဝေဒနာ" ဖြစ်ပေါ်တာလဲ ဒီခွာတ်ဆိုးခွာတ်ဝါး ကိလေသာတွေကြောင့်ဖြစ်တာဘဲ။

ဒါဖြင့် ဒီက ဝင်လေထွက်လေကို သတိထားပြီး သိနေတဲ့ယောဂီပုဂ္ဂိုလ်ဟာ ဝင်လေထွက်လေကိုလဲ သိတာဘဲ။ နာကျင်ကိုက်ခဲမှု စသည်ကိုလဲသိတာဘဲ၊ လွင့်နေတဲ့ စိတ်ကိုလဲသိတာဘဲ၊ အဲဒီလိုသိတာကို သတိအားကောင်းလို့ သိတာလို့ ခေါ်တယ်၊ ဒီသတိအားကောင်းလို့သိတဲ့လမ်းက ဘယ်တော့မှ လမ်းမချော်ဘူး။

"စိတ်မလွင့်အောင်လုပ်တဲ့နည်းက" စိတ်တော့ ငြိမ်ပါရဲ့၊ သမာဓိတော့ အားကောင်းပါရဲ့၊ သို့ပေမဲ့ သတိကို သမာဓိက ဖုံးသွားတော့ သတိအားက သေးသေးလာပြီး ငိုင်တိုင်တိုင် ငေးတေးတေး တယောက်ထည်း နေချင်သလိုလို၊ သံဝေဂဖြစ်သယောင်ယောင်၊ အဲဒီလိုဖြစ်လာတတ်တယ်။

"ပြင်းပြင်းထန်ထန် အားထုတ်တဲ့နည်း"က အလွန်အမင်း အားထုတ်ရင် ဝီရိယအားတော့ တက်လာပါရဲ့၊ သို့ပေမဲ့ သတိကို ဝီရိယက ဖုံးသွားပြန်တော့ သတိကအားသေးသေးလာပြီး၊ အဲဒီ ယောဂီပုဂ္ဂိုလ်ဟာ ဣန္ဒြေမရဘူး၊ စိတ်ကြွလူကြွ ကြွနေတတ်တယ်။

ဒီတော့ သတိအခြေမခံဘဲ ဖြစ်ပေါ်လာတဲ့ သမာဓိ ဝီရိယတို့ဟာ လမ်းမမှန်ဘူး၊ ဘာပြုလို့လဲဆိုရင် သမာဓိနဲ့ ဝီရိယဆိုတာ ကုသိုလ် အကုသိုလ် နှစ်မျိုးလုံးနဲ့ဆက်ဆံပြီး နေလို့ဖြစ်တယ်။

သတိအခြေခံပြီးဖြစ်ပေါ်လာတဲ့ သမာဓိ ဝီရိယတို့ကျတော့ ဘယ်တော့မှ လမ်းမမှားတော့ဘူး၊ ဘာပြုလို့လဲဆိုရင် သတိ ဆိုတာ အကုသိုလ်နဲ့မဆက်ဆံဘူး၊ ဘယ်သတိဖြစ်ဖြစ် ကုသိုလ်ချည်းဘဲ၊ သို့သော် မိမိရဲ့အိမ်ယာ၊ တိုက်တာ၊ သားသမီး၊ ဇနီးစတဲ့ လောကစီးပွားရေး ကြီးပွားရေးတွေကို အမှတ် ရနေမှုဟာ "သတိ"လို့ အမည်ရနေသော်လည်း စင်စစ်ကသမ္မာသတိမဟုတ်ဘူး၊ တရားအားထုတ်တဲ့ သမ္မာသတိ၏ ဆန့်ကျင်ဖက်ဖြစ်သော မိစ္ဆာသတိသာဖြစ်ဘယ်၊ အဲဒီ မိစ္ဆာသတိက အကုသိုလ်၊ ယခု တရားအားထုတ်တဲ့သတိက ကုသိုလ်လို့၊ ဒီလိုလဲ ကွဲပြားအောင် သိသားဘိုလိုတယ်။

ဒါကြောင့် မြတ်စွာဘုရားက တရားနဲ့ပတ်သက်လာရင် ကုသိုလ်ဖြစ်တဲ့သတိ အခြေခံဘို့ရာ "သတိပဋ္ဌာန်" ကိုဘဲ အဓိကထားပြီး ဟောထားတော်မူခဲ့တယ်။

ဒီတော့ ဖြစ်ပေါ်လာတဲ့ သမာဓိ–ဝီရိယတို့လမ်းချော်မသွားအောင် "သတိပဋ္ဌာန်"ဒေသနာတော်အတိုင်း သတိအခြေခံမိဘို့ လွန်စွာပင် အရေးကြီးပါတယ်။

"ဝီရိယမြေ၊ သီလမြေထက်၊ သဒ္ဓါလက်ဖြင့်၊
ကမ္မဋ္ဌာန်းယိမ်နှံ၊ ဉာဏ်မှုဆိန်ကို၊ ရွယ်ချိန်မိုးလျှက်၊
ချိုးဖျက်တော်မူလေပြီ...."

ဆိုတဲ့ အရဟတ္တဂုဏ်တော်မှာ ဝီရိယ တည်းဟူသော မြေသည် သီလတည်းဟူသော မြေပေါ်မှာ တောက်ရမယ်လို့ ဒီလိုဆိုထားတော့ သီလတည်းဟူသောမြေဟာ ပျောနေလို့ရှိရင် ဝီရိယ တည်းဟူသောမြေဟာ တောက်လို့မရဘူး။ ဥပမာ - ရှိဒွက်တဲ

လဘာထဲမှာ တိုင်စိုက်ရသလို ယိုင်လှုပ်နေမှာဘဲ မပြဲဘူး။ အဲဒီ ဥပမာအတိုင်းဘဲ။

ဒီတော့ ထိုထိုခေတ်ဆိုး၊ ခေတ်ဝါး ကိလေသာတွေကို ပယ်သတ်ဖို့ရာ အရင်းခံဖြစ်တဲ့တရားကို အားထုတ်တဲ့အခါ ဝီရိယတည်းဟူသောခြေဟာ မြေပေါ်မှာတိုင်စိုက်သလို ခိုင်ခိုင်မြဲမြဲဖြစ်လာအောင် မြေနှင့်တူတဲ့ သီလဟာ မာဘို့ အရေးကြီးတယ်၊ စင်စစ် သီလဘည်းဟူသော မြေဆိုတာ သတိအဆမြောက်လာလို့ ဖြစ်ပေါ်လာတဲ့ သဒ္ဓါ ဝီရိယ ခန္တိ သတိ ပညာ ဆိုတဲ့ အကျိုးတရား ငါးပါးထဲက-

ဝီရိယက ဝီရိယသံဝရသီလ၊

ခန္တိက ခန္တိသံဝရသီလ၊

သတိက သတိသံဝရသီလ၊

ပညာက ပညာသံဝရသီလ။

အဲဒီ သံဝရသီလတွေ ပြည့်စုံလာမှုကို ဆိုလိုတာပါဘဲ။

အဲဒီ သံဝရသီလတွေ ကြပ်ကြပ်ခိုင်မြဲလာရင်၊ ထောက်စရာတည်းဟူသော သီလမြေကခိုင်မာလာတော့ ဝီရိယတည်းဟူသော ခြေထောက်ဟာ တည့်မတ်ခိုင်မြဲစွာဘဲ ထောက်နိုင်လာပါတယ်။

ဒီအခါမျိုးမှာ သတိအခြေခံ ကင်းမဲ့သည့် ဝီရိယလွန်မှုကြောင့်ဖြစ်ပေါ်လာတဲ့ လူရော၊ စိတ်ရော၊ ကြွနေမှု ဣန္ဒြေမရမှုတို့ဟာလဲ မပေါ်လာတော့ဘူး၊ ပြီးတော့ သမာဓိလွန်မှုကြောင့်ဖြစ်ပေါ်လာတဲ့ ငေးတေးတေး၊ ပိုင်တိုင်တိုင်၊ မှိုင်တိုင်တိုင်၊ သံဝေဂယောင်ယောင်တို့ဟာလဲ မပေါ်လာတော့ဘူး။

ဒီတော့ "သတိမြဲရာ ပထမာ" ဆိုတဲ့အတိုင်း အခြေခံဖြစ်တဲ့ သတိ ယောဂီပုဂ္ဂိုလ်သန္တာန်မှာ ခိုင်မြဲနေရင် အပြင်ဗဟိဒ္ဓတွေ

နှင့်ဆိုင်ရာဖြစ်တဲ့ ထိုထိုအရာဝတ္ထုတွေကို ကိုင်ရှင်လဲ ကိုင်မှန်းသိလာတယ်၊ လက်လှုပ်မှု၊ ခြေလှုပ်မှု၊ စသည်တို့ကိုလဲ အလိုလိုသိလာတယ်။

အဲဒီအပြင်နှင့် ဆိုင်ရာတွေကိုလဲ အလိုလိုသိလာသည့် အဆင့်သို့ရောက်လာရင် ဒီယောဂီပုဂ္ဂိုလ်မှာ သတိအထမြောက်လာပြီလို့ ဆိုရပါတယ်၊ အပြင်နှင့်ဆိုင်ရာ ပြောမှုဆိုမှု၊ လုပ်မှုကိုင်မှု၊ သွားမှုလာမှု၊ စားမှုသောက်မှု၊ အိပ်မှုလျောင်းမှု စတဲ့ ထိုထိုအမှုတွေမှာသတိအချင်းခပ်သိမ်း အလိုလိုလိုက်မလာသေး၊ သိမလာသေးရင် ဒီယောဂီပုဂ္ဂိုလ်၏ သန္တာန်မှာ သတိထူထောင်မှုအထမြောက်မလာလေးဘူးလို့ ဆိုရပါတယ်၊ ဆိုလိုရင်းကား "အတွင်းသတိမြဲရိုးမှန်ရင်အပြင်သတိလဲမြဲပါတယ်၊ အပြင်သတိ မပါသေးရင်အတွင်းသတိမြဲတာမမှန်သေး၊အထမမြောက်သေးလို့ ဖြစ်ပါတယ်။"

အထူးသတိထားဖို့ရာက သတိက အာရုံအများနှင့် ဆက်ဆံတယ်။

သမာဓိက အာရုံတခုနှင့်သာ ဆက်ဆံတယ် ဆိုတာကိုလဲ အထူးသတိပြုပါ။

ဒီတော့ အဲဒီလောက် သတိမြဲလာပြီ အပြင်သတိတွေပါ အလိုလို လိုက်လာပြီဆိုတဲ့ အဆင့်အတန်းသို့ ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ။

"သတိမြဲရာ၊ ပဌမာ၊ ဒု-မှာရှုည်တိုသိ" လို့ လင်္ကာလိုက ဒီလိုဆိုထားတော့ သတိမြဲလာပြီ။

ဒီဃံဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ။
ဒီဃံဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။
ရဿံဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊
ရဿံဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

လို့ဟောတော်မူသည့်အတိုင်း တခါထပ်ပြီး အရှည်အတိုကို သိအောင် လုပ်ရအုံးမယ်လို့ ဒီလိုသဘော ပေါက်နေကြတယ်။ အမှန်က လုပ်ထုံး အနေကျတော့ ဒီလိုမလုပ်ရတော့ပါဘူး။ နှာသီးဝမှာ သတိကပ်လာရင် တိုမှန်း ရှည်မှန်းကို အထူးသတိ ထားမနေရတော့ဘူး၊ အလိုလိုသိလာပြီးသား ဖြစ်တယ်၊ သတိ ဖြစ်ပေါ်လာအောင် ထင်လာအောင် ထူထောင်စဉ်အခါက။

သတော ဝ အဿသတိ၊
သတော ဝ ပဿသတိ၊

ဝင်မှန်း ထွက်မှန်းသိအောင် သတိထားရှိတဲ့ထားလို့ အဲဒီလို ဟောထားတယ်၊ အရှည် အတိုကို သိတဲ့ခါ ဟောတော်မူတဲ့အခါကျတော့ "ပဇာနာတိ" ဆိုတဲ့ ကြိယာပါလာတယ်။

ပဇာနာတိ ဆိုတဲ့ ကြိယာအရကို ဗမာလိုပြန်တော့ "ထင်ရှားသတိဉာဏ်ဖြင့်သိ၏" လို့ အဲဒီလိုပြန်ရတယ်၊ ဒီတော့ အရှည် အတိုကို သိတာဟာ သာမညသိ မဟုတ်ဘူး၊ သတိထင်ရှားလာလို့ ဉာဏ်နဲ့သိလာတာ ဉာဏ်ပါလာပြီလို့ "အဲဒီလို ဆိုလိုပါတယ်။ ဒါဖြင့် ရှေ့တဆင့် တက်လိုက်တော့။

"လုံးစုံသင်းရော၊ ကာ-ဦး-သာ" ဆိုတဲ့ တတိယနည်းကျတော့၊ "သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ" "သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ" ဟု ဟောတော်မူသည့်အတိုင်း၊

ဝင်လေ၏အစကား နှာသီးဖျား။
အလယ်ကား ရင်ချိုင့်။
အဆုံးကား ချက်တိုင်။

ထွက်လေ၏အစကား ချက်တိုင်၊
အလယ်ကား ရင်ချိုင့်။
အဆုံးကား နှာသီးဖျား။

ပါဠိတော်ကို အဋ္ဌကထာက အဲဒီလိုဘဲ ဖွင့်တယ်၊ ဒီကျတော့ စာအလိုက "သိက္ခတိ" လေ့ကျင့်ပါ။ အစက အဆုံးတိုင် အောင် သိဘို့ရာ လေ့ကျင့်ပေးပါလို့ ဒီလို ဆိုထားသော်လဲ အမှန်က ပုဂ္ဂလဗျာပါရ ဓိုက်ထုတ်ပြီး လေ့ကျင့်ပေးရမယ်လို့ မဆိုလိုပါဘူး၊ နောက်တခါ

"စ–မှာ ငြိမ်းလေဘိ" ဆိုတဲ့ စတုတ္ထနည်းကျပြန်တော့လဲ
ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမိတိ သိက္ခတိ
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမိတိ သိက္ခတိ၊

ကာယသင်္ခါရံ၊ အရိုက် အရှုပြင်း၍ ရုန့်ရင်းသောကာယ သင်္ခါရကို၊ ပဿမ္ဘယံ၊ ပဿမ္ဘယန္တော၊ သာယာဖြည်းညှင်း ရှုရိုက်ခြင်းဖြင့် ငြိမ်းစေလျက်။ အဿသိဿာမိ၊ ထွက်သက် ကိုဖြစ်စေ၏။ ပဿသိဿာမိ၊ ဝင်သက်ကိုဖြစ်စေ၏။

ဒီစတုတ္ထနည်းကျပြန်တော့လဲ စာအလိုက ပြင်းနေတဲ့ အရိုက် အရှုကို ပျော့သွားအောင် ပုဂ္ဂလဗျာပါရ အနေနဲ့ အားစိုက်ပြီး လေ့ကျင့်ပေးရမယ်လို့ ဆိုထားသော်လဲ အမှန်က ဝိတတိယ နည်း၊ စတုတ္ထနည်းတို့မှာ ပုဂ္ဂလဗျာပါရအနေနဲ့ အားစိုက်ပြီး

လုပ်မနေရတော့ပါဘူး၊ ငါဒီလိုသိတော့မယ်လို့ အဲဒီ နှလုံးသွင်း ကလေးဘဲ လိုပါတော့တယ်။ ဘာပြုလို့ ပထမ နည်းအတိုင်း သတိကို ထမြောက်အောင်မြင်အောင် ထူထောင်မိပြီး၍ ဒုတိယ နည်းမှာလဲထပ်ပြီး ဉာဏ်ပါ အလိုလို ပါလာပြီးသည့်အတွက် နောက်ကျန်တဲ့၊ တတိယ၊ စတုတ္ထနည်းတို့မှာ အလိုလို နှလုံးသွင်း ကာမျှနှင့်ပင် သိပြီးသား ဖြစ်လာပါတယ်၊ အဲဒါ "သဘိပဋ္ဌာန် ပါဠိတော်" မှာလာတဲ့အာနာပါန အဆုံးအဖြတ်ဘဲ၊သတိပဋ္ဌာန် မှာဒီလေးခုဘဲရှိတယ်၊ဒီလေးခုထဲကလဲ ပထမနည်းတခုသာ အစိ ကထားပြီး သတိအထမြောက်အောင်သာလုပ်ပါ။ ဒီဝင်မှုထွက်မှု မှာ သတိမြဲလာပြီဆိုရင် ကျန်တဲ့ သုံးခုနှင့်တကွ အပြင်နှင့်ဆိုင်တဲ့ သမ္ပဇာနပဗ္ဗပါ အသိလိုသိပြီးသားဖြစ်လာပါတယ်၊ ဒီတော့ စာ အလိုကသာ ဘခုပြီးမှတခု လုပ်ရတော့မလို ရှည်နေတာပါ၊ လုပ်ထုံးအနေနဲ့ ပြောရရင်။

သဘောဝ အဿာသတိ၊ သဘောဝ ပဿာသတိလို့ဆိုတဲ့ ဒီ ပထမနည်းတခုကို သတိအထမြောက်လာအောင်လုပ်ရင်း ကျန် တဲ့ အတွင်းအပြင် သိရမည့်အမှုကိစ္စတွေဟာ အလိုလို "ကျဲကူးရေ ပါ"ဆိုသလို သိပြီးသား ဖြစ်လာပါတယ်။ အာနာပါနကနေပြီး သတိကိုထူထောင်ဘော့ ယခုပြောခဲ့ပြီးသည့်အတိုင်း ထူထောင် ရပါတယ်။

ဒီ အာနာပါနသတိ အထမြောက် လာ လို့ သတိအား ကောင်းလာတဲ့ ယောဂီပုဂ္ဂိုလ်မှာလမ်းမမှားနိုင်တော့ဘဲ သမာဓိ ဝီရိယဘိုဟာလဲ တပါတည်း လိုက်လာပါတယ်၊ ဘာပြုလို့ ဒီ သမာဓိနှင့် ဝီရိယကိုဟာ လမ်းမမှားနိုင်တော့သလဲဆိုရင် "သီလ ပထဝီယံ ဌတွာ"ဆိုတဲ့အဘိုင်း သတိကုသိုလ် အရင်းခံပြီး ဖြစ်

ပေါ်လာတဲ့ သီလဘည်းဟူသောမြေပေါ်မှာ တည်ရလို့ ပင်ဖြစ်ပါတယ်။ ထိုသီလအခြေခံဖြစ်တဲ့သတိကုသိုလ်ဟာ အထမြောက်အောင်မြင်လာပြီဆိုရင် ယောဂီပုဂ္ဂိုလ်တို့ ဆိုင်ရာ သိက္ခာပုဒ်တို့ဟာလဲ ပုဂ္ဂိုလ်သတ္တဝါအလိုနှင့် မစောင့်ရှောက်ရတော့ဘဲ သူ့အလိုလိုပင် လုံခြုံပြီးသား၊ စောင့်ရှောက်ပြီးသား ဖြစ်လာပါတယ်။ အဲဒီလိုသီလဟာ အလိုလို လုံခြုံပြီးလာတော့မှ ထိုသီလတည်းဟူသော မြေပေါ်မှာ သမာဓိနှင့် ဝီရိယတို့ဟာ အကုသိုလ်ဖက်သို့ လုံးဝမယိမ်းမယိုင်တော့ဘဲ မှန်မှန်ကန်ကန် တည်နေပါတော့တယ်။

တခါ အာနာပါနကို သတိထားနေရင်း ခန္ဓာကိုယ်တနေရာရာ ဖြစ်တဲ့ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ ဒူး၊ ပေါင် စတဲ့ နေရာတွေက နာကျင်ကိုက်ခဲမှုဝေဒနာ ပေါ်လာတဲ့အခါမှာ အာနာပါန ရှုဖြစ်သေးရင် အသာနေပါ၊ အာနာပါနထက် ဝေဒနာကထင်ရှားလာပြီဆိုရင် စိတ်ဟာ အာနာပါနအပေါ်မှာ မကပ်တော့ဘဲ သူ့အလိုလို ဝေဒနာပေါ်သို့ ကပ်လာပါတော့တယ်။

အဲဒီလိုကပ်လာတဲ့အခါ ဝေဒနာအပေါ်မှာ စိတ်ထားပြီးတော့ သိ၊ သိ၊ သိ၊ သိ၊ သိ၊ သိနဲ့ သိကို အဆက်မပြတ် တလစပ် အသိထွက်လာအောင် လျှာလည်လာသည်အထိ လိုက်ပေးပါ။ အဲဒီလို သိကို အသိတွက်အောင်လိုက်သည့်အခါ ဝေဒနာဟာ-

သက်သာလာပြီး ခံနိုင်တာလဲရှိတယ်။

ပြင်းထန်လာပြီး မခံနိုင်တာလဲရှိတယ်။ အကယ်၍ ပြင်းထန်လာလို့ ဝေဒနာကို မခံနိုင်တော့ဘူးဆိုရင် ဒီအခါမှာ နည်း နှစ်မျိုး ရှိတယ်။

၁။ အာနာပါနနဲ့ ဝေဒနာကိုခံနည်း။
၂။ သိ၊ သိ၊ သိ လို့ အသံထွက်အောင်လိုက်ပြီး ဝေဒနာကို ခံနည်းလို့။

အဲဒီလို နှစ်မျိုးရှိသည့်အနက်က (၁) အာနာပါနနဲ့ဝေဒနာကို ခံနည်းဆိုတာ ပေါ်လာဆဲဖြစ်တဲ့ဝေဒနာပေါ်မှာစိတ်ထားပြီး အာနာပါနကို ရှူပေးပါ။ အဲဒီလို ရှူပေးရင် ဝေဒနာဟာ ခံနိုင်လာတတ်ပါတယ်၊ သက်သာလာတတ်ပါတယ်။ သို့ပေမဲ့ ဒီနည်းက ဝေဒနာကိုခံနိုင်အောင်လို့သာ လုပ်ရတာပါ၊ အကျိုးမများပါဘူး။

နောက် (၂)နံပါတ်နည်းဖြစ်တဲ့ သိ၊သိ၊သိ ကို အသံထွက်အောင် လျှာ သူ့အလိုလိုလည်လာသည့်အဆင့်သို့ ရောက်သည့်အထိ ဝေဒနာခံတဲ့နည်းကမှ အကျိုး များပါတယ်။ အဲဒီနောက်နည်းနဲ့ဝေဒနာကို သိ၊ သိ၊ သိလို့ အသံထွက်အောင် လိုက်တဲ့နည်းနဲ့ခံပုံမှာ။

"မခံနိုင်တဲ့စိတ်"ကို ဝေဒနာတခုထဲအပေါ်မှာ မထားဘဲ သိ၊သိ၊သိ လို့ အသံထွက်အောင် လိုက်နေဆဲအခါမှာ ဖြစ်ပေါ်နေတဲ့ လျှာထိပ်ထိမှုနှင့် ဝေဒနာပေါ်ကို တဝက်စီ စိတ်ထားပြီး 'သိ'ထုတ်လိုက်ရင် ခံနိုင်တတ်ပါတယ်၊ အမှန်က ဒီ"မခံနိုင်တဲ့စိတ်"ကို တဝက်စီ ထားမှုမှာလဲဘဲ ပုဂ္ဂိုလ်အလိုနဲ့ ထားရတာ မဟုတ်ပါဘူး၊ သူ့အလိုလိုပင် 'သိ'လိုက်လို့ရှိရင် ထားပြီး သားပင် ဖြစ်ပါတယ်။

ဘယ်လိုလဲဆိုရင် ပြင်းထန်တဲ့ဝေဒနာကို 'သိ' ။ အသံထွက် အောင် လိုက်နေတဲ့ယောဂီပုဂ္ဂိုလ်သည် ဝေဒနာပေါ်သို့ စိတ်

ရောက်လိုက် 'သိ'လို့ ဆိုနေသည့် လျှာပေါ်သို့ စိတ်ရောက်လိုက်၊ အဲဒီလို သူ့အလိုလိုရောက်နေပြီး ဖြစ်ပါလိမ့်မယ်။

သို့သော် ဒီအခါမျိုးမှာ ယောဂီပုဂ္ဂိုလ်အား 'သိ' အသံ ထွက်လာအောင် အားထုတ်၍လိုက်နေမှု၊ ဝီရိယ၏ဆန့်ကျင်ဖက် ဖြစ်သော ကောသဇ္ဇကိလေသာ၏ ဖြားယောင်းမှုကို မသိမသာ သော်ငြား၊ ထင်ထင်ရှားရှားသော်ငြား ခံရတတ်ပါတယ်။ ဖြား ယောင်းပုံမှာ ယခုလို 'သိ'ထုတ်ပြီး လိုက်နေသည့်အခါ ဝေဒနာ ၏ သဘောသက်သက်ကလေးကို မမိဘဲ ဟိုရောက် ဒီရောက် (လျှာနှင့်ဝေဒနာပေါ်သို့) စိတ် ရောက် နေတယ်။ ဒီတော့ သဘောသက်သက်ကလေးမိအောင် 'သိ'ထုတ်မလိုက်ဘဲ စိတ်နှင့် ကပ်သားမှုဖြစ်မယ်လို့ အဲဒီလို'သိ'ထုတ်၍ လိုက်ခြင်းမှာ ပျင်းမှု ခေါ်တဲ့ ကောသဇ္ဇ ကိလေသာဟာ ဖြား ယောင်း တတ်ပါ တယ်။

အဲဒီလို ဝင်လာပြီး ဖြားယောင်းတဲ့အခါ ထို ကောသဇ္ဇ ကိလေသာကို အားထုတ်မှု ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် 'သိ' အသံ ထွက်အောင် လိုက်ပြီးတွန်းလှန်ပစ်ပါ၊ အမှန်ကဝေဒနာလိုက်တဲ့ အခါလိုရင်းဖြစ်တဲ့ 'သိ'ကိုအသံထွက်အောင်လိုက်ဖို့ ဦးစွာပထမ အများကြီးလိုပါတယ်။ ဒီလို 'သိ'လိုက်လို့ 'သိ၊ သိ'ဟာ ဝေဒ နာပေါ် ရောက်ချင်ရောက်၊ မရောက်ချင် နေပါစေဦး၊ ပထမ လျှာလည့်ဖို့ပဲ အရေးကြီးပါတယ်၊ ပုဂ္ဂလဗျာပါရပုဂ္ဂိုလ်အနေနဲ့ အားစိုက်ပြီး 'သိ'လိုက်နေတဲ့ အခါမျိုးမှာ အဲဒီလို လျှာနှင့် ဝေဒနာပေါ်သို့ တစေ့စီ စိတ်ရောက်နေမှုလဲ ဝေဒနာဒဏ်ကို ခံနိုင်ပါတယ်။

ပုဂ္ဂိုလ်အနေနဲ့ 'သိ'ဟာ မလိုက်ရတော့ဘူး၊ လျှာဟာ သူ့အလိုလို လည်လာပြီး 'သိ' လိုက်လာတဲ့အဆင့်သို့ရောက်တဲ့အခါ ထို သိ၊ သိ၊ သိ၊ သိ'က ပို့လိုက်သောစိတ်ဟာ ဝေဒနာပေါ်သို့ လာကပ်နေပါတော့တယ်။

အဲဒီလို ပုဂ္ဂိုလ်အနေနဲ့ မလုပ်ရတော့ဘဲ 'သိ၊ သိ'က ပို့လိုက်သောစိတ်ဟာ ဝေဒနာပေါ်သို့ ကပ်နေတဲ့အခါမှာ မခံနိုင်မှုဟာ လုံးဝမရှိတော့ပါဘူး၊ ဘာပြုလို့လဲဆိုရင် လျှာ သူ့အလိုလိုလည်လာပြီး 'သိ၊ သိ'ကို အားထုတ်လာသည့် ဝီရိယနောက်မှာ သီးခံမှုခန္တီပါလာလို့ဖြစ်ပါတယ်။ ဒီတော့ 'သိ၊ သိ'ကလဲ ပုဂ္ဂလဗျာပါရကင်းတဲ့ ဝီရိယကြောင့် သူ့အလိုလိုဖြစ်ကာ ခန္တီသည်းခံမှုကလဲ တပါတည်း ပါလာပြန်တော့ ဝေဒနာ ပြင်းထန်ပေမဲ့ ထိုဝေဒနာဒဏ်ကို ခံနိုင်ပါတော့တယ်။ ဒီလိုဝေဒနာဒဏ်ခံနိုင်တော့ ဒီဝေဒနာဒဏ် ခံနိုင်မှုမှာ ပုဂ္ဂိုလ်အနေနဲ့ ခံမှုမဟုတ်တော့ဘဲ သတိ၊ ဝီရိယ၊ ခန္တီတို့အနေနဲ့ ခံမှု ဖြစ်ပါတော့တယ်။

အမှန်က ဝီရိယဖြစ်လာရင် သည်းခံမှု ခန္တီဆိုတာ အလိုလိုပါမြဲပင်ဖြစ်ပါတယ်။ ဥပမာ လောကီစီးပွားရေးကို ရှာကြံနေတဲ့ ပုဂ္ဂိုလ်ဟာ ထိုစီးပွားရေးကို မရရအောင် ရှာမယ်ဟဲ့လို့ စိတ်အားထက်သန်မှု ဝီရိယအား ကောင်းနေရိုက်မှာ စီးပွားရေးနှင့်ပတ်သက်လို့ ဘယ်လို အခက်အခဲမျိုးနှင့် ရင်ဆိုင်ရ ရင်ဆိုင်ရ ထိုအခက်အခဲကို ကျော်လွှား နိုင်သည်အထိ အာပင်ပန်းခံနိုင်မှု ခန္တီဟာလဲ အလိုလိုပါလာမြဲပင်ဖြစ်ပါတယ်။

မှတ်ချက်။ ။စိတ်အား ထက်သန်မှုကို ဝိရိယ ခေါ်သည်။
အပင်ပန်းခံနိုင်မှုကို ခန္တီ ခေါ်သည်။

အဲဒီနည်းအတိုင်းဘဲ ဝိရိယနောက် ခန္တီပါလာတော့ ပေါ်လာဆဲ ဝေဒနာပေါ်ကို 'သိ၊ သိ'သူ့ အလိုလို လိုက်နေတဲ့အဆင့် ရောက်တဲ့အခါ၊ အသိလျှာသည်'လိုက်လာတာကို အကြောင်း ပြုပြီးတော့ စိတ်အားထက်သန်မှုဟာ ပေါ်လာတယ်။ ဘယ်လို ပေါ်လာသလဲဆိုရင် ကိုယ်နှင့် အသက်လုံးဝင်္ကက်ခြင်း မရှိတော့ဘဲ ငါသေသွားတော့ ဘာဖြစ်သေးသလဲဆိုတဲ့ ပဟိတတ္တ စိတ်ဟာပေါ်လာတယ်။ ပဟိတတ္တစိတ်ဆိုတာ တရားကိုယ်က ဝိရိယဘဲ။ အဲဒီစိတ်မျိုး ပေါ်လာပြန်တော့ အပင်ပန်းခံနိုင်မှု ခန္တီဟာ အလျှော့မပေးတော့ဘူး။ အဲဒီ သတိ ဝိရိယ ခန္တီ သုံးမျိုးနဲ့ ဝေဒနာကို အသိလိုက်လိုက်တော့၊ ဝေဒနာနဲ့ သတိ ကပ်မိနေတဲ့ အချိန်မှာ သမာဓိဟာ ပါလာပြန်တယ်။ ပါလာ ပြန်တော့ သမာဓိ သဘောက ဧကဂ္ဂတာ ဆိုတဲ့အတိုင်း၊ အာရုံ ကို အများကြီး မယူတော့ဘူး။

ဧကဂ္ဂတာဆိုတာ "ဧကော အဂ္ဂေါ ယဿာတိ ဧကဂ္ဂေါ"

ယဿ၊ အကြင်စိတ်အား။ ဧကော၊ တခုတည်းသော။ အဂ္ဂေါ၊ အာရုံသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ထို့ကြောင့်။ ဧကဂ္ဂေါ၊ တခုတည်းသော အာရုံရှိသောစိတ်။ ပြီးတော့မှတခါ။

"ဧကဂ္ဂဿ ဘာဝေါ ဧကဂ္ဂတာ"

ဧကဂ္ဂဿ၊ တခုတည်းသော အာရုံရှိသောစိတ်၏။ဘာဝေါ၊ အဖြစ်တည်း။ ဧကဂ္ဂတာ၊ တခုတည်းသော အာရုံရှိသော စိတ် ၏ အဖြစ်။

တခု တည်းသော အာရုံရှိသော စိတ်၏ အဖြစ် ဆိုတော့၊ ကေဂ္ဂတာ စေတသိက်ကို ခေါ်တယ်။ အဲဒီ ဧကဂ္ဂတာ စေတသိက်ဆိုတဲ့ သမာဓိကျတော့ အာရုံကို ကျယ်ကျယ် ပြန့်ပြန့်ကြီး မယူတော့ဘဲ တဖြည်းဖြည်း ဝေဒနာဟာ ကွမ်းသီးလုံးလောက်ကနေပြီး၊ ဇီးစေ့လောက်၊ ဇီးစေ့လောက်ကနေပြီးမန်းကျည်းစေ့လောက်၊ မန်ကျည်းစေ့လောက်ကနေပြီး နှမ်းစေ့လောက် အဲဒီလို တဖြည်းဖြည်း သေးသေးလာတယ်။ တချို့မျာ: အပ်ဖျားဘလောက်စာလောက် ဘဲရှိတော့တယ်။ ဒီတော့ သမာဓိ အားကောင်းလာလေ၊ အာရုံဖြစ်တဲ့ ဝေဒနာဟာလဲ ကျဉ်းလာလေဘဲ၊ သေးသေးလာလေဘဲ၊ ဝေဒနာ ကျယ်ကျယ် ပြန့်ပြန့်ကြီး အချောင်းလိုက် အရှည်လိုက်ကြီး ဆိုတာ အမှန်က သမာဓိအားမကောင်းသေးလို့ အဲဒီလိုဖြစ်နေတာ၊ အဲဒီလို ဝေဒနာဟာ သေးသေးကျဉ်းကျဉ်းလာတဲ့အခါကျတော့၊ ဒီဝေဒနာကို ပုဂ္ဂိုလ်အလိုနဲ့ အားစိုက်ပြီး၊ သိမနေရတော့ပဲ၊ လျှာသူ့အလိုလို လည်လာလိုက်သည့် 'သိ၊ သိ' ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာကြတဲ့ စိတ်အားထက်သန်မှု ဝီရိယ အလျှော့မပေးနိုင်သည့်အထိ၊ အပင်ပန်းခံနိုင်သည့် ခန္တီတို့ဟာ ဝေဒနာနှင့် အသိနဲ့ကပ်နေသည့်တိုင်အောင် သူ့အလိုလို သည်းခံပြီးတော့သိလိုက်နေကြတော့ဘာပါဘဲ။

အဲဒီလို လိုက်နေကြတဲ့အခါမှာ သမာဓိအားက အင်မတန်ကောင်းနေတော့၊ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ ဒူး၊ ပေါင်၊ ခါး စသည်တို့ကို မတွေ့ရတော့ဘဲ ဝေဒနာ သဘာဝသက်သက်ကိုပဲ တွေ့ရပါတော့တယ်။ ဝေဒနာနဲ့ အသိနဲ့ဘဲ ကပ်နေတော့တယ်လို့ ဆိုလိုပါတယ်။

သို့သော် ဒီနေရာမှာ တခါ သမာဓိအားကသေးလာပြီး အသိကပ်နေတဲ့ ဝေဒနာမှတပါး လက်ရှိခန္ဓာကိုယ်ထဲက အာရုံတခုခုကိုဖြစ်စေ၊ အပြင်ဗဟိဒ္ဓအာရုံ တခုခုကိုဖြစ်စေ၊ စိတ်ရောက်သွားရင် ဝေဒနာဟာ ငုတ်သွားတတ်တယ်။ ငုတ်သွားတယ် ဆိုတာ အမှန်က ဝေဒနာအာရုံမှာ ထားနေတဲ့စိတ်ဟာ အခြားအာရုံတခုကို ချော်သွားတာကို ဆိုလိုပါတယ်။ အတိအကျဆိုလိုရင်းကား-

ဝေဒနာအာရုံမှ တပါးအာရုံကို ချော်သွားရင် ငုတ်သွားတတ်တယ်။ ဝေဒနာ အာရုံမှန် တခုအည်းကိုသာ သိရိုးမှန်ရင် ပျောက်သွားတတ်တယ်၊ အဲဒီလို နှစ်မျိုးရှိသည့်အနက် ဝီရိယ၊ ခန္တိ၊ သတိ၊ သမာဓိ တို့ဟာ သူ့အလိုလို ဝေဒနာကို အသိကပ်နေရာက သမာဓိအား သေးလာပြန်တဲ့အတွက် အာရုံချော်သွားလို့ ငုတ်သွားတဲ့ ဝေဒနာတမျိုး၊ ပုဂ္ဂိုလ်အလိုနှင့် လိုက်နေရသည့် ဝေဒနာက တမျိုးလို့၊ အဲဒီလို နှစ်မျိုးရှိသေးတယ်။ အဲဒီနှစ်မျိုးလုံး ငုတ်သွားသွား ပျောက်သွားသွား၊ အကျိုးမများဘူး၊ အကျိုးမရှိဘူးလို့ မထင်ပါနှင့် ငုတ်သွား ပျောက်သွားတဲ့ အချိန်အခါမျိုးမှာလဲ ယောဂီပုဂ္ဂိုလ်မှာပေါ့တယ်၊ ကြည်လင်တယ်၊ တခါသီသကိုလဲ ဘျေးဇူး ပြုသေးသည့်အပြင် စိတ်အားထက်သန်မှု ဝီရိယ၊ သည်းခံမှု ခန္တီ၊ သတိမြဲခြင်း၊ အဲဒီအကျိုးတွေလဲ ရပါသေးတယ်။ ဒီတော့-

အသိလိုက်လို့ ချော်သွားရာက ငုတ်သွားတဲ့ ဝေဒနာဖြစ်ဖြစ် ပုဂ္ဂိုလ်အလိုနဲ့ 'သိ' လိုက်ရပြီး ပညတ်မလွတ်တဲ့ ဝေဒနာဖြစ်ဖြစ်

ဘယ်လိုပဲဖြစ်နေပစေ ဝေဒနာကိုသာ ကြပ်ကြပ်'သိ' လိုက်နေတဲ့ ယောဂီပုဂ္ဂိုလ်တိုင်းဟာ စောင့်ထိန်းမှု သီလကို ကျေးဇူးပြုတာ ချည်းပင် ဖြစ်ပါတယ်။

အာရုံမှန်တခုတည်းကိုသာသိပြီး၊ တခြားအာရုံကို မချော်တော့ပဲ ဝေဒနာနဲ့ လမ်းဆုံး သွားတာကိုတော့ ပျောက်သွားတယ်လို့ခေါ်ပါတယ်။ ဒီပျောက်သွားမှု ကျခတော့ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ မလိုက်ရတော့ဘဲ ဝီရိယ ခန္တီ သတိ သမာဓိတို့သူ့ အလိုလို ဝေဒနာနဲ့ အသိနဲ့ကပ်ပြီး လမ်းဆုံးသွားလို့ ပျောက်သွားမှုကိုသာယူပါ။

ဒါဖြင့် ဝေဒနာငုတ်သွားမှုနှင့် ဝေဒနာ ပျောက်သွားမှု ဘယ်လိုခြားနားသလဲဆိုရင်၊ ငုတ်သွားတဲ့ ဝေဒနာက နောက်တခါ တရားပြန်လုပ်ရင် အဲဒီဝေဒနာပဲ ပြန်ပေါ်လာပါတယ်။ ဥပမာ ပထမအကြိမ် တရားထိုင်စဉ်အခါက ဒူးခေါင်းကဖြစ်တဲ့ ဝေဒနာ ငုတ်သွားခဲ့သော်လည်း ဒုတိယအကြိမ် တရားပြန်ထိုင်တဲ့အခါ ထိုဒူးခေါင်းက ဝေဒနာပဲ ပြန်ပေါ်လာတတ်ပါတယ်။

ပျောက်သွားတဲ့ဝေဒနာက ဘယ်နေရာကပဲပျောက်ပျောက် ပျောက်သွားရိုးမှန်ရင် နောက်တကြိမ် တရားပြန်ထိုင်တဲ့ အခါ အဲဒီဝေဒနာဟာ ပြန်ပေါ်မလာတော့ပါဘူး။

ဘာပြုလို့ ထိုဝေဒနာ ပြန်မပေါ်သလဲဆိုရင် ဓာတ်ဆိုး၊ ဓာတ်ဝါး ကိလေသာတို့ကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာကို အသိနဲ့ကပ်ပြီး တပါတည်း လမ်းဆုံးသွားသည့်အထိ သိလိုက်ရတော့ အကျိုးဖြစ်တဲ့ ဝေဒနာလဲပျောက်၊ အကြောင်းခံဓာတ်ဆိုး၊ ဓာတ်ဝါး ကိလေသာပါ ပျောက်သွားလို့ပင်ဖြစ်ပါတယ်။

ဒါဖြင့် အကြောင်းကိလေသာပါ ပျောက်သွားသည့်အတွက် ဝေဒနာပြန်မပေါ်တော့ဘူးဆိုရင်၊ နောက်ထပ် ဝေဒနာ လုံးဝ ဘယ်နေရာကမှ မပေါ်တော့ ဘူးလားလို့ အဲဒီလိုမေးစရာရှိပါတယ်။ သို့သော် မေးခွန်းကို မေးတဲ့အခါ

"ဘယ်နေရာကမှ"ဆိုတဲ့စကားကိုတော့ ထည့်သွင်းမေးခွင့်မရှိပါ။ ဒီတော့ အဲဒီမေးခွန်းရဲ့ တိကျမှန်ကန်သောအဖြေမှာ ယခု ပျောက်သွားသော အကျိုးတရားဖြစ်တဲ့ ဤဝေဒနာကို ဖြစ်စေတတ်တဲ့ ခေါက်ဆိုး၊ ခေါက်ဝါးကိလေသာကြောင့်၊ ဥပမာ ဒူးခေါင်းက ဝေဒနာပျောက်သွားရုံး မှန်ရင် နောက်တကြိမ် တရားထိုင်တဲ့အခါ ထိုဒူးခေါင်းကတော့ ဘယ်နည်းနဲ့မှ ဝေဒနာ နောက်ထပ်မပေါ်တော့ပါဘူး။ ဒူးခေါင်းမှ အခြားတပါးကျန်သောနေရာဖြစ်တဲ့ ပေါ်စရာသည်တို့ကတော့ ကျန်ရှိနေကြသေးသည့် ခေါက်ဆိုး ခေါက်ဝါး ကိလေသာတို့ကြောင့်ဝေဒနာပေါ်လာနိုင်ပါသေးသည်၊ အကိုချုပ်ဆိုလိုရင်းမှာ ပထမ ပျောက်သွားသောဝေဒနာသည် အသိနှင့်တကွပျောက်ခဲ့သော် ဝေဒနာကိုဖြစ်စေတတ်တဲ့ ခေါက်ဆိုးခေါက်ဝါး ကိလေသာပါ ပျောက်ပါတယ်။ နောက် တခြားနေရာက ဖြစ်ပေါ်သည့် ဝေဒနာသည် ကျန်ရှိနေကြသေးသည့် ခေါက်ဆိုး၊ ခေါက်ဝါးကိလေသာတို့ကြောင့် ပေါ်သည်လို့မှတ်ပါ။ အကယ်၍ ပထမ အကြိမ်ဒူးခေါင်းက ပျောက်သွားသည်ဟု ပုဂ္ဂိုလ်အလိုနှင့်ထင်လိုက်ရသော ဝေဒနာသည် ဒုတိယအကြိမ် တရားအားထုတ်သောအခါမှာ ထိုဒူးခေါင်းကပင် ပြန်ပေါ်လာသည်ဟု ဆိုပါက အမှန်ပျောက်မဟုတ်ပဲ အသင်နှင့်ပျောက်သွားသော ဝေဒနာဖြစ်နေသောကြောင့်ဟု ဆိုရပါမည်။

အထင်နှင့်ပျောက်သွားသောဝေဒနာဆိုတာ ယောဂီပုဂ္ဂိုလ် အနေနှင့် ဖြစ်သဲဝေဒနာကို အသိမလိုက်ရတော့ဘဲ ဝီရိယ၊ ခန္တီ၊ သတိ၊ သမာဓိတို့ဟာ သူ့အလိုလို လျှာဟာ အသိ လိုက်လာမှု ကို အခြေခံပြီး၊ ဝေဒနာနှင့် အသိကပ်နေခိုက်မှာ အခြားအာရုံ တခုခုသို့ ချော်သွားစဉ် ငုတ်သွားပေမယ့် ယောဂီပုဂ္ဂိုလ် အ လိုက် ချော်သွားလို့ ငုတ်သွားဘာဟုမထင်ဘဲ၊ အမှန်တကယ် ပျောက်သွားတာပဲသို့၊ အဲဒီလို ထင်လိုက်ရတာပါတယ်။ အဲဒီ အပျောက်မျိုးကို အထင်နှင့်ပျောက်သွားသောဝေဒနာဟု ဆိုလို ပါတယ်။ ထိုဝေဒနာမျိုးဟာ နောက်ထပ်ထိုင်တဲ့အခါ၊ ထိုနေ ရာမျိုးကပင် ပြန်ပေါ်တတ်ပါတယ်။ အသိမှန်နှင့်ပျောက်သွား သော ဝေဒနာမျိုးကား တကြိမ်ပျောက်ပြီးသော နေရာက နောက်ထပ်ဆက်သက်ပြီး မပေါ်တော့ပါ။

ဒီတော့ နောက်ထပ်တနေရာကပြောင်းရွှေ့ပြီးပေါ်လာတဲ့ ဝေဒနာဟာ ကျန်ကိလေသာကြောင့် ပေါ်တာလို့ တထစ်ချ မှတ်ထားပါ။ အမှန်က ဝေဒနာ ပေါ်တာဟာ ကိလေသာ ကြောင့်ပေါ်တာ ဖြစ်ပါတယ်။ ရာဂကြောင့်လဲ ပေါ်တယ်၊ ဒေါသကြောင့်လဲ ပေါ်တယ်လို့မှတ်ပါ။ ဒီတော့ ဖြစ်စေတတ် တဲ့အကြောင်း ကိလေသာကွာသွားရင် အကျိုးဖြစ်တဲ့ ဝေဒနာ ကို တကယ်အမှန်သိနိုင်တဲ့ အသိဉာဏ်ပညာ တိုးတက်လာလို့ ဖြစ်ပါတယ်။

အဲဒီ အသိဉာဏ်ပညာကို ဘာပညာသို့ ခေါ်သလဲဆိုရင် သတိနိပက၊ သဘိရင့်ကျက်လာလို့ ဖြစ်ပေါ်လာတဲ့ "သဘိ နေပက္ကပညာ"လို့ခေါ်တယ်၊ အဲဒီ"သတိနေပက္ကပညာ"ကိုဘဲ

အဋ္ဌကထာဆရာက "ပါရိဟာရိယပညာ"လို့ တခါထပ်ဆင့်ပြီး ခေါ်ပြန်ပါသေးတယ်။ ဒီ "ပါရိဟာရိယပညာ"ကို ဗမာလို ပြန်တော့ "လုပ်ထုံးကျင်လည်မှု"လို့ အဲဒီလို နားလည် သဘောပေါက်လာအောင် ပြန်ဆိုရပါတယ်။ ဒီတော့ "လုပ်ထုံးကျင်လည်လာတဲ့ပုဂ္ဂိုလ်ဟာ"ဒီတရားလုပ်ထုံးနဲ့ ပတ်သက်လာရင် ကျင်လည်ပြီး၊ နားလည်ပြီးဖြစ်တဲ့အတွက် ဘယ်တော့မှ လမ်းမချော်နိုင်တော့ပါဘူး၊ မမှားနိုင်တော့ပါဘူး။

အဲဒီလို လုပ်ထုံးအရာမှာ ကျင်လည်လာတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဖြစ်တိုင်းဖြစ်တိုင်းသောဝေဒနာကို သိတိုင်းသိတိုင်း၊ ဝေဒနာဟာ တဖြည်းဖြည်းပါးလာသည်နှင့်အမျှ၊ သေးသေးလာသည်နှင့်အမျှ၊ကိုလေသာလဲ ပါးပါးလိုက်လာပြီး ခေါင်း၊ကိုယ်၊ ခြေ၊ လက်စသည်မဟုတ်မှန်း အတ္တဒိဋ္ဌိ ကွာသည်အထိ ပိုင်ပိုင်နိုင်နိုင် သဘောပေါက်လာပါလိမ့်မယ်။

ဒီနေရာမှာ ဒိဋ္ဌပစ္စက္ခဉာဏ်နဲ့ အနွယဉာဏ်ကို သတိထားဘို့ ငိုပါတယ်။ ဒိဋ္ဌပစ္စက္ခဉာဏ်ဆိုတာဟာ ဝေဒနာနဲ့ အသိနဲ့ ကပ်နေတာကစပြီး ပျောက်သွားသည့်အထိသဘာဝသက်သက်ကို သိနေတာကို ခေါ်ပါတယ်။ အနွယဉာဏ်ဆိုတာက အဲဒီလို ဒိဋ္ဌပစ္စက္ခဉာဏ်နဲ့ ပျောက်သွားသည်အထိ သိပြီးသည့်အခါကျတော့ ဘယ်မှာလဲခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ အစိုင်အခဲ၊ အကောင်အထည်၊ သဏ္ဌာန်ဒြပ်ဆိုတာ ဘာမှမရှိပါကလားလို့ အဲဒီလို သဘောပေါက်လာ၊ သိလာတာကို ခေါ်ပါတယ်။

အမှန်က၊ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ အကောင်အထည်၊ သဏ္ဌာန်ဒြပ် စသည်တို့ကို ပညတ်လို့ဆိုတာက သဘာဝသက်

သက်ကို အမှန်သိနိုင်တဲ့ အသိဉာဏ်ပညာ မပေါ်သေးလို့ ခေါ် ဆိုနေတာ၊ ပညတ်တဲ့အတိုင်း အသိများနေတာပါ။ အသိဉာဏ်ပညာ အမှန်ပေါ်သည်နှင့်တပြိုင်နက်၊ အဲဒီပညတ်ဖြစ်တဲ့ တရားတွေဟာ အလိုလိုကွာသွားပြီးသား ဖြစ်နေပါတယ်။ ဒီပညတ်တရားကို ပုဂ္ဂိုလ်သတ္တဝါအလိုနဲ့ ကွာစေတာက စိတ်ကူးစဉ်းစားပြီး ကွာစေတာမျိုးသာ ဖြစ်ပါတယ်။ ကွာအောင်စဉ်းစားနေတဲ့အခိုက်မှာ ပညတ်အပေါ် စိတ်မရောက်အားသေးလို့ ကွာတဲ့ အကွာမျိုးဖြစ်ပြီး၊ မစဉ်းစားတဲ့အခိုက်မှာ ပညတ်ပေါ် အလိုလိုစိတ်ရောက်ပြီး၊ ခေါင်း၊ ကိုယ်၊ လက်၊ ခြေ၊ ပုဂ္ဂိုလ်သတ္တဝါတို့ဟာ အလိုလိုပေါ်လာပြီး ဖြစ်ပါတယ်။ အမှန်က ပညတ်ပြန်ပေါ်လာလို့ သူကောင်-ငါကောင် ပြန်ထင်လာခြင်း ဖြစ်ပါတယ်။

ဒီတော့ကာ သဘာဝသက်သက်ဖြစ်တဲ့ ရုပ်သဘာဝ၊နာမ်သဘာဝ၊ ရုပ်နာမ်သဘာဝကို အမှန်သိတဲ့ ဉာဏ်ဖြစ်ရိုးမှန်ရင် အကျိုးတရားဖြစ်တဲ့ အတ္တဒိဋ္ဌိ သူကောင်-ငါကောင် အထင်ဟာ အလိုလိုကွာပြီးသား ဖြစ်ပါတယ်။ နာမ်ရုပ်အမှန် သိတဲ့အကျိုးက အတ္တဒိဋ္ဌိကွာမှုသာ ဖြစ်တယ်လို့ဆိုလိုတယ်၊ နာမ်ရုပ်ကိုတော့ အမှန်သိပါတယ်။ အတ္တဒိဋ္ဌိ ကွာမှုအကျိုး ပေါ်မလာသေးဘူးဆိုရင် နာမ်ရုပ်ကို အမှန်မသိသေးလို့သာ ဖြစ်ပါတယ်။ အဲဒီ ရုပ်သဘာဝ၊ နာမ်သဘာဝ၊ ရုပ်နာမ်သဘာဝကို အမှန်သိသည်နှင့်တပြိုင်နက် အတ္တဒိဋ္ဌိကွာလာတဲ့အခါကျတော့၊ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုဘာ ဇာရှိတဲ့အဘိုင်းပြောလို့သာပြောရပါတယ် ဗုဒ္ဓဘာသာအယူကို အမှန်တကယ်ယူပြီးသားဖြစ်တဲ့ ပုဂ္ဂိုလ်အဖို့

မှာ ပင်ကိုပကတိဘာရားတော့ကို အားမထုဘ်ခင်ကဘည်းကိုက အကြောင်းကင်းပြီး ဖြစ်တယ်လို့ ဘယ်ဟာတခုကိုမှ မယူခဲ့တော့ ဖြစ်ဖြစ်သမျှအကျိုးတရားတွေဟာ သူ့ဆိုင်ရာဆိုင်ရာအကြောင်းတရားတွေကြောင့်သာ ဖြစ်ထာဘဲလို့ သဘာဝရုပ်နာမ်ကိုသိသည်နှင့် တပြိုင်နက် ပစ္စယပရိဂ္ဂဟာ ဉာဏ်ဟာလဲ အလိုလို အကြောင်း သိမ်းဆည်းပြီး ဖြစ်လာ ပါတယ်။ ဒီနေရာ့မှာ စာအလိုနဲ့ပြောရရင် တကျိုးတရားတို့၏ အကြောင်းတရားကိုသိတဲ့ ဓမ္မဋ္ဌိတိဉာဏ်၊ အကြောင်းတရားကိုသိတဲ့ ပဋိစ္စသမုပ္ပါဒ်ဉာဏ်(အကျိုးတရားသက်သက်ကိုသိတာ ပဋိစ္စသမုပ္ပါဒ်ဉာဏ်ခေါ်တယ်။) ဒီဉာဏ်တွေဟာ ဖြစ်ဆဲရုပ်နာမ် သဘာဝ၏ အကြောင်းကို သိမ်းဆည်းသည့်ပစ္စယပရိဂ္ဂဟာဉာဏ်နဲ့ အလားတူဉာဏ်တွေပဲဖြစ်တယ်။ ယဘာဘူတဉာဏ်ကျတော့ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တယ်လို့သိတာကို ဆိုပါတယ်။ ဒီတော့ကာ ခန္ဓာကိုယ်ထဲက ဖြစ်ဖြစ်သမျှ ရုပ်သဘာဝ၊ နာမ်သဘာဝ၊ ရုပ်နာမ်သဘာဝတွေကို အတ္တဒိဋ္ဌိကွာသည်အထိ ဉာဏ်မှန်နှင့်သိရိုးမှန်ရင် လက်ရှိခန္ဓာကိုယ်ကြီးနှင့်တကွ တလောကလုံး ဖြစ်ဖြစ်သမျှတွေကိုလဲဘဲ သဘာဝတွေချည်းဘဲလို့ အတ္တဒိဋ္ဌိကွာသည်အထိ သိလာပြီးဖြစ်ပါတယ်။ အတိုချုပ်ကား....။

ဝေဒနာ သဘာဝအမှန်ချုပ်ဘူးရင်၊ ကျန်တာကိုလဲ သဘာဝချည်းဟု သိပါတယ်။ ဘာပြုလို့သိသလဲ.... ဝေဒနာချုပ်စဉ်က သဘာဝသက်သက်ပင် ချုပ်သွားလို့ဖြစ်ပါတယ်။

အဲဒီလို ရုပ်နာမ်သဘာဝကို အကြောင်းနှင့်တကွ သိခဲ့သော ထိုယောဂီပုဂ္ဂိုလ်ကို "စူဠသောတာပန်" လို့ ခေါ်ပါတယ်။

"စုဋ္ဌသောတာပန်" အဆင့်သို့ရောက်တဲ့ပုဂ္ဂိုလ်သည် သာသနာတော်နှင့် တွေ့ကြုံနေရတဲ့အတွက် လဒ္ဓဿာသဿာ ကိလေသာမိမိကို မနှိပ်စက်နိုင်တော့ဘဲ သက်သာချာ ရလာပြီ။ လဒ္ဓပတိဋ္ဌ၊ အပါယ်သံသရာမှာ မကျနိုင်၊ မမျောနိုင်တော့ပဲ ထောက်ရာတည်ရာရပြီ၊ နိယတဂတိက၊ ကောင်းသောဂတိ မြဲသည်လို့ မှတ်ပါ။ အဲဒီ "စုဋ္ဌသောတာပန်" အဆင့်သို့ရောက်အောင်ဆိုရင် "တိဟိတ်ဒွိဟိတ်" မရွေးရပါဘူး။ "ဒွိဟိတ်" ပုဂ္ဂိုလ်သည်း ရနိုင်ပါတယ်။ အားထုတ်မှု တခုပဲသိပါတယ်။ ဥဒ္ဒယဗ္ဗယဉာဏ်ခန်း ရောက်မှသာ ဒွိဟိတ်ပုဂ္ဂိုလ် မရတာပါ။

အဲဒီ "စုဋ္ဌသောတာပန်"အဆင့်သို့ရောက်အောင် အားထုတ်ထားတဲ့ယောဂီပုဂ္ဂိုလ်သည်....။

(၁) ယခုဘဝ တရားအားထုတ်ချင်လဲ မဂ် ဖိုလ်ကို ရနိုင်ပါတယ်။

(၂) အားထုတ်ရင်း မရခဲ့သော် သေခါနီးမှာ ရနိုင်ပါတယ်။

(၃) သေခါနီး မရခဲ့သော် နတ်ပြည်ကျ ရနိုင်ပါတယ်။

(၄) နတ်ပြည်မှာ မရခဲ့သော် နောက်ဘုရား သာသနာမှာ သုခပဋိပဒါ ခိပ္ပါဘိညာ ရဟန္တာ ဖြစ်နိုင်ပါတယ်။

(၅) နောက်ဘုရား သာသနာတော်မှာ ရဟန္တာ မဖြစ်ခဲ့သော် ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်ပါတယ်။

အဲဒီလို "ဒေသနာတော်"မှာ အစဉ်အတိုင်း ပြထားတာ ရှိပါတယ်။ ဘယ်တော့မှ ဒီအကျိုးတရားကနေပြီး နောက်ကို မဆုတ်တော့ပါဘူး။ ဒါကြောင့် ဒီအကျိုးတရားရအောင် ဘာကို

အခြေခံရမလဲဆိုရင် သတိတခုကိုသာ အခြေခံထားပြီး လုပ်ပါ၊ ဒီတော့ အခြေခံဖြစ်တဲ့သတိကိုသာ လိုချင်တဲ့စိတ်နဲ့လုပ်ပါ။သတိဟာ ကုသိုလ်လား၊ အကုသိုလ်လားလို့ မိမိကိုယ်ကို ပြန်မေးကြည့်ပါ၊ အဲဒီအခါမှာ....

အော် ရှိုက်ရင် ရှိုက်မှန်းသိအောင် သတိထားတာ၊ ရှူရင် ရှူမှန်းသိအောင်သတိထားတာဒါတွေဟာ အမှန်စင်စစ်ကုသိုလ်တရားဖြစ်ပါကလားလို့ အဲဒီလို အဖြေထွက်လာပါလိမ့်မယ်။ အဲဒီလို အဖြေထွက်လာတဲ့ "သတိကုသိုလ်"ကိုသာ အလိုရှိပြီးလုပ်လို့ "သတိနိပက"၊ ဒီသတိရင့်ကျက်လာပြီ၊ ထမြောက်လာပြီ၊ အပြင်ကိုစွတ်တွေ့ပါ သတိလိုက်ပြီဆိုတဲ့ အခါကျတော့၊ သတိရင့်ကျက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ (နေပက္ကပညာ)တို့က ရုပ်သဘာဝ၊ နာမ်သဘာဝ၊ ရုပ်နာမ်သဘာဝတို့ကို အမှန် သိပြီး ရှေ့တက်ရမည့် တမင် တဖိုလ်ဆိုတာ ပါရမီ အားလျော်စွာ ဖြစ်လာကြပါလိမ့်မယ်။

အမှန်က အခြေခံဖြစ်တဲ့ "သတိကုသိုလ်"မှ အထမြောက်သေးပဲနဲ့ သီလ၊ သမာဓိ၊ ပညာ စသည်တို့ ဖြစ်နေကြရင် အဲဒီဖြစ်ဖြစ်သမျှတွေဟာ လမ်းချော်မှာချည်းပဲ။ ဒီတော့ကာ သတိကုသိုလ်ကို အထမြောက်အောင်လုပ်လို့ ဒီသတိ ကုသိုလ်ဟာ သီလ၊ သမာဓိ၊ ပညာထဲက ဘာအထဲမှာ ပါဝင်သလဲ ဆိုရင် သီလထဲမှာ ပါဝင်တယ်၊ အဲဒီသတိကုသိုလ် အခြေခံ ရထားတဲ့ သီလမျိုး ပြည့်စုံလာတဲ့အခါကျတော့ ဝီရိယအမှန်လဲ သောက်ရာ တည်ခုရ၊ သမာဓိကိုလဲ သတိကသိန်းပြီး၊ ပညာရယ်လို့ ဖြစ်လာပြန်တော့လဲ သတိရှေ့ဆောင်နဲ့ဖြစ်လာတော့ ဒီသီလ၊

သမာဓိ၊ ပညာတို့ဟာ ဘယ်တော့မှ လမ်းမချော်တော့ပါဘူး၊ ရှေ့ဆက်လဲ လမ်းမချော်တော့ဘူး၊ အမှန်က သီလ၊ သမာဓိ၊ ပညာ စသည်တို့ဟာ ပုဂ္ဂိုလ်အလိုနဲ့ ဖြစ်စေရမှာ မဟုတ်ဘူး၊ သူ့အလိုလို ဖြစ်လာရမည့် တရားတွေပါ။ အခြေခံဖြစ်တဲ့ သဘာကုသိုလ်မှုလဲ မဖြစ်သေးခင်၊ အထမမြောက်သေးခင်သာ မိမိအလိုနဲ့ လုပ်နေရတာ၊ သူ့အလိုလို ဖြစ်လာတဲ့ အခါကျမှ ဒီသတိကုသိုလ်ဟာ အပြင်သတိပါ လိုက်လာပြီး အမှန်ဖြစ်လာတယ်၊ အမှန်ဖြစ်လာတယ်ဆိုတာ ပုဂ္ဂိုလ် သဘ္ဘဝါ လွတ်လာတယ်လို့ ဆိုလိုပါတယ်၊ သို့သော် အထမမြောက်သေးမီစပ်ကြား မိမိအလိုနဲ့ "သတိကုသိုလ်ကို" အခိက လိုချင်တဲ့စိတ်နဲ့လုပ်ပါ။

အဲဒီလို "သဘာကုသိုလ်"ကို အလိုရှိတဲ့ စိတ်နဲ့ အမြဲတန်း အတွင်းအပြင် အရာရာမှာ သတိမကင်းအောင်နေတဲ့ ပုဂ္ဂိုလ်မျိုးကို-

"သတိအဝိပ္ပဝါသော အပ္ပမာဒေါနာမ"လို့ ဟောတော်မူတဲ့အတိုင်း အပ္ပမာဒပုဂ္ဂိုလ်၊ အပ္ပမာဒ ဝိဟာရီ ပုဂ္ဂိုလ်လို့ ခေါ်ဆိုရပါတယ်။

ဟတ္ထိပဒေါပမသုတ်မှာ ဘယ်သတ္တဝါ ခြေရာဘဲဖြစ်ဖြစ်၊ ဆင်ခြေရာနဲ့ဘိုင်းရင် ဆင်ခြေရာထဲသို့သာ အကုန်ဝင်ရ သကဲ့သို့ ပိဋကသုံးပုံတွင် ဟောကြားတော်မူသမျှ တရားတော်တွေ ဟာလဲ ဒီအပ္ပမာဒ တရားထဲမှာ အကုန်လုံး ပါဝင်တယ်။ ဒါကြောင့် သတိကုသိုလ်လို့ဆိုတဲ့ အပ္ပမာဒတရားဟာ အားလုံးကုန် ရှိရှိသမျှ တရားတော်တို့၏ အခြေခံဆိုတာ မှတ်ပါ။

အဲဒီအခြေခံဖြစ်တဲ့ "သတိကုသိုလ်"ကို အထမြောက်လာအောင် အစဦးစွာ ပထမ လိုချင်တဲ့စိတ်နဲ့ လုပ်ရမှာကိုး ယခုတော့ တရားက ယခုမှစပြီး အားထုတ်တယ်။ သတိကုသိုလ်ဆိုတာ အသမြောက်လာဖို့ မဆိုထားနဲ့ ဘယ်ဆီနေမှန်းတောင်မသိသေးဘူး။ ရှေ့လှမ်းပြီး ပညတ်ကွာချင်တာကအရင်၊ ရုပ်နာမ်သဘာဝသိချင်တာကတမျိုး၊ သီလ၊ သမာဓိ၊ ပညာ ဖြစ်ချင်တာကတသွယ်၊ အဲဒီလို အမယ်မယ်တွေအလိုချင်နဲ့ နှလုံးသွင်းတွေက မှားနေကြတယ်။ အရေးကြီးတာ နှလုံးသွင်းမမှားဖို့၊ အလိုချင်မမှားဖို့ အရေးကြီးတယ်။ အဲဒီအရေးကြီးတဲ့ နှလုံးသွင်းတို့၊ အလိုချင်တို့ မှားနေကြရင်ရသင့်ရထိုက်တဲ့ဟာပေမယ့် မရဘူး။

နန်းစဉ် ပုဏ္ဏမြားငမောက်ဆိုတာ အားလုံး ကြားဘူးကြပါလိမ့်မယ်။ ဗဂျီမြို့နယ် ဆားလင်းကြီးရွာကို အမှီပြုတဲ့ တောင်ကြား၊ တောကြား၏ အရှေ့ဖက် မနီးမဝေးမှာ ငမောက်ဆိုတဲ့ လှည်းသမားက နေ့တိုင်း ကျွဲကျောင်းသတဲ့။ အဲ.... တနေ့ကျတော့ ကျောက်ကြီးတလုံးက နေဝင်မိုးချုပ်ကျရင် အလင်းရောင်တွေထွက်နေတာမြင်တော့၊ အင်း ငါဒီကျောက်လုံးကြီးကို အိမ်ယူသွားရရင် ဒို့အိမ် မီးမထွန်းရတော့ဘူးဆိုပြီး ယူသွားတာကိုး။ ဒီအကြောင်းကို ရှင်ဘုရင်ရွှေနားတော်ကြားသို့ လာဆက်ရမယ်ဆိုတော့ သွားပြီးဆက်ရတာပေါ့။

ဒီတော့ ရှင်ဘုရင်က မောင်မင်း ဘာအလိုရှိတုန်း၊ အသိုရှိရာတောင်းလို့ အဲဒီလိုငမောက်ကိုမေးတော့ ကျွန်တော်မျိုးအလိုရှိရာ တောင်းရမယ်ဆိုရင်ဖြင့် ကျွဲစားကျက် ကျယ်ကျယ် လို

ချင်ပါတယ်ဘုရားလို့ တောင်းသတဲ့။ အဲဒါနဲ့ရှင်ဘုရင် က သူ့ ကို ကျွဲစားကျက်ကျယ်ကျယ်ပေးလိုက်တာ ယခုထက်ထိ တောင်ကြားတော်ရဲ့ အရှေ့ဖက်မနီးမဝေးမှာ "ငမောက် ကျွဲစားကျက်" ဆိုတာရှိသေးတယ်။ "နန်းစဉ်ပတ္တမြားငမောက်" ဆိုတာ အဲဒီနေရာကထွက်တာ။ "ငမောက်ဆိုတာက လူနာမည်၊ အဲဒါ အလိုချင်များနေလို့ ကျွဲစားကျက်ရတာ၊ ရသင့်ရထိုက်တာကို လိုချင်ရမှာ၊ သတ္တဝါက ကိုယ်စိတ်ကျရာလိုချင်နေတာ။ဒီတော့ အလိုချင်များနေတာပေါ့။

ပြီးတော့ အညာကထန်းသမားတယောက်က ငါရှင်ဘုရင် ဖြစ်ချင်လိုက်တာကွာလို့ ပြောတော့ တဦးသောထန်းသမားက မင်းရှင်ဘုရင်ဖြစ်ရင် ဘာလုပ်မှာလဲကွလို့ မေးတဲ့အခါ ဟ ငါ ရှင်ဘုရင်ဖြစ်ရင် ထန်းကောင်းကောင်း ရွေးတက်မှာပေါ့ကွလို့ ပြန်ပြောသတဲ့။ ဒီတော့ စိတ်ဆိုတာ မခက်ပေဘူးလား။ တခါ "မနုဿယသူဌေး" ဝတ္ထုမှာလဲ ပစ္စေကဗုဒ္ဓါကို ဆွမ်းလှူပြီးတဲ့ အခါကျတော့ ဆုအသီးသီး ဘယ်လို တောင်းကြသလဲဆိုရင် သူဌေးကြီးက ဆံပင်ဖြန့်ချလို့ ကောင်းကင်မော့ကြည့်လိုက်ရင် "စ" ထဲမှာ အလိုလို စပါးမိုးရွာပြီးတော့ စပါးတွေ ပြည့်ပါစေသား။ သူဌေးကတော်ကလဲ ထမင်းအိုးတလုံး ချက်ထားရင် ဘယ်လောက်ကျွေးကျွေး ခူးလို့ ယောက်မရာမထင်ပါစေသား။ သားကလဲ ငွေတထောင်အိတ်ကိုင်ပြီးတော့ လာသမျှလူကို ပေးလျှင် ဒီတထောင်အိတ် မလျော့ပါစေသား။ ချွေးမကလည်း စပါးတတင်း ရှေ့မှာလာချပြီး လာသမျှလူကိုပေးလျှင် ဗီစပါး တတင်း မလျော့ပါစေသားလို့ ဆုတောင်းကြတော့၊ အဲဒါ တွေ အသီးသီးပြည့်ကြတယ်။

ကျွန်မောင်ပုဏ္ဏကျတော့ ဘာ ဆုတောင်းသလဲဆိုရင် ထွန်တကြောင်းထွန်လိုက်ရင် ထွန်နှစ်ကြောင်းရာထင်ပါစေသားလို့ အဲဒီလိုဆုတောင်းလိုက်တယ်။ ဒီဝဋ္ဋမှာ ရနိုင်တဲ့အကျိုးတွေကို ဆုတောင်းအားလျော်စွာ စိတ်ထားအားလျော်စွာ ရကြပေမယ့် စိတ်သားအောက်ကျနေတော့ အကျိုးလဲ အောက်ကျနေတာပေါ့။ ဒီတော့ ဘယ်တော့မှစိတ်ထားကိုတော့ အောက်တန်းချမသွားနဲ့၊ နှလုံးသွင်းမထားစေနဲ့။ ဒါဖြင့် ဘာကို လိုချင်ရမလဲ၊ သာသနာတော်နဲ့ ကြုံကြိုက်တဲ့အခါ သာသနာသီလ၊ သာသနာသမာဓိ၊ သာသနာပညာရတဲ့ရာ အခြေခံဖြစ်တဲ့ "သတိပဋ္ဌာန်"ကိုရအောင် လိုချင်တဲ့စိတ်နဲ့ အဓိကထားပြီး လုပ်ရမယ်။

မိမိကိုယ်ကို ပြန်ပြီးမေးကြည့်ပါ။ ငါဟာ ယခုသာသနာတော်နဲ့ တွေ့နေပြီ။ သာသနာသီလ ငါ့မှာဖြစ်ပလား၊ သာသနာသမာဓိ ငါ့မှာဖြစ်ပလား၊ သာသနာပညာ ငါ့မှာ ဖြစ်ပလား။ လမ်းစစ်လမ်းမှန်သွားလိုတဲ့ ယောဂီပုဂ္ဂိုလ်တိုင်း အဲဒီလို ပြန်၍ မိမိကိုယ်ကို မေးကြည့်ပါ။

အဲဒီလမ်းမှန်အတိုင်း သွားနိုင်အောင် ဘာကိုအရင်းတည်ပြီး လုပ်ရမလဲဆိုရင် ပင်ရင်းဖြစ်တဲ့ဝေဒနာကို အရင်းတည်ပြီး လုပ်ရမယ်။ ဘာပြုလို့ အရင်းတည်ပြီး လုပ်ရသလဲ၊ အဲဒီသဘာသက်သက်ဖြစ်တဲ့ ဝေဒနာကို အာရုံပြုရတာကိုက သတိပညာကို ဖြစ်စေတတ်လို့ အရင်းတည်ပြီးလုပ်ရတယ်။ အဲဒီဝေဒနာကို အာရုံပြုလို့ရတဲ့ သတိ၊ ပညာကမှ သာသနာသီလ၊ သာသနာသမာဓိ၊ သာသနာပညာဆိုတဲ့ ဝေဒနာကို အာရုံပြု

နိုင်ဘို့ရာ ဘာကို အခြေခံရမလဲဆိုရင် အာနာပါနကို အခြေခံရမယ်။ ဘာပြုလို့ အာနာပါနကို အခြေခံရသလဲ၊ ပကတိ ရှိုင်းနေတဲ့စိတ်နဲ့ ဝေဒနာ သဘာဝသက်သက်ထိအောင် ဘယ်နည်းနဲ့မှ အာရုံမပြုနိုင်ပါဘူး။

အဲဒီအာနာပါနကို စိတ်အား ကောင်းလာအောင်၊ သတိအားကောင်းလာအောင်၊ စိတ်အား သတိအား ကောင်းလာသည်အထိ အာနာပါနကိုအာရုံပြုရပါသေးတယ်။ ဒါကြောင့် "အာနာပါန"ကို အခြေခံရတာ။ ဒါဖြင့် အဲဒီသတိဟာ ဘာရှိမှရမလဲ ဝီရိယ၊ ဆန္ဒ ရှိမှရမယ်။ ဝီရိယ၊ ဆန္ဒ ရှိမှ ရနိုင်တာဖြစ်ခြင်းကြောင့် ဝီရိယကို ဖြစ်စေတတ်တဲ့ စကြံကို များများလျှောက်ပေးပါ၊ စိတ်အားတက်လာသည်အထိ လျှောက်ပေးပါ။ ဣရိယာပုတ် လေးပါးထဲက စင်္ကြံလျှောက်တဲ့ ဣရိယာပုတ်သည် ဝီရိယကိုများစွာပင် ဖြစ်စေပါတယ်။ စင်္ကြံဘယ်လိုလျှောက်ရမလဲ၊ ကြမ်းနဲ့ ခြေဖဝါး တိုက်ဆိုင်တဲ့ အခါတိုင်းမှာဖြစ်ပေါ်လာတဲ့ ထိ-ဆဲခဏ-ထိဆဲခဏ တိုင်းကို သိ၊ သိလို့ သတိမလစ်အောင် သိပေးပါ။ အမှန်က အောက်ကြမ်းကလဲပညတ်၊ အပေါ်က ခြေဖဝါးကလဲပညတ်၊ ဒီပညတ်ဖြစ်တဲ့ ကြမ်း၊ ခြေဖဝါးတို့ကို အာရုံမပြုဘဲ တိုက်ဆိုင်ဆဲခဏမှာ ဖြစ်ပေါ်လာတဲ့ ထိမှုသဘာဝ ပရမတ်ကိုသာ သိပေးဘို့ လိုပါတယ်။

သို့သော် ပထမစလုပ်ခါစ ယောဂီပုဂ္ဂိုလ်ဟာ သတိအားမကောင်းသေးမီ ကြမ်းနှင့်ခြေဖဝါးတို့ကို ထိမှုနှင့်ရောပြီး အာရုံပြုမိကောင်း ပြုမိနေပါလိမ့်ဦးမည်။ ဘယ်လိုဘဲဖြစ်ဖြစ်၊ (ရောချင်ရောပါစေ) ထိမှုကိုသာအဓိကထားပြီး 'သိ'ပေးလို့ သတိ

အားကောင်းလာတဲ့ အခါကျတော့ ပညတ်ဟာ သူ့အလိုလို ကွာသွားပြီး ဖြစ်ပါမယ်။

လျှောက်တဲ့အခါ သိမလွတ်စေဘဲ စိတ်အားကောင်းလာအောင် နာရီဝက်၊ တနာရီ စသည်ဖြင့် မြန်မြန်ရှောက်ပေးပါ။ အဲဒီစင်းကြံကို အာနာပါန မလုပ်မီဖြစ်စေ၊ ဝေဒနာကို သိပြီးသောအခါမှာဖြစ်စေ၊ တရားမထိုင်သော အခါမှာ ဖြစ်စေ၊ လျှောက်ဖို့ များစွာသိုပါဘယ်။ အဲဒီစင်းကြံ လျှောက်ပြီးတဲ့ ခါမှာ အခြား ဘာကိုမှမလုပ်ဘဲထိုင်တဲ့ ဣရိယာပုတ်ကို မိမိတို့ (တရားအားထုတ်သူတိုင်း)ထိုင်တတ်သော ကြာရှည်စွာ ထိုင်နိုင်မည့် ဣရိယာပုတ်မျိုးဖြင့် ဘယ်ဖက်လက်ဖဝါးပေါ် ညာဖက်လက်ဖဝါးတင်ပြီးထိုင်ပါ။ ဒီအခါမှာ နောက်ကပြောခဲ့ပြီးသည့် အတိုင်း အာနာပါနနှင့် ဝေဒနာကိုလုပ်ပါ။ ဝေဒနာကို လုပ်တဲ့အခါ အထူးသတိထားဘို့ရာက လျှောလည်လာအောင် သိ အသံကိုယုတ်ပြီး လိုက်ပေးပါ၊ ဝေဒနာပေါ်သို့ စိတ်ရောက်ချင်လဲရောက် မရောက်ချင်လဲ နေပါစေဦး။ ပထမ သိ-သိ ကို လျှောလည်လာသည့် အဆင့်သို့ရောက်အောင်၊ စိတ်အားတက်လာသည့် အဆင့်သို့ရောက်အောင် အားစိုက်ပြီး လုံးပမ်းပေးပါ။ 'သိ-သိ'လိုက်သည့်လျှောသည် ပုဂ္ဂလဗျာပါရလွတ်ကင်းပြီး သူ့အလိုလိုလည်လိုက်လာသည့် အခါကျတော့ 'သိ သိ သိ သိ' နှင့် တကွ အားကောင်းလာသည့်စိတ်တို့ဟာ ဝေဒနာပေါ်သို့ တင်းပြည့်ကျပ်ပြည့် ရောက်နေပါလိမ့်မယ်၊ ဒါဖြင့်....။

၁။ ပဌမစင်းကြံလျှောက် (သတိအခြေခံတဲ့ ဣရိယာပုတ်ဘို့)

၂။ ဒုတိယ အာနာပါနအားထုတ် (သတိဦးစီးတဲ့ သမာဓိရဘို့)

၃။ တတိယဝေဒနာလုပ် (သတိရှေ့ဆောင်တဲ့ပညာရဘို့)

ဒို့လုပ်ငန်းစဉ်ဖြစ်တဲ့တရားမှာ များများစားစား မရှိပါဘူး ဒီသုံးခုဘဲရှိပါတယ်။ အဲဒီသုံးခုလုပ်လို့ အထမြောက်လာတဲ့ အခါကျတော့ သာသနာတော်နှင့်ဆိုင်တဲ့ သီလ၊သမာဓိ၊ပညာ တို့ဟာ အလိုလို ရင်ထဲနှလုံးထဲ ရောက်ရှိလာကြပြီး၊ သာသနာ နဲ့ကြုံတွေ့ရတဲ့အတွက် လူဖြစ်ကျိုးနပ်ပြီ၊ အပါယ်တံခါးပိတ်ပြီ လို့မှတ်ပါ။ ဘာဖြစ်လို့ အခြေခံဖြစ်တဲ့ သတိ၊ ပညာ ထ မြောက် အောင်မြင်လာလို့ပင် ဖြစ်ပါတယ်။ ဘုရားရှင် ကိုယ် တော်မြတ်ကြီးက ဓမ္မပဒပါဠိတော်မှာ-

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။

သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိ ဖလံ ဝရံ။

သောတာပတ္တိဖလံ၊ သောတာပန်ဖြစ်ရခြင်း၏အကျိုးသည်။ ဝရံ၊ မြတ်၏။

ဘယ်လောက်မြတ်သလဲဆိုရင် သဗ္ဗလောကာဓိပစ္စေန၊ ပုထု ဇဉ်ဖြစ်တဲ့ တလောကလုံးကို အစိုးရနေတဲ့ ဗြဟ္မာမင်းကြီးထက် မြတ်တယ်။ ဘာပြုလို့လဲဆိုရင် ဒီက အိုးတလုံး ဖျာတချပ်သာ ရှိတဲ့ သောတာပန်ပုဂ္ဂိုလ်က အပါယ်တံခါးပိတ်သွားလို့ ဖြစ် တယ်။ သက္ကာယဒိဋ္ဌိတန်းလန်းကြီး ရှိနေသေးတဲ့ ပုထုဇဉ်ဗြဟ္မာ ကြီးက တလောကလုံးကို အစိုးရနေပေမယ်လို့ သံသရာနဲ့စာ ရင် တချိန်မှာ "ဗြဟ္မာပြည်မှာ တဝင်းဝင်း ဝက်စားကျင်းမှာ တရှုတ်ရှုတ်" ဆိုတဲ့အတိုင်း အပါယ်သံသရာကို ပြန်ရအုံးမှာ။ တခါ သဂ္ဂဿဂမနေနဝါ၊ ပုထုဇဉ်အဖြစ်နဲ့ နတ်ပြည်ရောက်ရ တာထက်လဲ မြတ်သည်။ ပြီးတော့ ပထဗျာကေရဇ္ဇေန၊ ပုထု ဇဉ်အဖြစ်နဲ့ ကေရာဇ်မင်း ဖြစ်ရတာထက်လဲ မြတ်သည်လို့။

အဲဒီလို သောတာပန် ဖြစ်ရခြင်း၏အကျိုးကို ဟောတော်မူထား တာရှိပါတယ်။ ဒီတော့ ဆိုလိုရင်းက အိုးတလုံး ဖျာတချပ်သာ ရှိတဲ့ သောတာပန်လူဆင်းရဲပုဂ္ဂိုလ်က မိမိတို့ဆိုင်ရာ ယခုတ ဘဝကလေးမှာ အထက်တန်းကျကျ၊ လူ့စည်းစိမ်၊ ဗြဟ္မာစည်း စိမ်၊ နတ်စည်းစိမ် တွေကို ခံစားစံစားနေကြတဲ့ ပုထုဇဉ် ပုဂ္ဂိုလ်တွေထက် မြတ်တယ်လို့ဆိုပါတယ်။ ဘာပြုလို့၊အပါယ် မကျလို့။

ဒီတော့ သာသနာကြီးနဲ့ ကြုံကြိုက်ပါလျက် အပါယ်သံသ ရာမှာပြန်ကျရအုံးမယ်ဆိုရင် သာသနာတော်နဲ့ တွေ့ရကျိုး၊ လူဖြစ်ရကျိုး မနပ်တော့ပါဘူးလို့ မှတ်ပါ။ ဒါကြောင့် မဟာ သောတာပန်အဖြစ်သို့မရောက်သေးစေကာမူ "တိဟိတ်၊ဒွိဟိတ်" ရယ်လို့ ရွေးချယ်မနေရဘဲ၊အားထုတ်သူမှန်သမျှ ဘယ်လိုပုဂ္ဂိုလ် မျိုးမဆိုရနိုင်ပြီး၊ ပြောခဲ့ပြီးတဲ့ အကျိုးတရားငါးပါးမှ တဖန် အောက်သို့ ပြန်၍မဆုတ်ကောင်းတော့တဲ့၊ စူဠသောတာပန် အ ဖြစ်ကိုတော့ သာသနာတော်နဲ့ တွေ့ကြုံကြရဆဲ-လူဖြစ်လာဆဲ အချိန်အခါ တွေ့ကြုံရကျိုး ဖြစ်လာရကျိုး နပ်ကြရလေအောင် မသေမီကာလအတောအတွင်း "သတိကုသိုလ်"ကို ထမြောက် အောင်မြင်သည့်အထိရဘို့ရာ နေ့ရောညပါ အထူးကြိုးစားအား ထုတ်နိုင်ကြပါစေ ကုန်သတည်း။

သာဓု သာဓု သာဓုပါ ဘုရား။

ကျေးဇူးရှင် ဝေဠုဝတီဆရာတော်ဘုရား သီတင်းနေ့များ တွင်ဟောကြားဆုံးမတော်မူအပ်သော ယောဂီတို့သိမှတ်ဘွယ်ရာ

## ပညာဘူမိ တရားခြောက်ပါး လင်္ကာ

၁။ ငါးပါးခန္ဓာ၊ အာယတနဆဲ့နှစ်၊ ဆဲ့ရှစ်ဓာတု၊ နှစ်ဆဲ့နှစ်ခုဣန္ဒြေ၊ လေးထွေသစ္စာ၊ ဆဲ့နှစ်ဖြာသမုပ္ပါဒ်၊ တရားမြတ်၊ ကျက်မှတ်သင်ယူပါ။

### ခန္ဓာငါးပါးအရကား

ရုပ်ဝေဒနာ၊ သညာသင်္ခါရ၊ ဝိညာဏမှတ်ကြငါးခန္ဓာ။

၁။ ပြောင်းလဲဘဲတ်ရွာ၊ သဘာဝါ၊ ရုပ်သာဟူ၍မှတ်။

၂။ ဆင်းရဲချမ်းသာ၊ လစ်လျူမှာ၊ ဝေဒနာဟူ၍မှတ်။

၃။ မှတ်သိလိမ္မာ၊မမေ့ရာ၊ သညာဟူ၍မှတ်။

၄။ စေ့ဆော်ကြောင့်ကြ၊ စိုက်သမျှ၊ သင်္ခါရဟုမှတ်။

၅။ မြင်ကြားကစ၊ သိသမျှ၊ ဝိညာဏဟုမှတ်။

၆။ ဆိုပြီးငါးဖြာ၊ သဘ္ဘဝါ၊ ခန္ဓာဟူ၍မှတ်။

## အာယတန ဆဲ့နှစ်အရကား

၁။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘော။ (အပြင်အာယတန ၆ ပါး)

၂။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ (အတွင်းအာယတန ၆ ပါး)

## မှတ်သားရန်လင်္ကာ

အာရုံဒွါရ၊ ခြောက်စနှစ်ဖြာ၊ ဆဲ့နှစ်မှာ၊ အာယတန ဟုမှတ်။

## ဆဲ့ရှစ်ဓာတုအရကား

၁။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘော၊ (အာရုံဓာတ် ၆ ပါး)

၂။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ နှလုံး၊ (ဒွါရဓာတ် ၆ ပါး)

၃။ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ၊ (ဝိညာဏဓာတ် ၆ ပါး ပေါင်း ၁၈ ပါး။)

## မှတ်သားရန်လင်္ကာ

အာရုံဒွါရ၊ ဝိညာဏဟု၊ ခြောက်ခုသုံးဖြာ၊ ဆဲ့ရှစ်မှာ၊ ဓာတ် သာဟူ၍မှတ်။

## နှစ်ဆဲ့နှစ်ခု ဣန္ဒြေအရကား

၁။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ (ဒွါရဣန္ဒြေခြောက်ပါး။)

၂။ အထီး၊ အမ၊ (ဘာဝဣန္ဒြေနှစ်ပါး။)

၃။ အသက်၊ (ဇီဝိတဣန္ဒြေ တပါး။)

၄။ သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ (ဝေဒနာဣန္ဒြေ ၅ ပါး။)

၅။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊(ဗောဓိပက္ခိယ ဣန္ဒြေ ၅ ပါး။)

၆။ မသိအပ်ဘူးသော နိဗ္ဗာန်ကို ယခု ငါသိအံ့ဟု အစိုးတရပြုသော သောတာပတ္တိမဂ်၊(အနညာတ ညဿာမိဣန္ဒြေတပါး)

၇။ သောတာပတ္တိမဂ်ဖြင့် သိပြီးသောနိဗ္ဗာန်ကို ငါသိအံ့ဟု အစိုးတရပြုသော သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်၊ အရဟတ္တမဂ်ဟူသော (အညိန္ဒြေတပါး။)

၈။ နိဗ္ဗာန်ကိုသိပြီးပြီဟု အစိုးတရပြုသော အရဟတ္တဖိုလ်ဟူသော (အညာတာဝိန္ဒြေတပါး) အားဖြင့် လောကုတ္တရာဣန္ဒြေ သုံးပါး ပေါင်း နှစ်ဆဲ့နှစ်ပါးတည်း။

## မှတ်သားရန်လင်္ကာ

ဒွါရဘာဝ၊ ဇီဝိတနှင့်၊ ဝေဒနာဗောဓိ၊ လောကုတ်ထည့်လေ၊ ဗာဝီသေ၊ (၂၂) ဣန္ဒြေဟူ၍မှတ်။

## လေးထွေသစ္စာအရကား

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတည်း။

၁။ ဒုက္ခသစ္စာ၊ ပရိညေယျကိစ္စ၊ ပိုင်းပိုင်းခြားခြားသိခြင်း။

၂။ သမုဒယသစ္စာ၊ ပဟာတဗ္ဗကိစ္စ၊ ပယ်အပ်ပယ်ထိုက်သည့် တဏှာ ၃ ပါးကို ပယ်ခြင်း။

၃။ နိရောဓသစ္စာ၊ သစ္ဆိကာတဗ္ဗကိစ္စ၊ မျက်မှောက်ပြုခြင်း။
၄။ မဂ္ဂသစ္စာ၊ ဘာဝေတဗ္ဗကိစ္စ၊ ပွားများခြင်း။

## မှတ်သားရန်လင်္ကာ

ဒု သ နိ မဂ်၊ နက်နဲလှစွာ၊ ဤလေးဖြာ၊ သစ္စာဟူ၍မှတ်။

## ဆဲ့နှစ်ဖြာသမုပ္ပါဒ်အရကား

အဝိဇ္ဇာ၊ သင်္ခါရ နှစ်ပါး
ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာ ငါးပါး
တဏှာ ဥပါဒါန် ဘဝ သုံးပါး
ဇာတိ၊ ဇရာမရဏ နှစ်ပါး ပေါင်း ဆဲ့နှစ်ပါးတည်း။

## မှတ်သားရန်လင်္ကာ

နှင့်ငါးသုံးနှစ်၊ ပေါင်းသစ်ရောစပ်၊ ဆဲ့နှစ်ရပ်၊ သမုပ္ပါဒ်ဟူ၍မှတ်။

ဤကား ပညာဘူမိတရား ခြောက်ပါးတည်း။ ယင်းတရားများသည် အကျဉ်းအားဖြင့် ရုပ်နာမ်သာဖြစ်၍-

၁။ ပျိုအိုရင့်ရှ၊ ပြောင်းလဲမှု၊ ရုပ်ဟုမှတ်လေပါ။
၂။ ခြောက်ပါးအာရုံ တွေ့ကြုံသောခါ ဖြစ်ပေါ်လာမှု၊ သိခြောက်ခု၊ နာမ်ဟုမှတ်လေပါ။

ဆိုသည့်အတိုင်း ရုပ်နာမ် ၂ ပါးသာဟု မှတ်ပါလေ။

## တရားလမ်းစဉ် အတိုချုပ်

၁။ ကိုယ်ကောင်ကာယ၊ အဇ္ဈတ္တ၌၊ ဖြစ်ဖြစ်သမျှ၊ သဘာဝကို
နေ့ညမလပ်၊ ထပ်ထပ်ဖန်ခါ၊ သိနိုင်ပါက၊ မကြာခဏ၊
သီလသန့်ရှင်း၊ အပြစ်ကင်း၊ လက်ငင်းချမ်းသာမည်။
၂၊ လက်ငင်းချမ်းသာ၊ ရသောခါ၊ မက္ခသတိမြဲတော့သည်။
၃။ သတိအမြဲ၊ကိုယ်မှာစွဲက၊ ရခဲစွာလှ၊ နှစ်ဝရုပ်နာမ်၊ အမှန်
ရတော့မည်။
၄။ ရုပ်နာမ်မြင်သိ၊ ဒိဋ္ဌိကင်းစင်၊ ကျင့်လမ်းစဉ်၊ ဉာဏ်မြင်
ရောက်တော့သည်။
၅။ ရုပ်နာမ်မြင်သိ၊ ဉာဏ်မရှိဘဲ၊ ဒိဋ္ဌိတန်းလန်း၊ ဆင်ကန်း
တောတိုး၊ သဘောမျိုး၊ဟုတ်နိုးထင်ပေတတ်သည်။
၆။ ထိုကြောင့်ပင်လျှင်၊ လမ်းစဉ်မစောင်း၊ လုပ်ထုံးကောင်း
ကို၊ ရကြောင်းရရန်၊ ကျင့်လမ်းမှန်၊ ကေန်ရှာသင့်သည်။
၇။ သီလစိတ္တ၊ နှစ်ဝဝိသုဒ္ဓိ၊ ကိုယ်ဝယ်ရှိအောင်၊ သတိဆောင်
လျက်၊ မပျက်နေ့ည၊ အားထုတ်က၊ မုချလွန်ချမ်းသာ။

မဟာဘုတ် ၄ ပါးနှင့် ဥပါဒါရုပ် ၂၄ ပါး ပေါင်း
သော်ရုပ် ၂၈ ပါးရှ၏။

## မဟာဘုတ် ၄ ပါးကား

၁။ ကြမ်းနုံ့ နှစ်ဖြာ၊ တွေ့သောခါ၊ မှတ်ပါပထဝီခတ်။
၂။ ယိုစီးဖွဲ့ခဲ၊ ဖြစ်ပေါ်ရေး၊ ကြံတွေ့အာပေါခတ်။
၃။ ပူအေးနှစ်ပါး၊ တွေ့လာငြား၊ မှတ်သားတေဇောခတ်။
၄။ ထောက်ကန် တွန်းကန်၊ တွေ့သာပြန်၊ မှတ်ရန်ဝါယော
ခတ်။

သဂ္ဂါရောဟဏ သောပါနံ၊ အညံ သီလသမံ ကုတော။
ဒွါရံ ဝါ ပန နိဗ္ဗာန၊ နဂရဿ ပဝေသနေ။

သီလသမံ၊ သီလနှင့်တူသော။ အညံ၊ တပါးသော။ သဂ္ဂါရောဟဏ သောပါနံ၊ နတ်ပြည်တက်ရာ လှေကားသည်။ ကုတော၊ အဘယ်မှာရှိအံ့နည်း။

နိဗ္ဗာနနဂရဿ၊ နိဗ္ဗာန်မြို့ကြီးအတွင်းသို့။ ပဝေသနေ၊ ဝင်ရာ၌။ သီလသမံ၊ သီလနှင့်တူသော။ ဒွါရံပန၊ တံခါးမည်သည်။ ကုတော၊ အဘယ်မှာရှိနိုင်အံ့နည်း၊

၁။ ရုပ်ဝေဒနာ၊ သညာသင်္ခါရ၊ ဝိညာဏ၊ မှတ်ကြငါးခန္ဓာ။

ဥပါဒါရုပ် ၂၄ ပါးတို့ကားမျက်စေ့ရုပ်၊နားရုပ်၊နှာခေါင်းရုပ်၊ လျှာရုပ်၊ ကိုယ်ရုပ် ငါးပါး။ အဆင်းရုပ်၊ အသံရုပ်၊ အနံ့ရုပ်၊ အရသာရုပ် ၄ ပါး။ အထီးရုပ်၊ အမရုပ် ၂ ပါး၊ နှလုံးရုပ် ၁ ပါး။ အသက်ရုပ် ၁ ပါး။ ဩဇာရုပ် ၁ ပါး၊ အာကာသပရိစ္ဆေဒရုပ် ၁ ပါး၊ ကိုယ်အမူအရာ နှုတ်အမူအရာ ၂ ပါး၊ ပေါ့ပါးရုပ် နူးညံ့ရုပ်၊ ခန့်ကြမ်းရုပ်အားဖြင့် ၃ ပါး၊ ဖြစ်ခရုပ်၊ ဖြစ်စဉ်ရုပ်၊ အိုရုပ်၊ သေရုပ်၊ ၄ ပါးတို့ကိုပေါင်းသော် ဥပါဒါရုပ် ၂၄ ပါးဖြစ်၏။

၂။ အာရုံဒွါရ၊ အာယတန၊ မှတ်ကြဆဲ့နှစ်ဖြာ။
၃။ အာရုံဒွါရ၊ ဝိညာဏဟူ၊ ဓာတ်အစု၊ မှတ်ရှုဆဲ့ရှစ်သာ။
၄။ ဒွါရဘာဝ၊ ဇီဝိတနှင့်၊ ဝေဒနာဗောဓိ၊ မည်ရှိဉာဏ်ခြွေ၊ ဆဲ့ကိုးထွေ၊ ခွဲဝေပိုင်းခြားရာ။
၅။ ဒု၊ သ၊ နိ၊ မဂ်၊ ဤအချက်၊ မပျက်လေးသစ္စာ။
၆။ နှစ်ငါး သုံးနှစ်၊ ပေါင်းတုံလစ်၊ ဆဲ့နှစ်သမုပ္ပါ။

## ဓမ္မစကြာအကျင့်

၁။ ကာမချမ်းသာ၊ မကျွာကပ်ငြိ၊ ပြုကျင့်ဘိ၊ မှတ်သိ အလ္လိကာ။
၂။ အကျိုးကင်းဆိတ်၊ ကိုယ်ပိတ်သိုးနှမ်း၊ ပင်ပန်းရုံမျှ၊ ပြု ကျင့်က၊ အတ္တကိလမာ။
၃။ ရှစ်ပါးမဂ္ဂင်၊ လမ်းစဉ်မခစင်း၊ ကျင့်ကောင်းသတိပဋ္ဌာန်၊ အကျင့်မှန်၊ ကျင့်ရန်မဇ္ဈိမာ။

## "ဓမ္မစကြာသစ္စာ"

၁။ ဥပါဒါန်၊ ငါးဝခန္ဓာ၊ ဖြစ်လာသမျှ၊ ဘုံဘဝ၊ ဒုက္ခ သစ္စာသိ။
၂။ ခန္ဓာဒုက္ခ၊ ဖြစ်ရသို့ခြာ၊ တဏှာသုံးဝ၊ ရှိလေက၊ သမုဒယ သစ္စာသိ။
၃။ တဏှာအားလုံး၊ ချုပ်ဆုံးလေက၊ ချမ်းသာရ၊ နိရောဓ သစ္စာသိ။
၄။ မဂ္ဂင်ရှစ်ဖြာ၊ ဘာဝနာငှစ်ပါး၊ ဖြစ်ပွားလေက၊ မဂ်ကိုရ၊ မဂ္ဂသစ္စာသိ။

## "ပဋိစ္စသမုပ္ပါဒ်သစ္စာ"

၁။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ဘဝ၊ ဤငါးဝ၊ သမုဒယမှတ်လေပါ။
၂။ ဥပပတ္တိဘာ၊ အမည်ရ၊ မှတ်ကြဒုက္ခသာ။
၃။ ဝိဇ္ဇာ သင်္ခါ၊ ဝိပဿနာဉာဏ၊ မဂ်ကိုရ၊ မဂ္ဂမည်သညာ။
၄။ ဥပပတ္တိဘဝ၊ ချုပ်ငြိမ်းက၊ မှတ်ပနိရောဓာ။

# ဂုဏ်တော်ပွားနည်းအကျဉ်းချုပ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ လူနတ်ဦးခိုက် ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ အမှန်လေးဖြာ လေးသစ္စာကို ကောင်းစွာကိုယ်တိုင် သိတော်မူနိုင်သော။ တဿဘဂဝတော၊ ထိုဘုန်းတော်ကြီးမား ဘုရားသျှင်ကိုယ်တော်မြတ်ကြီးအား၊ နမော၊ ရှိသေမြတ်နိုး ဦးညွှတ်ကျိုးကာ ရှိခိုးပါ၏ဘုရား။

၁။ အရဟံ ဝတ သောဘဂဝါ။
၂။ သမ္မာသမ္ဗုဒ္ဓေါ ဝတ သောဘဂဝါ။
၃။ ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သောဘဂဝါ။
၄။ သုဂတော ဝတ သောဘဂဝါ။
၅။ လောကဝိဒူ ဝတ သောဘဂဝါ။
၆။ အနုတ္တရောပုရိသဒမ္မသာရထိ ဝတ သောဘဂဝါ။
၇။ သတ္ထာဒေဝမနုဿာနံ ဝတ သောဘဂဝါ။
၈။ ဗုဒ္ဓေါ ဝတ သောဘဂဝါ။
၉။ ဘဂဝါ ဝတ သောဘဂဝါ။

ဣတိပိ ဂုဏောပိ သဗ္ဗညု၊ ဝန္ဒာမိ လောကနာယကံ။

၁။ သောဘဂဝါ၊ ထိုဘုန်းတော်ကြီးမား မြတ်ဘုရားသည်။ **အရဟံဝတ၊** ပူဇော်အထူးကို ခံတော်မူထိုက်ပါပေစွတကား။

၂။ သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ သမ္မာသမ္ဗုဒ္ဓေါဝတ၊ အမှန်လေးဖြာလေးသစ္စာကို ကောင်းစွာ ကိုယ်တိုင် သိတော် မူနိုင်ပါပေစွတကား။

၃။ သောဘဂဝါ၊ ဣသာရိယစသည့်ခြောက်ဆိုင် ဘုန်းပန်းခိုင်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားသည်၊ ဝိဇ္ဇာစရဏသမ္ပန္နောဝတ၊ ထူးကဲသောအမြင်ဉာဏ် မှန်ကန်သော အကျင့်မြတ်တို့နှင့် ပြည့်စုံတော်မူပါပေစွတကား။

၄။ သောဘဂဝါ၊ ချမ်းသာကြီးကြောင်း ကောင်းမှုပါရမီရှိတော်မူသော ထို မြတ်စွာ ဘုရားသည်၊ သုဂတောဝတ၊ ကောင်းမြတ်သောနိဗ္ဗာန်ရပ်သို့ ကြွသွားတော် မူတတ်ပါပေစွတကား။

၅။ သောဘဂဝါ၊ ကိလေသာဘိုကို ချိုးဖွဲ့ဖျက်ဆီးတော်မူပြီးသော ထိုမြတ်စွာဘုရားသည်။ လောကဝိဒူဝတ၊ လောကသုံးခိုင်ကို အကုန်အစင် သိမြင်တော်မူနိုင်ပါပေစွတကား။

၆။ သောဘဂဝါ၊ တရားအလုံးစုံကို စုပုံ ဝေဘန်တော်မူသော ထိုမြတ်စွာဘုရားသည်။ အနုတ္တရော ပုရိသ ဒမ္မသာရထိဝတ၊ တလောကလုံးတွင် အသာဆုံးဖြစ်၍ ဆုမ္မထိုက်သော ယောကျာ်းမိုက်တို့ကို ဆုမ္မတော် မူနိုင်ပါပေစွတကား။

၇။ သောဘဂဝါ၊ အောင်မြေရဂုံ တောရိပ်မြုံ၌ နေတော် အမြဲ မှီဝဲဆည်းကပ်တော်မူသော ထိုမြတ်စွာဘုရားသည်။ သတ္ထာ ဒေဝ မနုဿာနံဝတ၊ လူနတ် ဗြဟ္မာ သတ္တဝါတို့၏ ဆရာဘဆူ ဖြစ်တော်မူပါပေစွတကား။

၈။ သောဘဂဝါ၊ မဂ်ဖိုလ်နိဗ္ဗာန် ဈာန်သမာပတ် တရားမြတ်ကို ဆည်းကပ် မှီဝဲတော်မူသော ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါဝတ၊ ခပ်သိမ်းဉာဏ် အလုံးစုံကို အကုန်အစင် သိမြင်တော်မူပါပေစွတကား။

၉။ သောဘဂဝါ၊ ဘုံသုံးပါးတို့၌ ပြေးသွားတတ်သော တဏှာကို ထွေးအန်၍ နိဗ္ဗာန်သို့ ကြွသွားတော် မူတတ်သော ထိုမြတ်စွာဘုရားသည်။ ဘဂဝါဝတ၊ ဣဿရိယ စသည့်အပြားဘုန်းခြောက်ပါး ရှိတော်မူပါပေစွတကား။

ဣတိဂုဏောဟိ၊ ဤသို့ဆိုအပ် ဂုဏ်တော်မြတ်တို့နှင့်၊ သမ္ဗန္ဓံ၊ လောက်ကျေနပ်လုံ ပြည့်စုံတော်မူသော။ လောကနာယကံ၊ လူတို့ ရှေ့သွား မြတ်ဘုရားကို။ အဟံ၊ သံသရာရေး အပူဘေးကို ကြုံတွေ့ရှုမျှော် တပည့်တော်သည်။ ဝန္ဒာမိ၊ အပူအေးရန် ရည်သန်အားကိုး ဦးနှိမ်ကျိုးလျက် မြတ်နိုးခါခါ ရှိခိုးပါ၏ အရှင်ဘုရား။

## ဗုဒ္ဓါနုဿတိ အကျိုး

ကိလေကင်းလစ်၊ စိတ်ဖြစ်ဖြောင့်တည်၊ အကြည်ညိုမျိုး၊ သိဉာဏ်တိုးလျက်၊ စိတ်စက်အေးချမ်း၊ ဘေးဘျမ်းသည်းခံ၊

ပူဇော်ခံဟူ၊ သယမ္ဘူနှင့်၊ အတူဘက္ခ၊ နေချတလီ၊ ဟိရီသြတ္တပ်၊ အမြဲကပ်သား၊ ဘုရားဖြစ်ကို၊ မင်္ဂဖိုလ်ခရ၊ ရှိပြန်ကသော်၊လား ရနတ်ရွာ၊ ကျမ်းမြတ်လာသည်၊ ဗုဒ္ဓါနုဿတိ အကျိုးတည်း။

## တရားဂုဏ်တော် ခြောက်ပါး

၁။ သွာက္ခာတော ဝတ ဘဂဝတော ဓမ္မော၊
၂။ သန္ဒိဋ္ဌိကော ဝတ ဘဂဝတော ဓမ္မော၊
၃။ အကာလိကော ဝတ ဘဂဝတော ဓမ္မော၊
၄။ ဧဟိပဿိကော ဝတ ဘဂဝတော ဓမ္မော၊
၅။ ဩပနေယျိကော ဝတ ဘဂဝတော ဓမ္မော၊
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဝတ ဘဂဝတော ဓမ္မော၊

ဣတိ ဂုဏေဟိ သမ္ပန္နံ၊ ဝန္ဒာမိ ဓမ္မမုတ္တမံ။

ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ ဓမ္မော၊ တရားတော်မြတ်သည်-

၁။ သွာက္ခာတောဝတ၊ ပြည့်စွက်နှုတ်ပယ် ပြင်ဆင်ဘွယ်မရှိ၊ တိတိကျကျ ဟောသမျှအပြည့်အစုံ အကုန်ကောင်းပါပေစွတကား။

၂။ သန္ဒိဋ္ဌိကောဝတ၊ တရားခင်မင် သူတော်စင်တို့ ကိုယ်တိုင် ဒိဋ္ဌ ဉာဏ်ဖြင့် တွေ့မြင်ရပါပေစွတကား။

၃။ အကာလိကောဝတ၊ အခါကာလ မဆိုင်းငံ့ရဘဲ ချက်ချင်းလက်ငင်း အကျိုးပေးတတ်ပါပေစွတကား။

၄။ ဟေတုပဿိကောဝတ၊ လာပါ ရှုပါ ကျင့်စမ်းပါဟု မပါ ပါအောင် ခေါ်ဆောင်တိုက်တွန်း ထိုက်ပါပေစွတကား။

၅။ ဩပနေယျိကောဝတ၊ မိမိစိတ်၌ ကပ်၍ ဆောင်ထိုက် ပါပေစွတကား။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဝတ၊ တရားရသူ ဝိညူ ပုဂ္ဂိုလ်တို့သည် အသီးအသီး မိမိတို့သန္တာန်၌ ထင်ထင် ရှားရှား သိအပ်ခံစား အပ်ပါပေစွ တကား။

ဣတိဂုဏေဟိ၊ ဤသို့ဆိုအပ် ဂုဏ်တော်မြတ်တို့နှင့်။ သမ္ပန္နံ၊ ပြည့်စုံတော်မူသော။ အ-မတံ၊ ကိလေသာဖြစ်ဘေး အညစ်အကြေးကင်းသော။ ဓမ္မံ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန် [illegible] တရားတော်မြတ်ကို။ အဟံ၊ ကိလေသာဖြစ်ဘေး အညစ် အကြေးမှ ထွက်ရေးကိုမျှော် တပည့်တော်သည်။ ဝန္ဒာမိ၊ ကိလေသာညစ် အပြစ်ကင်းရန် ရည်သန်အားကိုး မြတ်နိုးကြည်သာ ရှိခိုးပါ၏ ဘုရား။

## သံဃာဂုဏ်တော် ကိုးပါး

၁။ သုပ္ပဋိပန္နော ဝတ ဘဂဝတော သာဝကသံဃော၊
၂။ ဥဇုပ္ပဋိပန္နော ဝတ ဘဂဝတော သာဝကသံဃော၊
၃။ ဉာယပ္ပဋိပန္နော ဝတ ဘဂဝတော သာဝကသံဃော၊
၄။ သာမီစိပ္ပဋိပန္နော ဝတ ဘဂဝတော သာဝကသံဃော၊
၅။ အာဟုနေယျော ဝတ ဘဂဝတော သာဝကသံဃော၊

၆။ ပါဟုနေယျော ဝတ ဘဂဝတော သာဝကသံဃော၊
၇။ ဒက္ခိဏေယျော ဝတ ဘဂဝတော သာဝကသံဃော၊
၈။ အဉ္ဇလိကရဏီယော ဝတ ဘဂဝတော သာဝကသံဃော၊
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဝတ ဘဂဝတော သာဝကသံဃော၊

ဣတိ ဂုဏေဟိ သမ္ပန္နံ၊ ဝန္ဒာမိ အရိယသံဃံ၊

ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သံဃာ အရိယာရှစ်ပါး သားတော်များသည်။

၁။ သုပ္ပဋိပန္နော ဝတ၊ သိက္ခာသုံးဆင့် မဂ်အကျင့်ကို မဖင့်မကြာ ကောင်းစွာကျင့်တော်မူကြပါပေစွတကား။

၂။ ဥဇုပ္ပဋိပန္နော ဝတ၊ သုံးဖြာသတ်မှတ် အကျင့်မြတ်ကို ဖြောင့်ဖြောင့်မတ်မတ် ကျင့်တော်မူတတ်ကြပါပေစွတကား။

၃။ ဉာယပ္ပဋိပန္နော ဝတ၊ သုံးပါးသိက္ခာ ကျင့်ဘွယ်ရာကို ချမ်းသာနိဗ္ဗာန် ရရန်ရည်ရော် သင့်လျော်အောင် ကျင့်တော်မူတတ်ကြပါပေစွတကား။

၄။ သာမီစိပ္ပဋိပန္နော ဝတ၊ သိက္ခာသုံးပါး အကျင့်များကို လေးစားရိုသေ ကျင့်တော်မူတတ်ကြပါပေစွတကား။

၅။ အာဟုနေယျော ဝတ၊ အမြဲနိဗ္ဗာန် ဝတ်တည်ထားအပ်သော အာဟုနအလှူကို ခံတော်မူထိုက်ကြပါပေစွတကား၊

၆။ ပါဟုနေယျော ဝတ၊ ဧည့်သည်တို့အား ရည်၍ထားသော ပါဟုနအလှူကို ခံတော်မူထိုက်ပါပေစွတကား။

၇။ ဒက္ခိဏေယျ ဝတ၊ ဒါန အကျိုး၊ မျှော်ကိုး တောင့်တ ပေးလှူကြသော ဒက္ခိဏာအလှူကို ခံယူတော်မူထိုက်ကြပါပေစွတကား။

၈။ အဉ္ဇလီ ကရဏီယော၁ဝတ၊ လက်အုပ်အဉ္ဇလီ တင်ချီမြှောက်မိုး ရှိခိုးခြင်းအမှုကို ခံတော်မူ ထိုက်ကြပါပေစွတကား။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ၀တ၊ တလောကလုံး၏ အကောင်းဆုံးသော ကောင်းမှုမျိုး၏ ဖွံ့ဖြိုးစည်ပင်ရာ လယ်မြေပမာ ဖြစ်တော်မူကြပါပေစွတကား။

ဤတိဂုဏောဟိ၊ ဤသို့ဆိုအပ် ဂုဏ်တော်မြတ်ဘို့နှင့်၊ သမ္ပန္န ၊ ပြည့်စုံတော်မူသော။ အရိယသံဃံ၊ ရှစ်ပါးအရိယာ မြတ်သံဃာကို။ အဟံ၊ အရိယာစစ် အဖြစ်သို့ရည်ရော် တသည့်တော်သည်။ ဝန္ဒာမိ၊ အရိယာဖြစ်ရန် ရည်သန်အားကိုး မြတ်နိုးကြည်သာ ရှိခိုးပါ၏ဘုရား။

# မေတ္တာပို့ဘာဝနာ

**မေတ္တာ ၄ ပါး။**

၁။ သဗ္ဗေသတ္တာ၊ သတ္တဝါအားလုံး၊ အဝေရာဟောန္တု၊ ဘေးရန်ကင်းကြပါစေ။

၂။ အဗျာပဇ္ဇာဟောန္တု၊ စိုးရိမ်ကြောင့်ကြ ကင်းကြပါစေ။

၃။ အနီဃာဟောန္တု၊ ကိုယ်စိတ်ဆင်းရဲ ကင်းကြပါစေ။

၄။ သုခီအတ္တာနံ ပရိဟာရန္တု၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိ၍ မိမိတို့ကိုယ်ကို ဆောင်နိုင်ကြပါစေ။

**ကရုဏာ။**

၁။ ဒုက္ခာမုစ္စန္တု၊ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

**မုဒိတာ။**

၁။ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ရမြဲတိုင်းသော စည်းစိမ် ဆုတ်ယုတ်ပျက်စီးခြင်း ကင်းကြပါစေ။

**ဥပေက္ခာ။**

၁။ ကမ္မသကာ၊ ကံသာလျှင် မိမိဥစ္စာ ရှိကြပေကုန်လိမ့်မည်။

ဤမေတ္တာပို့ဘာဝနာကိုအလွတ်ကျက်၍ တကြိမ်လျှင်(၃) ခေါက်ရွတ်ဆိုကြရန် တိုက်တွန်းပါသည်။

## ဝေဠုဝတီဆရာတော်ဘုရားကြီးပျံလွန်တော်မူခြင်း

ကျေးဇူးရှင် ဝေဠုဝတီ ဆရာတော်ဘုရားကြီးသည် သက်တော်(၇၂)နှစ်၊ ဝါတော်(၅၂)ဝါ အရွယ်တွင် ကျန်းမာရေး ချို့ယွင်းလာသဖြင့် တရားဟောပြောခြင်းမှ အနားယူခဲ့ပါသည်။

အရှေ့လောကဓာတ်မှ ထွက်ပေါ်လာသော နေမင်းသည် အနောက်ကျွန်းသို့ဝင်ရန် ရှေးရှုသကဲ့သို့ ဆရာတော်ဘုရားကြီးသည်လည်း ပညာရောင်ဖြင့် ထွန်းလင်း တောက်ပြောင်လျက် တပည့်ယောဂီတို့အား တရားလမ်းမှန်ကိုပြသရင်း ဗျာခိဘက်သို့ ဦးသွတ်ခဲ့လေသည်။ ဆရာတော်၏ရောဂါဝေဒနာကို ပျောက်ကင်းစေရန် အမြို့မြို့မှ တပည့်ယောဂီများသည် ကြိုးစားကုသပါသော်လည်း သက်တော် (၇၈)နှစ်၊ ဝါတော် (၅၈) ဝါ၊ ၁၃၃၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်(၁၂-၄-၁၉၇၆) တနင်္လာနေ့ည ၉ နာရီ ၁၅ မိနစ်အချိန်တွင် အတိတ်ကံကုန်ဆုံးသဖြင့် ပစ္စုပ္ပန်ခန္ဓာ ချုပ်ငြိမ်းခဲ့ပါသည်။ ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော တရားဓမ္မများကို အခါအခွင့်သင့်သလို ပူဇော်ခြင်း ပြုနိုင်ရန် ထိန်းသိမ်း ထားရှိပါကြောင်း အစီရင်ခံအပ်ပါသည်။

ဝေဠုဝတီ ဝိပဿနာ ဒုတိယတွဲပြီး၏။

# ကောင်းမှုရှင်များ

| အလှူရှင် | အုပ်ရေ |
| --- | --- |
| နန်းဦးရွာ မင်းကျောင်းတိုက်ဆရာတော် ဦးဒေဝိန္ဒနှင့် တပည့်ဒကာများ | ၅၀ |
| ကွမ်းခြံကုန်းသုံးခွ မဟာဗောဓိဆရာတော်ရဲဘုန်းနှင့် တပည့်ဒကာများ | ၅၀ |
| တောင်ကိုင်းကျောင်းကြီးဆရာတော် ဦးအာစရနှင့် တပည့်ဒကာများ | ၅၀ |

**မော်ကျွန်းမြို့မှ ကောင်းမှုရှင်များ**

| အလှူရှင် | အုပ်ရေ |
| --- | --- |
| ဦးတင်မောင်-ဒေါ်မြင့် | ၃၅၀ |
| ဦးအောင်ကြည်-ဒေါ်ချစ်မြ | ၂၅ |
| ဦးအုံးငွေ-ဒေါ်ညွန့်မွေး | ၁၀ |
| ဦးမှတ်-ဒေါ်အေးကြိုင် | ၅ |
| ဦးချင်ဝိန်-ဒေါ်အရှီမ | ၅ |
| ဦးခင်မောင်ထွန်း-ဒေါ်စောရီ | ၅ |
| ဒေါ်စောတင်နှင့်သားကိုစိုးငွေ | ၅ |
| ဦးစံရွှေ-ဒေါ်သိန်းတင် | ၅ |
| ဦးကျော်စိန်ဒေါ်တင်ညွန့် | ၅ |
| ဦးသိန်းမောင်-ဒေါ်အေးကြည် | ၅ |
| ဦးကျော်မင်းနှင့်သမီးများ | ၅ |
| ဦးစင့်တန်-ဒေါ်ကျင်မှုံ | ၅ |
| ဦးသန်းမောင်-ဒေါ်စောသိန်း | ၅ |
| ဦးတင်အောင်-ဒေါ်အပို | ၅ |
| ဒေါ်ကျင်မေ | ၅ |
| ဒေါ်သန်းခင် | ၅ |
| ဒေါ်ဖွားမြင့် | ၅ |
| ဒေါ်နှင်းရွှေ | ၅ |
| ဒေါ်သန်း | ၅ |
| ဒေါ်သုနန္ဒီ | ၅ |
| ဒေါ်ပုညစာရီ | ၅ |
| ဒေါ်ရီ | ၅ |
| ဒေါ်စန္ဒာဝတီ | ၅ |

ဝ-အုပ်အလှူရှင်များ

ဒေါ်ဥတ္တမစာရီ၊ ဒေါ်ပညာ၊ ဒေါ်ဣန္ဒ၊ ဒေါ်နန္ဒာ၊ ဒေါ်ဥမ္မာ၊ ဒေါ်ဒါန၊ ဒေါ်အဂ္ဂ၊ ဒေါ်စောလှ၊ ဒေါ်သန်းတင်၊ ဒေါ်စောမြင့်၊ ဦးကျင်လှိုင်-ဒေါ်တင်နွယ်၊ ဒေါ်အေးသင်၊ ဒေါ်ခင်စိန်၊ ဒေါ်မြေး၊ ဦးအုံးရွှေ-ဒေါ်နုက်၊ ဒေါ်ဧဘောခင်၊

ဗိုလ်ကလေးမြို့မှ

ကောင်းမှုရှင်များ

ဦးမောင်ညို(ပန်းတိမ်) ၂၅
ဦးစိန်မောင်-ဒေါ်မြစိန် ၂၅
မိဘများအားရည်စူး၍
ဆရာပိန်ဆေးလိပ်ခုံ မစန်း
မြင့်နှင့် မောင်ညီမများ ၂၅
ဦးစိန်ခက်-ဒေါ်ကျင်ပုအား
ရည်စူး၍သို့မကျင်သိန်း ၂၅
ဒေါ်ဘီ၊ ဒေါ်ရီ ညီအမ ၂၅
ဦးအောင်သိန်း-ဒေါ်ခင်လှ ၁၀
ဦးစိန်ထွန်း-ဒေါ်သိန်းမိ ၁၀
ဦးမြစိန်-ဒေါ်ကျင်မြ
(ပန်းတိမ်) ၁၀
ဦးကျော်သိန်း-
ဒေါ်သောင်းညွန့် ၁၀
ဦးလှထိန်-ဒေါ်သန်းစိန် ၁၀
ဦးထွန်းဆိုင်-ဒေါ်ကျင်ရီ ၁၀
ဦးတင်လှ-ဒေါ်စန်းရီ ၁၀
ဦးအန်းကောက်-
ဒေါ်ကျင်ဝှိုက် ၁၀
ဦးပေါ-ဒေါ်သန်းရင် ၁၀
ဦးသာခကျော်-ဒေါ်ကြည် ၁၀
ဦးလှဖေဒေါ်တင်-လှပိုနိုပ် ၁၀
ဦးလှထွန်းရှိန်-ဒေါ်ခင်လှိုင် ၁၀
ဦးထွန်းစီ-ဒေါ်ခင်မြင့် ၁၀
ဦးအရှပ်-(ကွယ်လွန်)
ဒေါ်တင်အေး ၁၀
ဦးစော-ဒေါ်သိန်းရင်
သား-ဗိုလ်ကြီးလှိုင်မြင့် ၁၀
ဒေါ်နု ညီကိုမောင်နှမတစု ၁၀
ဒေါ်ချေးမ(ယော)
မိသားစု ၁၀
ဦးတင်မောင်-ဒေါ်လှမြင့် ၇
ဦးအေး နှင့်သား
ကိုအောင်သိန်း ၆

ဒေါ်အုန်းကျင် မောင်
ဦးအေးဖေ ၆
ဦးမြရှိန်-ဒေါ်ခင်လှ
(ပန်းတိမ်) ၆
ဦးသန်းမောင်-ဒေါ်သန်း
ရင် သားသမီးတစု ရန်ကုန် ၅
ဦးဘမောင်-ဒေါ်ဖွားရင် ၅
ဦးမောင်လှိုင်-ဒေါ်ကျင်စိန် ၅
ဦးကျော်ရှိန်-ဒေါ်ကျင်ယုံ ၅
ဦးစိန်မောင်-ဒေါ်အေးလှ ၅
ဦးချစ်လှ-ဒေါ်ထိုက် ၅
ဦးညွန့်တင်-ဒေါ်တင်လှ ၅
ဒေါ်လှခင်၊ ဒေါ်ကြည် ၅
ဦးအောင်သိန်း-
ဒေါ်မြကြည် ၅
ဆရာလူ-ဒေါ်သန်းတင် ၅
ဦးမြ-ဒေါ်မြ ၅
ဦးတင်ဦး-ဒေါ်သောင်း
ကြည် ၅
ဦးအေးမောင်-ဒေါ်အေး
ကျင် (မြို့မ) ၅
ဦးကျော်စိန်-ဒေါ်ကျင်မြိုင် ၅
ဦးကျော်အေး-ဒေါ်စိန်ရင် ၅
ဦးဘမော်-ဒေါ်နွယ် ၅

ဦးအုံးမြင့်-ဒေါ်ကြည် ၅
ဦးကြည်မောင်-ဒေါ်သိန်း
ကြည် ၅
ဦးကတုံး(ကွယ်လွန်)
ဒေါ်အုန်းညွန့် ၅
ဦးအရင်-ဒေါ်ခင်နု ၅
ဦးမြ-ဒေါ်စောအိ ၅
ဦးသန်းဦး-ဒေါ်ရီရီမြင့် ၅
ဦးအထောင်-ဒေါ်သန်း
ကျင် ၅
ဦးခင်မောင်-ဒေါ်တင်မေ ၅
ဦးကျင်ရွှေ-ဒေါ်ကျင်ကျင် ၅
ဦးမြင့်သိန်း-ဒေါ်ကျော့စိန် ၅
ဦးခင်မောင်-ဒေါ်ပိုက် ၅
ဦးသန်းမောင်-ဒေါ်ညို ၅
ဦးညွန့်လှိုင်-ဒေါ်ခင်ထွေးရီ ၅
ဦးအေးချို ဒေါ်ခင်ညွန့်ညွန့် ၅
ဦးတင်မောင် သမီး-အမာ ၅
ဒေါ်ကျင်သမီး မအုံးကြည် ၅
ဒေါ်မြရင် ၅
ဒေါ်စိန်လှိုင် (ယောဂီ) ၅
ဒေါ်ထွေးစိန် ။ ၅
မောင်တင်မြင့် ။ ၅
မအုံးနွဲ့ ။ ၅

လှလှမြင့် ။ ၅
မောင်ညွန့်လှိုင် ။ ၅
မောင်သိန်းတိုး ။ ၅
မောင်သိန်းစိုး ။ ၅
ထွေးထွေးချစ် ။ ၅

၃ အုပ်အလှူရှင်များ

ဦးတိန်ကွမ်း-ဒေါ်စွမ်း၊ ဦးထွန်းခင်-ဒေါ်ခင်စော၊ ဦးဘိုးသာ-ဒေါ်စု၊ ဦးမြင့်သူ-ဒေါ်တင်ရှိန် ဦးလှကြည်-ဒေါ်တင်လုံး၊ ဦးကြည်-ဒေါ်သိန်း၊ ဦးကျော်ငြိမ်း-ဒေါ်တင်အုံး၊ဦးမင်းသင့်-ဒေါ်အေးသန်း၊မိခင် ဒေါ်ဖွားစိန် နှင့် ဦးလူလေး-ဒေါ်မြခင်၊ ဒေါ်အေးတင်သမီး မသန်းရီ၊ ဒေါ်အုန်းရင်၊ ဒေါ်အေးချို၊ ဒေါ်ခင်ညိမ်း၊ ဒေါ်ဖွားရှင်၊ ဒေါ်သိန်းရှင်၊ဦးထွန်းရွှေ၊

၂-အုပ်အလှူရှင်များ

ဦးစံလှိုင်-ဒေါ်အေးသွယ်၊ ဦးကြည်မြင့်-ဒေါ်အုံး၊ ဦးစိန်ယုံ-ဒေါ်ကျင်နု၊ ဦးစိန်ထွန်း-ဒေါ်ခင်မြင့်မြင့်၊ ဦးလူဝကြီး-ဒေါ်သန်းစိန်၊ ရဟန်းအာမ-မစန်းရီ၊ မြင့်မြင့်အေး၊ဒေါ်ညွန့်ရီ၊

၁-အုပ်အလှူရှင်များ

ဦးထွန်း-ဒေါ်သန်း၊ ဦးစိန်လွန်း ဒေါ်အေး၊ ဒေါ်အေးခွန်း၊ ဒေါ်လှပိုက်၊ ဒေါ်တင်၊

မြောင်းမြမြို့နှင့်နယ်များမှ ကောင်းမှုရှင်များ

ဝေဠုဝတီ ကျောင်းအာမကြီး ဒေါ်ကျင်လှိုင်နှင့် မိသားစု ၃၀၀
ဦးကုလားကြီး-ဒေါ်တင် ၃၀၀
ဦးသန်းမောင်-ဒေါ်ကောက် (ကျားပျံ) ၁၂၅
ဦးခိုင်ခန်း-ဒေါ်စောရိမ် ၂၅
ဦးထင်ကျော်-ဒေါ်ခင်ရှိန် ၂၅
ဦးသိန်းမောင်ဒေါ်စောမြ ၂၅
ဦးအောင်သန်း-ဒေါ်ခင်ကျော့ ၂၅
ဦးစိန်စစ်-ဒေါ်ကျင်ရှိန် ၂၅
ဦးကျော်ငြိမ်း-ဒေါ်သန်းညွန့် ၂၅

| | |
|---|---|
| ဒေါ်ခင်ရွှေ၊ဒေါ်ကြင်ငွေ | |
| (ဗမာ့လက်ရုံး) | ၂၅ |
| ဒေါ်မှင် | ၂၅ |
| ဒေါ်ကျင်ခိုင်နှင့်ညီမများ | ၂၀ |
| ဦးထွန်းသိန်း-ဒေါ်ကြည် | |
| ကြည် | ၁၅ |
| ဦးမြဒင်-ဒေါ်ခင်စော | ၁၅ |
| ဒေါ်မြတိ | ၁၂ |
| ဦးသော်-ဒေါ်စန်း | ၁၀ |
| ဦးကျော်ခင်-စာပေဗိမာန် | ၁၀ |
| ဒေါက်တာ ဦးစိန်ရွှေ | ၁၀ |
| ဒေါက်တာ ဦးမြမောင် | ၁၀ |
| ဦးလှရှိန်-ဒေါ်သန်းခင် | ၁၀ |
| ဦးလှစိန်-ဒေါ်လှလှ | ၁၀ |
| ဦးထွန်းသောင်း-ဒေါ် | |
| ခင်တင့် | ၁၀ |
| ဦးထွန်းမောင်-ဒေါ်သန်း | ၁၀ |
| ဒေါ်ဟန်ညီမဒေါ်မြကြည် | ၁၀ |
| ဒေါ်သန်းစိန် | ၁၀ |
| ဦးလှအေး-ဒေါ်ဝင်းကြည် | ၁၀ |
| ဦးဟန်ညွန့်-ဒေါ်တင်ဝေ | ၁၀ |
| ဦးမြရှိန်-ဒေါ်ရင်နု | ၁၀ |
| ဦးမောင်နီ-ဒေါ်မြခင် | ၁၀ |
| ဦးသန်း-ဒေါ်သိန်းကြည် | ၁၀ |
| ဦးအုန်းမောင် | ၁၀ |
| ဦးဘိုးချို-ဒေါ်စန်းမြင့် | ၁၀ |
| ဒေါ်လှခင်၊ ဒေါ်မြသွင် | ၁၀ |
| ဦးဘိုးသန်း-ဒေါ်ညိုပု | ၁၀ |
| ဦးသန်းခင်-ဒေါ်ဖွားဆင့် | ၁၀ |
| ဦးဘိုးလှ-ဒေါ်စိန်ညွန့် | ၁၀ |
| ဦးစွန်စိန်-ဒေါ်ရိမ် | ၁၀ |
| ဆရာမ ဒေါ်ခင်လှ၊ | |
| ဒေါ်ကျင်စိန် | ၆ |
| ဒေါ်သိန်းတင် မောင် | |
| ဦးသိန်းဖေနှင့်တူ တူမများ | ၆ |
| ဦးအောင်ကြည်- | |
| ဒေါ်တင်လှ | ၆ |
| ဦးထွန်းဝင်း-ဒေါ်သက် | ၆ |
| ဦးဘိုနီ-ဒေါ်စိန်မြိုင် | ၅ |
| ဦးအောင်သိန်း- | |
| ဒေါ်ခလေးမ | ၅ |
| ဒေါ်ငွေရီ | ၅ |
| ဒေါ်ဒါနု၊ ဒေါ်တင်ကြည် | ၅ |
| ဦးကျင်ဝမ်-ဒေါ်မြရင် | ၅ |
| ခ-လ-ရ ၉၃ | ၅ |
| ဦးခင်ညွန့်-ဒေါ်ထွေးညွန့် | ၅ |
| ဒေါ်အေး | ၅ |
| ဦးကျော့ရှိန်-ဒေါ်ခင်ရီ | ၅ |

ဦးသန်းအောင် ၅
ဦးမြမောင်-ဒေါ်ဝိုင်း ၅
ဦးဘကျော်-ဒေါ်တင်ရွှေ ၅
ဒေါ်မြကျင် ၅
ဦးကုလား-ဒေါ်ခင်အေး ၅
ဦးလှစိန်-ဒေါ်တင် ၅
ဦးသန်းမောင် ၅
ဦးစိန်လှိုင်-ဒေါ်ခင်ကျွေ ၅
အဖဦးဆွဲဖေ၊ သမီးဒေါ်သန်း ၅
ဒေါ်စိန်တင်-
ဒေါ်ကျင်ထွေး ၅
ဒေါ်သိလှ ၅
ဒေါ်ကြည်မြင့်နှင့် သား ၅
ဦးပါလကြည်-
ဒေါ်သန်းတင် ၅
ဦးကျင်မောင်-ဒေါ်အုံးမြင့် ၅
ဦးမောင်ကြိုင်ဒေါ်သန်းမြင့် ၅
ဒေါ်ထူး ၅
ဒေါ်စိန် ၅
ဦးဘိုးရီ-မဒေါ်မြ ၅
ဒေါ်အေးကြည် ၅
ဦးဖူးညို-ဒေါ်အေးတင် ၅
ဦးစံဒွေး-ဒေါ်လှမြိုင် ၅

ဒေါ်သန်းကြည်၊
ဒေါ်မြကြည် ၅
ဦးမြဦး (အ-ထ-က-၆) ၅
ဦးငွေသော်-ဒေါ်ခင်သန်း ၅
ဦးထွန်းကြည်-ဒေါ်မစိန် ၅
ဦးမောင်ခင်-ဒေါ်အေးမြ ၅
ဦးလှဝင်း-ဒေါ်စိန်စိန်မြင့် ၅
ဦးကျော်မြင့်--ဒေါ်ခင်
မြတ်လှ ၅
ဒေါ်ဖွားရှင် ၅
ဦးတင်ကြည် ၅
ဦးဘရွှေ-ဒေါ်သန်းရွှေ ၅
ဦးမောင်တင်-ဒေါ်တင်စီ ၅
ဦးဘသန့်-ဒေါ်ကျန် ၅
ဦးသာဒွန်းနှင့်ညီမများ ၅
ဦးကျင်ဟို-ဒေါ်ယုံစွမ် ၅
ဦးမောင်စီ-ဒေါ်တင်အေး ၅
ဒေါ်မိကြီးနှင့်သမီးများ ၅
ဒေါ်အေး၊ ဒေါ်ကြိုင် ၅
အမေသိန်း ၅
မအုံးမြ၊ မသိန်းနု ၅
ဦးသာလှိုင်-ဒေါ်သန်းတင် ၅
ဒေါ်ငွေဆိုင် ၅
အမေဇီး ၅

၅-အုပ်အုပ်ချုပ်ရှင်မှ - ဦးမောင်ရွှေ-ဒေါ်သန်း၊ အမေကံ၊ ဒေါ်ခင်သောင်း၊ ဦးစိုးတင့်-ဒေါ်ခင်ခင်၊ ဦးဘခင်-ဒေါ်ဖွားတင်၊ ဦးကြီးခ-ဒေါ်သိန်းသိန်း၊ ဒေါ်ဝိစာရီ၊မရွှေပု၊ မခေမာ၊ ဒေါ်ဝိလာသီ၊ဒေါ်မန္တာရီ၊ မအေးချစ်၊ကိုမောင်လေး-မမိ၊ကိုသန်းညွန့်မကျင်အေး၊ ကိုခေတ်ကြွား-မကျင်ညွန့်၊ ကိုကျင်စွမ်-မမြကျင်၊ ကိုဝင်းကြိုင်-မမော်လီ၊ကိုသန့်ဇင်အေး-မအေးကြင်၊ကိုဘွန်ကြွားမအေးခင်၊မအုံငွေ၊မစီယာ၊ကိုမောင်ဆို-မတင်ကြည်၊ ကိုမြင့်ဇင်၊ မသိန်းသိန်း၊မခင်ခင်၊ကိုမောင်ရွှေ-မခင်လေး၊ကိုထွန်းရင်-မငြိမ်း၊ ကိုစိန်ဝင်း-မသန်း၊ ကိုစံသိန်း-မတင်ရီ၊ ကိုဟုံရှင်-မတင်ဥ၊ ကိုကံညွန့်-မခင်ဥ၊ ကိုစိန်သွင်-မတင်တင်ဦး၊ကိုမြင့်မောင်-မခင်ဝင်းမေကိုလှမြိုင်-မထွေးစိန်၊ကိုထွန်းစိန်၊မအေး၊ အမေကြီး ဒေါ်တင်၊ ကိုအောင်သိန်း-မမြကြည်၊ ကိုစောမောင်၊ မတင်လှ၊ မအုံးရှင်၊ မအုံးရင်၊ဆရာမကြီး ဒေါ်အေးရှင်၊မသန်းကြည်၊မကျော့၊ ကိုစိုးမောင်-မကြာငွေ၊ကိုကျင်သန်း-မဘင်လှ၊ဦးစာ-ဒေါ်စိန်ဖေါ့သွီး မတင်အောင်-(ဆရာမ)၊ ဦးကျော်မြင့်-ဒေါ်ရွှကီ၊ ဦးလှဝင်း-ဒေါ်တင်မေလတ်၊

၄-အုပ်အုပ်ချုပ်ရှင်များ- ကိုမောင်ရှိန်-မခင်ပု၊ မလုံး၊ မစောကြည်၊မစန်းရင်၊ မကျင်မြ၊မတင်နွား၊ မခိုင်ခိုင်ဘ်း၊

၃-အုပ်အုပ်ချုပ်ရှင်များ- ကိုတင်ရွှေ-မသန်းကြည်၊ ကိုဝကြီး-မအုံးမြိုင်၊ကိုမောင်မြ-မခင်မြင့်၊ကိုရွှေမောင်လေး-မတင်မြ၊ ဒေါ်သိန်းကြည် တူ တူမများ၊ကိုသောင်းကျော်-မခင်ရီ၊ ကိုဘဦး- မကျင်စိန်၊ ကိုအောင်ကျော်-မလှမြင့်၊ ကိုသန်းမောင်-မခင်ကြည်၊ ကိုကျော်မင်း-မဝင်းဝင်းမြင့်၊ မဥမ္မာ၊

၂-အုပ်အုပ်ချုပ်ရှင်များ-ကိုတင်အောင်-မပု၊ ကိုတင်မောင်-မ

အုံးမြ၊ကိုစံဝင်း-မအေးစာ၊မမြလေး၊ မနှင်းဖြူ၊ မနန္ဒာ၊ မဇာနန္ဒာ၊ မလှရီ၊ မဓမ္မာ၊မဝဏ္ဏာ၊ကိုဘခင်-မစောမျှင်၊ကိုမောင်မြ-မတင်မြ၊မမြသွင်၊ အမေကျင်အိုး၊မခင်မိ၊မကျင်လှ၊ကိုမြမောင်၊ကိုထွန်းရင်-မကြည် ကိုသိန်းရွှေ-မသန်းခင်၊ကိုသန်းရွှေ-မခင်မြင့်၊ကိုဂွတိ-မနု၊ ကိုလှ အောင်-မသန်းစိန်၊ ကိုအောင်သန်း-မကျင်မြ၊ ကိုဘသိန်းမခ၊ ကိုအုန်းမြင့်၊ မခင်သန်း။

၁-အုပ်အလှူရှင်များ-(ကိုကျော်ရှိန်)၊မသက်လုံ၊ မရွှေကြာ၊ ကိုထွန်း-မစိန်ပု၊ မညာဏ၊ မသုမန၊ မပညာ၊ ကိုထွန်းဝေ၊ နန်ပေါက်၊မထွေး၊မညွန့်၊ မမုဒ္ဒ၊ ကိုသာကျော်အောင်၊ မနှင်းမေ၊ မကျင်ချစ်၊ ကိုမောင်သာ-မစော၊ မသောင်းမေ၊ ကိုမောင်ယု၊ မစန်းမြင့်၊ကိုညွန့်မောင်၊ မစောသိန်း၊ မပို၊ ကိုကံအေး၊ မအုံးရီ၊ ကိုမြသန်း-မခင်လှ၊ကိုသောင်းစိန်-မစန်း၊ ကိုအောင်ဇင်-မစော ရင်၊ ကိုရှိန်-မအေးသွယ်၊ ကိုလှရွှေ-မကျင်မြိုင်။

အမှားပြင်ဆင်ချက်

| ဝေမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၅ | ၁၂ | နေပါတယ် | နေရပါတယ် |
| ၃၄ | ၂၀ | ကင်းခဲ့လို့ | ကင်းမဲ့လို့ |
| ၅၇ | ၁၈ | ပြားနေတယ် | ပြားပြန်တယ် |
| ၅၈ | ၁၃ | သေမနသာ | သောမနဿ |
| ၅၉ | ၁ | ခုကြိမ် | ခုနစ်ကြိမ် |
| ၆၅ | ၁၁ | ဒီလိုပြန် | ဒီလိုပေါ့ပေါ့ပြန် |
| ၆၉ | ၂၃ | ကိစ္စကို | မစ်ကိစ္စကို |
| ၇၄ | ၉ | ရှမီး | ရှဖီး |
| ၇၉ | ၅ | ပပဝတီ | သာမာဝတီ |

ဓမ္မဒါနံ


မဟာသုတ ပုံနှိပ်တိုက်
အမှတ် (၂၉)
ဘိုကလေးဈေးလမ်း ရန်ကုန်မြို့။